# “သန့်ရှင်းသူတို့အဖို့သွန်သင်ချက်များ”

## (ဖိလိပ္ပိသြဝါဒစာ လေ့လာသင်ယူခြင်း)

## နိဒါန်း

တမန်တော်ပေါလုက ထောင်ထဲမှ “ဖိလိပ္ပိမြို့၌ရှိသော. . . ယေရှုခရစ်၏သန့်ရှင်းသူအပေါင်းတို့ကို ကြားလိုက်ပါ၏” (ဖိလိ ၁း၁)။ ခရစ်တော်၌တည်သော ကျွန်ုပ်တို့အားလုံးသည် သန့်ရှင်းသူဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏အကျင့်ကြောင့် သန့်ရှင်းသူဖြစ်သည်မဟုတ်၊ အသင်းတော်တပါးပါး၏ကြေငြာချက်ကြောင့် သန့်ရှင်းသူဖြစ်ကြသည်မဟုတ်ပါ။ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းသူဖြစ်ကြ၏။ တမန်တော်ပေါလုက ဤသမ္မာတရားကို ခရစ်ယာန်တို့အားသန့်ရှင်းသူဟုအစဉ်ညွှန်းဆိုခြင်းအားဖြင့် ပေါ်လွင်စေခဲ့ပါသည်။ ရောမမြို့နှင့်ကောရိန္သုမြို့၌ရှိသော ခရစ်ယာန်တို့ကို “သန့်ရှင်းသူအရာ၌ ခန့်ထားသောသူ” (ရောမ ၁း၅-၇၊ ၁ ကော ၁း၂)ဟု ဖော်ပြခဲ့ပါသည်။ ယခုတွင်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နှိုးဆော်လမ်းပြမှုအောက်၌ “ဖိလိပ္ပိမြို့၌ရှိသော. . . သန့်ရှင်းသူအပေါင်းတို့” နှင့် ခေတ်အဆက်ဆက်သန့်ရှင်းသူအပေါင်းတို့ထံသို့ “သန့်ရှင်းသောအသက်တာ” အကြောင်းကို သွန်သင်ရေးပို့ခဲ့ပါသည်။ ဘုရားသခင်က ခရစ်တော်၌ အသစ်ပြုပြင်ဖန်ဆင်းသော ကျွန်ုပ်တို့၏အသက်တာကို ဤလောကီလူသားတို့ထံ ပြသခြင်းငှါ ဤနေ့စဉ်ခွန်အားကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ဘုရားသခင်ကောင်းကြီးပေးပါစေသော။

သောကြာ၊ ဇူလိုင် (၁)
**ဖိလိပ္ပိ ၁း၁-၅**
ထွက် ၁၉း၅-၈

*"နှုတ်ကပတ်တော်သည်
အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍"*

# သန့်ရှင်းသူအဖြစ်ခေါ် ယူတော်မူခြင်း

"သူဟာ တကယ့်သန့်ရှင်းသူ၊ လူတိုင်းအတွက် ကောင်းကြီးမင်္ဂလာဖြစ်ခဲ့တယ်" ဤသို့သော မှတ်ချက်စကားကို အသက်ကြီးသောခရစ်ယာန်ကွယ်လွန်သောအခါ ကြားရတတ်ပါသည်။ ထိုသို့သောပုဂ္ဂိုလ်သည် တည်ကြည်သိမ်မွေ့သော အသက်တာပိုင်ဆိုင်သူ၊ ဘဝအခက်အခဲတို့ကို ရွှင်လန်းစွာ ကျော်ဖြတ်သောသူ၊ နေ့စဉ်အသက်တာ၌ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသဘောရှိသော သူဖြစ်ပါသည်။

ထိုသို့သောပုဂ္ဂိုလ်ကို သန့်ရှင်းသူဟု ခေါ်မည့်အစား၊ သန့်ရှင်းသူ၏အသက်တာပိုင်ဆိုင်သောသူဟု ခေါ်သင့်ပါသည်။ သမ္မာကျမ်းစာက ယုံကြည်သူအားလုံးကို သန့်ရှင်းသူဟုခေါ်ပြခဲ့ပါ၏။ ကျွန်ုပ်တို့ကိုသန့်ရှင်းသောသူဖြစ်စေခြင်းငှါ၊ ခရစ်တော်အသေခံတော်မူခဲ့၏ (ကောလော ၁း၂၂)။ ခရစ်တော်ကိုမိမိ၏ကယ်တင်ရှင်သခင်အဖြစ် ကျွန်တော်တို့လက်ခံယုံကြည်သောအခါ၊ ကျွန်တော်တို့သည် သန့်ရှင်းသောသူဖြစ်၍ သန့်ရှင်းသူဟုခေါ်ခြင်းခံရကြ၏ (ကောလော ၁း၁၂)။

သန့်ရှင်းသူဟုယနေ့အနည်းသောသူသာ ခံရကြခြင်းမှာ ခရစ်ယာန်တို့သည် ဘုရားသခင်၏ သန့်ရှင်းခြင်းအသက်တာကို မိမိတို့အသက်တာ၌မပြသနိုင်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့ကို သန့်ရှင်းသောသူဖြစ်စေခဲ့သော်လည်း ထိုသန့်ရှင်းသောအသက်တာကိုပြသခြင်းဖြင့် အသက်ရှင်ခြင်းငှါ ကျွန်ုပ်တို့၌တာဝန်ရှိပါ၏ (၁ ပေ ၁း၁၅)။

ဖိလိပ္ပိလူတို့သည် သန့်ရှင်းသူ၏အသက်တာကိုပိုင်ဆိုင်ကြသောကြောင့် ရှင်ပေါလုသည် ဝမ်းမြောက်ခြင်းရှိခဲ့၏။ ခရစ်တော်ကိုကယ်တင်ရှင်အဖြစ် လက်ခံခဲ့ကြပြီး၊ သခင်နေရာမှာ ထား၍ နာခံခြင်းရှိခဲ့ကြပါသည်။ ဤသန့်ရှင်းသူတို့သည် "ကာလအစဉ်ကြိုးစား၍ ကျေးဇူးပြုကြလော့" (၁ သက် ၅း၁၅) ဟူသော ကျမ်းစာသွန်သင်ချက်ကို လိုက်လျှောက်ခဲ့ကြ၏။ ကျမ်းစာသွန်သင်ပေး သောဆရာအတွက် ဝမ်းမြောက်စရာအကောင်းဆုံးကား မိမိချစ်သော တပည့်တို့သည် သခင်ဘုရားကိုချစ်၍ သခင်ကျင့်သည်နည်းတူ ကျင့်ခြင်း၌ကြီးထွားကြကြောင်း မြင်တွေ့ရခြင်းပင်ဖြစ်ပါသည် (ဖိလိ ၂း၂)။

ဘုရားသခင်၏သန့်ရှင်းသူကျွန်တော်တို့သည်လည်း နာခံသောခရစ်ယာန်များဖြစ်ကြရပါမည်။ ကျွန်ုပ်တို့၏အသက်တာသည် ကျွန်ုပ်တို့ကိုသစ္စာရှိစွာ နှုတ်ကပတ်တော်သွန်သင်ပေးသောဆရာများအဖို့ ဝမ်းမြောက်စရာ၊ ခွန်အားရစရာဖြစ်စေရမည်သာမက၊ ကယ်တင်ခြင်းမရသေးသောသူတို့ထံသို့သန့်ရှင်းသောသက်သေခံမှုဖြစ်စေရပါမည်။

နောက်ရက်များတွင် သန့်ရှင်းသူတို့သည် ဘုရားသခင်၏သန့်ရှင်းခြင်းကို မည်သို့ပြသအသက်ရှင်ကြရမည်အကြောင်းကို ဖိလိပ္ပိဩဝါဒစာစောင်ထဲ၌ တွေ့ရသောသွန်သင်ချက်တို့အားဖြင့် ဆင်ခြင်လေ့လာကြရပါမည်။ ထိုသွန်သင်ချက်တို့ကို နာခံခြင်းငှါ ဘုရားသခင်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးကို နှိုးဆော်တော်မူပါစေသော်။

**ဆင်ခြင်ရန်** - မည်သူတို့သည် "သန့်ရှင်းသူ" နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်နေ့စဉ်အသက်တာ၌ ဘုရားသခင်၏သန့်ရှင်းခြင်းကို ပြသမည်အကြောင်း မစတော်မူပါ။

စနေ၊ ဇူလိုင် (၂)
**ဖိလိ ၁း၅-၈**
၂ ကော ၅း၁၈-၂၀

*"ထာဝရဘုရား၏တရားလမ်း၌မလွဲမတိမ်
လိုက်သွားသောသူတို့သည် မင်္ဂလာရှိကြ၏"*

# သာသနာပြုခြင်းစိတ်နှလုံး

ခရစ်ယာန်တို့သည် ဘုရားသခင်ချစ်ခြင်းမေတ္တာကို နည်းများစွာဖြင့်ဖော်ပြနိုင်ပါသည်။ ဖိလိပ္ပိခရစ်ယာန်တို့သည် ထိုချစ်ခြင်းမေတ္တာကိုကြိုးစားပြသကြသောကြောင့် တမန်တော်ပေါလုသည် အလွန်ဝမ်းမြောက်ခြင်းရှိ၏။ သူတို့ကယ်တင်ခြင်းခံရသောအချိန်မှစ၍ အခြားသူများကယ်တင်ခြင်းခံရကြမည်ကို လိုလားတောင့်တခဲ့ကြ၏။ ထိုတောင့်တမှုကို ရှင်ပေါလုနှင့်အတူ "ဧဝံဂေလိတရားဆက်ဆံခြင်း" (ဖိလိ ၁း၅)အားဖြင့်ဖော်ပြခဲ့ကြ၏။ ဤဆက်ဆံခြင်းမိဿဟာယသည် ဆုတောင်းခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းအားဖြင့်ဖြစ်ပါသည်။ ပျောက်ဆုံးဝိညာဉ်တို့ကိုကယ်တင်ခြင်းရခြင်းငှါ စိတ်တောင့်တမှုရှိကြောင်း နှုတ်အားဖြင့်ဖော်ပြခြင်းထက် လက်တွေ့လုပ်ဆောင်မှုဖြင့် ပြသကြရပါမည်။ ဖိလိပ္ပိခရစ်ယာန်တို့သည် လက်တွေ့လုပ်ဆောင်ခဲ့ကြ၏ (၂ ကော ၈း၇-၈)။

"သင်တို့ကိုအောက်မေ့၏" (ဖိလိ ၁း၇) ဟုပေါလုဖော်ပြလျက် ဖိလိပ္ပိမြို့ရှိယုံကြည်သူတို့ကို မိမိသတိရလျက်ရှိကြောင်း ပြသခဲ့ပါသည်။ အခြားအရပ်၌နေသောယုံကြည်သူတို့ကို သတိရအောက်မေ့ခြင်းသည် အလွန်အရေးကြီးလှပါသည်။ ပေါလုသည်ထိုအသင်းတော်တို့နှင့်လူကိုယ်တိုင်အတူမနေရသော်လည်း နေရသကဲ့သို့အောက်မေ့သတိရခဲ့ပါသည် (၁ သက် ၂း၁၇)။ ယုံကြည်သူတို့သည် ပေါလုနှင့်အတူ ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးတော်ကို ခံစားရသောသူဖြစ်ကြ၏။ ဤကျေးဇူးတော်ပြုသောအမှုကယ်တင်ခြင်းတရားကို ပေါလုဘယ်တော့မှမမေ့ပါ။

ပေါလုသည် ကြိုးစားသာသနာပြုခြင်းအားဖြင့် များစွာသောလူတို့၏အသက်တာပြောင်းလဲခြင်းရှိမည်ကို ယုံကြည်ခဲ့ပါသည်။ ခရစ်တော်၌ကယ်တင်ခြင်းခံရကြကြောင်း မြင်တွေ့ရခြင်းသည် ဝမ်းမြောက်စရာကောင်းလှပါသည်။ ကယ်တင်ခြင်းခံရခြင်းဆိုသည်မှာ အသစ်သောအသက်တာ၊ ပြောင်းလဲသောအသက်တာ ပိုင်ဆိုင်ခြင်းဖြစ်ပါသည် (၂ ကော ၅း၁၇)။ ဘုရားသခင်၏ကယ်တင်ခြင်းခံရသောကျွန်တော်တို့သည် ခရစ်တော်၏အသက်တာကိုပိုင်ဆိုင်ခြင်းငှါ ဘုရားသခင်သည် ကျွန်ုပ်တို့နေ့စဉ်အသက်တာ၌အမှုပြုတော်မူမည်အကြောင်းသိကြပါ၏။ ယေရှုကို မျက်နှာချင်းဆိုင်မြင်တွေ့ရသောအချိန်အထိ ထိုအမှုကိုဆက်လက်၍ဘုရားသခင်ပြုတော်မူလိမ့်မည် (ဖိလိ ၁း၆)။

ရှင်ပေါလုကဲ့သို့ ကျွန်တော်တို့သည်လည်း ဤလောကရှိအသင်းတော်များကို ချစ်သောသူဖြစ်ရရန်ဘုရားသခင်မစပါစေသော်။ အထူးသဖြင့် သာသနာနယ်၌ရှိသောအသင်းတော်သစ်တို့ကို ပို၍ဂရုစိုက်အောက်မေ့ကြပါစို့။ ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်အမှုပြုတော်နေကြောင်းကို သက်သေပြ၍နေ့စဉ်အသက်ရှင်လျက် သက်သေခံနိုင်ခြင်းငှါ သူတို့နှင့်ကျွန်ုပ်တို့အတွက် ကြိုးစားဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးထဲ၌ ဘုရားသခင်ပြုသောအမှုကို အကျွန်ုပ်အသက်တာ၌ ပေါ်လွင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ စစ်မှန်သောသာသနာပြုခြင်းစိတ်နှလုံး အကျွန်ုပ်အားပေးသနားတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၃)
**ဖိလိ ၁း၉-၁၁**
၂ ပေ ၁း၂-၁၀

*"သက်သေခံတော်မူချက်တို့ကို စောင့်သော သူတို့သည် မင်္ဂလာရှိကြ၏"*

# ခရစ်ယာန်ချစ်ခြင်းမေတ္တာ

ယုံကြည်သူတို့သည် ဝိညာဉ်ရေး၌ကြီးထွားခြင်းရှိမည်အကြောင်း အချို့သောတရားများ လိုအပ်ပါ၏။ တမန်တော်သည် ထောင်ထဲ၌ရှိနေသော်လည်း၊ ထိုလိုအပ်ချက်တို့ကိုဆုတောင်းပေးခဲ့ပါသည်။ ထိုလိုအပ်ချက်တရားမှုကား ချစ်ခြင်းမေတ္တာတရားပင်ဖြစ်ပါသည်။

ဝိညာဉ်ရေးရာ၌ ကျွန်တော်တို့ကြီးထွားခြင်းရှိသောအခါ ဘုရားသခင်ချစ်ခြင်းနှင့် ညီအစ်ကိုချစ်ခြင်းတရားသည်လည်း ကြီးထွားခြင်းရှိ၏။ လောကီချစ်ခြင်းမေတ္တာသည် စိတ်ခံစားမှုအပေါ်၌ တည်၏။ သို့သော်လည်း စစ်မှန်သောခရစ်ယာန်ချစ်ခြင်းတရားသည် သမ္မာကျမ်းစာ၌တည်၏။ ခရစ်ယာန်ချစ်ခြင်းမေတ္တာသည် အသိတရား၊ ကြင်နာခြင်း၊ သူတစ်ပါးလိုအပ်မှုနားလည်ပေးခြင်းတို့နှင့် ပြည့်လျက် ဘုရားသခင်နှင့်ဆိုင်သောအသိဉာဏ်၏ လမ်းညွှန်မှုတရားအတိုင်း အမှုပြုခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည် မှန်ကန်သောတရား၏ လမ်းညွှန်မှုအောက်၌တည်ရမည် သာမက အဆိုးအကောင်းခွဲခြားတတ်ခြင်းလည်း ပါဝင်ရပါမည်။ အဆိုးအကောင်းခွဲခြားတတ်ခြင်း အသိဉာဏ်သည် ဘုရားသခင်ထံမှအသိဉာဏ်ဖြစ်၍ ဘဝအသက်တာ၌မှန်ကန်စွာအသုံးချခြင်းဖြစ်ပါသည်။ အသိဉာဏ်ရှိပြီး လက်တွေ့အသုံးမပြုလျှင် တန်ဖိုးမရှိပါ။ ခရစ်ယာန်အသိဉာဏ်သည် အသက်တာ၌လက်တွေ့မှန်မှန်အသုံးချခြင်းပင် ဖြစ်ပါသည်။

ခရစ်ယာန်အသက်တာရင့်ကျက်မှုသည် ဘုရားသခင်၏သမ္မာတရားသိနားလည်ခြင်း၌ အခြေခံသော လက်တွေ့အကျင့်တို့၌ ပေါ်လွင်တတ်ပါ၏ (ဟေဗြဲ ၅း၁၄)။ စစ်မှန်သောခရစ်ယာန် ချစ်ခြင်းမေတ္တာသည် စစ်မှန်သောအကျင့်ကို ဖြစ်ပေါ်စေသော ဘုရားသခင်၏နှုတ်ကပတ်တော် လေးလေးနက်နက်သိသောအသိဉာဏ်၏ အုပ်စိုးမှု၊ လမ်းညွှန်မှုပင်ဖြစ်ပါသည်။ ထိုသို့သော ချစ်ခြင်းမေတ္တာ၏လမ်းညွှန်မှုအောက်တွင် ကျွန်တော်တို့သည်"ခြားနားသောအရာတို့ကို ပိုင်းခြား" (ဖိလိ ၁း၉) တတ်၏။ ဆိုလိုသည်မှာ ကျွန်တော်တို့သည် အဘယ်အခြေအနေ၌မဆို ခရစ်ယာန်၏စစ်မှန်သောအကျင့်ကိုသိလျက် ထိုသို့ပြုကျင့်တတ်၏။

ထိုသို့သောသွန်သင်လမ်းညွှန်မှုအတွက် ကျင့်ခြင်းဖြင့်ဘဝ၌ "စိတ်ကြည်ဖြူလျက် တိမ်းလဲခြင်းအမှုနှင့်ကင်းလွတ်လျက်ရှိမည်" (ဖိလိ ၁း၁၀) ဖြစ်ပါသည်။ ဘုရားသခင်ရှေ့တော်၌ သန့်ရှင်းသောစိတ်ရှိမည်ဖြစ်ပါသည် (တမန် ၂၄း၁၆)။ ထိုအခါ ကျွန်ုပ်တို့၏အသက်တာ၌ ဖြောင့်မတ်ခြင်း အကျင့်ထင်ရှား၍ ကယ်တင်ရှင်ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာလမ်းညွှန်မှုအောက်၌တည်သော ချစ်ခြင်းမေတ္တာသည် ဝမ်းမြောက်ခြင်းနှင့် ရောင့်ရဲခြင်းကိုဖြစ်စေ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ချစ်ခြင်းမေတ္တာဖြင့် သူတပါးကိုချစ်မည်အကြောင်း လမ်းပြတော်မူပါ။

တနင်္လာ၊ ဇူလိုင် (၄)
**ဖိလိ ၁း၁၂-၁၄**
၁ ပေ ၁း၆-၈

*“အကျွန်ုပ်တို့သည် ကြိုးစား၍ကျင့်ဖို့ရာ ကိုယ်တော်သည် ဩဝါဒပေးတော်မူပြီ”*

# အခက်အခဲကြား၌ဝမ်းမြောက်ခြင်း

ယုံကြည်သူအသက်တာ (သို့) အသင်းတော်၌အကျိုးမရှိဟုထင်ရသော အခက်အခဲကျရောက်တတ်ပါသည်။ ထိုသို့သောအချိန်၌ ကျွန်တော်တို့သတိရအောက်မေ့ရမည်မှာ ခရစ်ယာန်၏အသက်တာ၌ဖြစ်ပျက်သမျှသောအရာတိုင်းပင် ဘုရားသခင်ရည်ရွယ်ချက်ရှိတော်မူ၏ဟူ၍ ဖြစ်ပါသည်။ အနန္တတန်ခိုးရှင်၏သားသမီးဖြစ်တော်မူသောကျွန်တော်တို့သည် ထိုဘုရား၏ကွယ်ကာစောင့်ရှောက်မှုအောက်၌ရှိကြ၏။ ဘုရားသခင်ပြုတော်မူသောအမှုကို ကျွန်တော်တို့မမြင်မသိကြသော်လည်း မိမိ၏ရည်ရွယ်ချက်ကိုမိမိလူတို့၌ မိမိလူတို့အားဖြင့် ပြည့်စုံစေပါလိမ့်မည်။

ကနဦးအသင်းတော်တို့သည် တမန်တော်ပေါလု၏အမှုတော်၌များစွာမှီခိုခဲ့ကြ၏။ သူထောင်ကျသောအခါ အသင်းတော်သည် လိုအပ်သောဆရာမရှိဖြစ်ခဲ့ကြပါသည်။ ဘုရားသခင်က သူ့ကိုလွတ်မြောက်စေနိုင်သည်မှာ သံသယရှိစရာမလိုပါ။ အရင်၌ဘုရားသခင်က ပေါလုကိုလွတ်မြောက်စေခဲ့ပြီးဖြစ်၏ (တမန် ၁၆း၂၅-၂၆)။ သို့သော်လည်း ယခုအချိန်တွင် ထိုသို့ထောင်ထဲ၌နေရခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။ မကောင်းမှုဟု အသင်းတော်ထင်မှတ်သောအရာကို ဘုရားသခင်ကကြီးမားသောကောင်းကြီးအဖြစ် အသုံးပြုတော်မူ၏ (ဖိလိန ၁း၁၂)။

ထောင်ထဲ၌ချည်နှောင်ခြင်းခံရသောပေါလုသည် ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးတော်ကို အစဉ်ဟောပြောသက်သေခံခဲ့ပါသည်။ ထိုသက်သေခံချက်ကို အစောင့်များအားဖြင့် ကေသာဘုရင်၏ နန်းတော်၌နေထိုင်သောသူအပေါင်းထံ ပျံ့နှံ့ခဲ့ပါသည် (ဖိလိ ၁း၁၃)။ သမိုင်းကြောင်းအရ ပေါလုထောင်ကျပြီး နောက်နှစ်တစ်ရာတွင် ရောမ၌နေထိုင်သောသူ လူဦးရေထပ်ဝက်တို့သည် ယုံကြည်သူဖြစ်ကြသည်ဟု သိရပါသည်။ ထိုသို့ဘုရားသခင်ထံပြောင်းလဲခြင်းအစသည် ပေါလု၏ထောင်ကျခြင်းပင်ဖြစ်ပါသည် (ဖိလိ ၁း၁၃)။

တမန်တော်ပေါလုထောင်ကျကြောင်း သိခါစတွင် များစွာသောယုံကြည်သူတို့သည် စိတ်အားငယ်ခဲ့ကြ၏။ သို့သော်လည်း ထိုသို့သောအခြေအနေ၌ပင် ပေါလုသည်ကောင်းသောသက်သေခံချက်ရှိကြောင်း သိကြသောအခါ သူတို့သည်လည်း စိတ်အားထက်သန်ခြင်းရှိခဲ့ကြ၏။ များစွာသောယုံကြည်သူတို့သည် ညှဉ်းပန်းနှိပ်စက်ခြင်းကြား၌ပင် ဘုရားသခင်အတွက်ရဲရင့်စွာအသက်ရှင်ခဲ့ကြ၏။

ပေါလုကဲ့သို့ ဘုရားသခင်၏စောင့်ရှောက်မှုကို ကိုးစားယုံကြည်ခြင်းရှိလျှင် ခက်ခဲသောကာလ၌ ကျွန်တော်တို့သည်ဝမ်းမြောက်ခြင်းရှိရုံသာမက အခြားခရစ်ယာန်တို့ကိုလည်း ထိုသို့အသက်ရှင်ခြင်းငှါ ခွန်အားပေးရာရောက်၏။

**ဆင်ခြင်ရန်** - ဘုရားသခင်က အဘယ်ကြောင့်ပေါလုကို ထောင်မှမလွတ်မြောက်စေပါသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ အရာခပ်သိမ်း ကိုယ်တော်တတ်နိုင်တော်မူကြောင်း ယုံကြည်လျက် ကိုယ်တော်ကိုအစဉ်ယုံကြည်ကိုးစားမည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။

*"ကိုယ်တော်၏အထုံးအဖွဲ့များကို စောင့်နိုင်မည်အကြောင်း၊ အကျွန်ုပ်သည် လမ်းဖြောင့်ပါစေသော"*

# မှန်ကန်သောစိတ်သဘောထား

သမ္မာကျမ်းစာက ကျွန်ုပ်တို့အားသတင်းကောင်းဟောလာသောသူတို့ကို သေချာစောင့်ကြည့်ခြင်းငှါ သတိပေးပါသည်။ သူတို့၏အကျင့်တို့ကို သေချာလေ့လာဆင်ခြင်ဖို့ရန်လည်း ဆိုခဲ့ပါသည်။ ယေရှုနာမဖြင့် တရားဟောသောသူတိုင်းကို ပျောက်ဆုံးဝိညာဉ်အပေါ် ချစ်ခြင်းမေတ္တာရှိသောသူဟု ထင်မှတ်စရာကောင်းပါသည်။ သို့သော်လည်း ယနေ့ကျမ်းပိုဒ်က အချို့သောလူမိုက်တို့သည် မိမိကိုယ်ကျိုးအတွက် တရားဟော၍သွန်သင်ကြကြောင်း ကျွန်တော်တို့ကိုအသိပေးခဲ့ပါသည်။

အချို့သည် "ငြူစူရန်တွေ့ချင်သောသဘောနှင့်" (ဖိလိ ၁း၁၅) ဟောကြ၏။ ဆိုလိုသည်မှာ အသင်းတော်၌ရန်တွေ့ခြင်း၊ သင်းကွဲခြင်းကိုဖြစ်ပေါ်စေကြ၏။ ထိုသူတို့သည် မိမိတို့၏အဖွဲ့ကိုအင်အားကြီးစေခြင်းငှါရည်ရွယ်တတ်ကြ၏။ သူတို့၏အကျိုးကို ဖျက်ဆီးသည်ဟုထင်ရသော အခြားဆရာသမားတို့ကိုဆန့်ကျင်၍ တရားဟောကြ၏။ ထိုသို့သောရန်တွေ့ခြင်းကို သမ္မာကျမ်းစာ၌ဇာတိသဘောပြုသောအမှုဟု ဖော်ပြထားပါသည် (ဂလာ ၅း၂၀၊ ယာကုပ် ၃း၁၄-၁၅)။ ထို့ကြောင့် မိမိကိုယ်ကျိုးအတွက် တရားဟောသောသူတို့သည် အသင်းတော်၌ဦးဆောင်သောသူမဖြစ်ထိုက်ပါ။ ဝမ်းမြောက်စရာကောင်းသည်မှာ ဘုရားသခင် အသင်းတော်နှင့်ပျောက်ဆုံးဝိညာဉ်ကို ချစ်သောကြောင့် တရားဟောသောသူများစွာ ရှိခြင်းပင်ဖြစ်ပါသည်။ ဤသည်ကား ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောခြင်း၏စစ်မှန်သောစိတ်သဘောထားပင်ဖြစ်ပါသည် (၂ ကော ၅း၁၄)။

ပေါလုသည် ဘယ်အကြောင်းကြောင့်ဖြစ်စေ၊ သတင်းကောင်းဟောပြောခြင်းရှိခြင်း၌ ဝမ်းမြောက်ခဲ့ပါသည်။ သို့သော်လည်း မကောင်းသောစိတ်သဘော၊ ကိုယ်ကျိုးအတွက်ဟောပြောခြင်းကို သဘောတူအားပေးသည်မဟုတ်ပါ။ ထိုသို့သောစိတ်ထားဖြင့် ဟောသောသူတို့ကို မိမိဆန့်ကျင်ကြောင်း ဖော်ပြခဲ့ပါသည် (၁ တိ ၆း၃-၅)။ သို့သော်လည်း၊ ပေါလုသည် ဟောပြောသောသတင်းကောင်းကို ဘုရားသခင်က မိမိ၏ရည်ရွယ်ချက်ပြည့်စုံစေခြင်းငှါ အသုံးပြုတော်မူနိုင်ကြောင်း သေချာသိထားခဲ့ ပါသည်။

ဘုရားသခင်၏လူ ကျွန်တော်တို့သည် အပြစ်သားကယ်တင်ခြင်းခံရသောအချိန်တိုင်း၌ ဘုရားသခင်ကို ချီးမွမ်းကြရပါမည်။ သို့သော်လည်း၊ အသင်းတော်၌တရားဟောသောသူတို့၏ စိတ်သဘောထားနှင့်အကျင့်ကို ကျွန်တော်တို့သေချာစောင့်ကြည့်လေ့လာကြရပါမည်။ ဥပမာအားဖြင့် သမ္မာကျမ်းစာအတိုင်းဟောပြော၍ ကျင့်သောသူဟုတ်မဟုတ် စောင့်ကြည့်ကြရပါမည် (ဖိလိ ၃း၁၇-၁၉)။ အသင်းတော်ကိုဟောပြောသောတရားအတိုင်း ကျင့်သောသူတို့က ဦးဆောင်ကြရပါမည်။ ဤနည်းအားဖြင့်သာ ယုံကြည်ခြင်းတရားကိုမှန်ကန်စွာဟောပြောခြင်းခံရ၍ မှားသောတရားအလယ်၌ ကွယ်ကာခြင်းခံရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သတင်းကောင်းဟောပြောသောသူအားလုံး၌ မှန်ကန်သောစိတ်သဘောထားရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ တရားဟောသောသူ ဘယ်သူဖြစ်ပါစေ လူတို့ကယ်တင်ခြင်းခံရခြင်း၌ ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

# ထာဝရဘုရား၌ရဲရင့်ခြင်း

အခက်အခဲဒုက္ခသည် ခရစ်ယာန်အသက်တာ၌မမျှော်လင့်ဘဲ ရောက်ရှိလာတတ်၏။ ထိုအခက်အခဲတို့၌ ဘုရားသခင်၏လက်တော်ကို မြင်နိုင်ဖို့တခါတရံအလွန်ခက်ခဲလှပါသည်။ ဥပမာအားဖြင့် အသင်းတော်တို့၌ ပေါလုအမှုတော်ဆောင်နေစဉ် ဆက်လက်မဆောင်ရွက်နိုင်ခြင်း၌ ထောင်ချခံရခြင်းကဲ့သို့သောအမှု၌ ဘုရား၏လက်တော်မြင်နိုင်ဖို့ ခဲယဉ်းလှပါ၏။ သို့သော်လည်း၊ ဘုရင့်နန်းတော်စောင့်တို့သည် ဘုရားသခင်ကိုသိလာခဲ့ကြသည်မှာ ကောင်းသောရလဒ်ဖြစ်ပါသည် (ဖိလိ ၁း၁၂-၁၃)။ သို့သော်လည်း ပေါလု၏ဘဝနှင့်အနာဂတ်သည် မည်သို့ရှိပါမည်နည်း။ ပေါလုအတွက် မသေချာလှပါ။ ယနေ့ ခရစ်ယာန်အသက်တာသည်လည်း ထိုသို့ဖြစ်ပါ၏။ ခက်ခဲသောအချိန်၌ မည်သို့အခြေအနေပြောင်းလဲလာမည်ကို မသိကြပါ။

ထိုအခက်အခဲမှ ရရှိလာမည့်ရလဒ်ကို ကျွန်တော်တို့ကြိုမသိမြင်ရသော်လည်း ထိုအမှုအလုံးစုံ၌ ဘုရားသခင်အမှုပြုတော်မူကြောင်း ကျွန်တော်တို့သိပါ၏။ ပေါလုက "ဤအကြောင်းအရာသည် ငါ့ကိုကယ်တင်သောအကြောင်းအရာဖြစ်မည်ဟု ငါသိ၏" (ဖိလိ ၁း၂၀) ဟု ဆိုခဲ့ပါသည်။ အပြစ်မှကယ်တင်ခြင်းကို မဆိုလိုဘဲ ဤအခက်အခဲကြား၌ ကူညီမစကယ်နှုတ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ထောင်ထဲမှ ဘုရားသခင်ကယ်လွှတ်မည်ဟု ထင်မှတ်ရပါသည်။ သို့သော်လည်း အဘယ်သို့ရှိစေကာမူ ဘုရားသခင်၏လက်တော်သည် မိမိအပေါ်၌တည်သည်ဖြစ်သောကြောင့် ဘယ်အရာမဆို အကောင်းဆုံးဖြစ်ကြောင်း ပေါလုသိပါ၏ (ရောမ ၈း၂၈)။

ခရစ်ယာန်တို့သည် မိမိအတွက်ဆုတောင်းပေးကြသောကြောင့် ပေါလုသည်ခွန်အားရခဲ့ပါသည်။ မှန်ပါ၏။ ခက်ခဲသောကာလ၌ ယုံကြည်သူဆုတောင်းမိဿဟာယပြုခြင်းအားဖြင့် ခွန်အားရတတ်ကြ၏။ အချင်းချင်းဆုတောင်းပေးခြင်းအမှု၌ ကျွန်တော်တို့သည်သစ္စာရှိကြရပါမည် (ဧဖက် ၆း၁၈)။ ခရစ်တော်၏အကြောင်းတရားကြောင့် ဆင်းရဲဒုက္ခကြုံတွေ့ရသောအခါ ခရစ်ယာန်သည် ရှက်စရာမလိုပါ (၂ တိ ၁း၈)။ ဤလောက၌ သခင်ယေရှုကိုယ်တိုင်သည်လည်း ကဲ့ရဲ့ငြင်းပယ်ခြင်းကို ခံခဲ့ရပါသည်။ ထို့ကြောင့် သခင့်နောက်တော်သို့ ကျွန်တော်တို့လိုက်သောအခါ စုံစမ်းနှောက်ယှက်ခြင်းများ ကြုံတွေ့ရနိုင်ပါသည်။

တမန်တော်ပေါလုကဲ့သို့ ကျွန်တော်တို့သည် ခက်ခဲသောကာလ၌ ဘုရားသခင်က ကျွန်ုပ်တို့လိုအပ်သမျှကိုမစတော်မူမည်အကြောင်း သိခြင်းဖြင့် ရဲရင့်စွာလျှောက်လှမ်းကြပါစို့။ ဘဝအခက်အခဲကြားထဲ၌ ဘုရားသခင်အတွက် ဝမ်းမြောက်စွာဖြင့် ကျွန်တော်တို့အသက်ရှင်လျက် သူတပါးတို့သည် ကျွန်ုပ်တို့အသက်တာ၌ ခရစ်တော်ကိုမြင်ရကြမည်အကြောင်းကိုသာ တောင့်တကြပါစို့ (ဖိလိ ၁း၂၀)။

**ဆင်ခြင်ရန်** - ခက်ခဲသောကာလ၌ အချင်းချင်းမည်သို့ကူညီမစကြရပါမည်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အဖို့ အသက်ရှင်စဉ် ကျွန်ုပ်လိုအပ်သမျှ ဖြည့်စည်းပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

**ဖိလိ ၁း၂၁-၂၆**
၁ ကော ၁၅း၅၁-၅၇

*"ကိုယ်တော်၏အထုံးအဖွဲ့များကိုစောင့်ပါမည်။ အကျွန်ုပ်ကို ရှင်းလင်းစွန့်ပစ်တော်မမူပါနှင့်"*

# အကျိုးနှစ်ပါး၏အကြားခွ်

ဘဝ၌ကြုံတွေ့ရသောအခက်အခဲဒုက္ခတို့သည် တခါတရံအလွန်ပြင်းထန်၍ ခံရခက်ခဲလှပါသည်။ ခရစ်ယာန်တို့သည် ဤကဗျာကိုအော်ဟစ်သီဆိုတတ်ကြပါ၏ -

"အကျွန်ုပ်စိတ်နှလုံးထဲ၌ ယေရှုကိုတောင့်တ၍မျက်နှာတော်ကို မြင်တွေ့လိုပါ၏၊ ဤလောကဘဝခရီး၌ ကျွန်တော်အလွန်ပင်ပန်းနွမ်းနယ်လှသည်ဖြစ်၍ ကိုယ်တော်ကိုသာ တောင့်တပါ၏"

ထိုသို့သောခံစားချက်ကို ပေါလုကဤသို့ဖော်ပြခဲ့ပါသည် -"သေလျှင်မူကား သာ၍အကျိုးရှိ၏ (ဖိလိ ၁း၂၁)။ "ခရစ်တော်နှင့်အတူနေခြင်း. . . သာ၍ အလွန်ထူးမြတ်သောအကျိုးဖြစ်၏" (ဖိလိ ၁း၂၃)။ ခရစ်တော်၏သတင်းကောင်းအတွက် ကျွန်တော်တို့ထက် ပေါလုသည်များစွာဒုက္ခအခက်အခဲကြုံတွေ့ခဲ့ရ၏ (၁ ကော ၄း၁၁-၁၃)။ သခင်ယေရှုနှင့်အတူရှိ၍ ကိုယ်တော်ကဲ့သို့ဖြစ်မည့်အချိန်သည် အလွန်ထူးမြတ်သောနေ့ဖြစ်မည်အကြောင်း ကျွန်တော်တို့အားလုံး သိကြပါသည် (၁ ယော ၃း၂)။ မှန်ပါ၏၊ အခက်အခဲကြုံတွေ့ရင်ဆိုင်ရသောအချိန်၌ ကောင်းကင်ဘုံဝမ်းမြောက်ပျော်ရွှင်ခြင်းအသံသည် ပို၍ကျယ်လောင်တတ်ပါ၏။ သို့သော်လည်း ပေါလုကဲ့သို့ ကျွန်တော်တို့သည် ဤလောက၌သခင်ယေရှုအတွက် အသက်ရှင်ဖို့လိုသေးကြောင်းကို သိမှတ်ကြပါစို့ (ဖိလိ ၁း၂၄)။

ခရစ်ယာန်တိုင်း၏အသက်တာ၌ ဘုရားသခင်ရည်ရွယ်ချက်ရှိတော်မူ၏။ နာခံခြင်းဖြင့်အသက်ရှင်ခြင်းက ထိုဘုရားသခင်၏ရည်ရွယ်ချက်နှင့်ဝိညာဉ်အသီးတို့ကို ပြည့်စုံစေ၍သီးစေပါသည်။ ကျွန်တော်တို့သာလျှင် ဤလောကီလူသားတို့ထံ ဘုရားသခင်၏သက်သေဖြစ်ကြကြောင်းကို သိမှတ်ထားကြရပါမည်။ ကယ်တင်ခြင်းနေ့ရက် တဖြည်းဖြည်းကုန်ဆုံးလျက် တရားစီရင်ခြင်းနီးသထက် နီးလာသည်ဖြစ်သောကြောင့် ကြိုးစားအမှုတော်ဆောင်ဖို့ လိုအပ်ပါသည်။ ပျောက်ဆုံးဝိညာဉ်တို့ထံ သက်သေခံခြင်းသာမက မရင့်ကျက်သေးသောအသင်းတော်တို့အတွက် တမန်တော်ပေါလုသည် မိမိရှိနေဖို့လိုအပ်သေးကြောင်း သိမှတ်ခဲ့၏ (ဖိလိ ၁း၂၅)။ ကျွန်တော်တို့သည်လည်း အချင်းချင်းနှုတ်အားဖြင့်၎င်း၊ အသက်တာအားဖြင့်၎င်း ခွန်အားပေးဖို့လိုပါသည် (တမန် ၅း၃၂)။ အခက်အခဲကြုံတွေ့နေရသည့်တိုင် အသင်းတော်နှင့်ပျောက်ဆုံးဝိညာဉ်တို့ထံ မိမိတာဝန်ရှိသေးကြောင်း သိလျက်ဘုရားသခင်အတွက်ဆက်လက်အသက်ရှင်ကြပါစို့။

ပေါလုကဲ့သို့ ကျွန်တော်တို့သည် ဤရွေးချယ်နှစ်ခုကြား၌ ရောက်ရှိသောအချိန်ရှိနိုင်ပါသည်။ သို့သော်လည်း ကျွန်တော်တို့ရွေးချယ်ရမည်မဟုတ်၊ ဘုရားသခင်ကသာ ရွေးချယ်ရမည်ဖြစ်ပါသည် (ဖိလိ ၁း၂၂)။ ဘဝတိုက်ပွဲပြီးဆုံးသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဝမ်းမြောက်ခြင်းနှင့်ပြည့်စုံသော ခိုနားရာထာဝရအိမ်တော်သို့ ခေါ်ဆောင်တော်မူလိမ့်မည်ဖြစ်ပါသည် (ဖိလိ ၁း၂၁)။

**ဆင်ခြင်ရန်** - ပေါလု၏ ခက်ခဲသောပြဿနာကားအဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူမည့် မြတ်သောမျှော်လင့်ခြင်းကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

သောကြာ၊ ဇူလိုင် (၈)

**ဖိလိ ၁း၂၇-၂၈**

၂တိ ၁း၇-၁၃

*“နှုတ်ကပတ်တော်သည် . . . အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏”*

# သစ္စာရှိကြလော့

ဖိလိပိ ၁း၂၇-၂၈ထဲတွင်၊ သစ္စာရှိသောခရစ်ယာန်ဖြစ်ဖို့ရန်ပြုရမည့် အချက်သုံးချက်ကိုတွေ့ရပါသည်။ ပထမအချက်၊ ကောင်းကင်နိုင်ငံသားဖြစ်သောကျွန်ုပ်တို့၏အသက်တာသည် ကျွန်ုပ်တို့ယုံကြည်သောသတင်းကောင်းနှင့် ကိုက်ညီမှုရှိရပါမည်။ နှုတ်စကားထက်အကျင့်သည် ပို၍ကျယ်လောင်စွာစကားပြော၏ဟူသော ဆိုရိုးစကားသည်မှန်လှပါ၏။ ခရစ်ယာန်၏ကောင်းသောသက်သေခံချက်သည်နာခံခြင်း၌ အခြေခံထားပါသည်။ ဘုရားသခင်ကထိုအရာကိုမိမိလူတို့ထံ အခြားအရာများအရင်ရှေးဦးစွာတောင်းခဲ့ပါ၏ (၁ရာ ၁၅း၂၂)။

ဒုတိယအချက်၊ ကျွန်တော်တို့သည် ယုံကြည်ခြင်းတရားကိုစွဲမြဲစွာစွဲကိုင်ထားကြရပါမည်။ ဤဩဝါဒစာစောင်ကို ပေါလုရေးသားသောအချိန်တွင် ပေါလုသည်ထောင်ထဲ၌ရှိနေပြီး၊ ညှင်းပန်းနှိပ်စက်မှုကြီးစတင်သောအချိန်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုအောက်၌ပေါလုက “ အလျှင်းမကြောက်ရွံ့မတုန်လှုပ်ဘဲ”(ဖိလိ ၁း၂၇) တည်နေကြခြင်းငှါယုံကြည်သူတို့ကို ခွန်အားပေးခဲ့ပါသည်။ ထိုသို့သောစိန်ခေါ် ခွန်အားပေးခြင်းမျိုးယနေ့ ကျွန်တော်တို့လိုအပ်လှပါသည်။ အကြောင်းမှာ၊ နေရာတကာ၌ ရှုပ်ထွေးမှုရှိနေသောကြောင့် ဖြစ်ပါသည်။ မြဲမြံစွာရပ်တည်ခြင်းသည် ကျွန်ုပ်တို့ခံယူရရှိခဲ့သောတရားများကို စွဲမြဲစွာကိုင်တွယ်ခြင်းဖြစ်ပါသည်။ ကောင်းသောသက်သေခံဖြစ်ခြင်းငှါ၊ ကျွန်တော်တို့သည် ယုံကြည်ခြင်းတရား၌ ယိမ်းယိုင်ခြင်းမရှိဘဲ၊ ထိုတရားတို့ကိုမြဲမြံစွာစွဲကိုင်ကြရပါမည် (၂သက် ၂း၁၅)။

တခါတရံအသင်းတော်သည်အရေးမကြီးဟု ထင်ရသောယုံကြည်ခြင်းတရား၌ တိုက်ခိုက်ခြင်းခံရတတ်ပါသည်။ ထို “သေးငယ်သော” တရားဟုထင်မှတ်သောယုံကြည်ခြင်းကြောင့် ဘာမှမလုပ်ဘဲငြိမ်နေတတ်ကြ၏။ ယနေ့တွင် အဘယ်ယုံကြည်ခြင်းတရားကြောင့်မျှ ငြင်းခုံခြင်းမပြုရန်၊ငြိမ်နေကြရန်၊ အရေးကြီးသောယုံကြည်ခြင်းတရား၌ပင်ငြိမ်နေကြရန်တိုက်တွန်းခဲ့ကြပါသည်။ သို့သော်လည်း၊ တမန်တော်ပေါလုက သမ္မာတရားမှလမ်းလွဲသောအဘယ်တရားကိုမျှ လက်မခံဘဲ၊ ယုံကြည်ခြင်းတရား၌ မြဲမြံစွာရပ်တည်ခြင်းငှါ တိုက်တွန်းခဲ့ပါသည် (၁ ကော ၁၆း၁၃)။

တတိယအချက်မှကား၊ “အလျှင်းမကြောက်ရွံ့မတုန်လှုပ်” (ဖိလိ ၁း၂၈)ဘဲ ကျွန်တော်တို့နေကြရပါမည်။ ဆိုလိုသည်မှာ ကြောက်ရွံ့ခြင်း၏ထိန်းချုပ်မှုမခံခြင်းဖြစ်၏။ နာခံခြင်းရှိ၍ ယုံကြည်ခြင်းတရားအတိုင်း အသက်ရှင်သောအခါ ဘုရားသခင်အတူပါရှိတော်မူခြင်းကို ခံရ၍ ခွန်အားရှိပါ၏။ ထို့ကြောင့် ထိုတရားကြောင့်ကြုံတွေ့လာမည့်အခက်အခဲကြား၌လည်း ကျွန်ုပ်တို့လိုအပ်ချက်မှန်သမျှကို ကိုယ်တော်ဖြည့်ဆည်းပေးတော်မူလိမ့်မည်၊ မစတော်မူမည် (ဟေဗြဲ ၁၃း၆)။

ထို့ကြောင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရားနှင့်အကျင့်၌ သစ္စာရှိကြပါစို့။ ထိုအခါ ညှင်းဆဲခြင်းနှင့်အခက်အခဲကြုံရလျှင်လည်း ရဲရင့်ခြင်းရှိ၍ ဘုရားသခင်အဖို့အသက်ရှင်ခြင်း၌ ကျွန်တော်တို့ကြောက်ရွံ့တုန်လှုပ်ခြင်းရှိမည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ဤအချက်သုံးချက်တွင် အဘယ်အချက်၌ ကျွန်တော်တို့လိုအပ်ချက်ရှိပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်တို့ဘက်၌ရှိတော်မူလျှင် တဘက်၌အဘယ်သူ ရပ်တည်နိုင်ပါမည်နည်း။

စနေ၊ ဇူလိုင် (၉)
**ဖိလိ ၁း၂၉**
၁ ကော ၁၀း၁၂-၁၃

*"အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ရှာပါ၏"*

# ကိုယ်တော်အတွက် အခက်အခဲဒုက္ခခံခြင်း

ဘုရားသခင်၏သားသမီးတို့သည် အခက်အခဲကြုံတွေ့ရတတ်ပါသည်။ အကြောင်းမှာ ထိုသို့ ဒုက္ခဆင်းရဲကြုံတွေ့စဉ် ခရစ်ယာန်အသက်တာဖြင့် ကြံ့ကြံ့ခံရင်ဆိုင်သောအခါ မြင်သောသူတို့သည် ထိုစစ်မှန်သောဘာသာတရား၏ တန်ခိုးကို မြင်တွေ့ရတတ်၏။ ထိုအကျိုးကျေးဇူးသည် ကြီးမားလှပါသည်တကား။

ဘုရားသခင်သည် ကျွန်ုပ်တို့အား စုံလင်သောငြိမ်သက်ခြင်းပေးတော်မူနိုင်၏။ အထီးကျန်သောအခါ ချိုမြိန်သောမိဿဟာယဖွဲ့ခြင်းပေးတော်မူနိုင်၏။ ခန္ဓာကိုယ်အားနည်းသောအချိန်၌ ဝိညာဉ်ခွန်အားကို ပေးတော်မူနိုင်၏။

လူတိုင်း အခက်အခဲကို ကြံ့ကြံ့ခံ၍ ကျော်လွှားနိုင်ကြသည်မဟုတ်ပါ။ သူတို့သည် ငြိမ်သက်တည်ငြိမ်စွာ မြည်တမ်းခြင်းပြုတတ်ကြပါ၏။ ထို့ကြောင့် ဓားဒါဏ်ကိုခံနိုင်သောသစ်ကိုင်း၊ ပွတ်တိုက်ခြင်းကို ခံနိုင်သောကျောက်ကို ရှာဖွေရပါမည်။ အချို့သည် တရားဟောခြင်း၌၊ အချို့သည် အခက်အခဲခံရခြင်း၌ ခေါ်ခြင်းခံရကြ၏။ ဘုရားသခင်ထံမှ ဆုကျေးဇူးအဖြစ်လက်ခံပါလော့။ ကောင်းကင်ကို မျှော်ကြည့်၍ နာကျင်ခြင်း၏ထိုးနှက်ချက်နှင့်ခါးသက်မှုကို ဘုရားသခင်ထံမှဆုကျေးဇူးအဖြစ် လက်ခံပါလော့။ ထိုဒုက္ခအတွက် ကျေးဇူးတော်ချီးမွမ်းနိုင်အောင် ရဲရင့်ခြင်းရှိပါလော့။ ထိုနာကျင်ခြင်းဝေဒနာစာအိတ်ထဲမှ သတင်းစကားကိုဖွင့်ဖတ်ကြည့်ပါလော့။ ကြမ်းတမ်းသောအထုပ်ဖြစ်သော်လည်း အထဲ၌ရတနာရှိပါ၏။

အခြားသောသူ၊ ဒုက္ခဝေဒနာခံရသောသူတို့ထံ သင်အမှုတော်ဆောင်ရွက်နိုင်မည်လော။ ထိုသူတို့ထံ နှိမ့်သိမ့်ခြင်းစကားပါးနိုင်ပါမည်လော။ ဆုတောင်းနိုင်ပါမည်လော။ သင်ကဲ့သို့ မခံစားခဲ့ရသောသူတို့အား အနည်းငယ်သာစိတ်ပေါ့ပါးခြင်းကို သင်ပေးနိုင်ပါမည်လော။ ဤလောက၌ ဆင်းရဲ ဒုက္ခခံရခြင်းသည် ထိုအမှုတော်များအတွက် မရှိမဖြစ်သောအရာဖြစ်ပါသည်။ ခရစ်တော်နှင့် သန့်ရှင်း သူတို့သည်လည်း ထိုသို့ခံခဲ့ရပါ၏။ ထို့ကြောင့် ဆင်းရဲဒုက္ခအခက်အခဲ ခံရသောအခါ ကာရနီကုန်း ပေါ်၌ အသေခံတော်မူသော ယေရှု၏နာကျင်ခြင်း ဝေဒနာကို အောက်မေ့လျက် ဘုရားသခင်၏ကျေးဇူး တော်တန်ခိုးကို မျှော်ကြည့်ခြင်းဖြင့် အဓိပ္ပာယ်ရှိစွာကျော်ဖြတ်ကြပါစို့။

(F.B.Meyer)

**ဆင်ခြင်ရန်** - ကျွန်ုပ်ခံနေရသောဒုက္ခဝေဒနာသည် ဘုရားသခင်ထံမှ ဆုကျေးဇူးဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ဝေဒနာနာကျင်ခြင်းဒုက္ခတို့ကို ခံစေသောကိုယ်တော်၏လက်တော်ကို ချစ်ခြင်းမေတ္တာဖြင့် ပြည့်ဝသောလက်တော်အဖြစ် ကျွန်တော်မြင်တတ်ပါရစေ။

တနင်္ဂနွေ၊ ဇူလိုင် (၁၀)
**ဖိလိ ၂း၁-၂**
ဆာလံ ၁၃၃

*"ပညတ်တော်လမ်းမှလွဲစေတော်မမူပါနှင့်"*

# စိတ်တညီတညွတ်တည်းရှိကြလော့

စစ်မှန်သောခရစ်ယာန်စည်းလုံးမှုသည် အဖွဲ့အစည်း၊ အစီအစဉ်နှင့်လူတို့၏ကြိုးစားအားထုတ်မှုကြောင့်ဖြစ်လာခြင်းမဟုတ်ပါ။ ဝိညာဉ်အသက်တာ၌ ခရစ်တော်၏မစဖြည့်စည်းမှု အမြင်တူမှု၌အခြေခံထားပါသည်။ ထိုခရစ်တော်ပေးသနားတော်မူသောကျေးဇူးလေးပါးကို ဖိလိပ္ပိ ၂း၁-၂ ထဲတွင် ဖော်ပြထားပါသည်။ ထိုအချက်တို့ကို စိတ်နှိုးဆော်ခြင်းမေးခွန်းပုံစံဖြင့်ဖော်ပြထား၏။

ပထမတစ်ချက်၊ "ခရစ်တော်၌သက်သာခြင်း" (ဖိလိ ၂း၁)။ "သက်သာခြင်း" ဆိုသည်မှာ နှိမ့်သိမ့်ခြင်း၊ ခွန်အားပေးခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာအားဖြင့် ခရစ်တော်ကို ကျွန်တော်တို့အမှန်သိလာသောအခါ ကိုယ်တော်အတူပါရှိတော်မူခြင်းကြောင့် ကျွန်တော်တို့သည်နှိမ့်သိမ့်ခြင်းခံရ၍ ငြိမ်သက်ခြင်းခံရ၏။

ဒုတိယအချက်၊ ခရစ်တော်၏"ချစ်ခြင်းမေတ္တာ" ကိုခံစားကြရ၏ (ဖိလိ ၂း၁)။ ဤချစ်ခြင်းမေတ္တာက ပျောက်ဆုံးဝိညာဉ်အပေါ် ဂရုစိုက်ခြင်းဖြစ်ပေါ်စေ၍၊ ဘုရားသခင်အဖို့ ကြိုးစားအသက်ရှင်ခြင်းကိုဖြစ်စေ၏ (၂ ကော ၅း၁၄)။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာပို၍ နားလည်ခြင်းက ယုံကြည်သူညီအစ်ကိုတို့၏လိုအပ်ချက်ကို မိမိအကျိုးထက်ပို၍ အလေးထားခြင်းဖြစ်စေပါသည် (ဂလာ ၅း၁၃)။ အပြစ်သားကျွန်ုပ်တို့အတွက် မိမိ၏ချစ်ခြင်းမေတ္တာကို သားတော်စေလွှတ်ခြင်းဖြင့် ပြသတော်မူကြောင်းသိသောအခါ၊ ထိုအကျင့်တို့သည် ကျွန်ုပ်တို့၏အကျင့်ဖြစ်လာကြပါ၏(ရောမ ၅း၈)။

တတိယအချက်ကား၊ ခရစ်တော်၌ "ဝိညာဉ်တော်နှင့်မိဿဟာယဖွဲ့ခြင်း"ဖြစ်ပါသည် (ဖိလိ ၂း၁)။ သန့်ရှင်းသောဝိညာဉ်တော်က ခရစ်တော်၌ကျွန်ုပ်တို့ကို အသစ်ပြုပြင်လျက် ဘုရားသခင်နှင့်ဆိုင်သောအကျင့်ကို ပိုင်ဆိုင်စေတော်မူ၏ (၂ ပေ ၁း၄)။

နောက်ဆုံးတွင် ခရစ်တော်၌ကျွန်ုပ်တို့သည် သနားစုံမက်ခြင်းသဘောရှိလာကြပါ၏။ ဤသည်ကား သခင်ယေရှု၏စိတ်သဘောဖြစ်၍ စစ်မှန်သောယုံကြည်သူ၏အကျင့်လက္ခဏာဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့မထိုက်တန်သောဂရုဏာတော်ကို ကျွန်ုပ်တို့ထံပြသတော်မူခြင်း၌ ဤသနားစုံမက်ခြင်းသည် အခြေခံပါ၏ (ကောလော ၃း၁၂-၁၃)။

ခရစ်တော်၌ ကျွန်တော်တို့ပိုင်ဆိုင်သော ဤအကျင့်တရားတို့သည် လက်တွေ့ပေါ်လွင်သောအခါ စစ်မှန်သောခရစ်ယာန်စည်းလုံးမှုဖြစ်ပေါ်လာ၏။ ကျွန်တော်တို့သည် စိတ်သဘောတညီတညွတ်တည်းဖြစ်လာကြ၏ (ဖိလိ ၂း၂)။ ထိုခရစ်တော်က ကျွန်ုပ်တို့အတွက်ပြုတော်မူသောအမှု၌ အခြေခံသောစည်းလုံးမှုသည် အခြားယုံကြည်သူတို့နှင့် ကျွန်ုပ်တို့ဆက်ဆံမှု၌ ပေါ်လွင်ရမည်ဖြစ်ပါသည်။ ထိုစစ်မှန်သောစည်းလုံးညီညွတ်မှုကို သူတပါးထံပြသခြင်းငှါ ကျွန်တော်တို့ကြိုးစားအားထုတ်ကြပါစို့။

**ဆင်ခြင်ရန်** - စစ်မှန်သောခရစ်ယာန်စည်းလုံးမှုသည် အဘယ်အရာ၌အခြေခံပါသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကိုချစ်သော အကျွန်ုပ်၏စစ်မှန်သောချစ်ခြင်းသည် နာခံခြင်း၌ပေါ်လွင်ပါစေသော။

တနင်္လာ၊ ဇူလိုင် (၁၁)
**ဖိလိ ၂း၃-၄**
၁ ယော ၄း၁၈-၂၁

*"အို ထာဝရဘုရား၊ ကိုယ်တော်သည် မင်္ဂလာရှိတော်မူ၏။ အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌သွန်သင်တော်မူပါ"*

# ခရစ်ယာန်ညီညွတ်ခြင်းစိတ်သဘော

ခရစ်ယာန်တို့၌ရှိသောစည်းလုံးခြင်းကို ကျွန်တော်တို့ညီညွတ်စွာနေထိုင်ခြင်းဖြင့် ပြသ၍ရပါသည်။ ထိုသို့ညီညွတ်သောစိတ်သဘောရှိလျက် အတူတကွနေထိုင်နိုင်ခြင်း၌ အဓိကလိုအပ်ချက်များကို ဖိလိပ္ပိ ၂း၃-၄ ထဲတွင် ဖော်ပြထားပါသည်။

သမ္မာကျမ်းစာက ကျွန်ုပ်တို့၏စိတ်သဘောထားအရေးကြီးမှုကို ဖော်ပြတတ်ပါ၏။ ဖိလိပ္ပိဩဝါဒစာစောင်တွင် "ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကီတ္တိကို တပ်မက်သောစိတ်" (ဖိလိ ၂း၃) ဖြင့် အဘယ်အမှုကိုမျှမပြုခြင်း၌ သတိပေးခဲ့ပါသည်။ မိမိကိုယ်ကျိုးအတွက် မိမိကျော်စောလိုသောစိတ်ဖြင့် ပြုသမျှသောအရာသည် ဘုရားသခင်ရှေ့၌အချည်းနှီးဖြစ်ပါ၏။ ထိုစိတ်သဘောထားက ခရစ်ယာန်စည်းလုံးခြင်းကို ဖျက်ဆီးတတ်၏။

ကျွန်တော်တို့သည် ဘုရားသခင်၏အမှုတော်ကို "နှိမ့်ချသောစိတ်"ဖြင့် ဆောင်ရွက်ကြရပါမည် (ဖိလိ ၂း၃)။ ထိုသို့သောစိတ်သဘောရှိလျှင် ညီအစ်ကိုတို့ကို မိမိထက်ကောင်းမြတ်ကြောင်း မှတ်ယူနိုင်ပြီ။ သူတပါးအကျိုးကို မိမိအကျိုးထက်ပို၍ အလေးထားတတ်စေပါသည်။ အမှုတော်ကို ဘုရားသခင်၏ကျေးဇူးတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့်သာ ဆောင်ရွက်နိုင်သည်ဖြစ်သောကြောင့် နှိမ့်ချသောစိတ်ဖြင့် ကျွန်တော်တို့အမှုတော်ကိုဆောင်ရွက်ကြရပါမည်။

စည်းလုံးညီညွတ်မှုရှိခြင်း၌ ကျွန်တော်တို့သည် မိမိ၏အကျိုးကို အဓိကမထားဘဲနေကြရပါမည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့ကိုကယ်တင်ခြင်း၌ ဘုရားသခင်သည်အလုံးစုံပေးတော်မူကြောင်း ဖော်ပြခဲ့ပါသည် (ဖိလိ ၂း၇-၈)။ တမန်တော်ပေါလုသည် မွေးရာပါမိမိခံစားရသောအကျိုးမှန်သမျှကို စွန့်လွှတ်၍ သခင်ယေရှုနောက်တော်သို့လိုက်ခဲ့ပါသည် (ဖိလိ ၃း၇)။ ထိုနည်းတူ ကျွန်တော်တို့သည် ဤလောကီအရာကိုမစွဲလန်း၊ မနှစ်သက်ဘဲနေကြဖို့ သတိထားကြရပါမည်။

ထို့ပြင် ခရစ်ယာန်စည်းလုံးညီညွတ်ခြင်းကို သူတပါးအားဦးစားပေးခြင်းစိတ်သဘောဖြင့် အားဖြည့်ရပါမည်။ မိမိကိုယ်ကျိုးကိုမကြည့်ဘဲနေသောအခါ သူတပါး၏ဝိညာဉ်ရေးရာလိုအပ်မှုကို ကျွန်တော်တို့ပို၍အလေးပေးဖြည့်စည်းပေးနိုင်၏။ မိမိကိုယ်တိုင် ငြင်းပယ်သောအခါ ဘုရားသခင်နှင့် သူတပါးတို့ကိုငှင်း၊ အမှုတော်ကိုငှင်း ကျွန်တော်တို့ပို၍ဦးစားပေးနိုင်လာ၏။ ထိုအခါ ကျွန်တော်တို့သည် တညီတညွတ်ဘုရားသခင်ကိုချီးမွမ်း၍ အမှုတော်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည် (ကောလော ၃း၁၆)။ အသင်းတော်၌ ကျွန်တော်တို့ပြုသောအမှုတို့သည် သူတပါးအကျိုးအတွက်ဖြစ်သောအခါ ခရစ်ယာန်စည်းလုံးမှုသည် ခိုင်ခံ့လာပြီး ဘုရားသခင်ဘုန်းတော်ထင်ရှားမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စစ်မှန်သောခရစ်ယာန်စည်းလုံးမှုကို ခိုင်ခံ့စေသောအမှုတို့ကား အဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကိုချစ်တော်မူသောကြောင့် သူတပါးကို ကျွန်တော်ချစ်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဇူလိုင် (၁၂)
**ဖိလိ ၂း၅-၈**
ယာကုပ် ၁း၂၂-၂၅

*"စီရင်တော်မူရာနှုတ်တော်ထွက်အလုံးစုံတို့ကို အကျွန်ုပ်သည်ကိုယ်နှုတ်နှင့်ဟောပြောပါ၏"*

# ခရစ်တော်၏စိတ်သဘောပိုင်ဆိုင်ခြင်း

မနေ့ကျမ်းပိုဒ်က ကျွန်ုပ်တို့အားခရစ်ယာန်၌ရှိသင့်သောစိတ်သဘောထားကို ထိန်းသိမ်းကြရန် တိုက်တွန်းခဲ့ပါသည်။ ကျွန်တော်တို့သည် မာနထောင်လွှားခြင်းမရှိသင့်ပါ။ သို့သော်လည်း စစ်မှန်သောခရစ်ယာန်ချစ်ခြင်းမေတ္တာကိုပြသသော၊ စည်းလုံးမှုကိုဖြစ်စေသော ထိုစိတ်သဘောသည် လူ့ဇာတိသဘောနှင့်ဆန့်ကျင်လျက်ရှိပါ၏။ ယနေ့ကျမ်းပိုဒ်တွင် ထိုစိတ်သဘောထားရှိ၍ နှိမ့်ချစွာနေထိုင်နိုင်ခြင်းငှါ သွန်သင်ထားပါသည်။

ကျွန်တော်တို့သည် ယေရှု၌ရှိသောစိတ်သဘောထားကို ပိုင်ဆိုင်ကြရပါမည် (ဖိလိ ၂း၅)။ ကျွန်ုပ်တို့စိတ်သည် ကျွန်ုပ်တို့၏လုပ်ရှားမှုနှင့်အကျင့်ကို ထိန်းချုပ်ထားပါသည်။ စိတ်မပါဘဲ ခရစ်တော်၏စကားကိုနာခံခြင်း၊ နှိမ့်ချခြင်းဖြင့်ကျွန်တော်တို့အသက်မရှင်နိုင်ပါ။ ခရစ်တော်၌ မည်သို့သောစိတ်သဘောရှိပါသနည်း။ ဤကျမ်းပိုဒ်ထဲတွင် ကိုယ်တော်၏နှိမ့်ချခြင်းစိတ်သဘောကို တွေ့ရပါသည်။ သခင်ယေရှုသည် ဘုရားသခင်ဖြစ်တော်မူသော်လည်း သူ၏ဘုန်းတော်ကိုလုံးဝ လက်မလွှတ်ဘဲ စွဲကိုင်ထားရမည်ဟူသော စိတ်သဘောထား သူ၌မရှိခဲ့ပါ (ဖိလိ ၂း၆-၇၊ ယောဟန် ၁း၁)။ သခင်ယေရှုသည် မိမိပိုင်ဆိုင်သောကောင်းကင်ဘုံရှိ ဘုန်းအသရေတော်ထက် ပျောက်ဆုံးသူတို့၏ကယ်တင်ခြင်းကို ပို၍အလေးထားတော်မူ၏။ ထို့ကြောင့် ကြီးမြတ်လှသော ချစ်ခြင်းမေတ္တာတော်ကြောင့် မိမိပိုင်ဆိုင်ခဲ့သော ကောင်းကင်ဘုန်းအသရေတော်ကို ထားခဲ့ပြီး မိမိအသက်ကို စွန့်၍အပြစ်သားတို့ကို ရွေးနှုတ်ခြင်းငှါ ဤလောကသို့ကြွလာတော်မူခဲ့၏ (မဿဲ ၂၀း၂၈)။

ဘုရားသခင်ဖြစ်တော်မူသောသခင်ယေရှုသည် မိမိအသရေကိုစွန့်တော်မူ၏ (ဖိလိ ၂း၇)။ ဆိုလိုသည်မှာ မိမိ၏လုပ်ပိုင်ခွင့်နှင့်အခွင့်အရေးကိုစွန့်၍ အသုံးမပြုခြင်းဖြစ်၏။ အစေခံကျွန်၏သဏ္ဍာန်ကိုယူဆောင်ခဲ့ပါသည် (ဖိလိ ၂း၇)။ ဘုရားဖြစ်တော်မူသောယေရှုသည် အစေခံရန်မိမိကိုယ်ကို နှိမ့်ချတော်မူခဲ့၏။ ခရစ်တော်၏စိတ်သဘောကို မြင်တွေ့ခြင်းဖြင့် ကျွန်ုပ်တို့ကိုအဘယ်မျှလောက်ချစ်တော်မူကြောင်း ကျွန်တော်တို့သိမြင်ရပါ၏။ ကျွန်ုပ်တို့ကိုကယ်တင်ခြင်းငှါ ကြွယ်ဝချမ်းသာတော်မူသော သခင်ယေရှုသည် ဆင်းရဲခြင်းခံရသည်ဖြစ်သောကြောင့် ကျွန်တော်တို့သည်လည်း ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ခြင်း၌ သူတပါးကိုမိမိထက်သာ၍ ကောင်းမြတ်သည်ဟု ထင်မှတ်ကြရပါမည်။

**ဆင်ခြင်ရန်** - သခင်ယေရှုသည် မိမိ၏ဂုဏ်နှင့်အခွင့်အရေးကို မည်သို့လက်ကိုင်ထားပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ယေရှုကိုအမှန်ချစ်၍နှိမ့်ချသောစိတ်သဘောရှိခြင်းငှါ အကျွန်ုပ်ကို မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၁၃)
**ဖိလိ ၂း၉-၁၁**
ယောရှာ ၄၅း၂၂-၂၅ *“သက်သေခံတော်မူရာလမ်း၌ဝမ်းမြောက်ပါ၏”*

# ခပ်သိမ်းသောလူတို့သည်ဒူးထောက်ကြလိမ့်မည်

သမ္မာကျမ်းစာက ကျွန်ုပ်တို့အား နှိမ့်ချခြင်းနှင့်စည်းလုံးခြင်းအတွက် တိုက်တွန်းခဲ့ပြီဖြစ်ပါသည်။ ကျွန်တော်တို့အတုယူရန် သခင်ယေရှုက သာဓကထားခဲ့ပါ၏။ ဘုရားဖြစ်တော်မူသော ယေရှုသည် ကျွန်တော်တို့အသက်ရှင်ခြင်းငှါ မိမိဘုန်းအသရေကိုထားခဲ့ပြီး အစေခံကျွန်အဖြစ် ဤလောကသို့ကြွလာ၍ အသေခံခဲ့ပါသည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား “ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့” (ဖိလိ ၂း၅) ဟုတိုက်တွန်းခဲ့ပါသည်။ ကျွန်တော်တို့သည် ယေရှုကျင့်သောအကျင့်တို့ကို ဆင်ခြင်နှလုံးသွင်းကြရပါမည်။ ဤလောက၌ ယေရှုပြုခဲ့သမျှအမှုတို့သည် ယုံကြည်သောသူအပေါင်းကယ်တင်ခြင်းငှါ ပြုသောအမှုများပင်ဖြစ်ပါသည် (ယောဟန် ၃း၁၆-၁၈)။ ယေရှုလူ့ဇာတိခံခြင်း၏ ရည်ရွယ်ချက်သည် အသေခံရန်ဖြစ်ပါသည်။ ယေရှုပုဇော်သက္ကာကို ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်လက်ခံတော်မူကြောင်း ပြသခဲ့ပါသည်။ ထိုရှင်ပြန်ထမြောက်ခြင်းက ယုံကြည်သူအပေါင်း၏ထာဝရအသက်ကို သေချာစေခဲ့ပါသည်။

ကယ်တင်ခြင်းအမှုတော်ဆောင်ရွက်ပြီးနောက် နှိမ့်ချခြင်းရှိသောခရစ်တော်သည် ခမည်းတော်ဘုရား၏လက်ျာဘက်၌ မိမိ၏မူလဘုန်းတော်အသရေကိုခံခြင်းငှါ ချီးမြှောက်ခြင်းခံရ၏ (ဧဖက် ၁း၂၀-၂၁)။ ခရစ်တော်ပြုသော ပူဇော်ခြင်းသည်ပြည့်စုံခဲ့ပါ၏။ နောက်ထပ်ပြုစရာမလိုတော့ပါ (ဟေဗြဲ ၉း၂၄-၂၆)။ ထိုရွေးနုတ်ခြင်းပူဇော်သက္ကာကြောင့် ခရစ်တော်သည်ကျွန်ုပ်တို့ကိုခေါ်ဆောင်ခြင်းငှါ ပြန်၍ကြွလာတော်မူလိမ့်မည်။

သခင်ယေရှုကောင်းကင်ဘုံသို့ ကြွတော်မူပြီးနောက် ထိုဂါလိလဲနယ်သား၏အကြောင်းကို အနည်းငယ်သောယုံကြည်သူတို့ကသာလျှင် သက်သေခံခဲ့ကြ၏။ ထိုဘုရားသခင်၏အနည်းငယ်သောလူတို့သည် ငြင်းပယ်ခြင်း၊ ကဲ့ရဲ့ခြင်းနှင့်ညှဉ်းဆဲခြင်းကိုခံရကြ၏။ သမ္မာကျမ်းစာ၏သွန်သင်ချက်ဖြစ်သော သခင်ယေရှုတဖန်ကြွလာတော်မူမည့်အကြောင်းနှင့် နောက်ဆုံးတရားစီရင်ခြင်းအကြောင်းတို့သည် အဓိကပျက်ရယ်ပြုခြင်းခံရကြ၏။

သို့သော်လည်း၊ ခရစ်ယာန်တို့သည် သခင်ဘုရားအတွက် သက်သေခံ၍အသက်ရှင်စဉ် ကိုယ်တော်တဖန်ကြွလာတော်မူမည်အကြောင်း၊ သတင်းကောင်းတရားသည် မိမိရည်ရွယ်ချက်ကို ပြည့်စုံစွာဆောင်ရွက်မည်အကြောင်း သိထားကြပါ၏။ ယေရှုခရစ်တော်သည် သခင်ဖြစ်တော်မူ၏ဟု လူတိုင်းဒူးထောက်၍ဝန်ခံမည့်နေ့ရက်ရောက်ရှိပါလိမ့်မည် (ဖိလိ ၂း၁၀-၁၁၊ ရောမ ၁၄း၁၁)။ ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းထင်ရှားခြင်းငှါ ခရစ်တော်သည် ကြွလာတော်မူလိမ့်မည်။

သခင်ဘုရား၏ဘုန်းတော်ကို အတူခံစားမည့်ကျွန်တော်တို့သည် ကိုယ်တော်အဖို့ အသက်ရှင်ကြရမည်ဖြစ်ပါသည်။ ရောက်ရှိလာမည့်အောင်မြင်ခြင်းနေ့ရက်ကို မျှော်ကြည့်ရင်းသစ္စာရှိစွာ နေထိုင်ကြပါစို့။

**ဆင်ခြင်ရန်** - ယုံကြည်သူတိုင်း မျှော်လင့်သောအရာကားအဘယ်နည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်အတွက် သစ္စာရှိစွာအသက်ရှင်မည်အကြောင်း မစစောင့်ရှောက်တော်မူပါ။

ကြာသပတေး၊ ဇူလိုင် (၁၄)
**ဖိလိ ၂း၁၂-၁၃**
ယောရှု ၁း၈-၉

*"ပေးတော်မူသောသြဝါဒကိုဆင်ခြင်၍. . . "*

# အမှုတော်ပြီးစီးဆောင်ရွက်ခြင်း

သမ္မာကျမ်းစာထဲ၌ နာခံခြင်းအရေးကြီးမှုကို အစဉ်ဖော်ပြခဲ့ပါသည်။ ပေါလုက ဘုရားသခင်၏ နှုတ်ကပတ်တော်နာခံခြင်းရှိခြင်းငှါ စာဖတ်သူတို့အား တဖန်တိုက်တွန်းခဲ့ပါသည်။ ထို့ကြောင့် သင်းအုပ်ဆရာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခြားယုံကြည်သူရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဘုရားသခင်အစဉ်ရှိတော်မူကြောင်း သိခြင်းဖြင့် ကျွန်တော်တို့သည်နာခံခြင်းရှိ၍ ဘုရားသခင်ကြောက်ရွံ့သောစိတ်သဘောဖြင့် အမှုပြုကြရပါမည်။

"ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့" (ဖိလိ ၂း၁၂) ဟုဆိုသည့်အတိုင်း ကယ်တင်ခြင်းခံရသောသူသည် နာခံခြင်းဖြင့် အသက်ရှင်ရကြပါမည်။ ခရစ်ယာန်အသက်တာသည် အမှုတော်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ကျမ်းစာဖော်ပြထားပါသည်။ ခရစ်ယာန်တိုင်း မိမိပြုရမည့်အမှုတာဝန်ဝတ္တရားရှိကြပြီး ဤသည်ကား ခရစ်ယာန်ဘဝ၏ရည်ရွယ်ချက်ဖြစ်ပါသည် (ဖိလိ ၃း၁၄)။ ခရစ်ယာန်အသက်တာကို အပြေးပြိုင်ပွဲနှင့်အရောက်လှမ်းရမည့်ပန်းတိုင်တစ်ခုအဖြစ် သိမှတ်ထားကြရပါမည် (ဟေဗြဲ ၁၂း၁)။ တမန်တော်ပေါလုသည် မိမိ၏တာဝန်ကို ဝမ်းမြောက်စွာပြီးစီးဆောင်ရွက်ခြင်းငှါ ဆန္ဒရှိခဲ့ပါသည် (တမန် ၂၀း၂၄)။ သူ့ဘဝနောက်ဆုံးအချိန်ရောက်သောအခါ ဘုရားသခင်ပေးအပ်သောတာဝန်ကို မိမိကောင်းမွန်စွာပြီးစီးခဲ့ကြောင်း ပေါလုသိခဲ့ပါသည် (၂ တိ ၄း၇)။ "ကိုယ်ကို ကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့" ဟူသောတရားသည် ခရစ်တော်၌ယုံကြည်ခြင်းဖြင့် အသစ်သောအသက်တာပိုင်ဆိုင်သောသူသည် မိမိ၏ခရစ်ယာန်အသက်တာကို ကောင်းမွန်စွာအဆုံးသတ်ကြခြင်းငှါ တိုက်တွန်းခြင်းဖြစ်သည် (ဧဖက် ၂း၈-၉)။

ကျွန်တော်တို့သည် ခရစ်ယာန်အသက်တာ၏ရည်ရွယ်ချက်ပန်းတိုင်ဖြစ်သော အမှုတော်ဆောင်ခြင်းကို မိမိအားဖြင့်သာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဆောင်ရွက်နေကြကြောင်း သိမှတ်ကြရပါမည် (ဧဖက် ၃း၂၀)။ ဘုရားသခင်သည် ကျွန်ုပ်တို့၌အမှုပြုတော်မူ၍ မိမိ၏ထာဝရရည်ရွယ်ချက်ကို ပြီးစီးဆောင်ရွက်တော်မူလိမ့်မည် (ဖိလိ ၂း၁၃)။

ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်၏ရည်ရွယ်ချက်တစ်ခုမှာ လူတို့သည်သမ္မာတရားကို သိကြရန်ဖြစ်ကြောင်း သမ္မာကျမ်းစာဖော်ပြခဲ့ပါသည် (၁ တိ ၂း၃-၄)။ ထို့ကြောင့် နာခံခြင်းဖြင့် ကျွန်တော်တို့အသက်ရှင်သောအခါ ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြည့်စုံစေလျက် ခရစ်တော်၏ကယ်တင်ခြင်းတရားသို့ သူတပါးကိုခေါ် ဆောင်ရာရောက်၏။ ကျွန်ုပ်တို့ရှေ့၌ချထားသော တာဝန်ဝတ္တရားကို ပြီးစီးဆောင်ရွက်ခြင်းငှါ ကျွန်တော်တို့ကြိုးစားအားထုတ်ကြပါစို့။

**ဆင်ခြင်ရန်** - မိမိ၏ကယ်တင်ခြင်းအကြောင်း ကြိုးစားအားထုတ်ဆောင်ရွက်ခြင်းဆိုသည်မှာ အဘယ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ "ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကိုငါတတ်စွမ်းနိုင်" (ဖိလိ ၄း၁၃) သောကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ ဇူလိုင် (၁၅)
**ဖိလိ ၂း၁၄-၁၆**
ဆာလံ ၁၁၉း၁၀၅-၁၁၂ *"လမ်းခရီးတော်တို့ကိုကြည့်ရှုပါ၏"*

# အသက်ရှင်ခြင်းနှင့်ဆိုင်သောနှုတ်ကပတ်တရားတော်ကို စွဲကိုင်ပြသ၍

များစွာသောလူတို့သည် ဘဝ၌ရောင့်ရဲတင်းတိမ်ခြင်းမရှိကြကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ငြီးတွားမြည်တမ်းခြင်းကိုပြုကြ၏။ သို့သော်လည်း ထိုသဘောအကျင့်ကိုခရစ်ယာန်အသက်တာ၌မရှိသင့်ပါ။ ကောင်းသောအသက်တာပိုင်ဆိုင်ခြင်း၌ ဝမ်းမြောက်တတ်သောစိတ်သဘောရှိခြင်း ပါဝင်ပါ၏။

ကျွန်တော်တို့သည် ပြုလေသမျှအမှုကို "မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲ" (ဖိလိ ၂း၁၄) ပြုကြရပါမည်။ "မြည်တမ်းခြင်း" ဆိုသည်မှာ မကျေနပ်မှုကိုဖော်ပြခြင်းဖြစ်ပါသည်။ "မလုပ်ချင်ပေမယ့် လုပ်ပဲ့မယ်"ဟူသော လောကီစိတ်သဘောဖြစ်ပါသည်။ "ငြင်းခုံခြင်း" ဆိုသည်မှာ မကျေနပ်မှုဖော်ပြခြင်းနှင့်သံသယဝင်ခြင်းပါဝင်၏။ ထိုသို့ငြင်းခုံတတ်သောခရစ်ယာန်သည် မိမိကိုယ်ကို အထင်ကြီးသောသူ၊ နှိမ့်ချခြင်းမရှိသောသူဖြစ်ပါသည်။ ထိုသို့သောစိတ်သဘောထားသည် သမ္မာတရားကိုပင် သံသယဝင်စေတတ်၏။ ထို့ကြောင့် ဘယ်နေရာဘဲကျွန်တော်တို့အမှုတော်ဆောင်သည်ဖြစ်စေ ထိုသို့သောစိတ်သဘောထားကို ကျွန်တော်တို့၌မရှိရပါ။ အရာခပ်သိမ်းကို ဝမ်းမြောက်သောစိတ်သဘောဖြင့်ကျွန်တော်တို့ပြုကြရပါမည် (ဖိလိ ၂း၁၄)။

ထိုသို့ ဝမ်းမြောက်သောစိတ်ဖြင့် ဘဝကိုကျွန်တော်တို့ဖြတ်သန်းသောအခါ ကျွန်တော်တို့၏ဝိညာဉ်အသက်တာသည် ကြီးထွားခြင်းရှိ၏။ ထိုအခါ အပြစ်တင်ခွင့်မရှိဘဲ စိတ်နှလုံးဖြူစင်ရိုးသားစွာနေရမည်ဖြစ်ပါသည် (ဖိလိ ၂း၁၅)။ အပြစ်ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်နှင့်ဝေးကွာခဲ့သော်လည်း ဘုရားသခင်ကမိမိအဖို့အသက်ရှင်နိုင်ခြင်းငှါ ကျွန်ုပ်တို့၏အသက်တာကို မိမိတန်ခိုးတော်ဖြင့်ပြောင်းလဲစေခဲ့ပြီးဖြစ်ပါသည် (ကောလော ၁း၂၁-၂၂)။ ထိုပြောင်းလဲသောအသက်တာကို ကျွန်ုပ်တို့နေ့စဉ်အသက်တာ၌ပေါ် လွင်ရပါမည်။

ဤလောကီတရားသည် ဝိညာဉ်ရေးနှင့်အကျင့်အရာ၌ လုံးဝများယွင်းကောက်ကျစ်ခဲ့ပါသည်။ လောကီလူတို့၏ရည်ရွယ်ချက်၊ နှစ်သက်သောအရာနှင့်တန်ဖိုးထားသောအရာတို့သည် အပြစ်နှင့်ရောနှောဆက်စပ်လျက်ရှိကြ၏။ ထို့ကြောင့် ဤလောကီတရားတို့ကို ငြင်းပယ်လျက် ဘုရားသခင်အတွက် ဝမ်းမြောက်စွာကျွန်တော်တို့အသက်ရှင်သောအခါ ဤအပြစ်နှင့်ပြည့်နှက်သောလောက၌ ကျွန်တော်တို့လင်းလက်ခြင်းရှိ၏ (ဖိလိ ၂း၁၅၊ မဿဲ ၅း၁၄-၁၆)။ ကျွန်တော်တို့စွဲကိုင်သောအလင်းသည် အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တော်ဖြစ်ပါသည် (ဖိလိ ၂း၁၆)။ ကျွန်တော်တို့သည် ဤမှောင်မိုက်သော လောကီကမ္ဘာ၌မြတ်သောသတင်းကောင်းအလင်းကို လင်းလက်စေလျက် သက်သေခံကြရပါမည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏စိတ်သဘော၊ အကျင့်ပိုင်ဆိုင်၍ ဝိညာဉ်အသက်တာကြီးထွားခြင်းငှါ မည်သို့သောစိတ်သဘောထား အကျွန်ုပ်၌ရှိရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်တော်သည် "ခရစ်တော်၌အသစ်ပြုပြင်သောသတ္တဝါ" ဖြစ်သည်နှင့်အညီ ထိုအသက်တာသစ်အတိုင်း ကျင့်ကြံနေထိုင်ခြင်းငှါ မစတော်မူပါ(၂ ကော ၅း၁၇)။

စနေ၊ ဇူလိုင် (၁၆)
**ဖိလိ ၂း၁၇-၁၈**
ရောမ ၁၂း၁-၂

*"နှုတ်ကပတ်တရားတော်သည်
လူ့စိတ်ဝိညာဉ်ကို သန့်ရှင်းစေတော်မူ၏"*

# နှစ်သက်ဖွယ်သောပူဇော်သက္ကာ

သခင်ယေရှုခရစ်တော် လူ့ဇာတိခံယူခြင်း၏ရည်ရွယ်ချက်မှာ သူတပါး၏အစေကိုခံရန်ဖြစ်ပါသည်။ မိမိအသက်ကိုစွန့်၍ အပြစ်သားတို့ကိုရွေးနှုတ်ရန်ဖြစ်ပါသည် (မဿဲ ၂၀း၂၈)။ ဤလောက၌ ယေရှုကျင်လည်စဉ် ခမည်းတော်၏အလိုတော်ကို လုံးဝနာခံခဲ့ပါသည်။ ကယ်တင်ရှင်ယေရှုသည် မိမိကိုယ်ကျိုးကိုမကြည့်ဘဲ သူတပါးအတွက်အသက်ရှင်ခဲ့သည်နည်းတူ ကျွန်တော်တို့သည်လည်း သူတပါးအတွက် အသက်ရှင်ကြရပါမည်။ ထို့ကြောင့် တမန်တော်ပေါလုလည်း အသင်းတော်အတွက် မိမိအသက်တာကိုဝမ်းမြောက်စွာပေးဆပ်ခဲ့ပါသည်။ သတင်းကောင်းတရားအတွက် ခရစ်ယာန်တို့သည် ပေးဆပ်ခြင်းအသက်တာရှိရကြမည်အကြောင်းကို ဖော်ပြသောအခါ ဓမ္မဟောင်းထဲမှ ဗိမာန်တော်၌ပူဇော်ခြင်းအမှုကိုအသုံးပြုခဲ့ပါသည်။

ဓမ္မဟောင်းထဲတွင် သွန်းလောင်းရာပူဇော်သက္ကာကို ယဇ်ကောင်သိုးသူငယ်အပေါ်နှင့် ပတ်လည်တွင် သွန်းလောင်းခဲ့ကြပါသည် (ဝတ် ၂၃း၁၈)။ တမန်တော်ပေါလုက ဤပူဇော်သက္ကာကို အသင်းတော်၏အမှုတော်အတွက် ခရစ်ယာန်အသက်တာဆက်ကပ်မှုပုံရိပ်အဖြစ် မြင်တွေ့ခဲ့ပါသည်။ ဘုရားသခင်၏အမှုတော်ကို အမှန်ဆောင်ရွက်သောယုံကြည်သူအပေါင်းတို့၏ အသက်တာသည် ခရစ်ယာန်ပူဇော်သက္ကာပလ္လင်ပေါ်၌ ဖြည်းဖြည်းချင်းသွန်းလောင်းလျက်ရှိပါ၏ (ဖိလိ ၂း၁၇၊ ၂ တိ ၄း၆)။ ဖိလိပ္ပိယုံကြည်သူတို့နှင့်သတင်းကောင်းအမှု၌ ပေါလုမိဿဟာယဖွဲ့ခြင်းအမှုသည် မိမိအတွက် ဘုရားသခင်ထံပူဇော်သက္ကာဖြစ်ပါ၏။ ကျွန်တော်တို့သည်လည်း သတင်းကောင်းသမ္မာတရားသက်သေခံခြင်း၌ ဤလောကီလူတို့အတွက် စတေးခြင်းအသက်တာရှိကြရပါမည်။

ထိုသို့သော စတေးခြင်းအသက်တာရှိသော ဘုရားသခင်၏သားသမီးတို့၌ ဝမ်းမြောက်ခြင်းနှင့်ရောင့်ရဲခြင်းရှိပါ၏ (ဖိလိ ၂း၁၇-၁၈)။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းသည် ခရစ်ယာန်စိတ်နှလုံးကို ကျေနပ်ရောင့်ရဲခြင်းပေးတတ်၏ (မဿဲ ၁၁း၂၈-၃၀)။ လောကီလူသားတို့သည် မိမိကိုယ်ကျိုးနှင့်လုံခြုံမှုကို ရှာတတ်ကြသော်လည်း ခရစ်ယာန်သည် အမှုတော်ဆောင်ခြင်း၌ကျေနပ်ရောင့်ရဲခြင်းခံစားရတတ်၏။ လောကီလူတို့သည် ဖျက်ဆီးတတ်သောအရာအတွက် ကြိုးစားအားထုတ်ကြပြီး ကျွန်တော်တို့သည် ထာဝရတည်သောအမွေတော်အတွက် အမှုတော်ဆောင်ကြ၏ (ကောလော ၃း၂၃-၂၄)။ အသင်းတော်နှင့် နေ့စဉ်အသက်တာ၌ သစ္စာရှိစွာ အမှုတော်ဆောင်ကြခြင်းဖြင့် ခရစ်ယာန်အမှုတော်ဆောင်ခြင်း၏ ဝမ်းမြောက်ခြင်းကိုစုံလင်စွာ သိမြင်ခံစားကြပါစို့။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် အမှုတော်ဆောင်ခြင်း၌ အဘယ့်ကြောင့် ဝမ်းမြောက်ခြင်းရှိနိုင်မည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏အမှုတော်၌ လုံးဝဆက်ကပ်ခြင်းဖြင့် စုံလင်သောဝမ်းမြောက်ခြင်းနှင့် ရောင့်ရဲခြင်းခံစားရသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

*"အထုံးအဖွဲ့တော်တို့၌မွေ့လျော်ပါ၏"*

# ခရစ်ယာန်မိဿဟာယ

အသက်တာ၌ တာဝန်ဝတ္တရား၏လေးလံသောဝန်ကို ကျွန်တော်တို့ထမ်းရတတ်ပါ၏။ တမန်တော်ပေါလုသည်လည်း ထိုသို့သောဖိအားကို ခံစားခဲ့ရပါသည်။ အသင်းတော်များ စောင့်ရှောက်ခြင်းတာဝန်ကို မိမိ၏ကိုယ်ပိုင်တာဝန်အဖြစ် သူခံယူထားပါသည် (၂ ကော ၁၁း၂၈)။ သာသနာပြုခြင်းအစပိုင်း၌ စတင်တည်ထောင်ခဲ့သောအသင်းတော်အပေါင်းကို သူသည်ပြန်၍ သွားရောက်လည်ပတ်ကြည့်ရှုလိုခဲ့ပါသည် (တမန် ၁၅း၃၆)။

ပေါလုသည် လေးလံသောတာဝန်ကို မိမိတစ်ကိုယ်တည်းမထမ်းရွက်ခဲ့ပါ။ သာသနာခရီးစဉ်အစပိုင်းတွင် ဗာနဗနှင့်အခြားသူတို့ကို မိမိနှင့်အတူခေါ်ခဲ့ပါသည်။ မိဿဟာယဖွဲ့ခြင်းလိုအပ်ကြောင်း သိခဲ့ပြီး ထိုမိဿဟာယဖွဲ့ခြင်းသည်လည်း သမ္မာတရားနာခံခြင်း၌ အခြေခံရမည်အကြောင်း သူသိပါ၏ (၁ ယော ၁း၇)။ ဆောင်ရွက်ရမည့်အမှုများ၌ အမှုတော်ဆောင်နည်းပါးသောအချိန်၌လည်း ပေါလုသည် မိမိ၏လုပ်ဖော်ကိုင်ဖက်အရေး၌ အလွန်သတိထားခဲ့ပါသည်။ ဤဖိလိပ္ပိမြို့၌ ပေါလုသည် သခင်ဘုရားကိုမသိသောမိန်းကလေးတစ်ဦး၏အကူအညီကို ငြင်းပယ်ခဲ့ပါသည် (တမန် ၁၆း၁၆-၁၈)။

ထိုနည်းတူ ကျွန်တော်တို့သည်လည်း သတင်းကောင်းအမှုတော်၌လက်တွဲမိဿဟာယဖွဲ့မည့်သူတို့ကို သတိထားကြရပါမည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်လိုလျှင် ကျွန်တော်တို့သည် ခရစ်တော်၏စိတ်သဘောအမြင်အတိုင်း ဆောင်ရွက်ကြရပါမည် (ဖိလိ ၂း၅)။ စိတ်သဘောညီညွတ်ခြင်းရှိသောသူတို့နှင့်သာ ဘုရားသခင်အမှုတော်ကို အတူတကွဆောင်ရွက်ကြရပါမည် (ဖိလိ ၂း၂၀)။ ထိုသို့ စိတ်သဘောညီညွတ်ခြင်းရှိခြင်းသည် အပြောအားဖြင့်မဟုတ်ဘဲ ဘုရားသခင်အတွက် အသက်ရှင်ခြင်းဖြင့် ပြသကြရပါမည် (ဖိလိ ၂း၂၂)။ တိမောသေသည် တမန်တော်ပေါလု၏ယုံကြည်မှု သွန်သင်မှုနှင့်အညီ အသက်ရှင်သောကြောင့် ပေါလု၏လုပ်ဖော်ဆောင်ဖက်ဖြစ်ခြင်းငှါ ထိုက်တန်ခဲ့ပါသည်။ ထို့ပြင် ပေါလု၏အသက်တာကိုအတုယူလျက် ဝိညာဉ်ရေးရာ၌ညီညွတ်သောစိတ်သဘောကို ပြသခဲ့ပါသည်။

ကျွန်တော်တို့သည်လည်း သတင်းကောင်းနာခံခြင်းရှိသောသူတို့၏အကျင့်ကို လိုက်ကြည့်လျက် သူတို့နှင့်ခရစ်ယာန်မိဿဟာယဖွဲ့ကြရပါမည် (ဟေဗြဲ ၁၃း၇)။ ထိုသို့ဖြင့် ကျွန်ုပ်တို့အသက်တာ၌ ရည်ရွယ်ချက်ပြည့်စုံစေ၍ အသင်းတော်၏အမှုတော်ရှေ့ဆက်နိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သာသနာပြုခြင်းအမှုတော်၌ အဘယ်သူနှင့်ကျွန်တော်တို့လက်တွဲ၍ မိဿဟာယဖွဲ့ရပါမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ စိတ်သဘောညီညွတ်သောသူနည်းပါးသော ဤနောက်ဆုံးသော ကာလ၌ကိုယ်တော်အဖို့ ကျွန်တော်သစ္စာရှိလိုပါ၏။

တနင်္လာ၊ ဇူလိုင် (၁၈)
**ဖိလိ ၂း၂၄-၃၀**
၂ ကော ၄း၈-၁၅

*"နှုတ်ကပတ်တော်ကိုမမှတ်ဘဲမနေပါ"*

# ခရစ်ယာန်အချင်းချင်းသိနားလည်ခြင်း

ဆင်းရဲဒုက္ခကြုံတွေ့ရသောအချိန်၌ ယုံကြည်သူသည်အချင်းချင်း မိဿဟာယဖွဲ့ခြင်းဖြင့် စိတ်ဓာတ်ခွန်အားရရှိနိုင်ပါသည်။ ကနဦးအသင်းတော်သည် ညှင်းပန်းနှိပ်စက်ခြင်းနှင့် အခက်အခဲကို ကြုံတွေ့ခဲ့ရပါသည်။ ထိုသို့သောအချိန်၌ အမှုတော်ဆောင်သောသူတို့သည် ပို၍ဒုက္ခဆင်းရဲကို ကြုံတွေ့ရတတ်၏ (၁ ကော ၄း၁၁-၁၂)။ တရောဖိမ်၊ တိမောသေနှင့် ဧပဖြောဒိတ် တို့သည် အမှုတော်ဆောင်စဉ်အချိန်၌ နာမကျန်းဖြစ်ခဲ့ကြပါသည် (ဖိလိ ၂း၂၆၊ ၁ တိ ၅း၂၃)။

ကနဦးအသင်းတော်၌ အမှုတော်ဆောင်သောသူတို့သည် အသင်းတော်များနှင့်မိဿဟာယဖွဲ့ခြင်း၌ ခွန်အားများစွာရရှိခဲ့ကြ၏။ ဖိလိပ္ပိမြို့ရှိ ယုံကြည်သူတို့သည် ဧပဖြောဒိတ်ကို ဂရုစိုက်ခဲ့ကြပြီး သူကလည်းထိုယုံကြည်သူတို့ကို ဂရုစိုက်ခဲ့ပါသည် (ဖိလိ ၂း၂၆)။ ထိုအခါ အချင်းချင်းဆုတောင်းပေးခဲ့ကြ၏။ ဤသို့ဖြင့် အချင်းချင်းသိနားလည်မှုရှိကြ၏။ တမန်တော်ပေါလုကလည်း ထိုအသင်းတော်သို့ မိမိအခြေအနေကိုကြားပြောခြင်းငှါ ဧပဖြောဒိတ်ကိုပြန်၍စေလွှတ်လိုခဲ့ပါသည်။

ကျွန်တော်တို့သည်လည်း ကျွန်ုပ်တို့၏သင်းအုပ်ဆရာများ သာသနာပြုဆရာများနှင့် ညီအစ်ကိုယုံကြည်သူတို့ကို ဂရုစိုက်ကြရပါမည်။ အချင်းချင်းဆုတောင်းပေးကြရပါမည်။ ထိုသို့ဆုတောင်းပေးခြင်းငှါ သူတို့၏အခြေအနေတို့ကိုလည်း ကျွန်တော်တို့သိထားကြဖို့လိုအပ်ပါသည်။ ထို့ကြောင့် အသင်းတော်၏ရည်မှန်းချက် လုပ်ဆောင်မည့်အစီအစဉ်၊ သာသနာပြုဆရာများနှင့်လိုအပ်ချက်တို့ကို အချင်းချင်းအသိပေးဖို့လိုအပ်ပါသည်။

ဧပဖြောဒိတ်သည် သတင်းကောင်းတရားအတွက် မိမိအသက်ကို ပဓာနမထားဘဲလုပ်ဆောင်ခဲ့ပါသည်။ ဘုရားသခင်ကသူ့ကိုကျန်းမာစေခဲ့ပါသည်။ ထိုအကြောင်းကို အသင်းတော်ထံအသိပေးလျှက် အားလုံးဝမ်းမြောက်ခြင်းရှိကြပါလိမ့်မည်။ အချင်းချင်းသိနားလည်ခြင်းမရှိလျှင် ငိုသောသူနှင့်အတူငိုခြင်း၊ ဝမ်းမြောက်သောသူနှင့်အတူ ဝမ်းမြောက်ခြင်း ကျွန်တော်တို့မပြုနိုင်ကြပါ။ ထို့ကြောင့် အသင်းတော်အစီအစဉ်နှင့်အမှုတော်ဆောင်တို့၏အကြောင်းကို ကျွန်တော်တို့သိကြဖို့လိုပါသည်။ သို့မှသာ သတင်းကောင်းအမှု၌ကျွန်တော်တို့အချင်းချင်း မိဿဟာယဖွဲ့ခြင်းရှိနိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဆုတောင်းခြင်းအသက်တာ၌ ဘယ်အရာလိုအပ်ပါသနည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်တော်ဆုတောင်းပေးသောသူတို့၏အကျိုးကို ကျွန်တော် ဂရုစိုက်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဇူလိုင် (၁၉)
**ဖိလိ ၂း၂၆**
ဧဇရ ၉း၅-၁၅

*“ကိုယ်တော်၏ကျွန်သည် အသက်ရှင်၍ နှုတ်ကပတ်တော်ကို စောင့်နိုင်ပါမည်အကြောင်း ကျေးဇူးပြုတော်မူပါ”*

---

# အလွန်ပူဆွေးခြင်း

ဧပဖြောဒိတ်သည် (ဖိလိ ၂း၂၅) ကောလောသဲသြဝါဒစာစောင်၌တွေ့ရသော ဧပဖြနှင့် အတူတူပင်ဖြစ်သည်ဟု ဆိုကြပါသည်။ သူနေမကောင်းကြောင်း သူ့မိတ်ဆွေတို့ကြားသိကြသောအခါ၊ သူသည် စိတ်မသက်မသာဖြစ်ခဲ့ရကြောင်း တွေ့ရပါသည်။ မိမိသည် သူတပါး၏ဝန်ထုပ်ဝန်ပိုးမဖြစ်လိုပါ။ အခြားသြဝါဒစာတွင်၊ ဧပဖြောဒိတ်သည် သန့်ရှင်းသူတို့အတွက် ကြိုးစားဆုတောင်းပေးသော သူဟုဖော်ပြခဲ့ပါသည်။

မိမိနာမကျန်းဖြစ်ခြင်းအကြောင်းကို လူတို့အားအသိမပေးလိုခြင်းအကြောင်း၌ လှပသော တရားတွေ့ရှိရပါသည်။ ကျွန်တော်တို့ဒုက္ခကြုံတွေ့ရသောအခါ ဘုရားသခင်ထံမှတပါး အခြားသော သူတို့ထံ အကြိမ်ကြိမ်မပြောပြသင့်ပါ။ “မရင့်ကျက်သောဒုက္ခသည်တို့သည် နှုတ်ဖွာ၍စကားများတတ်ကြ၏။ နာကျင်ခြင်း၏လျှို့ဝှက်ချက်ကို သိသောသူသည် ငြိမ်သက်စွာနေတတ်၏”။ ကျွန်တော်တို့ ခေါင်းကိုဆီလိမ်း၍ မျက်နှာကိုသစ်လျက် လူတို့ထံအစာရှောင်ဆုတောင်းကြောင်း မပေါ်လွင်စေဘဲ အရာခပ်သိမ်းသိမြင်တော်မူသော အဘဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ခံရခြင်းငှါ ဘုရားသခင်ရှေ့၌သာ ဆုတောင်းကြပါစို့။ နှစ်သိမ့်ပေးသောသန့်ရှင်းသောဝိညာဉ်တော်သည် ချဉ်းကပ်၍ခွန်အားပေးသဖြင့် ကျွန်တော်တို့သည် ဆင်းရဲဒုက္ခအကြား၌လည်း ငြိမ်သက်လျက်ကြံ့ခိုင်ခြင်းရှိပါလိမ့်မည်။

ဧပဖြသည် ဖိလိပ္ပိမြို့ရှိ ယုံကြည်သူတို့၏ဝမ်းနည်းပူဆွေးမှုကိုသိသဖြင့် မိမိ၏နာမကျန်းဖြစ်ခြင်းအကြောင်းကြောင့် သူတို့သည် ပို၍ဝမ်းနည်းခြင်းရှိမည်ကို မလိုလားခဲ့ပါ။ ဤသည်ကား သူ၏စိတ်သဘောထားဖြစ်ပါသည်။

သူတို့ခံစားနေရသော ဝမ်းနည်းပူဆွေးခြင်း၌ နောက်ထပ်ဝေဒနာမပေးလိုသောကြောင့် မိမိ နာမကျန်းဖြစ်ခြင်းကို ဖုံးဖိလိုခြင်းသည် အလွန်ရင့်ကျက်သောစိတ်သဘောထားဖြစ်ပါသည်။ ပြင်း ထန်လှသောနာကျင်ခြင်းမှ ပြန်လည်သက်သာလာခဲ့သော Robert Hall ၏စကားကို ကိုးကားကြပါစို့ - “ကျွန်တော်မြည်တမ်းခြင်းမပြုခဲ့ဘူးမဟုတ်လား။ ဆရာ ကျွန်တော်လုံးဝမမြည်တမ်းခဲ့ပါဘူး” ကျွန်တော်တို့ဝမ်းနည်းကြေကွဲခြင်းနှင့် ပူဆွေးသောကရောက်သောအချိန်၌ ဘုရားသခင်၏ခွန်အား ပေးခြင်းနှင့် နှိမ့်သိမ့်ခြင်းကို အလွန်တောင့်တခြင်းရှိကြပါစို့။

(F.B.Meyer)

**ဆင်ခြင်ရန်** - ပြဿနာကြုံတွေ့သောအခါ မည်သူကိုကျွန်တော်ရှေးဦးစွာ ချဉ်းကပ်ရပါမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ လူ၏အားပေးနှိမ့်သိမ့်ခြင်းမဟုတ်ဘဲ ကိုယ်တော်၏အားပေးနှိမ့်သိမ့်ခြင်းကို ကိုးစားလိုပါ၏။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၀)
**ဖိလိ ၃း၁-၂**
ဆာလံ ၁၆

*"တရားတော်၌ အံ့ဘွယ်သောအရာတို့ကို မြင်နိုင်ပါမည်အကြောင်း၊ အကျွန်ုပ်၏မျက်စိတို့ကို ဖွင့်တော်မူပါ"*

# ထာဝရဘုရား၌ဝမ်းမြောက်ခြင်းရှိလော့

သမိုင်းတစ်လျှောက်၊ ခရစ်ယာန်အသင်းတော်သည် ဤအပြစ်နှင့်ပြည့်နှက်သောလောကီကမ္ဘာ၌ဘုရားသခင်အတွက် အသက်ရှင်ခြင်းကြောင့် ဒုက္ခပြဿနာများစွာရှိ၏။ ပေါလုသည် ထောင်ချခြင်းခံရ၍၊ ဧပဖြောဒိတ်သည် သေလုအောင်နာမကျန်းဖြစ်ခဲ့ပါသည်။ ယခု တမန်တော်က အခြားပြဿနာတစ်ခုဖြစ်သော၊ မှားယွင်းသောဆရာများရောက်လာမည်အကြောင်း အသင်းတော်ကို သတိပေးပြန်၏။ သို့သော်လည်း၊ ထိုသို့သောဒုက္ခပြဿနာအကြား၌ပင် ခရစ်ယာန်တို့၏စိတ်နှလုံးထဲတွင် သူတို့ပိုင်ဆိုင်မည့် ထာဝရအမွေတော်ကိုအမှတ်ရကြပါ၏ (၂ ကော ၄း၁၇)။

သခင်ဘုရား၌ အစဉ်ဝမ်းမြောက်ခြင်းရှိခြင်းငှါ ကျွန်တော်တို့သည်တိုက်တွန်းခြင်းခံရ၏ (ဖိလိ ၄း၄)။ သတင်းကောင်း၌ ကျွန်တော်တို့ခံရသောဆုကျေးဇူးကြီးမြတ်မှုကို ကျွန်တော်တို့သိမှတ်ကြရပါမည် (ရောမ ၁၅း၂၉)။ ခက်ခဲသောကာလ၌ပင် ဖော်ပြ၍မရသောဝမ်းမြောက်ခြင်း ကျွန်တော်တို့၌ရှိနိုင်ပါ၏ (၁ ပေ ၁း၈)။ ဘုရားသခင်၏လက်တော်သည် ကျွန်ုပ်တို့ကိုအစဉ်စောင့်ရှောက်တော်မူကြောင်း သိမှတ်ကြရပါမည်။ ခရစ်ယာန်အသက်တာ၌ ကံကောင်းခြင်း၊ ကံဆိုးခြင်းဟူ၍မရှိပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆံပင်များကိုပင် ရေတွက်တော်မူ၍ ခပ်သိမ်းသောအရာကိုသိတော်မူ၏။ ကျွန်ုပ်တို့ကို အထူးဂရုစိုက်တော်မူ၏ (မာကု ၁၀း၃၀-၃၁)။ ကျွန်ုပ်တို့၏အသက်တာဘဝကို ဘုရားသခင်စီစဉ်တော်မူသည်ဖြစ်၍ နာခံခြင်းဖြင့်အသက်ရှင်သောအခါ၊ ဝိညာဉ်အောင်မြင်ခြင်းကို ကျွန်တော်တို့ရကြပါ၏။

ကျွန်တော်တို့သည် ဝိညာဉ်ရေးရာအန္တရာယ်အကြား၌လည်း ဘုရားသခင်ကိုယုံကြည်ကိုးစားကြရပါမည်။ ထိုအန္တရာယ်တို့ကိုလည်း ကျွန်တော်တို့ရှောင်ရှားတတ်ဖို့လိုပါသည်။ ထို့ကြောင့် ဤဩဝါဒစာစောင်ကို တမန်တော်ပေါလုရေးသားခြင်းဖြစ်ပါသည် (ဖိလိ ၃း၂)။ သမ္မာကျမ်းစာသတိပေးသော မှားယွင်းသောဆရာတို့သည် အလွန်ဆိုးယုတ်ကောက်ကျစ်သောသူများဖြစ်ကြပါသည်။ သမ္မာကျမ်းစာက ထိုသူတို့ကို "ခွေး၊ မတရားမှုကိုပြုသောသူ"ဟု ဖော်ပြ၍၊ အသင်းတော်ကိုအန္တရာယ်ပြုမည့်သူများဖြစ်ကြကြောင်း ဖော်ပြပါ၏ (ရောမ ၁၆း၁၇-၁၈)။

ယနေ့ နေ့စဉ်ခွန်အား၌သင်ယူစရာသင်ခန်းစာနှစ်ခုရှိပါ၏။ ပထမအချက်မှာ၊ ဝိညာဉ်အန္တရာယ်တို့ကို ရှောင်ရှားနိုင်ခြင်းငှါ ထိုအန္တရာယ်တို့ကို ကျွန်တော်တို့သိဖို့လိုပါသည်။ ဒုတိယအချက်မှကား၊ နေ့စဉ်ဝမ်းမြောက်ပျော်ရွှင်စွာအသက်ရှင်နိုင်မည်အကြောင်း ဘုရားသခင်၏ကျေးဇူးတော်ကောင်းကြီးမင်္ဂလာကို သတိရကြရပါမည်။

**ဆင်ခြင်ရန်** - ဆင်းရဲဒုက္ခကြား၌ ကျွန်တော်မည်သို့ဝမ်းမြောက်ခြင်းရှိနိုင်ပါမည်နည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ဘဝ၌ကြုံတွေ့ရသော ဤဒုက္ခဆင်းရဲသည် ခဏတာမျှသာဖြစ်သောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

*"အကျွန်ုပ်သည် မြေကြီးပေါ်မှာဧည့်သည်ဖြစ်ပါ၏။
ပညတ်တော်တို့ကို ဝှက်ထားတော်မမူပါနှင့်"*

# ခရစ်ယာန်၏ယုံကြည်ကိုးစားရာ

လူအပေါင်းတို့သည် ဘုရားသခင်ရှိတော်မူခြင်းတရားကို အတော်အတန်သိရှိကြကြောင်း သမ္မာကျမ်းစာက ဖော်ပြခဲ့ပါသည်။ လူမိုက်ကသာလျှင် ဖန်ဆင်းရှင်မရှိဟုငြင်းဆိုကြ၏ (ဆာလံ ၅၃း၁)။ သို့သော်လည်း၊ အပြစ်တရားကြောင့်လူသည် ဘုရားသခင်မိမိကိုယ်တိုင် ဖော်ပြသော အချက်ကို ငြင်းပယ်၍ မိမိစိတ်ကူးပုံဖော်သောဘုရားများကို ကိုးကွယ်ကြ၏ (ရောမ ၁း၂၁-၂၃)။ ထို့ကြောင့် လူဖန်တီးသောဘာသာတရားက လူ့ဦးနှောက်၌အခြေခံကြ၏။ ကိုးကွယ်သောသူတို့က လည်း လူ့အသိ ဉာဏ်နှင့်တတ်စွမ်းမှုကို ကိုးစားကြ၏။

တမန်တော်ပေါလုသည်လည်း ထိုသို့သောကိုးစားစရာများရှိခဲ့နိုင်ပါသည်။ သူသည်ယုဒ ဘာသာတရား၌ တတ်ကျွမ်းသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ထိုဘာသာတရား၌ကြိုးစားအားထုတ်၍တရား မြစ်ချက်တို့ကို လိုက်လျောက်ခဲ့ပါသည်။ သူ့မိသားစုမျိုးရိုးသည်လည်း အထက်တန်းစားဖြစ်ခဲ့ပါသည်။ ကယ်တင်ခြင်းသည် ဘာသာရေးတရား၌ ကြိုးစားအားထုတ်မှုနှင့်မျိုးရိုး၌အခြေခံခဲ့ပါသည်။ ကယ်တင် ခြင်းသည် ဘာသာရေးတရား၌ကြိုးစားအားထုတ်မှုနှင့်မျိုးရိုး၌ အခြေခံခဲ့ပါလျှင်ပေါလုသည် ထိုကယ် တင်ခြင်းကို လုံးဝရယူခဲ့ပါလိမ့်မည် (ဖိလိ ၃း၄-၆)။

သို့သော်လည်းလူသည် မိမိကြိုးစားအားထုတ်မှုဖြင့် ဘုရားသခင်ထံမရောက်နိုင်ပါ (ဟေရှာ ၆၄း၆)။ ကယ်တင်ခြင်းသည် ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးဖြစ်ပါ၏။ ယေရှုခရစ် တော်ယုံကြည်ခြင်းအားဖြင့် ဖြစ်ပါသည်။ စစ်မှန်သောယုံကြည်သူသည် မိမိ၏ကြိုးစားအားထုတ်မှု၌ မဟုတ်ဘဲ၊ ဘုရားသခင်၏မစတော်မူခြင်းကို ကိုးစား၍ဝမ်းမြောက်ခြင်းရှိ၏ (ဖိလိ ၃း၃)။ ဘုရားသခင် သည်ဝိညာဉ်ဖြစ်တော်မူသောကြောင့် စစ်မှန်သောကိုးကွယ်ခြင်းသည် ဇာတိသဘောဖြင့်မဟုတ်၊ ဝိညာဉ်သဘောအားဖြင့် ဖြစ်ပါသည်။ စိတ်နှလုံးထဲမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

မိမိကြိုးစားအားထုတ်မှုဖြင့် ဖြောင့်မတ်ခြင်းတရားမရနိုင်သော်လည်း၊ ခရစ်ယာန်သည် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းရှိ၏။ ထိုဖြောင့်မတ်ခြင်းသည် ယေရှုခရစ်တော်ယုံကြည်ခြင်းဖြင့် ရရှိကြောင်းသိထားပါ၏ (ဖိလိ ၃း၈-၉)။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၌မတည်ဘဲ၊ ဘုရား သခင်၏သစ္စာရှိတော်မူခြင်းနှင့် သန့်ရှင်းခြင်း၌ တည်သည်ဖြစ်သော ကြောင့် ထာဝရတည်ကြောင်း ကျွန်တော်တို့ သိမှတ်ကြပါ၏။

ထို့ကြောင့် ဤလောကီကျော်ကြားခြင်းနှင့် ဘာသာတရား၌ကြိုးစားအားထုတ်မှုတို့ကိုဘေး ဖယ်ထားကြပါစို့။ တမန်တော်ပေါလုကဲ့သို့ မိမိကိုယ်ကိုဖြောင့်မတ်စေခြင်းတရားသည် အကျိုးမရှိ ကြောင်းသိမြင်ကြပါစို့ (ဖိလိ ၃း၇)။ ကျွန်ုပ်တို့၏ထာဝရတည်သော ငြိမ်သက်ခြင်းနှင့်စိတ်ချလုံခြုံမှု သည် ယေရှုခရစ်တော်ပြုတော်မူသောအမှု၌တည်ကြောင်းသိမှတ်ကြပါစို့။

**ဆင်ခြင်ရန်** - ခရစ်ယာန်တို့၏ ယုံကြည်ကိုးစားရာသည် အဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အပြစ်များကို ခွင့်လွှတ်တော်မူသောကိုယ်တော့် ကျေးဇူး တော်ကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ ဇူလိုင် (၂၂)
**ဖိလိ ၃း၁၀-၁၁**
ဆာလံ ၅၂

*"မာနကြီးသောသူနှင့် ပညတ်တော်တို့ကို လွန်ကျူး၍၊ အကျိန်ခံရသောသူတို့ကို ကိုယ်တော်ဆုံးမတော်မူ၏"*

# ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးတော်

သမ္မာကျမ်းစာကကျွန်တော်တို့သည် ဘာသာရေးထုံးတမ်းစဉ်လာများလိုက်လျှောက်ခြင်းဖြင့် ခရစ်ယာန်ဖြစ်လာခြင်းမဟုတ်ကြောင်း အစဉ်သတိပေးခဲ့ပါသည်။ ကယ်တင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်ပါ၏။ ဘုရားသခင်၏တန်ခိုးတော်သည် ကျွန်ုပ်တို့ကိုအသစ်ပြုပြင်သောသတ္တဝါဖြစ်စေ၍၊ နာခံခြင်းနှင့်အသက်ရှင်ခြင်း၌ ခွန်အားပေးတော်မူ၏ (၂ကော ၅း၁၇)။ တမန်တော်ကထိုကယ်တင်ခြင်းနှင့် ပြောင်းလဲစေခြင်းတန်ခိုးကို" ရှင်ပြန်ထမြောက်ခြင်း "ဟု ဖော်ပြခဲ့ပါသည် (ဖိလိ ၃း၁၀)။ ထို့ပြင်ထိုရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို ထပ်၍လက်တွေ့ကျကျခံစားသိရှိလိုခြင်းရှိခဲ့ပါသည် (ဖိလိ ၃း၁၀)။

သမ္မာကျမ်းစာက ခရစ်ယာန်ယုံကြည်ခြင်းသမ္မာတရားသည် ခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်း၌ အခြေခံကြောင်းဖော်ပြခဲ့ပါသည်။ ရှင်ပြန်ထမြောက်ခြင်းမရှိလျှင်၊ ခရစ်ယာန်တို့သည် သနားစရာကောင်းသောသူဖြစ်၍၊ ယုံကြည်ခြင်းသည်လည်း အချည်းနှီးဖြစ်ပါလိမ့်မည် (၁ကော ၁၅း၁၂-၁၉)။ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၌ အခြေခံ၏ (ရောမ ၄း၂၅)။ ဤရှင်ပြန်ထမြောက်ခြင်းတန်ခိုးအားဖြင့် ဘုရားသခင်ကကျွန်ုပ်တို့ကို အသစ်သောနာခံခြင်းအသက်တာနှင့်ဆက်လက်အသက်ရှင်စေတော်မူ၏ (ဧဖက် ၂း၅)။

ခရစ်တော်ကိုကျွန်တော်တို့အမှန်သိရှိယုံကြည်အားဖြင့် ရှင်ပြန်ထမြောက်ခြင်းတန်ခိုးသည်လည်းအသက်တာ၌ အမှန်ပေါ်လွင်လာခဲ့ပါသည်။ ထိုတန်ခိုး၏ပြောင်းလဲစေသော အသက်တာကြောင့်လောကီလူတို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့၌မြင်တွေ့ကြပြီး ဆန့်ကျင်ခြင်းပြုကြ၏။ ထိုအခါခရစ်ယာန်၏ဝမ်းမြောက်ခြင်းအသက်တာနှင့် ဒွန်တွဲလျက်ရှိသောဒုက္ခဆင်းရဲ၊ ညှင်းပန်းနှိပ်စက်ခံရခြင်းအသက်တာကို တွေ့ရပါ၏ (ဖိလိ ၃း၁၀၊ ၂ကော ၄း၁၀)။ ခရစ်တော်သည် ငြင်းပယ်ခြင်းခံသည်နည်းတူ၊ ဘုရားသခင်အတွက်အသက်ရှင်သောခရစ်ယာန်တို့သည် ငြင်းပယ်ခြင်းနှင့်နှိပ်စက်ခြင်းကို ခံရကြပါမည် (၂ကော ၄း၁၀)။

သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို ကျွန်တော်တို့ပို၍ သိမြင်ခံစားလာသောအခါ ဘုရားသခင်၏သန့်ရှင်းခြင်းကို ကျွန်တော်တို့ပို၍ပြသနိုင်ကြ၍၊ ကယ်တင်ခြင်းတန်ခိုးကိုပို၍သက်သေခံနိုင်လာကြ၏။ ထိုသို့သက်သေခံခြင်းအားဖြင့်သူတပါးတို့ကို ခရစ်တော်ထံခေါ်ဆောင်နိုင်သကဲ့သို့ ညှင်းပန်းနှိပ်စက်ခြင်းလည်း ကြုံရတတ်ပါသည်။ ထိုသို့ညှင်းပန်းနှိပ်စက်ခြင်းခံရလျှင်လည်း၊ ရှေးတပည့်တော်များကဲ့သို့ ကျွန်တော်တို့သည်ကိုယ်တော်အတွက် ဆင်းရဲဒုက္ခခံထိုက်သောသူအဖြစ်သတ်မှတ်ခံရသောကြောင့် ဝမ်းမြောက်ခြင်းရှိကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်ကိုအမှန်တကယ်သိခြင်းအသက်တာသည် မည်ကဲ့သို့နည်း။
**ဆုတောင်းချက်** - "ယေရှုခရစ်၏တရားတော်နှင့်အညီ၊ ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှင်းဆဲခြင်းကို ခံရကြလိမ့်မည်" (၂တိ ၃း၁၂) အဘဘုရား၊ ထိုအသက်အတွက် အကျွန်ုပ်ကိုပြင်ဆင်တော်မူပါ။

စနေ၊ ဇူလိုင် (၂၃)
**ဖိလိ ၃း၁၂-၁၄**
ဆာလံ ၁၃၀

*“အကျွန်ုပ်သည် သက်သေခံတော်မူချက်တို့ကို စောင့်ပါသည်ဖြစ်၍၊ ကဲ့ရဲ့ခြင်း၊ မထီမဲ့မြင်ပြုခြင်းနှင့် ကင်းလွတ်စေတော်မူပါ”*

# ခရစ်ယာန်၏ပန်းတိုင်

ခရစ်တော်၌ ခရစ်ယာန်တို့သည် ဘုရားသခင်ကျေးဇူးတော်ကြောင့် လုံခြုံမှုရှိပါ၏။ ခရစ်တော်နှင့်အတူ ကောင်းကင်ဘုံ၌အတူ ထိုင်နေရသကဲ့သို့ဖော်ပြထားပါသည် (ဧဖက် ၂း၅-၆)။ သို့သော်လည်း ယခုဤလောကတွင် ကျွန်တော်တို့ခရစ်ယာန်တို့သည် နေ့စဉ်ခက်ခဲသောဘဝကို ဖြတ်သန်းရသောကြောင့် ခရစ်တော်၌ကျွန်ုပ်တို့ခံရမည့်အရာကို နားမလည်ဘဲရှိနိုင်ပါသည်။ ဝိညာဉ်ရေးရာရင့်ကျက်မှုမရှိသေးသောအခါ ထိုသို့ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ပြောင်းလဲသောနေ့စဉ်အသက်တာ၌ပေါ်လွင်လျက်၊ ခရစ်တော်ကျင့်သောအကျင့်ကို ကျင့်ခြင်းတည်းဟူသောပန်းတိုင်သို့ နေ့စဉ်လျှောက်လှမ်းကြရပါမည်။

တမန်တော်ပေါလုသည် မိမိရှေ့၌ဘုရားသခင်ချထားသော ထိုပန်းတိုင်သို့ရောက်ခြင်းငှါ အလွန်တောင့်တခြင်းရှိကြောင်း ဖော်ပြခဲ့ပါသည် (ဖိလိ ၃း၁၂)။ ထိုနည်းတူ၊ ကျွန်တော်တို့သည်လည်း ကယ်တင်ခြင်း၏စုံလင်သောအမှုကို သိလိုသောစိတ်ရှိကြရပါမည်။ ကျွန်တော်တို့သည် ခရစ်တော်၌ကလေးသူငယ်မဖြစ်ဘဲ၊ သူတပါးအတွက် ခွန်အားဖြစ်စေသောရင့်ကျက်သောယုံကြည်သူဖြစ်ရန်ကြီးထွားခြင်းရှိကြရပါမည်။ ထိုသို့ ကြီးထွားခြင်းငှါ အသင်းတော်နှင့် မိဿဟာယဖွဲ့ခြင်းရှိကြရပါမည် (ဟေဗြဲ ၁၀း၂၃-၂၅)။ အသင်းတော်၌ သင်းအုပ်ဆရာတို့၏နှုတ်ကပတ်တော်သွန်သင်ခြင်းဖြင့် ရင့်ကျက်ခြင်းအသက်တာကို ပိုင်ဆိုင်ရနိုင်ပါ၏ (ဧဖက် ၄း၁၁-၁၃)။ ခရစ်ယာန်၏ပန်းတိုင်သို့ ရောက်ခြင်းငှါ သမ္မာကျမ်းစာယုံကြည်သောအသင်းတော်၌ ပါဝင်မိဿဟာယဖွဲ့ခြင်းလိုအပ်ပါ၏။

ထို့ပြင် မိမိကိုယ်ကို သမ္မာကျမ်းစာလေ့လာခြင်းဖြင့်လည်း ကြီးထွားခြင်းရှိနိုင်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာကို လမ်းပြပါလိမ့်မည် (ဆာလံ ၁၁၉း၁၀၅)။ ထိုသို့ သမ္မာကျမ်းစာလေ့လာသောအခါ၊ နေ့စဉ် အသက်တာ၌အသုံးပြုရပါမည်။ ထိုသို့ နာခံလိုက်လျှောက်ခြင်းဖြင့် ဝိညာဉ်အသက်တာကြီးထွားမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ရှေ့၌ ချထားသောပန်းတိုင်သို့ရောက်ခြင်းငှါ ကျွန်တော်တို့ကြိုးစားကြရပါမည် (ဖိလိ ၃း၁၄)။ ခရစ်ယာန်ယုံကြည်ချက်တရားတို့ကို သင်ယူလေ့လာ၍ လက်တွေ့အသုံးပြုခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် ထိုပန်းတုံးတိုင်သို့ပို့ဆောင်ပါလိမ့်မည် (ဖိလိ ၃း၁၄)။ ထို့သို့ဖြင့် ဘဝနိဂုံးချုပ်သောအခါ တမန်တော်ပေါလုကဲ့သို့ “ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ” ဟု ကျွန်တော်တို့ဆိုနိုင်ပါလိမ့်မည် (၂ တိ ၄း၇)။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဝိညာဉ်ကြီးထွားခြင်း၌ အဘယ်အရာတို့က ကူညီဖြည့်ဆည်းပေးပါသနည်း။

**ဆုတောင်းချက်** - “ငါကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုကို ငါတတ်စွမ်းနိုင်၏” (ဖိလိ ၄း၁၃)။ အဘဘုရား၊ မိမိ၏ခွန်အားကို မကိုးစားဘဲ၊ ခရစ်တော်၏ခွန်အားကို အစဉ်ကိုးစားမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၂၄)
**ဖိလိ ၃း၁၅-၁၆**
ဂလာတိ ၅း၂၂-၂၆

*နှုတ်ကပတ်တော်သည်*
*အကျွန်ုပ်စိတ်နှလုံးကို လှုပစေတော်မူ၏။*

# ရင့်ကျက်သောခရစ်ယာန်၏စိတ်သဘောထား

ယနေ့ ကျွန်တော်တို့ဆင်ခြင်ရမည့်အကြောင်းမှာ “စုံလင်သောသူ” များအကြောင်း ဖြစ်ပါသည် (ဖိလိ ၃း၁၅)။ ဓမ္မသစ်ကျမ်းထဲ၌ “စုံလင်သော” ဟူသောစကားလုံးကို ရင့်ကျက်သောသူ ရည်ညွှန်းခြင်း၌ အသုံးပြုခြင်းဖြစ်ပါသည်။ မရင့်ကျက်သောသူ၊ နုနယ်သောသူနှင့်ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ယုံကြည်သူ၊ ဝိညာဉ်ရေးရာနားလည်သဘောပေါက်ခြင်း၌ ရင့်ကျက်သောလူကြီးကို ရည်ညွှန်းအသုံးပြုသောစကားလုံးဖြစ်ပါသည်။ ထိုသို့သော ယုံကြည်သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ဖော်ပြသောသမ္မာကျမ်းစာသွန်သင်ချက်တရားများကို နားလည်သဘောပေါက်ကြ၏ (၁ ကော ၂း၆-၁၀)။

ဝိညာဉ်ရေးရာရင့်ကျက်ခြင်းသည် ခရစ်ယာန်အသက်တာ၏ပန်းတိုင်ဖြစ်ပါသည်။ ခရစ်ယာန်အပေါင်းတို့သည် နှုတ်ကပတ်တော်ကိုနားလည်သဘောပေါက်သော၊ ထိုတရားအတိုင်းနာခံအသက်ရှင်သော၊ ရင့်ကျက်သောသူဖြစ်ကြရပါမည် (ကောလော ၁း၂၈)။ ထိုသို့ရင့်ကျက်ခြင်းအသက်တာမရှိသောသူသည် အသက်တာ၌ အန္တရာယ်ရှိပါ၏ (ဟေဗြဲ ၆း၁-၃)။ သမ္မာကျမ်းစာကဝိညာဉ်ရေးရာကြီးထွားခြင်းမရှိဘဲနေခြင်းကို ဆန့်ကျင်သတိပေးခဲ့ပါသည် (ဟေဗြဲ ၅း၁၁-၁၄)။

ရင့်ကျက်ခြင်း၏အစိတ်အပိုင်းတခုမှာ မိမိ၏ဝိညာဉ်ရေးရာအခြေအနေအမှန်သိရှိခြင်းဖြစ်ပါသည်။ မိမိကိုယ်ကို သမ္မာတရားအားဖြင့်ဆင်ခြင်သုံးသပ်ရပါမည်။ ဝိညာဉ်ရေးရာကြီးထွားခြင်း၌ မှားယွင်းသောမာနထောင်လွှားခြင်းသည် မရင့်ကျက်ခြင်းလက္ခဏာဖြစ်၍ သမ္မာကျမ်းစာနှင့်ဆန့်ကျင်လျက်ရှိ၏ (ရောမ ၁၂း၃)။ ရင့်ကျက်သောခရစ်ယာန်တို့ ခံစားရသောကွယ်ဝသည့်မိဿဟာယဖွဲ့ခြင်းသည် မိမိ၏ဝိညာဉ်ရေးရာအခြေအနေအမှန်သိခြင်းနှင့် စိတ်သဘောညီညွတ်ခြင်း၏အကျိုးဖြစ်ပါသည် (ဖိလိ ၁း၂၇၊ ၂း၂၊ ၁၅)။

ယုံကြည်သူတိုင်း ကြိုးစားနေရမည့်ခရစ်တော်နှင့်တူသော ရင့်ကျက်ခြင်းမျိုးမရောက်သေးသည့်တိုင်၊ ကျွန်တော်တို့ခံစားရသောကြီးထွားခြင်း၌ ဘုရားသခင်ကိုချီးမွမ်းကြရပါမည်။ ခရစ်ယာန်တိုင်းသည် ကြီးထွားခြင်းနှင့်ပတ်သက်လာလျှင် ရပ်မနေသင့်ပါ။ နောက်မဆုတ်သင့်ပါ။ ခရစ်တော်၌ ဘုရားသခင်၏တန်ခိုးတော်နှင့်ဝိညာဉ်တန်ခိုးတော်အားဖြင့် ကြံ့ခိုင်စွာရပ်တည်ကြရပါမည် (ဧဖက် ၆း၁၃)။ “ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သောအရာရှိသမျှတို့ကို ဘုရားတန်ခိုးတော်သည် ပေးသနားတော်မူပြီ” (၂ ပေ ၁း၃) ဖြစ်ကြောင်း ကျွန်တော်တို့အောက်မေ့ကြရပါမည်။ ထိုအခါ ကျွန်တော်တို့သည် နှိမ့်ချသောစိတ်နှလုံးနှင့်ဘုရားသခင်ကိုးစားခြင်းဖြင့် ရှေ့သို့ဆက်လက်ချီတတ်နိုင်ရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စစ်မှန်သောဝိညာဉ်ရေးရာရင့်ကျက်ခြင်း၏ လက္ခဏာကားအဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ မိမိထက် သူတပါးတို့အားကောင်းမြတ်ကြောင်း သိမှတ်ခြင်းဖြင့် ခရစ်ယာန်ရင့်ကျက်ခြင်းကို ကျွန်တော်ပြသခြင်းငှါ မစတော်မူပါ။

တနင်္လာ၊ ဇူလိုင် (၂၅)
**ဖိလိ ၃း၁၇-၁၉**
၂ ကော ၆း၁၄-၇း၁

*"သက်သေခံတော်မူချက်တို့သည် အကျွန်ုပ်မွေ့လျော်ရာ၊ အကျွန်ုပ်တိုင်ပင်ရာဖြစ်ကြပါ၏"*

# ခရစ်ယာန်အမူအကျင့်

ယနေ့ခေတ်တွင်၊ လိုက်လျှောက်ခြင်းငှါ ကောင်းသောအကျင့်ကို ကျင့်သောသူအတုယူစရာနည်းပါးလှပါသည်။ ကျော်ကြားသောပုဂ္ဂိုလ်တို့ကလည်း များသောအားဖြင့် မှားယွင်းသောအသက်တာကို ပြသခဲ့ကြ၏။ ခရစ်ယာန်ဖြစ်သောကျွန်တော်တို့သည် မိမိကိုယ်ကိုစောင့်ရှောက်၍ သားသမီးတို့ကိုလည်း ထိုဘုရားမဲ့သောပုဂ္ဂိုလ်တို့၏အတုကို မခိုးခြင်းငှါ စောင့်ရှောက်ကြရပါမည်။

ကျွန်တော်တို့သည် သူတပါးအသက်တာ၏လွှမ်းမိုးခြင်းကို ခံရတတ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ယုံကြည်ခြင်း၌သစ္စာရှိသောသူတို့ကို အတုယူခြင်းငှါ တိုက်တွန်းခြင်းခံရ၏။ လူတို့၏အကျင့်သည် ကျယ်လောင်စွာစကားပြောသောကြောင့်၊ သူတို့၏စကားကို ကျွန်တော်တို့မကြားရကြဟု ဆိုတတ်ကြပါသည်။ သက်သာလောနိတ်ခရစ်ယာန်တို့သည် သူတို့၏ယုံကြည်ခြင်းကို အသက်တာ၌ပြသကြသောကြောင့် ထိုသတင်းသည် ပျံ့နှံ့ခဲ့ပါသည် (၁ သက် ၁း၈-၉)။ မိမိဟောပြောသောတရားအတိုင်း မကျင့်သောသူသည် သူပြောသောစကားဘယ်လောက်ကောင်းကောင်း အတုယူစရာကောင်းသောသူမဟုတ်ပါ။ ထို့ကြောင့် သမ္မာကျမ်းစာသွန်သင်ချက်အတိုင်း နေ့စဉ်အသက်ရှင်သောသူတို့၏အကျင့်ကို အတုယူခြင်းငှါ တိုက်တွန်းထားပါသည် (ဖိလိ ၃း၁၇)။ ခရစ်တော်အတွက် ကျွန်တော်တို့အသက်ရှင်ရမည်သာမက၊ သမ္မာကျမ်းစာသွန်သင်ချက်ကို နာခံလိုက်လျှောက်သောသူတို့ကိုသာ အပေါင်းအဘော်ပြုကြရပါမည်။ ဣသရေလလူတို့သည် အပြစ်၌ကျင်လည်နေသောကြောင့် ဘုရားသခင်သည် သူတို့နှင့်အတူမသွားနိုင်ခဲ့ပါ (အာမုတ် ၃း၃)။ ထိုနည်းတူ၊ အပြစ်ပြုနေသောသူတို့နှင့်အတူ ကျွန်တော်တို့အချိန်မဖြုန်းသင့်ပါ။

စစ်မှန်သောအကျင့်သည် စစ်မှန်သောအသိဉာဏ်၌အခြေခံထားပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်အတွက် အသက်ရှင်၍ ကောင်းသောသာဓကဖြစ်ခြင်းငှါ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်တို့သိဖို့လိုပါသည်။ မကောင်းသောအကျင့်ကို ပုံမှန်အကျင့်ကဲ့သို့ လက်ခံလာကြသောယနေ့ခေတ်တွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်တို့သိဖို့လိုအပ်လှပါသည်။ ထိုသို့ သမ္မာကျမ်းစာကြိုးစားလေ့လာသင်ယူလိုက်လျှောက်ခြင်းအားဖြင့် ဘုရားသခင်နှစ်သက်တော်မူသောအကျင့်ကိုသိ၍ ထိုသို့ကျင့်ကြံနေထိုင်ကြမည်ဖြစ်ပါသည် (၁ တိ ၄း၁၃၊ ၁၆)

တမန်တော်ပေါလုသည် ခရစ်ယာန်တို့အား မိမိကျင့်သည်နည်းတူ ကျင့်ကြခြင်းငှါ တိုက်တွန်းနိုင်ခဲ့ပါသည်။ သက်သာလောနိတ်မြို့သားတို့သည် ပြောင်းလဲကြပြီးနောက် ပေါလု၏ခရစ်ယာန်အသက်တာကို အတုယူလိုက်လျှောက်ခဲ့ကြ၏။ ထိုအခါ သူတို့သည် သူတပါးတို့အတွက် အတုယူစရာဖြစ်ခဲ့ကြ၏ (၁ သက် ၁း၆-၇)။ ထိုနည်းတူ ကျွန်တော်တို့သည်လည်း ခရစ်တော်အတွက် အသက်ရှင်ခြင်းဖြင့်၊ ခရစ်ယာန်အကျင့်နှင့်ဆိုင်သောအမှု၌ ကျွန်တော်တို့သည် အတုယူစရာဖြစ်ကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - သက်သာလောနိတ်အသင်းတော်၏အကျင့်သည် အဘယ့်ကြောင့် ပျံ့နှံ့ခဲ့ပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်အကြောင်းကို သူတပါးတို့သိမြင်ခြင်းငှါ အကျွန်ုပ်အသက်တာနှင့် အကျင့်ကို အသုံးပြုလိုပါ၏။

အင်္ဂါ၊ ဇူလိုင် (၂၆)
**ဖိလိ ၃း၂၀-၂၁**
ဗျာ ၂၁း၁-၅

*“အကျွန်ုပ်အသက်သည် မြေမှုန့်၌မှီဝဲလျက်ရှိပါ၏။ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေတော်မူပါ”*

# ကောင်းကင်နိုင်ငံသား

နိုင်ငံမဲ့သောလူတဦး၏အကြောင်းပုံပြင်စာအုပ်ရှိခဲ့ဖူးပါသည်။ လက်တွေ့ဘဝ၌လည်း နိုင်ငံမဲ့၊ ပြည်မဲ့လူများအကြောင်း ကြားခဲ့ရပါ၏။ လူတဦး၌ ဒါကျွန်ုပ်အိမ်၊ ဒါကျွန်ုပ်နိုင်ငံဟု ခေါ်ပြစရာမရှိခြင်းသည် ဝမ်းနည်းစရာကောင်းလှပါသည်။ နိုင်ငံသည် ကျွန်ုပ်တို့စိတ်နှလုံးတည်ရှိရာဖြစ်၍ ထိုနိုင်ငံ၏ ထုံးတမ်းစဉ်လာဓလေ့တို့က ကျွန်ုပ်တို့အကျင့်တို့ကို စိုးမိုးထားတတ်၏။ ထို့ကြောင့် ကျွန်ုပ်တို့၏နေ့စဉ်ဘဝအသက်တာသည် ထိုနိုင်ငံ၏ဓလေ့ထုံးတမ်းစဉ်လာကို ပေါ်လွင်စေတတ်ပါသည်။

သမ္မာကျမ်းစာက ခရစ်ယာန်တို့၏နိုင်ငံသည် ကောင်းကင်ဘုံဖြစ်ကြောင်းဖော်ပြထားပါသည်။ မှန်ပါ၏၊ ကောင်းကင်ဘုံသည် ကျွန်ုပ်တို့၏ထာဝရအိမ်တော်ဖြစ်၍ ထိုအရပ်သို့ခရီးတက်ခရီးသွားနေသောခရစ်ယာန်တို့သည် ကျွန်တော်တို့ဖြစ်ပါသည် (ယောဟန် ၁၄း၁-၄၊ ဟေဗြဲ ၁၁း၁၃-၁၆)။ ထို့ကြောင့် ကျွန်ုပ်တို့၏အသက်တာ၌ ကောင်းကင်နိုင်ငံသား၏အကျင့်များ ပေါ်လွင်ရမည်ဖြစ်ပါသည်။ ထိုသို့ ကျွန်တော်တို့နေထိုင်သောအခါ ဤပျက်စီးနေသောလောက၌မဟုတ်ဘဲ၊ ကောင်းကင်ဘုံ၌ ဘဏ္ဍာသိုထားရာရောက်၏ (မဿဲ ၆း၂၁)။

ကျွန်တော်တို့သည် ကောင်းကင်နိုင်ငံသားဖြစ်သောကြောင့် သခင်ယေရှုကြွလာတော်မူမည့်အချိန်ကို စောင့်မျှော်လျက်ရှိကြ၏ (ဖိလိ ၃း၂၀)။ ထိုမြတ်သောနေ့တွင်၊ ကောင်းကင်အိမ်တော်ကိုတောင့်တနေသောကျွန်ုပ်တို့အားလုံးအတွက် သခင်ယေရှုကြွလာတော်မူမည် (ဟေဗြဲ ၉း၂၈)။

ကောင်းကင်ဘုံအကြောင်း ဆင်ခြင်သောအခါ၊ ကျွန်တော်တို့သည် ထိုအရပ်နှင့်မထိုက်တန်ကြောင်း ခံစားရပါ၏။ ထို့ကြောင့် သမ္မာကျမ်းစာက၊ သခင်ကြွလာတော်မူသောအခါ မိမိကဲ့သို့ ကျွန်ုပ်တို့ကို ပြောင်းလဲစေလျက်၊ အသစ်သောအိမ်တော်နှင့်ထိုက်တန်စေမည်အကြောင်း ဖော်ပြခဲ့ပါသည် (ဖိလိ ၃း၂၁)။ သမ္မာကျမ်းစာက ကောင်းကင်ဘုံအကြောင်း ဖော်ပြသောအခါ၊ ထိုဘုန်းတော်နှင့်ထိုက်တန်သောကျွန်ုပ်တို့၏ ပြောင်းလဲခြင်းကိုတွဲ၍ဖော်ပြတတ်ပါ၏။

ယခုတွင် ထိုကောင်းကင်ဘုံ၏ဘုန်းအသရေကို မှိန်မှိန်လေးသာမြင်တွေ့ကြရ၏။ ရွေးခင်းထားသောလမ်းမပေါ်၌ လျှောက်ခြင်းငှါ မိမိကိုယ်အမှန်တိုက်တန်ပါမည်လောဟု ယခုတွေးကြရပါသည်။ သို့သော်လည်း၊ ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုတော်မူသော၊ ပြင်ဆင်တော်မူသောအရာမှန်သမျှ အမှန်တကယ်တွေ့ရမည့်နေ့ရက်ရောက်ပါလိမ့်မည် (၁ ကော ၁၃း၁၂)။

တနေ့နေ့တွင်၊ တခဏချင်း၊ မျက်စိတမှိတ်အတွင်း၌ ကျွန်တော်တို့သည်ပြောင်းလဲလျက်ကောင်းကင်ဘုံသို့ကြွကြရမည်ဖြစ်ပါသည် (၁ ကော ၁၅း၅၂)။ ထို့ကြောင့်၊ ကောင်းကင်နိုင်ငံသားဖြစ်ခြင်း၏ဝမ်းမြောက်ခြင်းအသက်တာကို သူတပါးတို့သည် မြင်တွေ့ကြခြင်းငှါ ထိုကောင်းကင်နိုင်ငံသား၏ အကျင့်အတိုင်း ကျွန်တော်တို့ယနေ့နေထိုင်ကြပါစို့။

**ဆင်ခြင်ရန်** - သင့်နေ့စဉ်အသက်တာကို အဘယ်အရာက လွှမ်းမိုးအုပ်စိုးနေပါသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကောင်းကင်နိုင်ငံသားဖြစ်သော ကျွန်တော်သည် ဤလောကီကမ္ဘာကို ကျွန်ုပ်၏အိမ်တော်မှတ်လျက် အသက်ရှင်သောကြောင့် ခွင့်လွှတ်တော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၇)
**ဖိလိ ၄း၁-၃**
ဂလာတိ ၆း၁-၉

*"အကျွန်ုပ်သည် ကိုယ်အကျင့်တို့ကိုဖော်ပြ၍၊
ကိုယ်တော်သည်နားထောင်တော်မူပြီ"*

# အချင်းချင်းဂရုစိုက်ကြလော့

ဤလောကီကမ္ဘာသည် ကျွန်ုပ်တို့၏ထာဝရအိမ်တော်မဟုတ်ကြောင်း ကျွန်တော်တို့ဆင်ခြင်လေ့လာခဲ့ပြီးဖြစ်ပါသည်။ ကောင်းကင်နိုင်ငံသား ကျွန်တော်တို့ခရစ်ယာန်တို့သည် သခင်ယေရှုကြွလာတော်မူမည့်အချိန်ကို မျှော်ကြည့်ရင်း နေ့စဉ်အသက်ရှင်ကြရပါမည်။ သခင်ဘုရားနှင့်အတူ ထာဝရဝမ်းမြောက်စွာနေရမည်ဟူသောတရားက ယုံကြည်ခြင်း၌ကျွန်ုပ်တို့ကို မြဲမြံကြံ့ခိုင်ပါစေသော် (ဖိလိ ၄း၁)။ ထိုသို့ နေ့စဉ်အသက်ရှင်ခြင်းဖြင့် သူတပါးကိုခရစ်တော်ထံခေါ်ဆောင်ကြပါစို့။ သို့သော်လည်း၊ ထိုသို့ အသက်မရှင်နိုင်ခြင်း၌ စာတန်သည် ကျွန်ုပ်တို့ကို အစဉ်တိုက်ခိုက်လျက်ရှိပါသည်။

ယနေ့ ကျွန်တော်တို့လေ့လာဆင်ခြင်သောကျမ်းပိုဒ်သည် ဝမ်းနည်းစရာကောင်းလှပါသည် ကောင်းကင်နိုင်ငံသားဖြစ်လျက်ပင်၊ ဘုရားသခင်၏တန်ခိုးတော်ဖြင့် ပြောင်းလဲခြင်းမခံသေးသော အပြစ်သားများကဲ့သို့ ကျင့်နေကြခြင်းကို တွေ့ရပါ၏။ အသင်းတော်တပါးတည်း၌ ဝတ်ပြုသောခရစ်ယာန်နှစ်ဦးတို့သည် လုံးဝကွဲပြားသောသူများဖြစ်နိုင်ကြ၏။ သူတို့၏ကွဲပြားမှု၊ သဘောထားမတူညီမှုသည် သမ္မာကျမ်းစာယုံကြည်ခြင်း၌မဟုတ်ပါ။ ထိုသို့ဖြစ်ခဲ့လျှင် အဖွဲ့အစည်းမှ နှင်ထုတ်ခြင်းခံရပါမည် (ရောမ ၁၆း၁၇)။ ထို့ကြောင့်သူတို့၏သဘောထားကွဲလွဲမှုသည် မိမိ၏သဘောထားပုဂ္ဂိုလ်ရေးနှင့်အစီအစဉ်ကျမှတ်ခြင်းသာ ဖြစ်ရပါမည် (ဖိလိ ၄း၂)။

ထိုသို့သော သဘောထားကွဲလွဲခြင်းကို အသင်းတော်၌ခွင့်ပြုရမည်ဟုမဆိုလိုပါ။ ထိုသို့ခွင့်ပြုခဲ့လျှင် မကြာမီအသင်းသူသားတိုင်း ထိခိုက်နိုင်ပါသည်။ ထို့ကြောင့်၊ အသင်းတော်၌ချစ်ခြင်းမေတ္တာနှင့်စည်းလုံးမှုကို ထိခိုက်စေမည့်အမှုတို့ကို လျစ်လျူမရှုသင့်ပါ။ ထို့ကြောင့် အမှုတော်ဆောင်အပေါင်းတို့သည် အထူးသတိပြုကြရပါမည်။ ခရစ်ယာန်အပေါင်းတို့သည် အချင်းချင်း၊ အထူးသဖြင့် အသင်းသူအသင်းသားတို့သည် အချင်းချင်းဂရုစိုက်ကြရပါမည်။ ပေါလုက ဂလာတိယုံကြည်သူတို့ထံရေးသားသကဲ့သို့ (ဂလာ ၆း၂)၊ ပြန်လည်သင့်မြတ်ခြင်းတရားကို ယခု၌လည်း ရေးသားတိုက်တွန်းထားပါသည်။ အသက်စာစောင်ထဲ၌ နာမည်ရေးခြင်းခံရသောကျွန်တော်တို့သည် အချင်းချင်း၏အသက်တာကို ဂရုစိုက်ကြရပါမည်။ ထိုသို့သော ချစ်ခြင်းမေတ္တာနှင့်ဂရုစိုက်မှုသည် အသင်းတော်ကို အားဖြစ်စေသည်သာမက လောကီလူတို့ရှေ့၌ သက်သေကောင်းပြသရာရောက်၏။

**ဆင်ခြင်ရန်** - အသင်းတော်၌ သဘောထားကွဲလွဲခြင်းရှိသောအခါ ကျွန်တော်တို့မည်သို့ ပြုမူကြရပါမည်နည်း။

**ဆုတောင်းချက်** - တစ်ဦးတစ်ယောက် အပြစ်ထဲသို့ကျရောက်လျှင် အသင်းတော်တစ်ခုလုံး အန္တရာယ်ကြုံရတတ်ပါသည်။ ထို့ကြောင့် အဘဘုရား၊ အချင်းချင်း ဂရုစိုက်ကြခြင်း၌ ကူညီမစတော်မူပါ။

# စိတ်ငြိမ်သက်ခြင်းမည်သို့ရှိနိုင်မည်နည်း

ဤလောကကိုကြည့်သောအခါ ခွန်အားရစရာမရှိတော့ပါ။ စစ်ပွဲ၊ အကြမ်းဖက်မှု၊ ငွေကြေးအကြပ်အတည်းနှင့် ကူးစက်ရောဂါတို့သည် ယနေ့ကမ္ဘာကို လွှမ်းမိုးလျက်ရှိပါ၏။ ဤသို့သော အခက်အခဲကာလ၌ ခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံသိရှိသောသူတို့သာလျှင် အသက်တာ၌ရောင့်ရဲခြင်း၊ ငြိမ်သက်ခြင်းရှိနိုင်ကြ၏။ သမ္မာကျမ်းစာက ဘုရားသခင်၏ငြိမ်သက်ခြင်းကို ခရစ်ယာန်အသက်တာ၌ အမှန်ရရှိခြင်းအချက်သုံးချက်ဖော်ပြခဲ့ပါသည်။

ပထမတစ်ချက်၊ ကျွန်ုပ်တော်တို့သည် နေ့စဉ်အသက်တာ၌ဝမ်းမြောက်ခြင်းရှိရပါမည် (ဖိလိ ၄း၄)။ ဤတရားဒြဝါဒကို လက်ခံခဲ့သောသူတို့သည် အလွန်ပြင်းထန်သောညှင်းဆဲခြင်းကို ခံခဲ့ကြသောသူများဖြစ်ပါသည်။ ဤဒြဝါဒကိုရေးသားစဉ် ပေါလုကိုယ်တိုင်သည်လည်း ထောင်ထဲ၌ရှိနေခဲ့၏။ သို့သော်လည်း ဤကနဦးခရစ်ယာန်တို့သည် ထိုခွန်အားနှင့်ပြည့်စုံသောတရားကို သင်ယူခဲ့ကြ၏။ ခရစ်ယာန်တို့၏ဒုက္ခဆင်းရဲသည် ထာဝရမဟုတ်၊ ခဏတာမျှသာဖြစ်ပါ၏ (၂ ကော ၄း၁၇)။ ထိုသို့သော ဂတိတော်အားဖြင့် ဘဝအခက်အခဲကိုဝမ်းမြောက်စွာရင်ဆိုင်ကျော်ဖြတ်နိုင်ပါ၏။

ဒုတိယအချက်ကား၊ ဘဝအခက်အခဲကြုံတွေ့နေသောခရစ်ယာန်တို့သည် “ဖြည်းညှင်းခြင်းသဘော”ရှိကြရပါမည်(ဖိလိ ၄း၅)။ ဖြည်းညှင်းခြင်းသဘောကား နူးညံ့သိမ်မွေ့ခြင်းနှင့် ခံနိုင်ရည်ရှိခြင်းပင်ဖြစ်ပါသည်။ ဤပါရမီသည် မတရားသောအမှု၌ပင် လွယ်ကူစွာဒေါသမထွက်ခြင်း၊ အားမငယ်ခြင်းပင်ဖြစ်ပါသည်။ “ဘုရားသခင်သည် အနီးအပါး၌ရှိတော်မူ၏” ဟု ခွန်အားပေးထားပါသည် (ဖိလိ ၄း၅)။ ဤတရားကို အစဉ်သတိပြုသောအခါ ကျွန်ုပ်တော်တို့သည် ထိုနူးညံ့သော ခရစ်ယာန်စိတ်သဘောကို ပိုင်ဆိုင်အသက်ရှင်နိုင်မည်ဖြစ်သည်။

နောက်ဆုံးအချက်ကား၊ ကျွန်ုပ်တော်တို့သည် ဆုတောင်းခြင်းအသက်တာရှိကြရပါမည် (ဖိလိ ၄း၆)။ “အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိနှင့်” ဆိုသည်မှာ မတွေးတောနှင့်ဟု မဆိုလိုဘဲ စိုးရိမ်ပူပန်ခြင်းမရှိရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဝန်ထုပ်ဝန်ပိုးကို ဘုရားသခင်ထံအပ်နှံ၍ ခွန်အားတောင်းလျှောက်ရပါမည် (ဆာလံ ၅၅း၂၂၊ ၁ ပေ ၅း၇)။

ကျွန်ုပ်တော်တို့သည် ဝမ်းမြောက်ခြင်းရှိ၍ အမှန်ဆုတောင်းခြင်းပြုလျှင် ဤခက်ခဲသောကမ္ဘာလောက၌ ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးကိုစောင့်ရှောက်တော်မူမည် (ဖိလိ ၄း၇)။ ဘုရားသခင်က မိမိသားသမီးတို့အတွက် ပြုတော်မူသောအမှုတို့ကို ကျွန်ုပ်တော်တို့သည် ဆင်ခြင်လျက် ဝမ်းမြောက်ခြင်းရှိမည်ဖြစ်ပါသည် (ဖိလိ ၄း၈-၉)။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးကို ဘုရားသခင်၏ငြိမ်သက်ခြင်းလွှမ်းမိုးစေခြင်းငှါ မည်သို့ပြုရပါမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ထာဝရကိုရှေးရှုလျက် ယနေ့ကြုံတွေ့ရသောဒုက္ခပြဿနာသည် စကားသာဖြစ်ကြောင်း သတိရခြင်းငှါ မစတော်မူပါ။

သောကြာ၊ ဇူလိုင် (၂၉)
**ဖိလိ ၄း၆**
သုတ္တံ ၂၄း၁၉-၂၀

*"ပေးတော်မူသောပြဒါဒလမ်းကို အကျွန်ုပ်နားလည်စေတော်မူပါ"*

# အဘယ်အမှု၌မျှ စိုးရိမ်ခြင်းမရှိနှင့်

လူသည် စိုးရိမ်ပူပန်မှုများသောသတ္တဝါဖြစ်ကြပြီး ယနေ့ခေတ်အခြေအနေသည် ထိုသို့ စိုးရိမ်ပူပန်ခြင်းကို ပိုဖြစ်စေပါသည်။ ဘုရားသခင်၏သဘော်ပေါ်သို့ ရွာကျမည့်မိုးကို စုဆောင်းခြင်းဖြင့် မေးမှောင်လှသောအချိန်ရှိခဲ့သည်မဟုတ်လော။ ခရစ်ယာန်မိဘတို့သည် နှစ်ခြိုက်စွာအိပ်ပျော်နေသော မိမိသားသမီးတို့ကိုကြည့်ပြီး သူတို့နိုးထလာသောအခါ ဗိုက်ဆာမည်ဖြစ်ပြီး ထိုဗိုက်ကိုဖြည့်ခြင်းငှါ ဗီရိုထဲ၌စားစရာဘာမှမရှိကြောင်းသိလျှင် စိုးရိမ်ပူပန်ခြင်းမရှိဘဲနေမည်လော။

ထိုသို့သောအချိန်၌ ပေါလုကကျွန်ုပ်တို့ကို ဆုတောင်းခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ဖိလိပ္ပိ ၄း၆ ထဲတွင် "သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အားကြားလျှောက်ကြလော့" ဟု ဆိုထားပါသည်။ ကျွန်တော်တို့သည် ဗာလယဇ်ပုရောဟိတ်တို့ကဲ့သို့ မိမိကိုယ်ကိုလှီးလျှက် အော်ဟစ်ခြင်းပြုသကဲ့သို့မဟုတ်ဘဲ၊ ငြိမ်သက်စွာ၊ ရိုးသားစွာဘုရားသခင်ရှေ့၌ တောင်းလျှောက်ကြရပါမည်။ သင့်ဝန်ထုပ်ဝန်ပိုးတို့ကို ဘုရားသခင်ရှေ့၌ချထားရပါမည်။ ဘုရားသခင်သည် သင်တို့၏အဘ၊ သင်တို့ကိုဖန်ဆင်း၍ စောင့်ရှောက်တော်မူသောသူဖြစ်သောကြောင့် လိုအပ်သမျှမစတော်မူလိမ့်မည်။ သင့်ဆံပင်ကိုပင် ရေတွက်တော်မူသောဘုရားသခင်သည် သင့်ကျန်းမာရေး၊ သားသမီးနှင့် အသင်းတော်တို့ကို စောင့်ရှောက်တော်မူလိမ့်မည်။

ဘဝအခက်အခဲမှ ကျွန်တော်တို့ လွတ်မြောက်မည်မဟုတ်ပါ။ ဤလောက၌ပို၍ များပြားလာပါလိမ့်မည်။ သို့သော်လည်း၊ ထိုအခက်အခဲဒုက္ခကြား၌ ဘုရားသခင်၏ကောင်းကင်တမန်သည် လာ၍ သင့်စိတ်နှလုံးကို ကွယ်ကာပေးပါလိမ့်မည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို စိတ်ရှည်စွာ လေ့လာသင်ယူသိမှတ်ထားသောအခါ စိုးရိမ်ပူပန်ခြင်းသည် အိမ်အပြင်၌ကျယ်လောင်သောအသံကဲ့သို့ အိမ်ထဲ၌နေသောကျွန်ုပ်တို့ကို ဒုက္ခမပေးနိုင်ဘဲ ရှိနေကြပါလိမ့်မည်။ ဘယ်အမှုကိုမျှ စိုးရိမ်ပူပန်ခြင်းမရှိပါနှင့်။ အရာရာ၌ဝမ်းမြောက်ခြင်းနှင့်တကွ ဆုတောင်းပဌနာပြုပါလော့။

(F.B. Meyer)

**ဆင်ခြင်ရန်** - အဘယ့်ကြောင့် ဘုရားသခင်၌ကျွန်တော်ခိုလှုံကိုးစားခြင်းမရှိပါသနည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ငြိမ်သက်ခြင်းမရှိသောဤလောက၌ အကျွန်ုပ်စိတ်နှလုံး ငြိမ်သက်ခြင်းအတွက် ကိုယ်တော်ကိုမျှော်ကြည့်ပါ၏။

စနေ၊ ဇူလိုင် (၃၀)
**ဖိလိ ၄း၉-၁၇**
ဆာလံ ၃၇း၁-၉

*"သို့ပြုလျှင် အံ့ဘွယ်သောအမှုတော်တို့ကို ဆင်ခြင်အောက်မေ့ပါမည်"*

# ရောင့်ရဲခြင်းရှိလော့

ရောင့်ရဲတင်းတိမ်ခြင်းသည် ခရစ်ယာန်၏မြတ်သောအကျင့်ပါရမီဖြစ်ပါသည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား "ကိုယ်၌ရှိသောဥစ္စာနှင့် ရောင့်ရဲခြင်းရှိကြလော့" (ဟေဗြဲ ၁၃း၅) ဟု တိုက်တွန်းထားပါသည်။ ထို့ပြင် "ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွားမှန်၏" (၁ တိ ၆း၆) ဟုဖော်ပြထားပါသည်။ မိမိအသက်တာ၌ ငွေကြေးအခက်အခဲနှင့် ခန္ဓာကိုယ်ဒုက္ခများကြုံတွေ့ခဲ့ရသည့်တိုင် ရှင်ပေါလုသည်ရောင့်ရဲခြင်းရှိခဲ့ကြောင်းကို တွေ့ရပါသည်။

ခရစ်ယာန်အသက်တာရင့်ကျက်ကြီးထွားခြင်းရှိရန် ရောင့်ရဲခြင်းအသက်တာကို သင်ယူကြရပါမည်။ လောကီလူသားတို့သည် မြင်နိုင်သောအရာ ငွေကြေး၊ ဥစ္စာပစ္စည်းတို့ဖြင့် အောင်မြင်မှုကို တိုင်းတာကြ၏။ သို့သော်လည်း ကျွန်တော်တို့ခရစ်ယာန်တို့သည် ဝိညာဉ်အသက်တာကို ကြည့်ကြရပါမည် (၂ ကော ၄း၁၈)။ အသက်တာ၌ ဘုရားသခင်၏လက်တော်ကို သိမြင်ရသောအခါ၊ အဘယ်အခြေအနေ၌မဆို ကျွန်တော်တို့သည် ငြိမ်သက်ခြင်းအသက်တာကို သင်ယူရရှိတတ်ကြ၏။ ထို့ကြောင့်၊ ပေါလုသည် ကြွယ်ဝစွာနေတတ်သကဲ့သို့ ဆင်းရဲခြင်း၌လည်း မှန်ကန်စွာ နေတတ်ခဲ့၏ (ဖိလိ ၄း၁၂)။ ဤလောကီအရာတို့သည် ထာဝရမတည်ကြောင်း သူကောင်းကောင်းသိခဲ့ပါသည် (၁ တိ ၆း၇)။ ကြွယ်ဝချမ်းသာစွာနေထိုင်လျက် သေသောအခါ ထာဝရငရဲသို့ရောက်မည့်အစား၊ ဘုရားသခင်သိလျက် အစေခံကဲ့သို့နေထိုင်ခြင်းသည် ပို၍ကောင်းမြတ်ပါ၏ (၁ ကော ၇း၂၀-၂၄)။

ဖိလိပ္ပိ ၄း၁၃ ၌တွေ့ရသော၊ "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" ဟူသောစကားသည် ရောင့်ရဲတင်းတိမ်ခြင်းအသက်တာနှင့်လည်း ဆက်စပ်မှုရှိကြောင်း သတိရကြပါစို့။ ဤမသေချာသောလောကကြီးထဲ၌ ဘုရားသခင်၏သားသမီးတို့သည် ဘဝ၏ဘယ်အခြေအနေ၌မဆို ရောင့်ရဲခြင်းနှင့်ငြိမ်သက်ခြင်းရှိနိုင်ကြကြောင်း သိခြင်းသည် ဝမ်းမြောက်စရာကောင်းလှပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ပေါ်လွင်ထင်ရှားစေသော ကြီးမြတ်သည့်သက်သေတခုမှာ အသိဉာဏ်အပေါင်းကို ကျော်လွန်သောဘုရားသခင်၏ ငြိမ်သက်ခြင်းဖြင့် ဘဝဖြတ်သန်းခြင်းပင်ဖြစ်ပါသည်။

သားသမီးတို့ လိုအပ်သမျှကို ဘုရားသခင်ဖြည့်ဆည်းပေးတော်မူလိမ့်မည်။ အဘယ်ဘဝအခြေအနေ၌ပင် ဝမ်းမြောက်စွာနေထိုင်ရခြင်းငှါ ဘုရားသခင်၏ကျေးဇူးတော်သည် လုံလောက်ခြင်းရှိ၏။ ကျွန်တော်တို့ဆုတောင်းသောအခါ၌လည်း နေ့စဉ်ဘဝ၌ဘုရားသခင်က လိုအပ်သမျှ ဖြည့်ဆည်းပေးတော်မူမည်အကြောင်း ယုံကြည်ကိုးစားခြင်းပေါ်လွင်ရပါမည်။

**ဆင်ခြင်ရန်** - ခန္ဓာကိုယ်၌ လိုအပ်သောအရာများလှသောအချိန်၌ မည်သို့ငြိမ်သက်စွာ နေထိုင်နိုင်ပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်စိတ်နှလုံးစွဲလမ်းသောအရာ၊ ထိုဘဏ္ဍာသည် ဘယ်အရာဖြစ်ကြောင်းကို ဆင်ခြင်မည်အကြောင်း မစတော်မူပါ (မဿဲ ၆း၂၁)။

# သန့်ရှင်းသူတို့အားနောက်ဆုံးခွန်အားပေးခြင်း

သန့်ရှင်းသူတို့အား ရှင်ပေါလုအားပေးသွန်သင်မှုအဆုံးသတ်ရောက်လာခဲ့ပါသည်။ ဖိလိပ္ပိယုံကြည်သူတို့သည် ပေါလုနှင့်အတူ သာသနာပြုခြင်း၌ ပါဝင်ကြောင်း ပြသလျက် လက်ဆောင်ပစ္စည်းပို့ခဲ့ကြပါသည် (ဖိလိ ၄း၁၈)။ ထိုသို့ ဝေငှခြင်းမိဿဟာယသည် ခရစ်ယာန်အသက်တာ၌ လိုအပ်ပါ၏။ ဘုရားသခင်၏အမှုတော်ကို ကျွန်တော်တို့ဂရုမစိုက်လျှင် သန့်ရှင်းသူမဖြစ်နိုင်ပါ။

သန့်ရှင်းသူတို့ မိဿဟာယဖွဲ့ခြင်းသည် အလွန်မြတ်သောအမှုဖြစ်ပါသည်။ ဘုရားသခင်အတွက် အတူတကွအသက်ရှင်၍အမှုပြုသောအခါ ကြိုးစားအားထုတ်မှု၊ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းပေါ် ထွက်လာတတ်၏။ ထိုလိုအပ်သောအရာမှန်သမျှ ဖြည့်ဆည်းတော်မူသောသူသည် ထာဝရဘုရားပင်ဖြစ်ပါ၏။ ချစ်ခင်သောမိတ်ဆွေနှင့်သင်းအုပ်ဆရာတို့သည် ကျွန်ုပ်တို့ကိုစိတ်ခတ်ကျစေနိုင်ပါသည်။ အချိန်ကြာလာသောအခါ ရည်မှန်းချက်နှင့်မျှော်လင့်ချက် ပျောက်ကွယ်နိုင်ပါသည်။ သို့သော်လည်း ယေရှုသည် လိုအပ်သမျှဖြည့်ဆည်းပေးတော်မူလိမ့်မည် (ဖိလိ ၄း၁၉)။ ဘုရားသခင်၏သန့်ရှင်းသူဖြစ်သောကျွန်တော်တို့သည် မကြာမီကြွလာတော်မူမည့်သခင်ယေရှုကိုသာ မျှော်ကြည့်ကြရပါမည်။ သို့မှသာ ဤလောကီအရာတပ်မက်ခြင်းကွယ်ပျောက်၍ ဘုရားသခင်၏တန်ခိုးတော်နှင့်ပျော်ရွှင်ခြင်းရောက်လာတတ်၏။

ခရစ်ယာန်အသက်တာ၌ အရာခပ်သိမ်းအမှုပြုတော်မူသော ဘုရားသခင်ကိုဝိညာဉ်ရေးရာအောင်မြင်ခြင်းနှင့်ကောင်းကြီးမင်္ဂလာခံစားရချိန်တိုင်း၌ ချီးမွမ်းကြမည်အကြောင်း သတိပြုကြပါစို့။ သူသည် ကျွန်ုပ်တို့၏အဘဘုရားဖြစ်တော်မူ၍ ကျွန်ုပ်တို့၏လိုအပ်ချက်ကို အစဉ်ဂရုစိုက်တော်မူ၏ (ဖိလိ ၄း၂၀၊ မဿဲ ၆း၃၂)။

ဤဩဝါဒစာနိဂုံးချုပ်သောအခါ တမန်တော်ပေါလုသည် နှုတ်ခွန်းဆက်စကားဆိုခဲ့ပါသည်။ မိမိနှင့်အတူ ရှိသောသူတို့ကလည်း နှုတ်ခွန်းဆက်စကားပါးခဲ့ကြ၏။ သူတို့၏မိဿဟာယဖွဲ့ခြင်းနှင့်ချစ်ခြင်းမေတ္တာကြောင့် ကေသာဘုရင်၏နန်းတော်၌ ခရစ်တော်ကိုသိခဲ့ကြ၏။ ကနဦးခရစ်ယာန်သန့်ရှင်းသူတို့၏နွေးထွေးသော မိဿဟာယဖွဲ့ခြင်းသည် အံ့ဖွယ်ကောင်းလှပါသည်။ ခက်ခဲသော ကာလ၌ပင် အချင်းချင်းခွန်အားပေးကြ၍ မိဿဟာယဖွဲ့ခဲ့ကြပါသည်။ ဤသို့ဖြင့် ရောမအင်ပါယာ တစ်ခုလုံး၌ ထိုသန့်ရှင်းသူတို့၏ မိဿဟာယဖွဲ့ခြင်းနှင့်သတင်းကောင်းတရားသည် ပျံ့နှံ့ခဲ့ပါသည်။

ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ယနေ့ဘုရားသခင်၏သန့်ရှင်းသူတို့သည် အချင်းချင်းချစ်ကြလျက်၊ ဘုရားသခင်အတွက် အသက်ရှင်ကြပါလျှင် ဤလောကကြီးသည် ခရစ်တော်ကို သိမြင်လာကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သန့်ရှင်းသူတို့သည် အဘယ်အရပ်၌ဝိညာဉ်ခွန်အားကို ရှာကြရပါမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်ကို ကျွန်တော်ချစ်သည်နည်းတူ၊ ကိုယ်တော်၏ပညတ်တရားတို့ကို နာခံလိုက်လျှောက်မည်အကြောင်း မစတော်မူပါ။

# “ညွှန့်သည်အာဂန္တုတို့အဖို့သွန်သင်ချက်များ”

## (ရှင်ပေတရုဩဝါဒစာပဌမစောင်အခန်းကြီး ၁ မှ ၄ အထိ လေ့လာသင်ယူခြင်း)

## နိဒါန်း

ဒီလနေ့စဉ်ခွန်အားအခြေခံထားသော ရှင်ပေတရုဩဝါဒစာပဌမစောင်သည် တမန်တော်ပေတရုရေးသားခဲ့သောကျမ်းဖြစ်ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်အများစုက ဤကျမ်းစာကို အေဒီ ၅၄-၆၀ အကြား၌ ရေးသားခြင်းဖြစ်သည်ဟု သဘောတူယုံကြည်ကြ၏။ ထိုကာလသည် ရောမဧကရာဇ်နေရိုက ခရစ်ယာန်တို့ကို စတင်ညှဉ်းပန်းနှိပ်စက်သောအချိန်ဖြစ်ပါသည်။ ထို့ကြောင့် ခက်ခဲသောကာလအတွက် ခွန်အားပေးခြင်းစကားများကို သန့်ရှင်းသောဝိညာဉ်က ပေတရုအားရေးသားစေခြင်းဖြစ်နိုင်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ထိုသမ္မာကျမ်းစာ၏ သွန်သင်ချက်တို့ကို လိုက်လျှောက်၍ သစ္စာရှိခြင်းငှါ ခွန်အားပေးခြင်းလည်းဖြစ်ပါသည်။ ထို့ပြင် ဤဩဝါဒစာစောင်က ကျွန်ုပ်တို့သည် အပြစ်နှင့်ပြည့်စုံသောကမ္ဘာမြေကြီးသည် ကျွန်ုပ်တို့၏အိမ်မဟုတ်ကြောင်း၊ ထာဝရအိမ်တော်ကောင်းကင်ဘုံသို့ ခရီးသွားစဉ်ဘုရားသခင်၏အမှုတော်ကို ခဏတာဆောင်ရွက်သောနေရာသာဖြစ်ကြောင်း ပြန်၍အမှတ်ရစေခဲ့ပါသည်။

တနင်္လာ၊ ဩဂုတ် (၁)
၁ပေ ၁း၁-၂
ဆာလံ ၁၆

*"မုသာလမ်းကို အကျွန်ုပ်ရှောင်ပါမည်အကြောင်း. . . ကယ်မသနားတော်မူပါ"*

# ဧည့်သည်အာဂန္တုများ

ရှင်ပေတရုဩဝါဒပဌမစောင်ကို တမန်တော်ပေတရုကအရပ်ရပ်၌ ပျံ့နှံ့ခဲ့သောယုဒခရစ်ယာန်တို့ထံရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ထိုယုဒလူတို့သည် တနေ့နေ့၌မိမိတို့ပြည်သို့ပြန်သွားခြင်းငှါ မျှော်လင့်နေကြသောဧည့်သည်များ ဖြစ်ခဲ့ကြ၏။ သူတို့သည်သူတပါးနိုင်ငံနှင့်သူတပါးအကြား၌နေထိုင်ကြသော "သူစိမ်းအာဂန္တု"များဖြစ်ကြပါသည် (၁ပေ ၁း၁)။ အစ၌သူတို့သည်ရောက်လေရာရာမြို့တို့၌ တရားစရပ်ဆောက်လျက်မိမိတို့၏ ဘာသာရေးနှင့်ဓလေ့များကို ထိန်းသိမ်းခဲ့ကြပါသည် (တမန် ၁၃း၅၊ ၁၄း၁၊ ၁၈း၄)။ ထိုသို့ယုဒဓလေ့ထုံးစံနှင့် ဘာသာတရားထိန်းသိမ်းကြခြင်းက သူတို့သည်မိမိပြည်သို့ မကြာမှီပြန်သွားကြမည့် ခရီးသွားဧည့်သည်များဖြစ်ကြကြောင်းကို အစဉ်အောက်မေ့စေပါ၏။ တဘက်တွင် တိုင်းတပါးလူတို့အဖို့ ယုဒလူတို့သည် ထူးခြားသောလူမျိုးဖြစ်ကြောင်းပြသရာရောက်၏။

ဤသရေလနိုင်ငံတွင် ယုဒလူသည်ခရစ်ယာန်ဖြစ်လာသောသူတို့၏ တရားစရပ်မှနှင်ထုတ်ခြင်းခံရ၍ ယုဒလူအသိုင်းအဝိုင်းမှ အဆက်ဖြတ်ခြင်းခံရကြ၏။ ဆိုလိုသည်မှာယုဒလူခရစ်ယာန်တို့သည်ငြင်းပယ်ခြင်းနှစ်ဆခံရကြ၏။ သူတပါးအကြား၌ ဧည့်သည်ဖြစ်ကြပြီး၊ မိမိလူမျိုးယုဒလူတို့အကြား၌ ခရစ်တော်ယုံကြည်ခြင်းကြောင့် သူစိမ်းဖြစ်ရကြ၏။

ယနေ့ယုံကြည်သူတို့သည်လည်း ဤကနဦးယုဒလူယုံကြည်သူတို့နှင့် တူညီမှုရှိပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၌ မိမိတို့၏ယုံကြည်ခြင်းဝန်ခံခြင်းပြုသောအခါ ဤကမ္ဘာလောကဧည့်သည်အာဂန္တုများဖြစ်ကြောင်း ဝန်ခံရာရောက်၏ (ဟေဗြဲ ၁၁း၁၃၊ ၁ပေ ၂း၁၁)။

ပေတရုဩဝါဒစာပထမစောင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အားခရီးသွားဧည့်သည်၏ဘဝဖြင့်မည်သို့နေထိုင်ကြမည်ကို သွန်သင်ခြင်းဖြစ်ပါသည်။ ခရစ်တော်ကိုမသိကြသော၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ရှိသော သူတပါးတို့နှင့်ကျွန်တော်တို့၏ခြားနားချက်ကို ဖော်ပြခဲ့ပါသည်(၁ပေ ၂း၉)။ ကယ်တင်ရှင်ယေရှုကဲ့သို့ ကဲ့ရဲ့ခြင်းနှင့်ဆင်းရဲဒုက္ခတို့ကိုရင်ဆိုင်ခြင်းငှါ ခွန်အားပေးထားပါသည် (၁ပေ ၂း၂၁)။ နောက်ဆုံးတွင်၊ သခင်ဘုရားနှင့်အတူခံစားရမည့် ထာဝရဘုန်းအသရေတော်ကို အောက်မေ့သတိရစေခြင်းဖြင့် ခွန်အားပေးခဲ့ပါသည် (၁ပေ ၅း၁၀)။

ရှေးယုဒလူတို့သည် တရားစရပ်၌ သူတို့၏ဓလေ့အမွေအနှစ်တို့ကို လေ့လာသင်ယူကြသည်နည်းတူ၊ ကျွန်တော်တို့သည် သမ္မာကျမ်းစာကို သင်ယူလိုက်လျှောက်ကြရပါမည်။ ထိုသို့ပြုခြင်းဖြင့်၊ ဤလောက၌ ဧည့်သည်ဖြစ်ကြသော ဘုရားသခင်၏သားသမီး ကျွန်တော်တို့သည် ခရစ်ယာန်အကျင့်ကို စောင့်ရှောက်ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ရှင်ပေတရုဩဝါဒစာ ပထမစောင်၏ရည်ရွယ်ချက်ကားအဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ဤလောက၌ ကောင်းကင်နိုင်ငံသားကဲ့သို့အသက်ရှင်ရမည့်အကြောင်းအစဉ် သတိရအောက်မေ့ခြင်းငှါ အကျွန်ုပ်အားမစတော်မူပါ။

# ဘုရားသခင်၏တန်ခိုးတော်ဖြင့်စောင့်ရှောက်တော်မူသော

ခရစ်တော်၌ ကျွန်တော်တို့ပိုင်ဆိုင်သောအရာအားလုံးကြောင့်၊ တမန်တော်ပေတရုက ယုံကြည်သူတို့အား "ပြော၍မမှီနိုင်သော ရွှင်လန်းခြင်းနှင့်ဝမ်းမြောက်ခြင်း" ပိုင်ဆိုင်သောသူဟုဖော်ပြထားပါသည် (၁ပေ ၁း၈)။ ၁ပေ ၁း၃-၆ထဲတွင်၊ ခရစ်ယာန်တို့အားထိုသို့သော ဝမ်းမြောက်ခြင်းကိုဖြစ်စေသောအရာအချို့ကို ဖော်ပြခဲ့ပါသည်။ ခရစ်တော်အသေခံခြင်းဖြင့် ကျွန်တော်တို့ကယ်တင်ခြင်းရသည်သာမက၊ ရှင်ပြန်ထမြောက်တော်မူခြင်းကြောင့် ကောင်းကင်ဘုံ၌ ကျွန်တော်တို့ထာဝရစံမြန်းရလိမ့်မည်ဟူသော သေချာမှုကိုရကြပါ၏။ ယောဟန် ၁၄း၁၉ထဲတွင်၊ သခင်ယေရှုကယုံကြည်သူတို့အားကောင်းကင်ဘုံ၌ နေစရာအိမ်တော်ပြင်ဆင်ပေးတော်မူ၍ "ငါသည်အသက်ရှင်သောကြောင့် သင်တို့သည်လည်းအသက်ရှင်ရကြလိမ့်မည်" ဟုဂတိတော်ပေးတော်မူ၏။ ယခုရှင်ပေတရုဩဝါဒစာပထမစောင်တွင်၊ သားသမီးတို့အားထိုမြတ်သော မျှော်လင့်ခြင်းပေးတော်မူသော၊ ဂရုဏာတော်နှင့်ပြည့်စုံတော်မူသော ဘုရားသခင်ကိုချီးမွမ်းခဲ့ပါသည် (၁ပေ ၁း၃)။ ဧည့်သည်ဖြစ်ကြသောကျွန်ုပ်တို့ကိုကောင်းကင်ဘုံ၌ခံစားရမည့် ကြီးမြတ်သောအမွေတော်အကြောင်းသတိရစေပါ၏။ ယခုဤလောက၌ခက်ခဲသောဘဝရင်ဆိုင်နေရသည့်တိုင်၊ ကျွန်တော်တို့ကို ကယ်တင်သည်သာမက ဘုန်းအသရေတော်နှင့်ပြည့်စုံသော ကောင်းကင်အိမ်တော်ပြင်ဆင်ပေးတော်မူသော ဘုရားသခင်ကိုချီးမွမ်းလျက် ကျွန်တော်တို့အသက်ရှင်ကြရပါမည်။

ကျွန်တော်တို့ကိုခရစ်တော်ပိုင်တော်မူသည်ဖြစ်၍ အနန္တတန်ခိုးရှင် ဘုရားသခင်၏ ထိန်းသိမ်း စောင့်ရှောက်ခြင်းခံရသောကြောင့် ဘယ်အရာကမျှကျွန်ုပ်တို့၏ ရပ်တည်မှုကို မပြောင်းလဲနိုင်ပါ။ ၁ပေ ၁း၅ အရ၊ ခရစ်တော်ပြန်လည်ကြွလာတော်မည့်နေ့တိုင်အောင် ကျွန်ုပ်တို့ကို ဘုရားသခင်စောင့် ရှောက်တော်မူမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုနေ့တွင် စုံလင်သော ကယ်တင်ခြင်းကို ကျွန်တော် တို့ခံစားရကြမည်။ ထိုအံ့ဖွယ်ဂတိတော်ကို ၁ယော ၃း၂ထဲ၌လည်း ဖော်ပြထားပါသည်။

ထို့ကြောင့် တမန်တော်ပေတရုက ကျွန်ုပ်တို့အားခံစားရသောကယ်တင်ခြင်းနှင့်အနာဂတ်၌ ခံစားရမည့်ဘုန်းအသရေတို့ကြောင့် ဝမ်းမြောက်ခြင်းရှိကြရန်တိုက်တွန်းခဲ့ပါသည်။ ဤလောက၌ အခက်အခဲဒုက္ခကြုံတွေ့ရသော်လည်း ကျွန်တော်တို့သည်ဝမ်းမြောက်ခြင်းရှိနိုင်ပါ၏။ ဤလောကသည်ကျွန်ုပ်တို့၏ထာဝရအိမ်တော်မဟုတ်ကြောင်း ကျွန်တော်တို့သည် ခရစ်တော်၌ခံစားရမည့်ထာဝရဘုန်းအသရေတော်တည်ရာ ကောင်းကင်ဘုံသို့ခရီးဆက်နေသောဧည့်သည်များဖြစ်ကြောင်း သိကြပါ၏။ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်ဖြစ်တော်မူသော၊ ကြီးမြတ်တော်မူသောဘုရား၊ သခင်ယေရှုခရစ်တော်၏အမွေတော်ခံစားရမည့်သူ၊ ကယ်တင်ခြင်းခံရသောသူ၏ ဝမ်းမြောက်ခြင်းကို ဤလောကီလူတို့ထံပြသကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လူတို့သည် အဘယ်အရာများကြောင့် ဝမ်းမြောက်ကြရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ဧည့်သည်ဖြစ်သောခရစ်ယာန်တို့ခံစားရမည့် ကောင်းကင်ဘုံအမွေအနှစ်တို့ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ သြဂုတ် (၃)
**၁ ပေ ၁း၇-၉**
ဆာလံ ၃၄း၁-၁၁

*"စီရင်တော်မူချက်တို့ကို အကျွန်ုပ်ရှေ့မှာထားပါပြီ"*

# အကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုစစ်ကြောခြင်း

ခရစ်ယာန်အသက်တာ၏ဆင်းရဲဒုက္ခတို့၌ ရည်ရွယ်ချက်ရှိပါသည်။ ဘုရားသခင်၏သားသမီးတို့၌ ကံကောင်းခြင်း၊ ကံဆိုးခြင်းဟူ၍မရှိပါ။ သေးငယ်သောစာငှက်လေးတစ်ကောင် မြေပေါ်သို့ကျမည့်အရေး ဘုရားသခင်သိတော်မူ၏။ ထိုစာငှက်များထက် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုပို၍ဂရုစိုက်တော်မူ၏ (မဿဲ ၁၀း၂၉-၃၀)။ ထို့ကြောင့် ကျွန်ုပ်တို့၌ဖြစ်သမျှသောအရာတို့သည် ကံတရားကြောင့်မဟုတ်ဘဲ ဘုရားသခင်အစီအစဉ်အောက်၌ဖြစ်ပျက်ကြခြင်းဖြစ်ပါသည်။ ဘုရားသခင်၏နာခံသောသားသမီးအသက်တာ၌ အခက်အခဲဒုက္ခကျရောက်သောအခါ ရည်ရွယ်ချက်သည် ယုံကြည်ခြင်းစစ်ကြောခြင်းငှါဖြစ်ပါသည် (၁ ပေ ၁း၇)။ ထိုစစ်ကြောခြင်းသည် ဘုရားသခင်စိတ်ကျေနပ်စရာအကြောင်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြီးထွားခြင်းငှါ ဖြစ်ပါသည်။

ထိုစစ်ကြောခြင်းကို ရွှေအားအညစ်အကြေးမှသန့်စင်ခြင်းငှါ မီးထဲသို့သန့်စင်သကဲ့သို့ နှိုင်းယှဉ်ဖော်ပြခဲ့ပါသည်။ ထိုအခက်အခဲကြား၌ ဘုရားသခင်၏စကားနာခံခြင်းဖြင့် အသက်ရှင်သောအခါ ကျွန်တော်တို့သည်ပို၍ရင့်ကျက်သောခရစ်ယာန်ဖြစ်လာကြပါသည်။ ထိုသို့ ယုံကြည်ခြင်း၌ရင့်ကျက်ကြီးထွားခြင်းရှိသော ခရစ်ယာန်တို့သည် "အချီးအမွမ်း၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်"ကိုပိုင်ဆိုင်ကြပါလိမ့်မည် (၁ ပေ ၁း၇)။ ထိုအကြောင်းကြောင့် စစ်ကြောခြင်းမီးလျှံထဲ၌လည်း ဝမ်းမြောက်ခြင်းရှိခြင်းငှါ သမ္မာကျမ်းစာကကျွန်ုပ်တို့ကို အားပေးခဲ့ပါသည်။

တမန်တော်ပေတရုက ယုံကြည်သူတို့အား သူတို့၏ယုံကြည်ခြင်းကြောင့် ချီးမွမ်းခဲ့ပါသည် (၁ ပေ ၁း၈)။ သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းကို သံသယဝင်ခဲ့သော တမန်တော်သောမတ်ကိုကျွန်ုပ်တို့အား အမှတ်ရစေခဲ့ပါသည်။ ထမြောက်တော်မူသောသခင်ကို မိမိကိုယ်တိုင်မမြင်လျှင် မယုံဟု သူဆိုခဲ့ပါသည်။ ထိုသို့မြင်ရသောအခါ သခင့်ခြေရင်း၌ပျက်ဝပ်လျက် ယုံကြည်ခဲ့ပါသည်။ သခင်ယေရှုက သောမတ်အားမိမိကိုမျက်စိဖြင့်မမြင်သော်လည်း ယုံကြည်သောသူတို့အပေါ်၌ ကောင်းကြီးအထူးကျရောက်မည်ဟု မိန့်တော်မူခဲ့ပါသည် (ယောဟန် ၂၀း၂၄-၂၉)။ ဟေဗြဲ ၁၁း၁ က ကျွန်ုပ်တို့အား မမြင်နိုင်သောအရာတို့၏စစ်မှန်မှုကို သိခြင်းငှါ ယုံကြည်ခြင်းက တန်ခိုးပေးတော်မူကြောင်းဖော်ပြခဲ့ပါသည်။ ထိုယုံကြည်ခြင်းသည် စစ်ကြောခြင်းအောက်၌ကြီးထွားခြင်းရှိ၍ ဘုရားသခင်ကိုချစ်ခြင်းငှါ နာခံခြင်းငှါ ကျွန်ုပ်တို့ကိုခွန်အားပေးတော်မူ၏။ ထိုကြီးထွားရင့်ကျက်သောယုံကြည်ခြင်းဖြင့် ကောင်းကင်ဘုံနှင့် ထိုကောင်းကင်ဘုံ၏ဝမ်းမြောက်ခြင်းကိုပို၍ ရှင်းလင်းစွာမြင်ရကြ၏။ ထိုအခါ ကျွန်တော်တို့သည် "ပြော၍မမှီနိုင်သော ရွှင်လန်းခြင်းစိတ်နှင့်ဝမ်းမြောက်နိုင်ကြ၏" (၁ ပေ ၁း၈)။

**ဆင်ခြင်ရန်** - အကျွန်ုပ်ယုံကြည်ခြင်းစစ်ကြောခြင်း၏ရလဒ်ကား အဘယ်နည်း။
**ဆုတောင်းချက်** - အဖဘုရား၊ မမြင်ရဘဲလျက် ယုံကြည်ခြင်းရှိခြင်း၏ ကောင်းကြီးမင်္ဂလာကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏ (ယောဟန် ၂၀း၂၉)။

*"သက်သေခံတော်မူချက်တို့၌ မှီဝဲပါပြီ"*

# သင်တို့၏ယုံကြည်ခြင်းစစ်ကြောခြင်း

စစ်ကြောခြင်းမခံရသောယုံကြည်ခြင်းသည် စစ်မှန်သောယုံကြည်ခြင်းဖြစ်သည့်တိုင် သေးငယ်သောယုံကြည်ခြင်းသာဖြစ်ပါလိမ့်မည်။ စစ်ကြောခြင်းမခံရသောကြောင့် မကြီးထွားနိုင်ဖြစ်၏။ ယုံကြည်ခြင်းသည် ဆန့်ကျင်မှုများကြုံတွေ့ရသောအခါ အကောင်းဆုံးကြီးထွားခြင်းရှိ၏။ လှိုင်းတံပိုးတို့သည် သူ့ကိုသင်ပေးသောဆရာများဖြစ်၍ မိုးချုန်းသံတို့သည်သူ့ကိုအသိဉာဏ်ပေးသောအလင်းဖြစ်ကြပါသည်။ ပင်လယ်ရေပြင်ကြီးငြိမ်သက်နေသောအခါ သင်္ဘောသည်ဆိပ်ကမ်း၌ကပ်မနေဘဲ လိုရာရွက်လွင့်တတ်ပါ၏။ မုန်တိုင်းထန်၍ လှိုင်းလုံးထလျက်သင်္ဘောကိုရိုက်ပုတ်ကြသောအခါ သင်္ဘောသည် အစွမ်းကုန် အားကုန်ဖွင့်၍ သွားလိုရာဆိပ်ကမ်းသို့ချဉ်းကပ်တတ်ပါ၏။ ရေခဲတောင်အောက်ခြေ၌ပွင့်သောအပြာရောင်ပန်းထက် ပို၍လှသောအပြာရောင်ပန်းမရှိပါ။ ပိုလာ(Polar) အရပ်ကောင်းကင်၌ ကြယ်သည်ပို၍လင်းလက်ခြင်းရှိ၏။ ကန္တာရ၌တွေ့ရသောစမ်းရေလောက် ချိုမြိန်အေးစက်သောစမ်းရေမရှိပါ။ အခက်အခဲဒုက္ခတို့ကို ကျော်ဖြတ်ရှင်သန်သောယုံကြည်ခြင်းလောက် မြတ်သောယုံကြည်ခြင်းမရှိပါ။ စစ်ကြောခြင်းခံရသောယုံကြည်ခြင်းက အတွေ့အကြုံရလဒ်ကိုရ၏။ အားကြီးသောမြစ်ချောင်းကို သင် မဖြတ်မလျှောက်မချင်း သင်၏အားနည်းမှုကို သင်သိမည်မဟုတ် ပါ။ သင်အခက်အခဲဒုက္ခမကြုံတွေ့ခဲ့ဖူးဆိုလျှင် ဘုရားသခင်၏တန်ခိုးတော်ခွန်အားကို သင်သိခဲ့လိမ့်မည်မဟုတ်ပါ။ ညှင်းပန်းနှိပ်စက်ခြင်း ခံရသောအခါ ယုံကြည်ခြင်းသည် ခိုင်ခံ့ကြံ့ခိုင်မှုတို့၌ ကြီးထွားခြင်းရှိ၏။ ယုံကြည်ခြင်းသည် မြတ်သောအရာဖြစ်သကဲ့သို့ စစ်ကြောခြင်းသည်လည်း မြတ်လှပါ၏။

ယုံကြည်ခြင်း၌ ရင့်ကျက်ခြင်းမရှိသေးသောသူတို့သည်လည်း အားငယ်စရာမလိုပါ။ သင်မရှာဖွေသည့်တိုင် သင်ခံနိုင်သလောက်သော စစ်ကြောခြင်း သင်ခံရပါလိမ့်မည်။ ယခုအချိန်၌ အတွေ့အကြုံများစွာမခံစားသေးသော်လည်း သင်ခံစားရသောကျေးဇူးတော်၌ ဘုရားသခင်ကိုချီးမွမ်းလော့။ သင်ပိုင်ဆိုင်သောယုံကြည်ခြင်း၌ ဝမ်းမြောက်ခြင်းရှိလော့။ ဘုရားသခင်၌ကြောက်ရွံ့သောသဘောရှိလျက် အသက်ရှင်နေထိုင်ပြီး သင့်ယုံကြည်ခြင်းတဖြည်းဖြည်းကြီးထွားလာခြင်းရှိမည်ကိုနှလုံးသွင်းဆင်ခြင်ပါလော့။

(C.H. Spurgeon)

**ဆင်ခြင်ရန်** - နေ့စဉ် ကြုံတွေ့နေရသောအခက်အခဲကြောင့် ဘုရားသခင်ကို ကျွန်တော်ကျေးဇူးတင်ရပါမည်။

**ဆုတောင်းချက်** - အဖဘုရား၊ နာကျင်ရပါသော်လည်း ကျွန်တော်ကြီးထွားဖို့ရန် ဘုရားသခင်၏ ပဲ့ပြင်မှုလက်တော်အောက်၌ နာခံခြင်းရှိလိုပါ၏။

သောကြာ၊ ဩဂုတ် (၅)
၁ ပေ ၁း၁၀-၁၂
ဆာလံ ၄၀း၁-၁၀

*"ပညတ်တော်လမ်းသို့ အလျှင်အမြန်လိုက်ပါမည်"*

# ဘုရားသခင်၏ထာဝရအကြံအစည်တော်

ကယ်တင်ရှင်ကို တပည့်တော်များမြင်တွေ့ခဲ့သည်နည်းတူ ကျွန်တော်တို့မြင်တွေ့ခွင့်မရခဲ့သော်လည်း သမ္မာကျမ်းစာနေ့စဉ်လေ့လာခြင်းဖြင့် သခင်ယေရှုကို ရင်းနှီးစွာကျွန်တော်တို့သိနိုင်ပါသည်။ ထို့ကြောင့် ဓမ္မဟောင်းယုံကြည်သူတို့ထက် ကျွန်တော်တို့သည် ကယ်တင်ရှင်အကြောင်းနှင့် ဘုရားသခင်၏ကယ်တင်ခြင်းအကြံအစည်ကို ပို၍သိရှိခွင့်ရှိကြ၏။

ဓမ္မဟောင်းပရောဖက်တို့သည် ကယ်တင်ရှင်အကြောင်း သူတို့ရေးသမျှအတိုင်း ရှင်းလင်းစွာမသိခဲ့ကြပါ။ သို့သော်လည်း၊ ခရစ်တော်ကြွလာမည့်အကြောင်းနှင့် ဘုရားသခင်၏ကျေးဇူးတော်ကို သေချာစွာလေ့လာခဲ့ကြပါသည်။ သူတို့ဟောပြောသောပရောဖက်တရားများအားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏ထာဝရအကြံအစည်တော်နှင့် အံ့ဖွယ်ကျေးဇူးတော်အကြောင်းကို သင်ယူလေ့လာခဲ့ကြသော်လည်း သူတို့ကိုယ်တိုင်အဖို့ အချို့သည်လျှို့ဝှက်ချက်ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် သခင်ယေရှု၏အသေခံခြင်းနှင့် ဘုန်းတော်ခံစားခြင်းတို့ကို အံ့ဩစွာရေးသားခဲ့ကြမည်ဟု ထင်ရပါသည်။ သို့သော်လည်း ထိုပရောဖက်တို့သည်သူတို့ခေတ်က ယုံကြည်သူတို့ကိုမဟုတ်ဘဲ ကြွလာတော်မူမည့်ခရစ်တော်၏အမှုတော်ကို မိမိတို့ဆောင်ရွက်ကြကြောင်းသိကြပါ၏။ ကောင်းကင်တမန်တို့ပင်လျှင် ကယ်တင်ရှင်ဤလောက၌ပြုတော်မူသောအမှုကို သိလိုကြပါ၏။ ဘုရားသခင်က မိမိ၏အချိန်၌ မဖွင့်ပြမချင်း ထိုတရားသည်လျှို့ဝှက်ချက်ဖြစ်ခဲ့ပါသည် (ဧဖက် ၃း၉-၁၀)။

အန္ဒြေနှင့်ရှုမောင်တို့ထိ သန့်ရှင်းသောဝိညာဉ်တော်အသိပေးခြင်းမပြုမီတိုင်အောင် ခရစ်တော် လူ့ဇာတိခံတော်မူမည့်အချိန် အတိအကျကိုဘယ်သူမျှမသိခဲ့ကြပါ (လုကာ ၂း၂၅-၃၀)။ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်၍ သတင်းကောင်းဟောပြောခြင်း၌ တမန်တော်များစေလွှတ်ခြင်းမခံမီတိုင်အောင် ဘုရားသခင်၏လျှို့ဝှက်သောအမှုကို သဘောမပေါက်ခဲ့ကြပါ။ ထိုမြတ်သောတရားမှုကား ယုံကြည်သူအပေါင်းတို့သည် ခရစ်တော်၏ကိုယ်၌အင်္ဂါချင်းဖြစ်ကြ၍ ကယ်တင်ခြင်းသတင်းဟောပြောရန်တာဝန်ပေးခြင်းခံရခြင်းအကြောင်းပေတည်း။

ကြီးမြတ်သော တာဝန်ဖြစ်ပါသည်။ သတင်းကောင်းတရားဟောခွင့်ရခြင်းသည် ကြီးမြတ်လှပါ၏။ ရှေးပရောဖက်နှင့်ကောင်းကင်တမန်တို့ပင်လျှင် စုံလင်စွာနားမလည်ခဲ့သော အသိဉာဏ်ရခြင်းသည် ကြီးမြတ်လှပါ၏။ ထိုတာဝန်ဝတ္တရားကို ကျွန်တော်တို့ယုံကြည်သူတိုင်းထံ ပေးအပ်ခဲ့ပါသည်။ သခင်ဘုရားသည် ကျွန်ုပ်တို့နှင့်အတူ အစဉ်ရှိတော်မူ၍ ထိုတာဝန်ကိုကျွန်တော်တို့ဆောင်ရွက်နိုင်ခြင်း၌ ခွန်အားပေးတော်မူကြောင်း သေချာသိရှိခြင်းဖြင့် ထိုတာဝန်ကိုထမ်းဆောင်ကြပါစို့ (ဖိလိ ၄း၁၃)။

**ဆင်ခြင်ရန်** - ကယ်တင်ရှင်ကိုပို၍ရင်းနှီးစွာ ကျွန်တော်ဘယ်လိုသိနိုင်ပါမည်နည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ယနေ့တစ်စုံတစ်ယောက်ထံ ကျွန်တော်သတင်းကောင်းဝေငှခြင်း၌ မစတော်မူပါ။

စနေ၊ ဩဂုတ် (၆)
**၁ ပေ ၁း၁၃-၁၆**
ဆာလံ ၁၀၁

*"အို ထာဝရဘုရား၊ အထုံးအဖွဲ့တော်လမ်းကို အကျွန်ုပ်အားသွန်သင်တော်မူပါ"*

# သန့်ရှင်းခြင်းရှိကြလော့

၁ ပေ ၁း၁၃ သည် သမ္မာကျမ်းခေတ်လူတို့အား ရှည်လျားသောသူတို့၏ဝတ်လုံကို ခါး၌စည်းလျက်အလုပ်လုပ်ကြခြင်းငှါ သတိပေးခြင်းဖြစ်ပါသည်။ ထိုနည်းတူ ဝိညာဉ်တိုက်ပွဲအတွက် ယုံကြည်သူတို့ကိုလည်း စိတ်နှလုံးပြင်ဆင်ခြင်းငှါ စိတ်နှလုံးခါးပန်းစည်းကြရန် တိုက်တွန်းထားပါသည်။ ဧဖက် ၆း၁၂ ထဲတွင် ဘုရားသခင်ထံမှလမ်းလွဲစေနိုင်သော အဓမ္မအမှုနှင့်ဝိညာဉ်ဆိုးတန်ခိုးတို့ကို ဆန့်ကျင်နေရသော ခရစ်ယာန်ဝိညာဉ်စစ်ပွဲအကြောင်းကို ဖော်ပြထားပါသည်။

ခရစ်ယာန်ဘဝ တိုက်ပွဲရင်ဆိုင်နေရသောအချိန်၌ ကျွန်တော်တို့သည်စိတ်နှလုံးသမ္မာသတိရှိကြရပါမည်။ ဆိုလိုသည်မှာ မိမိကိုယ်ကိုထိန်းချုပ်၍ စည်းကမ်းရှိရပါမည်။ ကျွန်တော်တို့သည် ယေရှုခရစ်တော်ကြွလာတော်မူမည့်အချိန်ကို သစ္စာရှိစွာစောင့်မျှော်လျက် ဘဝအခက်အခဲများကို ရင်ဆိုင်ခြင်းငှါ ပြင်ဆင်ကြရပါမည်။ ခရစ်တော်ကြွလာတော်မူသောအခါ ကိုယ်တော်၏ဘုန်းတော်ကို မြင်ရ၍ ကျွန်တော်တို့သည်ကိုယ်တော်ကဲ့သို့ ဖြစ်ကြပါလိမ့်မည် (၁ ယော ၃း၂)။ ဤမြတ်သော မျှော်လင့်ခြင်းက ကျွန်ုပ်တို့၏စိတ်နှလုံးကို အစဉ်လွှမ်းခြုံထားခြင်းဖြင့် ခရစ်ယာန်အမှုတော်ကို ကျွန်တော်တို့ဆောင်ရွက်ကြရပါမည်။

ကျွန်တော်တို့သည် အရင်အကျင့်တို့ကို စွန့်ပယ်၍နာခံသောသားသမီးများ ဖြစ်ကြရပါမည်။ ခရစ်တော်ကိုမသိခဲ့သောအချိန်၌ ကျွန်တော်တို့သည်အပြစ်ထဲ၌ကျင်လည်နေခဲ့ကြ၏။ ယခုတွင် ကယ်တင်ခြင်းခံရပြီဖြစ်၍ ဝိညာဉ်တရားတို့ကို သိခွင့်ရခဲ့ကြ၏။ ဤလောကီတရားအတိုင်း မဟုတ်ဘဲ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဘုရားသခင်ထိန်းသိမ်းစေလျက် သမ္မာကျမ်းစာသွန်သင်ချက်အတိုင်း လိုက်နာကျင့်ကြံနေထိုင်ရပါမည် (ရောမ ၁၂း၂)။ အငယ် ၁၆ သည် ဝတ်ပြုရာကျမ်း ၁၁း၄၄ ကို ကိုးကားခြင်းဖြစ်၍ ဘုရားသခင်ကမိမိလူတို့အား သန့်ရှင်းခြင်းရှိကြရန် တိုက်တွန်းခြင်းဖြစ်ပါသည်။ သန့်ရှင်းခြင်းဆိုသည်မှာ အပြစ်ကင်းခြင်းဖြစ်ပါ၏။ အပြစ်သည် လူ့ဇာတိအလိုဖြစ်ပါသည်။ ဆက်ကပ်သောခရစ်ယာန်အသက်တာ၌ နာမည်ကျော်ကြားလိုခြင်း၊ ကြွယ်ဝချမ်းသာလိုခြင်း မရှိရပါ။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ကိုကယ်တင်ခြင်းငှါ မိမိကိုယ်ကိုနှိမ့်ချခဲ့ပါသည် (ဖိလိ ၂း၈-၉)။ ဤလောကီလူအပေါင်းတို့ထံ ဘုရားသခင်ပြုတော်မူသောအမှုကို ပြသခြင်းငှါ ထိုသန့်ရှင်း ခြင်းနှင့် နှိမ့်ချသောအသက်တာဖြင့် ကိုယ်တော်နောက်သို့လိုက်ခြင်းငှါ ကျွန်ုပ်တို့ကို တိုက်တွန်းထား ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်အမူအကျင့်စံနှုန်းနှင့် လမ်းညွှန်ချက်က အဘယ်နည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သန့်ရှင်းသည်နည်းတူ ကျွန်တော်သန့်ရှင်းခြင်းငှါ မစတော် မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၇)
၁ ပေ ၁း၁၇-၂၁
ဟေရှာ ၅၃း၁-၆ *"ဥာဏ်ကိုပေးတော်မူပါ။ တရားတော်ကိုစောင့်ပါမည်"*

# ကြီးမြတ်သောအဖိုးအခနှင့်ရွေးတော်မူသော

သမ္မာကျမ်းစာထဲ၌ ကယ်တင်ခြင်းသည်ကျွန်တော်တို့ပြုသောအမှု၌မတည်ဘဲ၊ ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးသက်သက်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့သော်လည်း သမ္မာကျမ်းစာကပင် စစ်မှန်သောယုံကြည်သူသည် နာခံခြင်းဖြင့် အသက်ရှင်ရမည်အကြောင်း တိုက်တွန်းထားပါသည်။

ကျွန်တော်တို့အစေခံသောဘုရားသခင်သည် ထာဝရတရားသူကြီးဖြစ်တော်မူ၏။ သူ၏တရားစီရင်မှု၌ မျက်နှာသာပေးခြင်းမရှိ၊ သမ္မာတရားအတိုင်း စီရင်တော်မူ၏။ ဘုရားသခင်၏မျက်စိတော်သည် ဤကမ္ဘာလောကတခုလုံးကို ကြည့်တော်မူ၏ဟူသောအသိဖြင့် ကျွန်တော်တို့နေထိုင်ကြရပါမည်။ နာခံခြင်းအသက်တာရှိခြင်းငှါ ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းတရားကို သိရှိယုံကြည်ကိုးစားဖို့လိုပါသည်။ ဘုရားသခင်ကို အဘဟုခေါ်လျက်နာခံခြင်းမရှိလျှင် ဘုရားသခင်ကိုမရိုသေရာရောက်၏။ ၁ ပေ ၁း၁၇ ထဲတွင်၊ ကျွန်တော်တို့သည် ဧည့်သည်ဖြစ်ကြကြောင်း ပြန်၍ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏စကားနာခံခြင်းဖြင့် အသက်ရှင်ခြင်းငှါ ဤလောကကိုမိမိ၏အိမ်ဟုမထင်မှတ်ရပါ။ အပြစ်လောက၌သက်သောင့်သက်သာမနေထိုင်ကြရပါ။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့ကယ်တင်ခြင်းအဖို့ ကြီးမားသောအဖိုးအခပေးခြင်းဖြင့် ပေါ်လွင်စေခဲ့ပါသည်။ ဤလောကီချမ်းသာကြွယ်ဝမှု ရွှေငွေတို့သည် ကယ်တင်ခြင်းဆုကျေးဇူးနှင့်နှိုင်းယှဉ်သောအခါ လုံးဝတန်ဖိုးမရှိကြပါ။ ကျွန်ုပ်တို့ကယ်တင်ခြင်းအဖိုးအခသည် ဘုရားသခင်လက်ခံတော်မူသော ပူဇော်သက္ကာ၊ အပြစ်ကင်းစင်သောဘုရားသခင်၏သိုးသူငယ်၊ ယေရှုခရစ်တော်၏ အသက်တာနှင့်အသွေးတော်ပင်ဖြစ်ပါသည်။

ဘုရားသခင်၏ထာဝရမေတ္တာတော်သည် အလွန်ကြီးမြတ်လှပါ၏။ အပြစ်၏အခမှ ကျွန်ုပ်တို့ကို ကယ်လွှတ်ခြင်းငှါ ကျွန်တော်တို့မတည်မရှိမီကတည်းက ဘုရားသခင်သည် ယေရှုခရစ်တော်၏ပူဇော်ခြင်းဖြင့် အပြစ်ကြွေးဆပ်ဖို့ရန် စီစဉ်တော်မူခဲ့ပါသည်။ ခရစ်တော်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ချီးမြှောက်တော်မူခြင်းအားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခဲ့ကြ၏။ ကျွန်တော်တို့သည် အပြစ်ဒဏ်မှလွတ်မြောက်ခြင်းခံရသည်ဖြစ်၍ ကောင်းကင်နိုင်ငံသို့ နေ့စဉ်ချီတက်လျက် အသက်ရှင်ကြရပါမည်။ ကျွန်ုပ်တို့ကိုကယ်တင်တော်မူသော ထိုစုံလင်တော်မူသော တရားသူကြီး၏မျက်စိအောက်၌ နေထိုင်လှုပ်ရှားကြကြောင်း ကျွန်တော်တို့သိမှတ်ကြရပါမည်။ ကျွန်ုပ်အသက်တာကို ဘုရားသခင်စောင့်ကြည့်လျက်နေတော်မူကြောင်း သိလျက် ကျွန်တော်တို့သည် သတိနှင့်နေထိုင်ကြရပါမည်။ ကျွန်ုပ်တို့အသက်တာ၌ တန်ဖိုးမဖြတ်နိုင်သော ကယ်တင်ခြင်း၏သက်သေဖြစ်သော နာခံခြင်းကို ဘုရားသခင်မြင်ရပါသလား (သို့) သန့်ရှင်းသောဘုရားသခင်၏နာမတော်ကို အရှက်ရစေသောမနာခံခြင်းကို မြင်ရပါသလား။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့ ကယ်တင်ခြင်း၏အဖိုးအခကား အဘယ်နည်း။
**ဆုတောင်းချက်** - အဖဘုရား၊ စစ်မှန်သောခရစ်ယာန် "ဧည့်သည်" ဖြစ်သောကျွန်တော်သည် ဤလောကကို ကျွန်ုပ်၏အိမ်တော်အဖြစ် လုံးဝမသတ်မှတ်လိုပါ။

# နာခံခြင်းစိတ်နှလုံးမှပေါ် ထွက်သောရိုးသားသည့်ချစ်ခြင်းမေတ္တာ

စစ်မှန်သော ခရစ်ယာန်၏စိတ်နှလုံးသည် ဘုရားသခင်၏သမ္မာတရားနာခံခြင်းကြောင့် သန့်ရှင်းပါ၏။ ကျွန်တော်တို့သည်အပြစ်သားဖြစ်၍ ရွေးနုတ်ခြင်းခံရခြင်းငှါ ခရစ်တော်ကိုယုံကြည်ကိုးစားရမည်အကြောင်း ဟောပြောလာသောသတင်းကောင်းကို နာခံခြင်းဖြင့် သန့်ရှင်းစေခြင်းခံရကြ၏။ ထို့နောက် ကျွန်ုပ်တို့၏အပြစ်များဝန်ခံ၍ ခွင့်လွှတ်ခြင်းတောင်းလျှောက်ခြင်းဖြင့် ကျွန်ုပ်တို့စိတ်နှလုံးကို သန့်ရှင်းစွာစောင့်ရှောက်ကြပါ၏။ ထိုသို့ဖြင့် ခရစ်တော်၏အသွေးတော်ကြောင့် ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းခံ၍သန့်ရှင်းစေခြင်းခံရပါသည် (၁ ယော ၁း၇-၉)။

ဤစိတ်နှလုံးဖြူစင်ခြင်းကို ယုံကြည်သူညီအစ်ကိုချစ်ခြင်း၌ ထင်ရှားတတ်ပါ၏။ ထိုချစ်ခြင်းသည် စိတ်ဝင်စားမှုတူညီခြင်း၊ အကျင့်တူခြင်း စသည့်တစ်စုံတစ်ခုသောအကြောင်း၌ အခြေမခံထားပါ။ စစ်မှန်ရိုးသားသောခရစ်ယာန်ချစ်ခြင်းမေတ္တာသည် နှုတ်ကပတ်တော်ကိုနာခံသောအသက်တာ၌ ဝိညာဉ်တော်ပြုသောအမှုဖြစ်ပါသည်။ ခေတ်အဆက်ဆက် အသင်းတော်၏ကြီးမားသောသက်သေခံချက်ဟူမူကား ခရစ်ယာန်အချင်းချင်းချစ်ခြင်းမေတ္တာပြသခြင်းပင်ဖြစ်ပါသည်။ ခရစ်ယာန်အသက်တာ၌ နှုတ်ကပတ်တရားမနာခံခြင်းရှိလာသောအခါ ထိုချစ်ခြင်းပျောက်ကွယ်၍ ထိုသက်သေခံချက်ဖျက်စီးခြင်းခံရ၏။

ကျွန်ုပ်တို့၏ထာဝရနေရာသည် သေချာပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ထာဝရသားသမီးအဖြစ် ဒုတိယမွေးခြင်းခံရပါပြီ (၁ ပေ ၁း၂၃)။ ဘုရားသခင်၏ထာဝရနှုတ်ကပတ်တော်ကို ကြားနာ၍ ခရစ်တော်ကိုယုံကြည်ခြင်းဖြင့် ဒုတိယမွေးခြင်းခံရကြပြီး သို့သော်လည်း ကယ်တင်ခြင်းမခံရသောသူတို့သည် ဘယ်လိုဘဲကြိုးစားကြိုးစား ဘယ်လောက်ဘဲဤလောက၌ အောင်မြင်မှုရရှိ ရရှိ အပြစ်သားဖြစ်၍ ခရစ်တော်ကိုငြင်းပယ်သောကြောင့် သူ၏ထာဝရနေရာသည် ဆုံးရှုံးခြင်းသာဖြစ်ပါသည်။

သတင်းကောင်းကို နာခံခြင်းကြောင့် ဘုရားသခင်ကကျွန်ုပ်တို့ကို မိမိ၏သက်သေအဖြစ် သတ်မှတ်တော်မူခဲ့၏။ သမ္မာတရားချစ်ခြင်းကို နာခံခြင်းဖြင့် ပြသခြင်းသည် ဤလောကီလူသားတို့အတွက် ကယ်တင်ခြင်းအသိဉာဏ်ရရှိရန် သက်သေတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ထိုဘုရားသခင်နှင့်ဆိုင်သော ချစ်ခြင်းမေတ္တာကို ညီအစ်ကိုတို့ထံ ကျွန်တော်တို့မပြဘဲ အပြစ်ကလွှမ်းခြုံခဲ့လျှင် ထိုကြီးမြတ်သောသက်သေခံချက်သည် ကွယ်ပျောက်နေပါ၏။

ယုံကြည်သူအချင်းချင်း ငြင်းခုံအပြစ်ရှာခြင်းရှိသောယနေ့ခေတ်၌ ကျွန်တော်တို့သည် အပြစ်ထဲသို့မကျရောက်ခြင်းငှါ သတိထားကြရပါမည်။ ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာ၏ လက္ခဏာတစ်ခုမှာ ခရစ်တော်၌ညီအစ်ကိုအချင်းချင်း ချစ်ခြင်းဖြစ်ကြောင်း သတိရကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်ုပ်စိတ်နှလုံးကို ဘုရားသခင်ရှေ့၌မည်သို့သန့်ရှင်းဖြူစင်စွာ စောင့်ရှောက်ရပါမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ချစ်ခြင်းမေတ္တာကို သူတပါးချစ်ခြင်းအားဖြင့် ကျွန်တော်ပြသလိုပါ၏ (ယောဟန် ၁၃း၃၄)။

**၁ ပေ ၁း၂၃**
ယောဟန် ၁း၁၂-၁၃

*"အကျွန်ုပ်စိတ်နှလုံးကို လောကဘက်သို့မဟုတ်၊*
*သက်သေခံတော်မူချက်တို့ဘက်သို့ စွဲတော်မူပါ"*

## ဒုတိယမွေးဖွားခြင်းခံသောသူ

တမန်တော်ပေတရုသည် အရပ်ရပ်၌ကွဲပြားသောသန့်ရှင်းသူတို့အား "စင်ကြယ်သောစိတ်နှင့် အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့" (၁ ပေ ၁း၂၃) ဟုတိုက်တွန်းထားပါသည်။ ထိုသို့ တိုက်တွန်းခြင်း၌ ပေတရုသည် သဘာဝတရားအကြောင်းနှင့် လူ့အတွေးအခေါ်ကို မသုံးဘဲ မိမိလူတို့၌ဘုရားသခင်ပေးအပ်တော်မူသော မပျက်ဆီးနိုင်သော ဘုရား၏တရားတော်ကို အခြေခံခဲ့ပါသည်။ မင်းသားတို့ကိုထိန်းကျောင်းသော စေ့စပ်သောဆရာတို့သည် မင်းသားတို့၌ဘုရင်နှင့်ထိုက်တန်သော အကျင့်သီလရှိခြင်းငှါ ကြိုးစားထိန်းကျောင်းခဲ့ကြပါသည်။ ဘုရားသခင်၏လူတို့ကို ဘုန်းတော်အမွေခံမည့်သူ၊ ရှင်ဘုရင်အမျိုး၊ မင်းမျိုးမင်းနွယ်ဟု သတ်မှတ်လျက် ပေတရုက - "သင်တို့သည် မပျက်စီးနိုင်သောမျိုးစေ့အားဖြင့် မွေးဖွားခဲ့သော မင်းမျိုးမင်းနွယ်ဖြစ်သောကြောင့် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသောဘုရားသခင်၏သားသမီးဖြစ်ကြသောကြောင့် ဤလောက၌ရှိသောအရာတို့သည် ကွယ်ပျောက်ကြရမည်ဖြစ်သော်လည်း၊ သင်တို့သည် ဘယ်တော့မှပျောက်ကွယ်ခြင်းမရှိဘဲ ထာဝရတည်နေကြမည်ဖြစ်သောကြောင့် အချင်းချင်းချစ်ကြပါ" ဟုသတိပေးခဲ့ပါသည်။

နှိမ့်ချသောသဘောရှိလျက် ကျွန်ုပ်တို့၏ဒုတိယမွေးဖွားခြင်းအသက်တာကို သိမှတ်လျက် ထိုအသက်တာဖြင့် ကျွန်တော်တို့အသက်ရှင်ကြလျှင် ကောင်းမြတ်လှပါ၏။ ခရစ်တော်ကား အဘယ်နည်း။ သူသည် ရှင်ဘုရင်ဖြစ်လျှင် ထိုအရိုက်အရာ၌ ယဇ်ပုရောဟိတ်၏အရိုက်အရာကို ထပ်ပေါင်းထည့်ရပါမည်။ ရှင်ဘုရင်ဖြစ်ခြင်းသည် သူ၏သရဖူ၌အခြေခံသော်လည်း ခရစ်ယာန်၏ရှင်ဘုရင်ဖြစ်ခြင်းသည် သူ့အသက်တာ၌ရိုက်သွင်းခြင်းဖြစ်ပါသည်။ ထိုဒုတိယမွေးဖွားခြင်းကြောင့် ခရစ်ယာန်သည် သာမာန်လူထက်ပို၍ကြီးမြတ်ပါ၏။ သူသည် ရွေးကောက်ခြင်းခံရသောသူ၊ ကျေးဇူးတော်အားဖြင့် သန့်ရှင်းစေခြင်းခံရသောသူ၊ ထူးခြားသောသူ (၁ ပေ ၂း၉) ဖြစ်သောကြောင့် ဤလောကီလူတို့ကဲ့သို့ ဤလောကကမ္ဘာ၌ မပြုမူမကျင့်ကြံမနေထိုင်သင့်ဘဲ ပြသမျှသောအရာနှင့်အကျင့်၌ ခရစ်ယာန်အသက်တာကိုပြရပါမည်။

အို ခရစ်တော်၌ယုံကြည်ခြင်းရှိသောသူ၊ သင်၏အသစ်သောအသက်တာ၊ မြတ်သောအသက်တာနှင့် ခံစားရမည့်တောက်ပသောအနာဂတ်၊ ဘုန်းတော်တို့သည် သင့်အားမကောင်းသောအမှုကိုရှောင်ရှားစေပြီး သန့်ရှင်းခြင်းကို စွဲကိုင်တော်မူပါစေသော်။

(C.H.Spurgeon)

**ဆင်ခြင်ရန်** - ဘုရင်တကာတို့၏ဘုရင်၏သားသမီးကဲ့သို့ ကျွန်တော်နေထိုင်ပါသလား။
**ဆုတောင်းချက်** - ကိုယ်တော်သည် အကျွန်ုပ်၏အဖဘုရားဖြစ်တော်မူကြောင်း အစဉ်သတိရခြင်းငှါ မစတော်မူပါ။

ဗုဒ္ဓဟူး၊ သြဂုတ် (၁၀)
၁ ပေ ၂း၁-၃
ဆာလံ ၃၂

*"အနန္တကို ပမာဏမပြုစေခြင်းငှါ
အကျွန်ုပ်မျက်စိကိုအခြားသို့ လွှဲတော်မူပါ"*

# သန့်ရှင်းသောအသက်တာကိုစောင့်ထိန်းခြင်း

ကျွန်တော်တို့သည် ခရစ်တော်၌အသစ်သောအသက်တာပိုင်ဆိုင်ကြသောကြောင့်၊ သန့်ရှင်းသောအကျင့်ရှိလျက်၊ ယုံကြည်သူညီအစ်ကိုတို့ကို ချစ်ကြရပါမည်။ ဤမြတ်သောခရစ်ယာန်သက်သေခံချက်ဖြစ်သော သန့်ရှင်းခြင်းနှင့်ညီအစ်ကို ချစ်ခြင်းကို စောင့်ထိန်းခြင်းငှါ အချက်နှစ်ချက်ကျွန်တော်တို့ပြုကြရပါမည်။

ပထမအချက်ကား၊ အပြစ်ကိုစွန့်လွှတ်ပယ်ချရပါမည်။ ၁ ပေ ၂း၁ ထဲတွင် ဖော်ပြသောအပြစ်တို့သည် ညီအစ်ကိုချစ်ခြင်းနှင့်ဆန့်ကျင်သောအရာများဖြစ်ကြကြောင်း တွေ့ရပါ၏။ လှည့်ဖြားခြင်းသည် ဝှက်သောအသက်တာဖြင့် သူတပါးကိုပေါင်းဖော်ခြင်းဖြစ်၍ ခံစားချက်အမှန်မဖော်ပြခြင်းဖြစ်ပါသည်။ ဤလှည့်ဖြားခြင်းကို စီးပွားရေးလောက၌ များစွာတွေ့ရ၍ အချို့သည်ထိုအမှုကို လိမ္မာပါးနပ်မှုဟုပင်ဆိုကြ၏။ ထို့ပြင် လျှို့ဝှက်ခြင်းကို သံတမန်နည်းဟုတခါတရံခေါ်ကြပြီး၊ အမှန်မှာ မရိုးသားခြင်းဖြစ်၍ ခရစ်ယာန်အသက်တာ၌မရှိရပါ။ မနာလိုခြင်းကို လူတို့၌များစွာတွေ့ရပါ၏။ ထိုအခါ ခရစ်တော်အချို့သည် မိမိခရစ်ယာန်ညီအစ်ကို၏ မကောင်းကြောင်းကိုပြောတတ်ကြ၏။ ထိုသို့သော အပြစ်ကိုပယ်ရှားခြင်းငှါ သမ္မာကျမ်းစာက တိုက်တွန်းထားပါသည်။

ဒုတိယအချက်ကား၊ ဘုရားသခင်၏နှုတ်ကပတ်တော်လေ့လာသင်ယူခြင်းပင် ဖြစ်ပါသည်။ တမန်တော်ပေတရုပေးထားသောဥပမာသည် ရှင်းလင်းလှပါသည်။ ဘွားစသူငယ်သည် နို့ကိုတောင့်တသကဲ့သို့ ကျွန်တော်တို့သည် သမ္မာတရားသိခြင်းငှါ တောင့်တခြင်းရှိရပါမည်။ နှုတ်ကပတ်တရားတော်ကို နှစ်သက်၍လေ့လာသင်ယူမှသာ ကျွန်တော်တို့သည် ဝိညာဉ်အရေး၌ကြီးထွားကြမည်ဖြစ်ပါသည်။

များစွာသောခရစ်ယာန်တို့သည် အပြစ်နှင့်အစဉ်ဆက်နွယ်၍ ဒုက္ခရောက်နေတတ်ကြ၏။ မဿဲ ၁၂း၄၃-၄၅ ထဲတွင်၊ သခင်ယေရှုက မကောင်းမှုကိုကောင်းမှုဖြင့် အစားမထိုးနိုင်သရွေ့ ဘယ်တော့မှထိုမကောင်းမှုကို မဖယ်ရှားနိုင်ကြောင်း သတိပေးတော်မူ၏။ အပြစ်ကိုပယ်ရှားသော်လည်း ဘုရားသခင်နှစ်သက်သောကောင်းမှုပြုခြင်းမရှိလျှင် အပြစ်ပြုခြင်းပြန်ရောက်လာတတ်၏။ အပြစ်ကိုဖယ်ရှားလျက်၊ ခွင့်လွှတ်ခြင်းကိုတောင်းလျှောက်ပြီး၊ သမ္မာကျမ်းစာလေ့လာသင်ယူခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်အား ကျွန်ုပ်တို့အသက်တာ၌ ကောင်းသောအကျင့်ကျင့်ခြင်းအမှုဖြစ်ပေါ်စေခြင်းငှါ အခွင့်ပေးရပါမည်။ ထိုသို့ဖြင့် ကျွန်တော်တို့သည် ခရစ်တော်ကျင့်သောအကျင့်၌ ကြီးထွားခြင်းရှိ၍ အသင်းတော်၌အသုံးဝင်သောသူဖြစ်လျက် ဘုရားသခင်အတွက် သက်သေခံကောင်းဖြစ်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အပြစ်ကို ကျွန်တော်မည်သို့ ဖြေရှင်းကိုင်တွယ်ရပါမည်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ နှုတ်ကပတ်တော်ကို လေ့လာသင်ယူစဉ် ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းကို ကျွန်တော်မြည်းစမ်းသိမြင်လိုပါ၏ (ဆာလံ ၃၄း၈)။

# ဝိညာဉ်ဗိမာန်တော်

ယေရှုခေတ်၌ ရှိကြသောဘာသာရေးပုဂ္ဂိုလ်တို့သည် ဝတ်ပြုကိုးကွယ်ခြင်း၏အဓိကနေရာဖြစ်သော ယေရုရှလင်မြို့ရှိ ဗိမာန်တော်ကိုတန်ဖိုးထားခဲ့ကြပါသည်။

သို့သော်လည်း၊ ဗိမာန်တော်၌ပြုရမည့်ဝတ်ပြုခြင်းအစီအစဉ်အားလုံးကို ဘုရားသခင်ပြဋ္ဌာန်းတော်မူသည်ဖြစ်၍ အပြစ်အတွက်ယဇ်ပူဇော်ခြင်းကို ပြုတော်မူမည့်မေရှိယယေရှုခရစ်တော်ကြွလာတော်မူမည့်အကြောင်း ရည်ညွှန်းခြင်းဖြစ်ပါသည်။ ထိုသို့ ယေရှုခရစ်တော်ကြွလာတော်မူ၍ ယဇ်ပူဇော်ခြင်းပြုတော်မူပြီးနောက်တွင် ဗိမာန်တော်နှင့်ယဇ်ပူဇော်ခြင်းမလိုအပ်တော့ပါ (ဟေဗြဲ ၁၀း၉)။ ယေရှုက ရှမာရိမိန်းမထံ ယေရုရှလင်မြို့ရှိဗိမာန်တော်သည် ဝတ်ပြုကိုးကွယ်ရာအဓိကနေရာမဟုတ်တော့မည့်နေ့ရက် ရောက်လာမည်အကြောင်း မိန့်တော်မူခဲ့ပါသည် (ယောဟန် ၄း၂၁)။ ထိုနေ့ရက်ရောက်လာခဲ့ပြီဖြစ်ပါသည်။ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သောသူတို့သည် နေရာကိုအဓိကမထားတော့ဘဲ၊ နာမ်ဝိညာဉ်နှင့်ဉင်း ၊ သစ္စာနှင့်ဉင်း ဘုရားသခင်ကိုကိုးကွယ်ကြ၏။ ခရစ်တော်ထံယုံကြည်ခြင်းဖြင့် ချဉ်းကပ်သောအခါ ကျွန်တော်တို့သည် “အသက်ကျောက်များ” (၁ ပေ ၂း၅) ဖြစ်လာကြ၏။ ဆိုလိုသည်မှာ ယုံကြည်သူတိုင်းသည် ယေရုရှလင်မြို့ရှိဗိမာန်တော်အစား တည်တော်မူသောဝိညာဉ်ဗိမာန်တော်၌ပါဝင်ကြပါ၏။ ယုံကြည်သူတိုင်း၌ သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်တော်မူသည်သာမက၊ ယေရှုနာမ၌ကျွန်တော်တို့ စည်းဝေးကြသောအခါ ထိုအရပ်၌ဘုရားသခင်သည် ထူးခြားစွာအတူပါရှိတော်မူ၏ (မဿဲ ၁၈း၂၀)။

ဤဝိညာဉ်ဗိမာန်တော်၏အုတ်မြစ်သည် ယေရှုခရစ်တော်ပင်ဖြစ်တော်မူ၏။ ရှေးဗိမာန်တော်၏ခေါင်းဆောင်များနှင့် ဤလောကီ၌အစိုးရသောသူတို့က ယေရှုကိုတန်ဖိုးမရှိဟုသတ်မှတ်၍ ငြင်းပယ်ခဲ့ကြပါသည်။ သို့သော်လည်း၊ ယေရှုသည် စုံလင်ပြည့်စုံသောယဇ်ပူဇော်ခြင်းကို ပြုတော်မူ၍ ထိုဝိညာဉ်ဗိမာန်တော်၏အဓိကအုတ်မြစ်ဖြစ်ခဲ့ပါသည်။

ခရစ်တော်ကို ငြင်းပယ်ခဲ့ကြသောကြောင့် လူတို့သည်ဘုရားသခင်နှင့်သင့်မြတ်ခြင်းမရှိခဲ့ကြပါ။ ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းခံရကြောင်းကို ငြင်းပယ်လျက်၊ ဘာသာရေးထုံးတမ်းစဉ်လာနှင့် ကောင်းမှုပြုခြင်းအားဖြင့် ကယ်တင်ခြင်းရှာကြ၏။ သမ္မာကျမ်းစာက ယေရှုခရစ်တော်အားဖြင့် ပေးတော်မူသောကယ်တင်ခြင်းတရား၌ သူတို့သည်လဲခဲ့ကြကြောင်း ဖော်ပြခဲ့ပါသည်။

သို့သော်လည်း ယုံကြည်ခြင်းရှိသောကျွန်တော်တို့သည် ဝိညာဉ်ရေးရာ၌ယဇ်ပုရောဟိတ်ဖြစ်လာကြပြီး၊ ချီးမွမ်းခြင်းယဇ်နှင့် ဘုရား၏အမှုကို ဆောင်ရွက်ဆက်ကပ်နိုင်ကြ၏။ ခရစ်တော်အားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏သားသမီးဖြစ်လာကြပြီး၊ ဝိညာဉ်ကောင်းကြီးမင်္ဂလာတို့ကို ခံစားရရှိခဲ့ကြပါသည် (ဧဖက် ၁း၃)။ ခရစ်တော်၌ကျွန်ုပ်တို့လိုအပ်သောအရာများ ဖြည့်ဆည်းပေးလျက်၊ မျှော်လင့်ခြင်းနှင့်ဝမ်းမြောက်ခြင်းရရှိကြ၏။ လောကီလူတို့ငြင်းပယ်သော ခရစ်တော်၌ကျွန်တော်တို့သည် ဤဘဝနှင့်နောင်ဘဝအတွက် လိုအပ်သောအရာပြည့်ဝစွာရရှိကြပါ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကျွန်တော်မည်သို့ဝတ်ပြုကိုးကွယ်ရပါမည်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ဘုရားသခင်၏ဗိမာန်တော်ဖြစ်သော ကျွန်ုပ်ကိုယ်ကို သန့်ရှင်းစွာ ကျွန်တော်ထားရပါမည်။

သောကြာ၊ ဩဂုတ် (၁၂)
**၁ ပေ ၂း၇**
ဆာလံ ၃၄း၁-၁၁

*"ပေးတော်မူသောဩဝါဒများကို တောင့်တပါ၏။ ဖြောင့်မတ်ခြင်း တရားတော်အားဖြင့် အကျွန်ုပ်ကိုအသက်ရှင်စေတော်မူပါ"*

# သူသည်ဘုန်းအသရေရှိတော်မူ၏

မြစ်အပေါင်းတို့သည် ပင်လယ်ထဲသို့စီးဝင်သကဲ့သို့ ကျွန်ုပ်တို့၏ကယ်တင်ရှင်ဘုရား၌ နှစ်သက်စရာအပေါင်းစုံလင်တော်မူ၏။ ကိုယ်တော်၏အကြည့်တချက်သည် နေထက်လင်းလက်တော်မူ၏။ သူ့မျက်နှာတော်သည် အလှပဆုံးသောပန်းတကာထက် ပို၍လှပတော်မူ၏။ ကိုယ်တော့်နှုတ်ထွက်စကားထက်ပို၍ မွှေးကြိုင်သောရနံ့မရှိပါ။ ကိုယ်တော်၏ဘုန်းအသရေတော်နှင့်နှိုင်းယှဉ်လျှင် တွင်းထွက်ရတနာနှင့်ပင်လယ်မှ ပုလဲလုံးတို့သည် မှေးမှိန်၍ တန်ဖိုးမရှိကြပါ၏။

တမန်တော်ပေတရုက ယေရှုသည်ဘုန်းအသရေတော်နှင့်ပြည့်စုံ၍ အလွန်မြတ်တော်မူကြောင်း ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ဘယ်လောက်မြတ်တော်မူကြောင်းကို မဖော်ပြနိုင်ခဲ့ပါ။ အဘယ်သူသည် ဘုရားသခင်ပေးသနားတော်မူသော ကယ်တင်ခြင်းကျေးဇူး၏တန်ဖိုးကို ထွက်ချက်နိုင်ပါမည်နည်း။ မိမိလူတို့အတွက် သခင်ယေရှုသည် အလွန်တန်ဖိုးကြီးမြတ်မူသောကြောင့် စကားလုံးဖြင့် ဖော်ပြ၍မရနိုင်ပါ။ ကျွန်ုပ်တို့၏ရောင့်ရဲတင်းတိမ်မှုနှင့် ရွှင်လန်းဝမ်းမြောက်ခြင်းဖြစ်တော်မူ၏။ အသင်ယုံကြည်သူ၊ သခင်ယေရှုမပါလျှင် ဘယ်လောက်ဘဲကြွယ်ဝခြင်းရှိပါစေ ဟာတာတာဖြစ်လျက်ရှိသည်ကို သင်သိသည်မဟုတ်လော။ နေသာသည့်တိုင် ခရစ်တော်မျက်နှာပြတော်မမူလျှင် ဤလောကတစ်ခုလုံးသည် သင့်အတွက်မှောင်မိုက်ပင်ဖြစ်ပါ၏။ ညဥ့်ထွန်းလင်းသော နံနက်မိုးသောက်ကြယ်မရှိလျှင် အဘယ်ကြယ်က သင့်ကိုအလင်းပေးနိုင်မည်နည်း။ သခင်ယေရှုမပါလျှင် ဤလောကကမ္ဘာသည် ကန္တာရသဖွယ်ခြောက်ကပ်ကပ်ဖြစ်နေပါ၏။ သူသည် မိမိမျက်နှာတော်ကို ကျွန်ုပ်တို့ထံမှဝှက်ထားတော်မူလျှင် ကျွန်တော်တို့သည် နွမ်းနယ်ခြင်းရှိ၏။ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းပျောက်ကွယ်၏။ တေးငှက်တို့၏သီချင်းဆိုသံမကြားရတော့ပါ။ လှိုင်းလုံးတို့က ကျွန်ုပ်တို့မျှော်လင့်ချက်တို့ကို ဖယ်ရှားပစ်တတ်၏။ ဖြောင့်မတ်ခြင်းနေမင်းကွယ်သွားလျှင် ဤလောကရှိဖယောင်းတိုင်အပေါင်းတို့သည် အလင်းမပေးနိုင်ကြပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အသက်၏အသက်သခင်၊ ကျွန်ုပ်တို့အလင်း၏အလင်းရှင်ဖြစ်တော်မူ၏။

ချစ်သောစာဖတ်သူ၊ နေ့စဉ်အသက်တာ၌ ကိုယ်တော်မပါလျှင် ဤလောက၌သင်ဘာလုပ်ပါမည်နည်း။ ည သင်အိမ်ပြန်ရောက်သောအခါ ခရစ်တော်နှင့်အတူ မိဿဟာယဖွဲ့ခြင်းအခွင့်မရှိလျှင် သင်ဘာလုပ်ပါမည်နည်း။

ယေရှုသည် မိမိလူတို့ကို ဘယ်သောအခါမျှ စွန့်ပစ်တော်မမူသောကြောင့်၊ ကျွန်ုပ်တို့ကို အထီးကျန်စွာထားတော်မူမည်မဟုတ်သောကြောင့် နာမတော်ကိုချီးမွမ်းပါ၏။ ကိုယ်တော်မပါသောဘဝကို သင်တွေးကြည့်ပါလျှင်၊ ကိုယ်တော်၏တန်ဖိုးကြီးမြတ်မှုကို သင်ခံစားရပါလိမ့်မည်။

(C.H.Spurgeon)

**ဆင်ခြင်ရန်** - ယေရှုမပါလျှင် အကျွန်ုပ်ဘဝသည်မည်သို့သောဘဝဖြစ်ပါမည်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ "ယေရှုသည် အကျွန်ုပ်၏အရာခပ်သိမ်းဖြစ်တော်မူ၏" ဟူသော အတွေးက အကျွန်ုပ်ကိုပို၍သန့်ရှင်းသောအထက်အရပ်သို့ ခေါ်ဆောင်တော်မူပါစေသော်။

# မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး

အပြစ်အတွက် စုံလင်သောယဇ်ပူဇော်ခြင်းကို ခရစ်တော်ပြုတော်မူပြီးနောက်တွင်၊ ယဇ်ပုရောဟိတ်တို့၏နေ့စဉ် တိရစ္ဆာန်ယဇ်ပူဇော်ခြင်းမလိုအပ်တော့ပါ။ ယေရုရှလင်မြို့ရှိ ဗိမာန်တော်ကိုဝိညာဉ်တော်ဖြင့် အစားထိုးပြီးဖြစ်သောကြောင့် ရှေးယဇ်ပုရောဟိတ်ဖြစ်ခြင်းလည်း မရှိတော့ပါ။ ယုံကြည်သူတို့သည် ဘုရင့်အမျိုးယဇ်ပုရောဟိတ်ဖြစ်လာကြပြီး ဝိညာဉ်ယဇ်ပူဇော်ခြင်းတို့ကို ပြုနိုင်ကြ၏ (၁ ပေ ၂း၉၊ ဗျာ ၁း၅-၆)။

ရှေးယဇ်ပုရောဟိတ်အစီအစဉ်တွင် နေ့စဉ်ယဇ်ပူဇော်ခြင်းပြုကြရ၏။ ထိုနည်းတူ ဝိညာဉ်ရေးရာယဇ်ပုရောဟိတ်ဖြစ်ကြသော ကျွန်တော်တို့သည်နေ့စဉ်ဝိညာဉ်ယဇ်ပူဇော်ခြင်းကို ပြုကြရပါမည်။ ကျွန်ုပ်တို့၏ယဇ်ပူဇော်သက္ကာတို့သည် ဝိညာဉ်ဆုကျေးဇူးအတိုင်း ဘုရားသခင်၏အမှုတော်ဆောင်ရွက်ချီးမွမ်းခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏အသက်တာကို ကိုယ်တော်အသုံးတော်ခံခြင်းငှါ ကျွန်တော်တို့ဆက်ကပ်သောအခါ ဘုရားသခင်လက်ခံတော်မူသော ယဇ်ပူဇော်ခြင်းမြောက်ပါ၏ (ရောမ ၁၂း၁)။ နှုတ်အားဖြင့် ဘုရားသခင်ချီးမွမ်းခြင်းသည်လည်း ပူဇော်သက္ကာမြောက်ပါ၏ (ဟေဗြဲ ၁၃း၁၅-၁၆)။ ထို့ကြောင့်၊ ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးတော်ကို သူတပါးထံကျွန်တော်တို့ ဟောပြောခြင်းသည် ဘုရားသခင်နှစ်သက်တော်မူသောယဇ်ပူဇော်ခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဘုရင့်အမျိုးယဇ်ပုရောဟိတ်သာမက၊ သန့်ရှင်းသောလူမျိုးဖြစ်ကြပါသည်။ ယုံကြည်သူတို့သည် ဘုရားသခင်၏အမှုတော်အတွက် သီးခြားခွဲခန့်ခြင်းခံရသော စည်းလုံးညီညွတ်သောလူမျိုးဖြစ်ပါသည်။ ထို့ပြင် ကျွန်တော်တို့သည် ဘုရားသခင်အပိုင်အဖြစ် ရွေးနှုတ်ခြင်းခံရသော “ပိုင်ထိုက်တော်မူသောအပေါင်းအသင်း” ဖြစ်ကြပါသည် (၁ ပေ ၂း၉)။ ဤအရာအားလုံးသည် မြတ်သောကောင်းကြီးမင်္ဂလာဖြစ်ကြသည်သာမက၊ ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးတော်ကို သက်သေခံခြင်းငှါ ခွင့်အားဖြစ်ကြပါ၏။ သမ္မာတရားမသိသောသူအချို့တို့သည် ကျွန်ုပ်တို့၏အသက်တာကိုဖတ်ရှုကြပါလိမ့်မည်ဟု ဆိုခဲ့ကြဖူးပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့အားမိမိ၏ကြီးမြတ်မှုကို ပြသဟောပြောကြခြင်းငှါ လိုအပ်သောခွင့်အားကို ပေးတော်မူ၏။

အရင်အချိန်၌ ကျွန်တော်တို့သည် ဘုရားသခင်၏အပေါင်းအသင်းမဟုတ်ကြပါ (၁ ပေ ၂း၁၀)။ ကျွန်တော်တို့သည် ဝိညာဉ်အရေး၌တန်ဖိုးမရှိသော၊ အကူအညီမဲ့သောသူဖြစ်ခဲ့စဉ် ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံလျက်ကျွန်ုပ်တို့ကို ဘုရားသခင်၏လူဖြစ်စေခဲ့ပါသည် (ရောမ ၅း၆)။ အပြစ်တရား၌သေလူဖြစ်၍ ပြစ်ဒဏ်ခံရမည့်သူဖြစ်လျက်ပင် ဘုရားသခင်သည် ဂရုဏာကျေးဇူးတော်ကို ကျွန်ုပ်တို့အားခံစားစေတော်မူ၏။ ထိုဂရုဏာတော်ကို သိမှတ်အောက်မေ့ခြင်းဖြင့်၊ ကျွန်တော်တို့သည် ဘုရားသခင်နှစ်သက်သောအသက်တာဖြင့် အသက်ရှင်၍ ဘုရားသခင်၏ ကျေးဇူးတော်ကို သူတပါးထံဟောပြောသက်သေခံကြရပါမည်။

**ဆင်ခြင်ရန်** - အဘယ်ဝိညာဉ်ယဇ်ပူဇော်ခြင်းကို ဘုရားသခင်ထံကျွန်တော်ဆက်ကပ်ပူဇော်နိုင်ပါသနည်း။

**ဆုတောင်းချက်** - အကျွန်ုပ်၏ထာဝရဘုရားသခင်၊ အကျွန်ုပ်သည် ကိုယ်တော်၏အပေါင်းအသင်းဖြစ်ပြီဖြစ်သောကြောင့် ကိုယ်တော်အတွက် အသက်ရှင်လိုပါ၏။

တနင်္ဂနွေ၊ ဩဂုတ် (၁၄)
၁ ပေ ၂း၁၁-၁၂
ဆာလံ ၁၉း၁-၄

*"အကျွန်ုပ်သည် နှုတ်ကပတ်တော်ကိုကိုးစားသည်ဖြစ်၍"*

# ဝိညာဉ်အတွက် အန္တရာယ်ရှိသော

ပေတရုက ဘုရားသခင်၏သားသမီးဖြစ်သောကျွန်တော်တို့အား ကောင်းကင်ဘုံသည် ကျွန်ုပ်တို့၏အိမ်တော်ဖြစ်၍ ဤလောကကမ္ဘာတွင် ကျွန်တော်တို့သည် ဧည့်သည်များသာဖြစ်ကြောင်း ထပ်မံသတိပေးခဲ့ပါသည်။ ဤလောကီအကျင့်အတိုင်း ကျင့်ခြင်းနှင့် ဤလောကကမ္ဘာ၌ သက်တောင့်သက်သာနေထိုင်ခြင်းတို့သည် ဝိညာဉ်ရေးရာ၏ကြီးမားသောအန္တရာယ်ဖြစ်ကြောင်း သမ္မာကျမ်းစာက အကြိမ်ကြိမ်သတိပေးထားပါသည် (၁ ပေ ၂း၁၁)။

နိုင်ငံတခုခု၌ ဧည့်သည်အဖြစ်ရောက်ရှိပြီးမှ ထိုနိုင်ငံ၏ထုံးတမ်းစဉ်လာတို့ကို အလွန်သဘောကျသဖြင့် ထိုနိုင်ငံသားအဖြစ်ကို ခံယူသောသူများစွာရှိနိုင်ပါသည်။ ထိုသူတို့သည် ထိုနိုင်ငံရှိ လူမျိုးတို့၏အကျင့်နေပုံထိုင်ပုံအတိုင်း နေထိုင်ခဲ့ပြီး၊ ကြာလာသောအခါ ထိုလူမျိုးတို့နှင့်ခွဲခြားမရလောက်အောင် ဖြစ်လာခဲ့ပါသည်။ ဘုရားသခင်၏သားသမီးဖြစ်သော်လည်း ဤလောကီအရာတို့ကို အလွန်နှစ်သက်သဖြင့် ပတ်ဝန်းကျင်၌ရှိသော မယုံကြည်သူတို့နှင့်ခွဲခြားမရအောင် တူညီမှုရှိလာခြင်းသည် အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။ ၁ ပေ ၂း၁၁ ထဲတွင် သတိပေးထားသော "ကိုယ်ကာယတပ်မက်ခြင်း" သည် ထိုလောကီအရာတပ်မက်ခြင်း၊ ဇာတိသဘော၏တပ်မက်ခြင်းကို ဆိုလိုပါသည်။

"ပျော်ရွှင်မှု" နှင့်ဆိုင်သောအရာမှန်သမျှကို ဘုရားသခင်ကအပြစ်ဟု သတ်မှတ်၏ဟု များစွာသောလူတို့က မှားယွင်းစွာနားလည်ထားကြပါသည်။ သို့သော်လည်း သမ္မာကျမ်းစာကမူ ဝိညာဉ်နှင့်စစ်ပြိုင်သော ထိုကိုယ်ကာလတပ်မက်ခြင်းကိုသာ ရှောင်ရှားရန်ရှင်းပြထားပါသည်။ အပြစ်သည် ကျွန်ုပ်တို့၏ဝိညာဉ်အသက်တာကို ဖျက်ဆီး၍ဘုရားသခင်ပေးသနားတော်မူသော ပျော်ရွှင်ငြိမ်သက်ခြင်းကို ဖယ်ရှားတတ်ပါသည်။

ခေတ်သစ်စိတ်ပညာရှင်တို့က လူသည် လူမှုရေးနယ်ပယ်၏ဖိအားများမှ လွတ်မြောက်သောအခါ၌သာ ဝမ်းမြောက်ပျော်ရွှင်နိုင်သည်ဟု ဆိုကြပါသည်။ သူတို့၏စကားသည် ဘုရားသခင်အား မုသားပြောသောသူဖြစ်စေသောကြောင့်၊ ထိုသွန်သင်မှုသည် မှားယွင်းပါ၏။ သူတို့သွန်သင်ချက်ဖြစ်သော "လူမှုရေးဖိအားမှလွတ်မြောက်ခြင်း" ဟူသောတရားကြောင့် မူးယစ်ဆေးစွဲသူပိုများလာ၍၊ မိသားစုပြိုကွဲခြင်း၊ ဘဝကိုပေါ့ပျက်ပျက်လျှောက်လှမ်းသူ ပို၍များပြားလာစေခဲ့ပါသည်။

ဘုရားသခင်၏သားသမီးဖြစ်သော ကျွန်တော်တို့သည် ဤလောကီလူတို့၏အကျင့်နှင့် ကျွန်ုပ်တို့လူဟောင်း၏ဇာတိသဘောနောက်သို့ မလိုက်ကြရပါ။ ထိုအကျင့်သည် ဝိညာဉ်အရေးကို ဖျက်ဆီးတတ်ကြ၏။ ကျွန်တော်တို့သည် ကောင်းကင်နိုင်ငံသားကဲ့သို့ ဇာတိအလိုတပ်မက်ခြင်းကို ရှောင်ကြရပါမည်။ ထိုသို့သောခရစ်တော်၏အကျင့်တိုင်း ကျင့်ခြင်းကသာလျှင် စိတ်ချမ်းသာခြင်း ယူဆောင်လာ၍ လောကီလူတို့အတွက် သက်သေကောင်းဖြစ်နိုင်၏။

**ဆင်ခြင်ရန်** - ဧည့်သည်ဖြစ်သောခရစ်ယာန်အတွက် ကြီးမားသောအန္တရာယ်ကားအဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ဇာတိအလိုတပ်မက်ခြင်းမှ အကျွန်ုပ်ကိုကွယ်ကာတော်မူပါ။

*"အကျွန်ုပ်၏နှုတ်ထဲက သစ္စာစကားကို
အလျှင်းရုပ်သိမ်းတော်မမူပါနှင့်"*

# ဘုရားသခင်အလိုရှိတော်မူသောစနစ်ကျမှုစည်းကမ်း

လူတို့၏စိတ်နှလုံးကို စည်းမျဉ်းစည်းကမ်းမဟုတ်ဘဲ ရှုပ်ထွေးမှုက အုပ်စိုးသောကာလဖြစ်ပါသည်။ ဆူပူမှုသည် တရားဥပဒေမဲ့ခြင်းလက္ခဏာဖြစ်၍ ထိုအမှုကိုယနေ့များစွာတွေ့ရပါသည်။ ထိုသို့ ဥပဒေချိုးဖောက်ခြင်း၊ အကျင့်ပျက်တို့သည် ယနေ့ခေတ်ကာလလူနေမှုစနစ်တခုကဲ့သို့ ဖြစ်လာခဲ့ပါသည်။ ဤသို့သောအခြေအနေ၌ ခရစ်ယာန်သည်မည်သို့နေထိုင်ရပါမည်နည်း။ ထိုပြဿနာ၏အဖြေကို ယနေ့ကျမ်းပိုဒ်၌ရှင်းလင်းစွာဖော်ပြထားပါသည်။

၁ ပေ ၂း၁၃-၁၄ ထဲတွင် ဘုရားသခင်ကခရစ်တော်နှင့်အစိုးရအကြား ဆက်ဆံရေးကိုဖော်ပြထားပါသည်။ အစိုးရနှင့်ထိုအစိုးရပြဋ္ဌာန်းထားသော ဥပဒေများကို လိုက်နာကြရန် တိုက်တွန်းထားပါသည်။ သမ္မာကျမ်းစာက ဤလောကရှိအစိုးရအပေါင်းတို့သည် ဘုရားသခင်၏ခွင့်ပြုခြင်းကြောင့်သာ အုပ်စိုးခြင်းအာဏာရှိကြကြောင်း ဖော်ပြထားပါ၏ (ဒံ ၄း၁၇၊ ရောမ ၁၃း၁)။ သို့သော်လည်း အစိုးရတိုင်းက ဘုရားသခင်နှစ်သက်သောအမှုပြုကြသည်ဟုမဆိုလို၊ သူတို့သည် ဘုရားသခင်၏ သားသမီးဖြစ်ကြသည်ဟုမဆိုလိုပါ၊ ဘုရားသခင်ခွင့်ပြုသည့်အချိန်ထိသာ သူတို့အုပ်စိုးခွင့်ရှိကြ၏။

အစိုးရသည် ဥပဒေကိုတရားမျှတမှုဖြင့် ကိုင်တွယ်ရပါမည်။ အစိုးရသည် "လူဆိုးတို့ကိုဒဏ်စီရင်စေခြင်းငှါ၎င်း၊ လူကောင်းတို့ကို ချီးမွမ်းစေခြင်းငှါ၎င်း" (၁ ပေ ၂း၁၄) ခန့်ထားခြင်းခံရကြ၏။ အစိုးရတိုင်းကောင်းသောအစိုးရ၊ တရားမျှတသောအစိုးရမဟုတ်ကြပါ။ ဤဩဝါဒစာစောင်ရေးသားသောအချိန်၌ ယုဒလူမျိုးတို့သည် ရောမအစိုးရ၏နှိပ်စက်ခြင်းကို ခံနေရသောကာလဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်၏ပညတ်ကို လိုက်လျှောက်ကြရပါမည်။ ကောင်းသောအစိုးရဖြစ်သောကြောင့် ကျွန်တော်တို့နာခံသည်မဟုတ်ဘဲ၊ ဘုရားသခင်၏စကားကြောင့် ဘုရားသခင်၏ သားသမီးတို့သည် နာခံကြရမည်ဖြစ်ပါသည်။

ခရစ်ယာန်သည် အစိုးရ၏စကားကိုနာမခံဘဲ နေရသောအကြောင်းတခုသာလျှင်ရှိပါသည်။ ထိုအကြောင်းမူကား၊ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခွင့်နှင့်သက်သေခံခွင့်ပိတ်ပင်တားမြစ်ခြင်းခံရသောအခါ ဖြစ်ပါသည်။ ထို့ကြောင့် တမန် ၅း၂၉ ထဲတွင် တမန်တော်က လူ့စကားထက် ဘုရားသခင်၏စကားကိုကျွန်တော်တို့နာခံရပါမည်ဟု ဆိုထားပါသည်။ ထိုသို့ပိတ်ပင်ခြင်းခံရသောအခါ ခရစ်ယာန်သည် အသေခံခြင်းထိတိုင်အောင် ဘုရားသခင်၏စကားကိုနာခံရပါမည်။ အခြားသောအမှုတို့တွင် ဘုရားသခင်၏သားသမီးနှင့်အစေခံကျွန်ဖြစ်သော ကျွန်တော်တို့သည် အစိုးရ၏စကားကိုနာခံ၍ နိုင်ငံ၌ငြိမ်သက်ခြင်းရှိခြင်းငှါ ကူညီပေးရပါမည်။ ထိုသို့ငြိမ်းချမ်းရေးရှိသောအခါ အသင်းတော်သည် ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးတော်ကို ပို၍သက်သေခံနိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်နှင့်အစိုးရအကြား ဆက်ဆံမှုသည် မည်သို့ရှိသင့်ပါသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်တို့၏အစိုးရအား "လူဆိုးတို့ကိုဒဏ်စီရင်စေခြင်းငှါ၎င်း၊ လူကောင်းတို့ကို ချီးမွမ်းစေခြင်းငှါ၎င်း" နှိုးဆော်တော်မူပါ (၁ ပေ ၂း၁၄)။

*"ကိုယ်တော်၏တရားကို
မခြားမလပ်အစဉ်အမြဲ ကျင့်စောင့်ပါမည်"*

# အစေခံရန်လွတ်မြောက်စေခြင်း

သခင်ယေရှုက မိမိတပည့်တော်တို့အား မိမိနောက်တော်သို့လိုက်ခြင်းဖြင့် သူတို့ကို လွတ်မြောက်စေမည့်သမ္မာတရားပို၍ သိရှိလေ့လာသင်ယူကြရမည်အကြောင်း မိန့်တော်မူ၏ (ယောဟန် ၈း၃၁-၃၂)။ သခင်ယေရှုမိန့်တော်မူသော ထိုသမ္မာတရားကိုဓမ္မသစ်ကျမ်းထဲတွင် မှတ်တမ်းတင်ရေးသားခဲ့ပါသည် (ယောဟန် ၁၇း၁၇)။ ထိုလွတ်မြောက်ခြင်းသည် အပြစ်နှင့်ဘာသာတရားထုံးတမ်းစဉ်လာလိုက်လျှောက်ခြင်းမှ လွတ်မြောက်စေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည် လွတ်မြောက်သောသူဖြစ်သော်လည်း၊ ထိုလွတ်မြောက်ခြင်းကို မမှန်မကန်အသုံးမပြုကြရပါ (၁ ပေ ၂း၁၆)။ ခရစ်ယာန်လွတ်လပ်မှုကို အပြစ်နှင့်ဆိုင်သော အကျင့်များဖုံးအုပ်ခြင်း၌ အသုံးမပြုရပါ။ ကျွန်ုပ်တို့လွတ်မြောက်ခြင်းသည် သခင်ယေရှု၏အမှုတော်ဆောင်ရန်နှင့် ဘုရား၏ချစ်ခြင်းမေတ္တာကို ဤလောကီလူတို့ထံပြသရန်ဖြစ်ပါသည်။

လူသားအားလုံးကို ဘုရားသခင်ရှေ့၌ တန်ဖိုးရှိသောသူများဖြစ်ကြောင်း ကျွန်တော်တို့ သိထားကြရပါမည်။ ယုံကြည်သူတို့သည် ကယ်တင်ခြင်းမခံရသေးသောအပြစ်သားနှင့်ဒုစရိုက်အမှုပြုသောသူတို့ကို တခါတရံနှိမ်တတ်ပါ၏။ ဘုရားသခင်သည် လူ့အသက်ကိုတန်ဖိုးထားကြောင်း သမ္မာကျမ်းစာကအကြိမ်ကြိမ်ဖော်ပြထားပါသည်။ လူသည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားခြင်းခံရသောသူဖြစ်သောကြောင့်၊ အပြစ်တရား၌ ယိုယွင်းသည့်တိုင်၊ လူသည်ဝိညာဉ်အရေး၌ တန်ဖိုးကြီးမားသောသူဖြစ်ပါသည်။ ထို့ကြောင့် လူသားတိုင်းကို ကျွန်တော်တို့တန်ဖိုးထားကြရပါမည်။

ယနေ့ခေတ်သည် အချင်းချင်းလေးစားမှုမရှိသောခေတ်ဖြစ်လာခဲ့ပါသည်။ ယုံကြည်သူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်းရှိကြရပါမည်။ ထိုစိတ်သဘောသည် ဝိညာဉ်ရေးရာအသိဉာဏ်၏အခြေခံဖြစ်ပါသည် (သုတ္တံ ၉း၁၀)။ ကျွန်တော်တို့သည် ဘုရားသခင်၏တန်ခိုးနှင့်ဘုန်းအသရေတော်ကိုသိမှတ်လျက် နှိမ့်ချခြင်းဖြင့် ရှေ့တော်၌ဒူးထောက်ကြရပါမည်။

အစိုးရသောသူတို့ကို နာခံခြင်းငှါတိုက်တွန်းခြင်း၌ ဘုရားသခင်ကြောက်ရွံ့ရိုသေခြင်းသဘောရှိရန် ဖော်ပြထားပါသည်။ ဘုရားသခင်ခွင့်ပြုတော်မူခြင်းကြောင့်သာ ထိုအစိုးရခြင်းအခွင့်ကို ရကြ၏။ ထို့ကြောင့် ဘုရားသခင်၏လူတို့သည် အစိုးရကိုနာခံရပါမည်။ စစ်မှန်သောခရစ်ယာန်၏ လွတ်လပ်ခြင်းသည် လူကိုနှိမ့်ချသောအသက်တာရှိစေပြီး၊ သူတပါးကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖြင့် ဂရုစိုက်စေပါ၏။

**ဆင်ခြင်ရန်** - ဝိညာဉ်အသိဉာဏ်အပေါင်းအခြေခံသောစိတ်သဘောသည် အဘယ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အစိုးရကို ဘုရားသခင်ခန့်ထားတော်မူကြောင်းနှင့် အကျွန်ုပ်လွတ်လပ်မှုကို ဘုရားသခင်ပေးတော်မူကြောင်း သိမှတ်ခြင်းဖြင့် နှိမ့်ချသောအသက်တာဖြင့် ကျွန်တော်အသက်ရှင်လိုပါ၏။

ဗုဒ္ဓဟူး၊ ဩဂုတ် (၁၇)

**၁ ပေ ၂း၁၈-၂၀**

ဆာလံ ၃၇း၁-၁၁

*"ဩဝါဒများကိုအကျွန်ုပ်ရှာဖွေမေးမြန်းသည်ဖြစ်၍၊ အဆီးအတားမရှိဘဲ သွားလာရပါ၏"*

# ရိုးသားသောအလုပ်

သမ္မာကျမ်းစာသင်ပေးသော ပုံမှန်ခရစ်ယာန်အကျင့်သည် ဤလောကီလူတို့အကျင့်နှင့် ဆန့်ကျင်တတ်ပါ၏။ အလုပ်ရှင်နှင့်အလုပ်သမားဆက်ဆံရေးအကြောင်း သမ္မာကျမ်းစာသင်ပေးချက်၌ ထင်ရှားလှပါ၏။

ယနေ့များစွာသောအလုပ်သမားတို့သည် နည်းနည်းလုပ်၍များများရချင်ကြ၏။ ထိုသို့သော စိတ်သဘောထားကို ခရစ်ယာန်၌လည်း လွယ်ကူစွာရောက်နိုင်ပြီး၊ ထိုအခါ ဘုရားသခင်အတွက် သက်သေခံရသော အခွင့်ဆုံးရှုံးနိုင်ပါသည်။

၁ ပေ ၂း၁၈ ၌တွေ့ရသော "အစေခံငယ်သား" သည် အိမ်မှုကိစ္စအကူအညီပေးခြင်းကို ဆိုလိုပြီး၊ အခြားကျမ်းပိုဒ်တွင် "အစေခံကျွန်" တို့ကို ရည်ညွှန်း၍အသုံးပြုပါသည်။ ရှေးခေတ်ကျွန်စနစ်ကျင့်သုံးသောကာလ၌ပင် ခရစ်ယာန်တို့သည် ဘုရားသခင်အတွက် သက်သေခံကြရန် တိုက်တွန်းခံရကြသည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် ယနေ့အလုပ်လုပ်သောနေရာတို့၌ ဘုရားသခင်အတွက် ပို၍အသက်ရှင်ကြရပါမည်။

ခရစ်ယာန်တို့သည် အလုပ်ရှင်(သို့)အထက်လူကြီးတို့၏ညွှန်ကြားချက်ကို ရိုသေလေးစားခြင်းဖြင့် နာခံကြရပါမည်။ အခြားကျမ်းပိုဒ်တွင်၊ ခရစ်ယာန်သည် အလုပ်ရှင်မရှိသောအချိန်၌လည်း ကောင်းမွန်စွာအလုပ်လုပ်ရန် တိုက်တွန်းခြင်းခံရ၏ (ကောလော ၃း၂၂-၂၅၊ ဧဖက် ၆း၇)။ ဘုရားသခင်၏သားသမီးတို့သည် အလုပ်ရှင်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အလုပ်ကိုကောင်းကောင်းလုပ်ရပါမည်။ ထိုသို့ကောင်းမွန်စွာအလုပ်လုပ်ခြင်းငှါ ခရစ်ယာန်တို့သည် ဘုရားသခင်၏ တိုက်တွန်းခြင်းကိုခံရကြ၏။ အမှန်မှာ ကျွန်တော်တို့သည် ဘုရားသခင်အတွက် အသက်ရှင်၍အလုပ်လုပ်နေကြခြင်းဖြစ်ကြောင်း သိထားကြရပါမည်။ မိမိကိုယ်ကျိုးအတွက်မဟုတ်ဘဲ၊ ဘုရားသခင်၏ ကျေးဇူးတော်သက်သေခံခြင်းအမှုဖြစ်ပါသည်။

ကောင်းမွန်စွာမလုပ်ဆောင်သောကြောင့် နှိပ်စက်ခြင်းခံရလျှင် ထိုက်တန်သောဒဏ်ကိုခံရ၏ဟု မှတ်ယူနိုင်ပါသည်။ သို့သော်လည်း၊ ကောင်းမွန်စွာလုပ်ဆောင်လျက်ပင်၊ ခရစ်တော်ကျင့်သကဲ့သို့ ကျင့်လျက်ပင် နှိပ်စက်ခြင်းခံရလျှင် ဘုရားသခင်နှစ်သက်သောပူဇော်သက္ကာဖြစ်ကြောင်း မှတ်သားကြရပါမည်။ ထို့ကြောင့် ခရစ်ယာန်သည်အလုပ်လုပ်သောနေရာ၌ လုပ်အားခထက် ယုံကြည်မှုသစ္စာတရားနှင့်ကောင်းသောအကျင့်ကို အဓိကထား၍လုပ်ဆောင်ရပါမည်။ ဤသည်ကား၊ ခရစ်ယာန်၏ ကောင်းသောအကျင့်ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် မိမိအလုပ်ရှင်အပေါ်၌ မည်သို့သော စိတ်သဘောထားရှိရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ထံပြုသကဲ့သို့ အရာခပ်သိမ်းကို ပြုမည်အကြောင်း မစတော်မူပါ (ကောလော ၃း၂၃)။

*"သက်သေခံတော်မူချက်တို့ကို မင်းများထံမှာ ပြန်ပြော၍၊ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ပါလိမ့်မည်"*

# ခရစ်တော်၏အသက်တာကိုအတုယူခြင်း

ဧည့်သည်တဦး၏ဘဝသည် ခက်ခဲလှပါ၏။ ခရစ်ယာန်ဖြစ်သောကျွန်တော်တို့သည် ခက်ခဲသောဘဝကို ကျော်ဖြတ်သောအခါ သခင်ယေရှုကိုယ်တိုင်ထားခဲ့သောခက်ခဲသောဘဝသာဓကသည် ကျွန်ုပ်တို့အတွက် ခွန်အားဖြစ်ပါသည် (၁ ပေ ၂း၂၃)။

ဓမ္မဟောင်းကိုကိုးကားလျက်၊ တမန်တော်ပေတရုသည် သခင်ယေရှု၏အပြစ်ကင်းစင်မှုကို ဖော်ပြခဲ့ပါသည်။ စွပ်စွဲသောသူတို့၏ရှေ့၌ သခင်ယေရှုသည်လုံးဝအပြစ်မရှိသောသူ၊ အပြစ်ကင်းစင်သောသူဖြစ်ပါသည် (ဟေရှာ ၅၃း၉)။ ကဲ့ရဲ့ခြင်းခံရသောအချိန်၌ သခင်ယေရှုသည် စကားမပြောဘဲ နှုတ်ဆိတ်တော်မူ၏။ သူသည် ဘုရားဖြစ်၍ အရာခပ်သိမ်းကိုသိတော်မူ၍ ထိုသူတို့၏အပြစ်ကိုဖော်ပြနိုင်သော်လည်း မဖော်ပြခဲ့ပါ။ နာကျင်စွာဝေဒနာခံရသော်လည်း မတုန့်ပြန်ခဲ့ပါ။ မိမိကိုယ်ကိုကာကွယ်ခြင်းငှါ ကောင်းကင်တမန်များစွာခေါ်နိုင်သော်လည်း မခေါ်ခဲ့ပါ။ အကြောင်းမှာ ခမည်းတော်၏အလိုတော်အတိုင်း ကျွန်ုပ်တို့အတွက် မိမိအသက်ကိုစွန့်ခြင်းငှါ ဤလောကသို့ကြွလာခဲ့ခြင်းဖြစ်ပါသည် (မဿဲ ၂၆း၁၅-၅၆)။

ခရစ်တော်သည် မတရားသဖြင့် ဒုက္ခဝေဒနာခံရ၍၊ ခမည်းတော်ဘုရား၏တရားသောတရားစီရင်ခြင်းသို့ မိမိကိုယ်ကိုဆက်ကပ်ခဲ့ပါသည်။ မိမိပူဇော်သောယဇ်ပူဇော်မှုကို ခမည်းတော်သည် နှစ်သက်တော်မူ၍၊ သေခြင်းနှင့်အပြစ်ကိုအနိုင်ယူမည်အကြောင်း ယေရှုသိတော်မူ၏။ ထိုအောင်နိုင်ခြင်းသည် ခရစ်တော်ကိုမိမိ၏ကယ်တင်ရှင်အဖြစ် ယုံကြည်သောသူအပေါင်းရရှိကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အပြစ်ကို မိမိအပေါ်တင်လျက် အပြစ်၏တန်ခိုးနှင့်ပြစ်ဒဏ်မှ ကျွန်ုပ်တို့ကို လွတ်မြောက်စေခဲ့ပြီး ဘုရားသခင်၏မြတ်သောကယ်တင်ခြင်းသက်သေအဖြစ် ဖြောင့်မတ်စွာအသက်ရှင်နိုင်ရန် ကျွန်ုပ်တို့ကို ခွန်အားပေးတော်မူ၏။

ကျွန်တော်တို့သည် လမ်းမှားသောသိုးကဲ့သို့ဖြစ်၍ ကျွန်ုပ်တို့၏အပြစ်ဒဏ်ကို ယေရှုခရစ်တော်ခံစားခြင်းဖြင့် ဘုရားသခင်ကမိမိထံကျွန်ုပ်တို့ကို ပြန်၍ခေါ်ခဲ့ပါသည်။ ထိုသို့ ကျွန်ုပ်တို့၏အသက်ကို ကယ်တင်လျက်ကွယ်ကာခြင်းကို ပြုတော်မူသော သခင်ယေရှုပေးဆပ်ခဲ့သည့်အဘိုးအခကို ကျွန်ုပ်တို့အား ပြန်၍သတိရစေခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကယ်တင်ခြင်း၏ကြီးမြတ်သောအဖိုးအခနှင့်ချစ်ခြင်းမေတ္တာကိုသိမှတ်လျက် ကယ်တင်ရှင်နောက်တော်သို့ လိုက်ကြရပါမည်။ ထိုသို့ ခရစ်တော်ပြခဲ့သောအသက်တာသာဓကအတိုင်း ကျွန်တော်တို့အသက်ရှင်သောအခါ ဤလောကီလူတို့ထံသို့ ထိုကယ်တင်ခြင်းနှင့်အပြစ်မှကယ်နှုတ်ခြင်းတရားကို သက်သေခံရာရောက်ပါ၏။

**ဆင်ခြင်ရန်** - ခရစ်တော်၏အကျင့်ကို ကျွန်တော်အတုယူလိုပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်ဘဝ၏ရည်ရွယ်ချက်သည် ကိုယ်တော်၏အလိုတော်အတိုင်း အမှုပြုခြင်းဖြစ်ပါစေသော်။

သောကြာ၊ ဩဂုတ် (၁၉)
**၁ ပေ ၃း၁-၆**
ဆာလံ ၉၉

*“အကျွန်ုပ်သည် နှစ်သက်သော ပညတ်တော်တို့၌ မွေ့လျော်ပါမည်”*

# ခရစ်ယာန်ဇနီးသည်

ဘုရားသခင်၏အလိုတော်ကို နာခံလျက် အစိုးရသောသူတို့၏စကားကို နာခံခြင်းရှိကြရပါမည်။ ထိုသို့အစိုးရနှင့်အလုပ်ရှင်တို့၏စကားကို နာခံကြရမည်အကြောင်း ဘုရားသခင်မိန့်တော်မူချက်တို့ကို ကျွန်တော်တို့လေ့လာဆင်ခြင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ၊ ဇနီးသည်တို့သည် မိမိတို့ခင်ပွန်း၏အုပ်စိုးခြင်းကိုနာခံကြရမည်အကြောင်း သမ္မာကျမ်းစာက သွန်သင်ထားပါသည်။ ဤအချက်သည် ဘုရားသခင်ရှေ့၌ ပို၍ကြီးမြတ်သည်မကြီးမြတ်သည်ဟူသောအကြောင်း မဟုတ်ပါ။ ဘုရားသခင် ချမှတ်ထားသောနည်းစနစ်ဖြစ်ပါ၏။ လူတိုင်း၌ မိမိ၏တာဝန်ဝတ္တရားရှိကြကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ထိုတာဝန်ဝတ္တရားတို့ကို ကျေပွန်စွာဆောင်ရွက်ကြသောအခါ စည်းလုံးညီညွတ်ခြင်းနှင့် ကျေနပ်မှုရှိ၏။ ထိုသို့မဟုတ်လျှင် ရှုပ်ထွေးခြင်းကနေရာယူတတ်ပါသည်။

သမ္မာကျမ်းစာကမယုံကြည်သောခင်ပွန်း၏ဇနီးသည်တို့ကို ခွန်အားပေးခဲ့ပါသည်။ ထိုသို့ ခရစ်ယာန်နာခံခြင်းအသက်တာဖြင့် မိမိခင်ပွန်းထံဆက်ကပ်ခြင်းရှိသောအခါ ကောင်းသောသက်သေကိုခံလျက်ရှိကြောင်း ဖော်ပြခဲ့ပါသည် (၁ ပေ ၃း၁-၂)။

ခရစ်ယာန်ဇနီးသည်တို့၏ နောက်တာဝန်တစ်ခုမှာ တင့်တယ်လျောက်ပတ်စွာဝတ်စားဆင်ယင်ခြင်းဖြစ်ပါသည်။ တင့်တယ်လျောက်ပတ်စွာဝတ်စားဆင်ယင်ခြင်းအကြောင်းကို များစွာဖော်ပြခဲ့ကြပါသည်။ ထုံးတမ်းစဉ်လာတစ်ခုနှင့်တစ်ခုမတူညီကြပါ၊ ခေတ်တစ်ခုနှင့်တစ်ခုလည်း မတူညီကြပါ။ သို့သော်လည်း၊ ဤတင့်တယ်လျောက်ပတ်စွာ ဝတ်စားဆင်ယင်ခြင်းပညတ်သည် အဘယ်အရပ်၌နေနေ၊ ဘယ်အချိန်၌ဖြစ်ဖြစ် ခရစ်ယာန်အပေါင်းလိုက်လျှောက်ရမည့်ပညတ်ချက်ဖြစ်ပါသည်။ ခရစ်ယာန်အမျိုးသမီးတစ်ဦးသည် ဝတ်စားဆင်ယင်သောအခါ သူတပါးဆွဲဆောင်ရန်နှင့် သူတပါးစိတ်ကိုဖမ်းဆုပ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့်မဝတ်ဆင်ရပါ (၁ ပေ ၃း၃)။ ရှေးအမျိုးသမီးတစ်ချို့တို့သည် မိမိတို့ဆံပင်ကို အမျိုးမျိုးအလှဆင်၍ ပံ့သွင်းခဲ့ကြပါသည်။ ခရစ်ယာန်အမျိုးသမီးတို့သည် ခေတ်ပေါ်ဖက်ရှင်ကို အတုမယူသင့်ပါ။ လွန်လွန်ကျူးကျူးမခြယ်သ၊ အလှမဆင်သင့်ပါ။

ယုံကြည်သူတို့သည် အပြင်ပန်းအဝတ်အစားနှင့်ဆင်ယင်မှုမဟုတ်ဘဲ၊ အတွင်းစိတ်လှပဖို့သည်သာလျှင် အဓိကဖြစ်ပါသည်။ ခရစ်ယာန်အမျိုးသမီး၏အကျင့်သည် သင့်တင့်လျောက်ပတ်သောစိတ်သဘောထားရှိခြင်းပင်ဖြစ်ပါသည်။ ထိုသို့သော အကျင့်ဖြင့်သမ္မာကျမ်းစာ၌ တွေ့ရသော၊ မြတ်သောဇနီးသည်တို့သည် မိမိကိုယ်ကိုပြင်ဆင်တတ်ကြ၏။ အပြင်ပန်းအဝတ်အစားထက်၊ ဘုရားကိုကြောက်ရွံ့သောစိတ်သဘောဖြင့်ပြင်ဆင်ခြယ်သခြင်းသည် ပို၍တင့်တယ်လှပပါ၏။ ဘုရားသခင်အတွက် ကောင်းသောသက်သေကိုပြလိုသော ယနေ့အမျိုးသမီးတို့သည်လည်း ထိုသို့ပြင်ဆင်ခြယ်သကြရပါမည်။

**ဆင်ခြင်ရန်** - ဇနီးသည်တို့သည် သမ္မာကျမ်းစာသွန်သင်ချက်အတိုင်း နာခံဆက်ကပ်မှုရှိရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်ယာန်အမျိုးသမီးဖြစ်သော ကျွန်မသည် နူးညံ့သိမ်မွေ့သော စိတ်သဘောထားဖြင့် မိမိကိုယ်ကို ပြင်ဆင်ခြယ်သလိုပါ၏။

စနေ၊ ဩဂုတ် (၂၀)
**၁ ပေ ၃း၇**
သုတ္တံ ၃၁း၁၀-၂၀ *"နှစ်သက်သောပညတ်တော်တို့အား လက်တို့ကိုချီ၍"*

# ယောက်ျားတို့ သင့်ဇနီးသည်ကိုချစ်ကြလော့

ခရစ်တော်သည် အသင်းတော်ကိုချစ်သည်နည်းတူ မိမိဇနီးသည်တို့ကိုချစ်ကြခြင်းငှါ ယောက်ျားတို့သည် တိုက်တွန်းခြင်းခံရ၏ (ဧဖက် ၅း၂၅)။ ခရစ်တော်၏ချစ်ခြင်းကဲ့သို့သော လက်တွေ့လုပ်ဆောင်ပြသခြင်းမျိုးဖြစ်ပါသည်။ အသင်းတော်အတွက် မိမိအသက်ကိုပေးဆပ်ခြင်းဖြင့် သခင်ယေရှုက မိမိချစ်ခြင်းကိုပြသခဲ့ပါသည်။ ထိုသို့သောစတေးခြင်းမေတ္တာဖြင့် မိမိဇနီးသည်တို့ကို ချစ်ခြင်းငှါ ယောက်ျားတို့သည်ပညတ်ခြင်းခံရကြပါမည်။

၁ ပေ ၃း၇ ထဲတွင် မိမိဇနီးသည်ကို မည်သို့လက်တွေ့ကျကျ ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖြင့်ချစ်ရမည်ကို ယောက်ျားတို့ကို သွန်သင်ပြသခဲ့ပါသည်။ ဇနီးသည်၏ပြဿနာ၊ လိုအပ်ချက်နှင့်ဆန္ဒများကို နားလည်သဘောပေါက်ပေးရပါမည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့၏အားနည်းချက်တို့ကို ယေရှုသနားတော်မူကြောင်း ဖော်ပြခဲ့ပါသည် (ဟေဗြဲ ၄း၁၅)။ ကျွန်ုပ်တို့၏ဖြစ်တည်မှုနှင့် ပြုသောအမှုတို့ကို ဘုရားသခင်နားလည်တော်မူ၏။ ထိုနည်းတူ ခရစ်ယာန်ယောက်ျားသည် မိမိဇနီးသည်ကို နားလည်ဖို့ကြိုးစားရပါမည်။ ထို့နောက် ဇနီးသည်တို့၏လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးရင်း ယောက်ျားသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ဇနီးသည်ထံပြသရပါမည်။

ခရစ်ယာန်ယောက်ျားသည် မိမိလက်အောက်သို့ ဇနီးသည်အား ဘုရားသခင်ထားတော်မူသည်ကို သိမှတ်လျက် ဇနီးသည်အပေါ် အနိုင်အထက်မပြုဘဲ ကြင်နာသနားခြင်းရှိရန်ဖြစ်ပါသည်။

ခရစ်ယာန်ဇနီးမောင်နှံသည် ဘုရားသခင်ပေးသနားတော်မူသော ကယ်တင်ခြင်းကျေးဇူးအားဖြင့် တစ်ကိုယ်တည်းဖြစ်ကြပါ၏။ ခရစ်ယာန်ထိမ်းမြားခြင်းသည် ဘုရားသခင်ရှေ့၌ပေါင်းဖက်ခြင်းဖြစ်ကြောင်း ကျမ်းစာထဲ၌တွေ့ရပါသည်။ ဇနီးသည်သည် မိမိယောက်ျား၏စကားကိုနာခံရပါမည်။ ယောက်ျားကလည်း မိမိ၏တာဝန်ဝတ္တရားကို သိလျက် ဇနီးသည်ကိုချစ်လျက် ကြင်နာသနားခြင်းရှိရပါမည်။

ဤသွန်သင်မှုအဆုံး၌တွေ့ရသော သတိပေးချက်ကိုအမှတ်ရကြပါစို့။ ဇနီးမောင်နှံအကြား ဆက်ဆံရေးမကောင်းသောအခါ၊ ထိုပညတ်ချက်နာမခံသောအခါ ဆုတောင်းခြင်းအသက်တာကို ထိခိုက်စေပါသည်။ တစ်ဖက်တွင် ဇနီးမောင်နှံတို့သည် ချစ်ခြင်းမေတ္တာဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြသောအခါ ဘုရားသခင်ရှေ့၌သူတို့၏ဆုတောင်းခြင်းအသက်တာသည် အားကြီးခြင်းရှိပါ၏။ ထိုသို့သော မိသားစုစည်းလုံးညီညွတ်ခြင်းက ဝိညာဉ်ကောင်းကြီးမင်္ဂလာနှင့်ခွန်အားကို ဖြစ်စေပါသည်။

**ဆင်ခြင်ရန်** - ယောက်ျားတို့ နားလည်သဘောပေါက်ခြင်းအသိဉာဏ်ရှိကြပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နာခံခြင်းရှိခြင်းငှါ အကျွန်ုပ်ကို မစတော်မူလျက် အကျွန်ုပ်မိသားစု၌ ငြိမ်သက်ညီညွတ်ခြင်းချပေးသနားတော်မူပါ။

# ခရစ်တော်၌ညီညွတ်ခြင်း

ဓမ္မသစ်ထဲတွင် ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောသူကို "ညီအစ်ကို" ဟုအကြိမ်နှစ်ရာအထက် အသုံးပြုရည်ညွှန်းထားကြောင်း တွေ့ရပါသည်။ ယခုတွင် သခင်ယေရှု၌ထိုညီအစ်ကိုများ မည်သို့နေထိုင်ကြမည်ကို ဖော်ပြထားပါသည်။ ကျွန်တော်တို့သည် စိတ်နှလုံးညီညွတ်ခြင်းရှိကြရပါမည်။ ဤညီညွတ်မှုသည် ဘုရားသခင်၏နှုတ်ကပတ်တော်သိခြင်းနှင့် နာခံခြင်းအားဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏အသက်တာ၌ လိုက်လျှောက်စရာများ သွန်သင်ခြင်းငှါ သမ္မာကျမ်းစာကျွန်ုပ်တို့လက်ထဲ၌ ပေးအပ်ခြင်းဖြစ်ပါသည်။ ဤသွန်သင်ချက်တို့က ဘုရားသခင်၏စကားကိုနာခံခြင်းခွန်အားပေးလျက် ယုံကြည်သူတို့အား တူညီသောရည်ရွယ်ချက်ကို ရှိစေပြီး ဤလောကီလူတို့ထံမြင်နိုင်သောသက်သေကို ပြရကြ၏။

ကျွန်တော်တို့သည် အချင်းချင်းစိတ်ကြင်နာခြင်းရှိကြရပါမည် (၁ ပေ ၃း၈)။ ကျွန်ုပ်တို့၏ စိတ်ခံစားမှုသည် အချင်းချင်းလိုက်ညီမှုရှိရပါမည်။ ဝမ်းနည်းသောသူနှင့်အတူ ဝမ်းနည်းလျက် ဝမ်းမြောက်သောသူနှင့်အတူ ဝမ်းမြောက်ကြရပါမည်။ ဤသို့သော စိတ်သဘောထားရှိလျှင် မနာလိုဝန်တို မှုမရှိတော့ပါ။ ဤသို့သောအကျင့်သည် ဘုရားသခင်၌အမှန်ညီအစ်ကိုဖြစ်သောသူတို့၌ တွေ့ရသော ရိုးသားသည့်အကျင့်ဖြစ်ပါသည်။ သခင်ယေရှု၌အချင်းချင်း တစ်ယောက်ကိုတစ်ယောက်ချစ်၍ သနား စုံမက်ခြင်းရှိကြရပါမည်။ ကျွန်တော်တို့သည် စိတ်နှလုံးတံခါးကိုဖွင့်၍ ဝိညာဉ်ရေးရာအကူအညီလို အပ်သောသူအဖို့ ချဉ်းကပ်လွယ်သော၊ ပေါင်းသင်းလွယ်သောသူဖြစ်ကြရပါမည်။

နောက်ဆုံးတွင် ကျွန်တော်တို့သည် စိတ်နှိမ့်ချခြင်းရှိကြရပါမည် (၁ ပေ ၃း၈)။ မာနထောင် လွှားခြင်းအပြစ်က လူကိုကျရှုံးစေခဲ့ပြီး ထိုအပြစ်သည် လူ၏အားနည်းချက်ကြီးဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အစဉ်နှိမ့်ချသောစိတ်ရှိကြရပါမည် (၁ ပေ ၅း၆)။ ဘုရားသခင်၏နှုတ် ကပတ်တော်ကို ကျွန်တော်တို့အစဉ်လေ့လာသင်ယူပါလျှင် သန့်ရှင်းဖြောင့်မတ်တော်မူသော ဘုရား သခင်ရှေ့၌ ကျွန်ုပ်တို့၏မထိုက်တန်မှုကို မြင်တွေ့ကြရပါမည်။ ထိုအခါ ဘုရားသခင်ရှေ့ လူရှေ့၌ ကျွန်တော်တို့သည် နှိမ့်ချသောစိတ်ရှိကြမည်ဖြစ်ပါသည်။

ဤတရား နှိမ့်ချသောတရားကို ဖိလိပ္ပိဩဝါဒစာစောင်ထဲ၌ အထူးတိုက်တွန်းထားကြောင်း တွေ့ရပါသည်။ သခင်ယေရှုထားခဲ့သောသာဓကကို လိုက်လျှောက်ကြရန် တိုက်တွန်းထားပါသည်။ ကျွန်တော်တို့ထာဝရအသက်ရနိုင်ဖို့ရန် ဘုရားသခင်ဖြစ်သော သခင်ယေရှုသည်နာခံနှိမ့်ချစွာ ဤလောကသို့ကြွလာခဲ့ပါသည် (ဖိလိ ၂း၅-၈)။ ထို့ကြောင့် ကယ်တင်ရှင်၏ချစ်ခြင်းမေတ္တာကို ဤလောကီလူတို့မြင်ကြခြင်းငှါ ထိုသို့စိတ်ချသောစိတ်ဖြင့် နေထိုင်ကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ခရစ်ယာန်နှိမ့်ချခြင်းအသက်တာဖြင့် သူတပါးရှေ့၌ အသက်ရှင် ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ သခင်ယေရှုကဲ့သို့ နှိမ့်ချသောအသက်တာဖြင့် အသက်ရှင်ခြင်းငှါ မစတော်မူပါ။

*“ဗျာဒိတ်တော်အားဖြင့် အကျွန်ုပ်အသက်ရှင်သည်ဖြစ်၍
ဆင်းရဲကိုခံရစဉ်တွင် ထိုနှုတ်ကပတ်တော်သည်
အကျွန်ုပ်သက်သာစရာအကြောင်း ဖြစ်ပါ၏”*

# နှိမ့်ချစွာအသက်ရှင်ခြင်း

ကောင်းမြတ်သောခရစ်ယာန်အသက်တာဖြင့် အသက်ရှင်သောအခါ ယုံကြည်သူသည် ကဲ့ရဲ့ခြင်းနှင့်ပျက်ရယ်ပြုခြင်းတို့ကို ခံရနိုင်ပါသည်။ ထိုအခါ လက်တုန့်ပြန်ရမည့်အစား ထိုမကောင်းမှုကို ကောင်းမှုဖြင့်တုန့်ပြန်ကြရပါမည် (၁ ပေ ၃း၉)။ ယုံကြည်သူသည် ခရစ်တော်၌အမွေခံစရာရှိပါ၏။ ကဲ့ရဲ့သောသူတို့ရှေ့၌ နှိမ့်ချစွာနေထိုင်ပြီး နှိပ်စက်သောသူတို့ကို မေတ္တာပြလျက် ခက်ခဲသောကာလ၌ဝမ်းမြောက်စွာနေထိုင်နိုင်မည်အကြောင်း ကျွန်တော်တို့တစ်နေ့နေ့ခံရကြမည့် ထာဝရဘုန်းတော်ကို မျှော်ကြည့်လျက်နေထိုင်ကြပါစို့။ သမ္မာကျမ်းစာက “ငါတို့အား ပေါ်ထွန်းလတံ့သောဘုန်းကို ထောက်သော ယခုမျက်မှောက်ကာလ၌ခံရသော ဆင်းရဲဒုက္ခကိုပမာနမပြုထိုက်ဟု ငါသဘောရှိ၏” (ရောမ ၈း၁၈) ဟုဖော်ပြထားပါသည်။

၁ ပေ ၃း၁၀-၁၂ သည် ဆာလံ ၃၄း၁၂-၁၆ ကို ကိုးကားခြင်းဖြစ်ပါသည်။ ဤကျမ်းပိုဒ်တွင် ကျွန်တော်တို့သည် ဤလောကီကမ္ဘာ၌ ဘုရားသခင်အတွက် မည်သို့နေထိုင်ရမည်ကို ဖော်ပြခြင်းဖြစ်ပါသည်။ အငယ် ၁၀ ၌တွေ့ရသော “ကောင်းမွန်သော” ဟူသောစကားလုံးသည် လွယ်ကူခြင်းကို မရည်ညွှန်းဘဲ ဘုရားသခင်အတွက် အသီးသီးသောအသက်တာကို ဆိုလိုပါ၏။ “အသက်ကို မွေ့လျော်ခြင်း” ဆိုသည်မှာ ဤကမ္ဘာလောက၌အသက်ရှင်စဉ်ကာလကို တန်ဖိုးထား၍ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ အသုံးပြုခြင်းကိုဆိုလိုပါသည်။

ထိုသို့သောခရစ်ယာန်၏အသက်တာ၌ ဤအချက်တို့ကို တွေ့ရပါ၏။ ခန္ဓာကိုယ်တစ်ခုလုံးကို နှုတ်ကပျက်စီးစေတတ်ကြောင်းသိလျက် ကျွန်တော်တို့သည် မိမိနှုတ်ကိုသတိထားကြရပါမည် (ယာကုပ် ၃း၆)။ သတိမထားဘဲပြောသောစကား၊ မမှန်သောစကားကြောင့် လူတို့၏ဘဝများစွာပျက်စီးခဲ့ကြောင်း ဝမ်းနည်းစွာတွေ့ရပါ၏ (၁ ပေ ၃း၁၀)။

ခရစ်ယာန်အသက်တာသည် မကောင်းမှုပြုခြင်းသာသာမဟုတ်ပါ။ သမ္မာကျမ်းစာက ကောင်းမှုဟုခေါ်သောအရာတို့ကို ကြိုးစားဆောင်ရွက်ခြင်းပါပါသည်။ စစ်မှန်သောခရစ်ယာန်အသက်တာသည် ဘုရားသခင်အတွက် အမှုပြုခြင်းပင်ဖြစ်ပါသည် (၁ ပေ ၃း၁၁)။ ဆုတောင်းသံနားညောင်း၍ ဘုရားသခင်ထံမှ ကောင်းကြီးခံစားရခြင်းငှါ ကျွန်တော်တို့သည် နာခံခြင်းရှိကြရပါမည်။ မနာခံခြင်းသည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာပြင်ပ၌ နေထိုင်ခြင်းပင်ဖြစ်ပါသည် (၁ ပေ ၃း၁၂)။ မဝန်ခံနောင်တမရသောအပြစ်သည် ဆုတောင်းခြင်းအဖြေမရခြင်း၏ တရားခံဖြစ်ပါသည် (ဆာလံ ၆၆း၁၈)။ သို့သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်အလင်းထဲ၌ ကျင်လည်ခြင်းသည် ဘုရားသခင်နှင့်ရင်းနှီးသောမိဿဟာယကို ဖြစ်စေ၍အစဉ်သန့်ရှင်းစေခြင်းကို ဖြစ်စေကြောင်းသိကြပါ၏ (၁ ယော ၁း၇)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဖြောင့်မတ်သောအသက်တာကို ကြိုးစားလိုက်လျှောက်နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်နှုတ်၊ လျှာ၊ ပါးစပ်ကို ထိန်းသိမ်းခြင်းငှါ မစတော်မူပါ။

အဂၤါ၊ ဩဂုတ် (၂၃)
**၁ ပေ ၃း၁၃-၁၆**
ဆာလံ ၂၅း၁-၉

*"အို ထာဝရဘုရား၊ရှေးကာလ၌စီရင်တော်မူချက်တို့ကို အကျွန်ုပ်အောက်မေ့၍ ကိုယ်ကိုကိုယ်နှိမ့်သိမ့်စေပါ၏"*

# ကြောက်ရွံ့ခြင်းမရှိကြနှင့်

ရင့်ကျက်သောခရစ်ယာန်၏နှိမ့်ချသောစိတ်သဘောထားက ဘုရားသခင်ကိုစိတ်မဝင်စားသောသူတို့ကိုပင် ယုံကြည်သူတို့အပေါ်၌ ကောင်းသောသဘောရှိစေတတ်ပါသည် (၁ ပေ ၃း၁၃)။ "ဖြည်းညှင်းသောစကားသည် စိတ်ကိုဖြေတတ်၏" (သုတ္တံ ၁၅း၁)။

ခရစ်ယာန်သည် နူးညံ့သောစိတ်သဘောရှိခြင်းဖြင့် ငြိမ်းချမ်းသောအသက်တာပိုင်ဆိုင်ခြင်းငှါ အခွင့်အရေးရှိသည်ဟု ထင်ရသော်လည်း အာမခံချက်တော့မရှိပါ။ စာတန်သည် မယုံကြည်သူ၏စိတ်နှလုံး၌ အမုန်းတရားကိုဖြစ်ပေါ်စေလျက် ထိုနူးညံ့သိမ်မွေ့ခြင်းကို ညှင်းပန်းနှိပ်စက်ခြင်းဖြင့် တုန့်ပြန်စေတတ်ပါ၏။ သို့သော်လည်း ထိုသို့သော ညှင်းပန်းနှိပ်စက်ခြင်းခံရလျှင်လည်း ကျွန်တော်တို့သည် ကြောက်ရွံ့ခြင်းမရှိသင့်ပါ၊ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာသည် ကျွန်ုပ်တို့အပေါ်၌ တည်လျက်ရှိကြောင်း သိရပါသည် (၁ ပေ ၃း၁၄)။ ကျွန်တော်တို့သည် နာခံခြင်းရှိလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ အစဉ်ရှိတော်မူကြောင်း သိထားကြပါ၏ (ဟေဗြဲ ၁၃း၅-၆)။

ညှင်းဆဲနှိပ်စက်ခြင်းခံရသောအချိန်၌ ကျွန်တော်တို့သည် ဘုရားသခင်အားစိတ်ထဲမှ ချီးမွမ်းကြရပါမည်။ ထိုသို့ပြုရခြင်းမှာ ထိုအခက်အခဲကြား၌ ဘုရားသခင်သည် ကျွန်ုပ်တို့လိုအပ်သောအရာကို ဖြည့်ဆည်းလျက် အောင်မြင်ခြင်းပေးတော်မူမည်ဟူသော ဂတိတော်ကိုယုံကြည်ကိုးစားသောကြောင့်ဖြစ်ပါသည် (၁ ကော ၁၀း၁၃)။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည်ဘုရားသခင်၏ဂတိတော်နှင့်ပြည့်ဝသောအခါ ညှင်းဆဲခြင်းခံရသောအချိန်၌လည်း ကျွန်တော်တို့သည်အားရှိကြပါ၏။

"ပြန်ပြောခြင်းငှါ ကာလအစဉ်မပြတ်အသင့်ရှိနေကြလော့" (၁ ပေ ၃း၁၅)။ များစွာသောခရစ်ယာန်တို့သည် သူတို့၏ယုံကြည်ခြင်းအကြောင်း အမေးမခံရကြပါ။ ဤကျမ်းပိုဒ်၏ နောက်ခံအကြောင်းကို သိဖို့လိုပါသည်။ ဤခရစ်ယာန်သည် ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောရှိ၍ ကြင်နာခြင်းရှိသောသူဖြစ်သော်လည်း၊ ညှင်းပန်းနှိပ်စက်ခြင်းကို ခံရသောသူဖြစ်ပါသည်။ မတရားသောညှင်းဆဲခြင်းခံရသည့်တိုင် ခရစ်တော်အကျင့်ကဲ့သို့ နူးညံ့သိမ်မွေ့ခြင်းရှိသော ခရစ်ယာန်သည် သူ၏ယုံကြည်ခြင်းအကြောင်းကို မယုံကြည်သူတို့က မေးမြန်းတတ်ကြပါ၏။

ထိုသို့သော မေးခွန်းကိုနှိမ့်ချသောစိတ်ဖြင့် ပြန်လည်ဖြေကြားရပါမည်။ ညှင်းဆဲခြင်းခံရသည့်တိုင် ဘုရားသခင်၏သားသမီးတို့သည် မိမိ၏နေ့စဉ်အကျင့်ကို သတိထားရပါမည်။ ထိုသို့ ဘုရားသခင်၏စကားနာခံခြင်းဖြင့် နေထိုင်သောအခါ မယုံကြည်သူတို့သည် သူတို့ပြုသော မတရားမှုကြောင့် အရှက်ရကြပါလိမ့်မည် (၁ ပေ ၃း၁၆)။ မတရားသဖြင့် ညှင်းပန်းနှိပ်စက်ခြင်းကို ခံရစဉ် ခရစ်ယာန်၏ချစ်ခြင်းမေတ္တာကို ပြသခြင်းကြောင့် များစွာသောမယုံကြည်သူတို့သည် ကယ်တင်ခြင်းကို ရရှိခဲ့ကြကြောင်း အမှတ်ရကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်၏ဂတိတော်တို့ကို ယုံကြည်ကိုးစားပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ နှိမ့်ချသောစိတ်ရှိမည်အကြောင်း ကျွန်ုပ်ကိုမစတော်မူပါ (ဆာလံ ၁၄၇း၆)။

*"အထုံးအဖွဲ့တော်တို့သည်
အကျွန်ုပ်သီချင်းဆိုရာအကြောင်းဖြစ်ကြပါ၏"*

# ဆင်းရဲဒုက္ခအကြောင်းခရစ်ယာန်အမြင်

ဤလောကရှိ များစွာသောဘာသာရေးတရားက ဆင်းရဲဒုက္ခကို သူတို့၏ဝတ်ပြုခြင်းအစိတ်အပိုင်းတခုအဖြစ် မှတ်ယူထားကြပါသည်။ အပြစ်တရား၏ပြဿနာကို ဖြေရှင်းသည့်အနေဖြင့် များစွာသောလူတို့သည် လူ့ဘဝ၏ပျော်ရွှင်မှုကို ငြင်းပယ်ခဲ့ကြကြောင်း၊ မိမိကိုယ်ကို ညှင်းဆဲကြကြောင်း တွေ့ရပါသည်။ တခါတရံသူတို့၏နောင်တရခြင်းကို အားကျစရာကောင်းသည်ဟု ထင်ရသော်လည်း၊ တဖက်တွင် သူတို့သည်မိုက်မဲသောသူဟု ထင်မှတ်ရပါ၏။ ဘုရားသခင်နှင့်လူအကြား၌ရှိသော အပြစ်ကိုသူတို့သည် အမှန်ဖြေရှင်းလိုကြကြောင်း တွေ့ရပါသည်။

ဝမ်းနည်းစရာကောင်းသည်မှာ ထိုသို့မိမိကိုယ်ကို ညှင်းဆဲခြင်းသည် လုံးဝမလိုသော အရာဖြစ်ပါသည်။ သခင်ယေရှုသည် ဤအပြစ်ပြဿနာကို ဖြေရှင်းရန်အသေခံခဲ့ပြီးဖြစ်၍၊ အပြစ်သားတို့ကို ဘုရားသခင်ထံပြန်လည်ခေါ်ခဲ့ပြီဖြစ်ပါသည်။ ထိုအပြစ်၏ပြဿနာကို ဖြေရှင်းခြင်းငှါ ယေရှုသည် တစ်ကြိမ်သာအသေခံဖို့လိုပါ၏ (၁ ပေ ၃း၁၈)။ ထိုအပြစ်ကင်းသောခန္ဓာကိုယ်ကို ယဇ်ပူဇော်ခြင်းအတွက် ယေရှုစတေးခြင်းသည် အပြစ်ကြွေးဆပ်ရန် လုံလောက်သည်ဖြစ်၍ နောက်ထပ်ယဇ်ပူဇော်ခြင်းမလိုအပ်တော့ပါ။ ဤတကြိမ်ယဇ်ပူဇော်ခြင်းအားဖြင့် လူသည်ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သောသူဖြစ်လာခဲ့ပါသည်(ဟေဗြဲ ၁၀း၁၀)။ ဤခရစ်တော်အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနှင့်သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ယေရှုကိုမိမိ၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံယုံကြည်သူသည် အသစ်သောအသက်တာကို ပိုင်ဆိုင်ကြရ၏။ ထို့ကြောင့် အပြစ်ဒဏ်စီရင်ခြင်းမှ ကယ်တင်ခြင်းခံရခြင်းငှါ လူသည် နောင်တရ၍ ခရစ်တော်ပြုတော်မူသောယဇ်ပူဇော်ခြင်းကို လက်ခံဖို့သာဖြစ်ပါသည်။ ဤသတင်းကောင်းတရားကို ယုံကြည်သူတိုင်းက ဟောပြောကြရပါမည် (လုကာ ၂၄း၂၄-၄၇)။

ဘုရားသခင်က ခရစ်ယာန်တို့အား ယုံကြည်ခြင်းတရားကြောင့် အခက်အခဲကြုံတွေ့စေနိုင်ပါ၏။ ထိုအခါ အပြစ်အတွက်ပူဇော်ခြင်းကို ပြုကြသည်မဟုတ်ပါ။ ဟောပြောသောသတင်းကောင်းနှင့် ဖြောင့်မတ်ခြင်းတရားကြောင့် ဆန့်ကျင်ခံရခြင်းသာဖြစ်ပါသည်။ ယုံကြည်သူ၏အသက်တာ၌ အခက်အခဲရောက်လာနိုင်ပါသည်။ အကြောင်းမှာ လောကီလူတို့သည် သခင်ယေရှုကို မုန်းတီးကြသောကြောင့်ဖြစ်၏ (ယောဟန် ၁၅း၁၈)။ ယုံကြည်သူတို့သည် ထိုအခက်အခဲကို ခရစ်တော်၏စိတ်သဘောဖြစ်သော နူးညံ့သောစိတ်ဖြင့် ရင်ဆိုင်ကျော်ဖြတ်ကြရပါမည်။ ထိုအခါ မယုံကြည်သူတို့သည် သတင်းကောင်းကိုနားထောင်ခြင်းဖြင့် ခရစ်တော်၏ကယ်တင်ခြင်းအသိတရားရ၍ ကယ်တင်ခြင်းခံရကြနိုင်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်အတွက် ကျွန်တော်အခက်အခဲခံရန် ဆန္ဒရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ယခုခံစားနေရသော ဆင်းရဲဒုက္ခသည်ရောက်ရှိလာမည့်ဘုန်းအသရေတော်နှင့် နှိုင်းယှဉ်စရာမရှိကြောင်း ကျွန်တော်သိထားပါ၏ (ရောမ ၈း၁၈)။

*"အို ထာဝရဘုရား၊ ညဥ့်အချိန်၌နာမတော်ကို အကျွန်ုပ်အောက်မေ့၍ တရားတော်ကိုစောင့်ပါ၏"*

# ဘုရားသခင်သည်စိတ်ရှည်တော်မူ၏

၁ ပေ ၃း၁၉ သည် ကျမ်းတတ်ပုဂ္ဂိုလ်တို့အား အနက်ဖွင့်ခြင်း၌ ဒုက္ခပေးသောကျမ်းပိုဒ်ဖြစ်ပါသည်။ အချို့က ခရစ်တော်သည် ကယ်တင်ခြင်းအမှုမိမိစုံလင်စွာပြီးစီးဆောင်ရွက်တော်မူပြီဖြစ်ကြောင်း ကယ်တင်ခြင်းမခံသောသူတို့ထံ ဟောပြောသည်ဟုမှတ်ယူခဲ့ကြပါသည်။ အချို့က ရှေးအချိန်၌ ကယ်တင်ခြင်းခံခဲ့သောသူတို့ထံ သခင်ယေရှုတရားဟောသည်ဟု ယုံကြည်ကြပါသည်။ အချို့မှုကား၊ နောဧသည် မိမိခေတ်၌တရားဟောစဉ် ခရစ်တော်၏ဝိညာဉ်တော်သည် သူ၌တည်ခဲ့ကြောင်း ဤကျမ်းပိုဒ်ကသင်ပေးသည်ဟု မှတ်ယူကြပါသည်။ ဤအနက်ဖွင့်ချက် တစ်ခုစီတိုင်းကို ယခုလေ့လာ၍ မဖြစ်နိုင်ပါ။

သို့သော်လည်း ဆင်းရဲဒုက္ခအကြောင်း ခရစ်ယာန်အမြင် လေ့လာခြင်း၌အရေးကြီးသော အချက်တစ်ချို့ကိုတွေ့ရပါသည်။ ပထမအချက်မှာ၊ နာမခံသောလူတို့အပေါ်၌ ဘုရားသခင်စိတ်ရှည်တော်မူခြင်းကို တွေ့ရပါသည်။ နောဧသည် သင်္ဘောတည်ဆောက်စဉ် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားနှင့် လူတို့သည် နောင်တရကြဖို့လိုအပ်ကြောင်းကို ဟောပြောခဲ့ပါသည် (၂ ပေ ၂း၅)။ လူတို့က ပြက်ရယ်ပြုခဲ့ကြသော်လည်း၊ ဘုရားသခင်က နှစ်ပေါင်း ၁၂၀ လုံးလုံး ကယ်တင်ခြင်းသတင်းကို ကြားနာခွင့်ပေးခဲ့ပါသည် (ကမ္ဘာ ၆း၃)။

ဤသို့သော ဘုရားသခင်၏စိတ်ရှည်မှုသည် ယနေ့ကျွန်ုပ်တို့အပေါ်၌လည်း တည်လျက်ရှိပါ၏။ ကိုယ်တော်ကြွလာတော်မမူမီ လူတို့အားသတင်းကောင်းကြားနာရသော အခွင့်ပေးတော်မူလျက်ရှိပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့် စိတ်ရှည်မှုက ထိုသတင်းကောင်းကို ပြက်ရယ်ပြုသောသူတို့ကို စောင့်လျက်ရှိပါ၏ (၂ ပေ ၃း၉)။

ဘုရားသခင်၏စိတ်ရှည်ခြင်းနှင့်အပြိုင်၊ နောဧ၏သစ္စာရှိမှုကို သူ၏တရားဟောပြောခြင်းအမှု၌တွေ့ရပါသည်။ ထိုသို့ နှစ်ရှည်ပြက်ရယ်ပြုခြင်းခံရသည်ဖြစ်၍၊ သူ၏တရားဟောခြင်း၌မူ အနည်းငယ်သာရလဒ်ရခဲ့ပါသည်။ ပြစ်ဒဏ်စီရင်ခြင်းကျရောက်သောအခါ၊ လူရှစ်ဦးသာ ကယ်တင်ခြင်းခံရကြ၏။ ထိုသို့ နှစ်ရှည်အမှုတော်ဆောင်ခြင်း၌ ရလဒ်နည်းခဲ့ပါ၏။ လူ့စံနှုန်းအရကြည့်လျှင် နောဧ၏အမှုတော်ဆောင်ခြင်းသည် အောင်မြင်မှုမရှိဟု သတ်မှတ်ကြပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်ကမူ နောဧအားကြီးမြတ်သောဖြောင့်မတ်ခြင်းတရားဟောသောသူဟု သတ်မှတ်ထားတော်မူ၏ (ဟေဗြဲ ၁၁း၇)။

ဘုရားသခင်က လူအနည်းစုကသာ ကျဉ်းသောကယ်တင်ခြင်းလမ်းကို လက်ခံကြမည်ဖြစ်ကြောင်း သတိပေးထားသည်ကို အမှတ်ရကြပါစို့ (မဿဲ ၇း၁၃-၁၄)။ သို့သော်လည်း ထိုတစ်လမ်းထဲသောကယ်တင်ခြင်းလမ်းဖြစ်သော ယေရှုခရစ်တော်အကြောင်းကို သက်သေခံကြရပါမည် (ယောဟန် ၁၄း၆)။ ကျွန်ုပ်တို့၏အမှုတော်ဆောင်ရွက်မှုကိုမြင်နိုင်သော လူ့သတ်မှတ်ချက်ရလဒ် အပေါ်၌ အခြေခံ၍စီရင်မည်မဟုတ်ပါ။ နာခံခြင်းနှင့် သစ္စာရှိခြင်း၌အခြေခံ၍ စစ်ကြောမည်ဖြစ် ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏အမှုတော်ဆောင်ခြင်းကို ဘယ်အရာ၌အခြေခံ၍ ဘုရားသခင်စီရင်တော်မူမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သည် အဘယ်သူမျှ မဖျက်ဆီးဘဲ နောင်တရခြင်းငါ့အလိုရှိတော်မူသောကြောင့် (၂ ပေ ၃း၉)၊ ကယ်တင်ခြင်းမရသေးသော ကျွန်ုပ်ညီအစ်ကိုတို့ကို ကယ်တင်တော်မူပါ။

သောကြာ ၊ဩဂုတ်(၂၆)
**၁ပေ ၄း၁-၄**
ဆာလံ ၁၄၁

*"ပေးတော်မူသော ဩဝါဒများကိုနားထောင်သောအားဖြင့်အားရပါ၏"*

# အပြစ်မှလွတ်မြောက်ခြင်း

လူဇာတိခံဘုရားသခင်၊ အပြစ်ကင်းသောခရစ်တော်သည် အစေခံကျွန်၏သဏ္ဍာန်ကိုယူလျက်၊ ကားတိုင်၌အသေခံခြင်းတိုင်အောင်နာခံခြင်းရှိတော်မူခဲ့၏။ ဤဝေဒနာခံခြင်းနှင့်အသေခံခြင်းသည်ကျွန်ုပ်တို့၏အပြစ်ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်ကျွန်တော်တို့သည် ကယ်တင်ရှင်၏စိတ်သဘောထားကဲ့သို့သော စိတ်သဘာအကျင့်ရှိကြရပါမည် (ဖိလိ ၂း၅-၈)။

ခရစ်တော်၏ဝေဒနာခံခြင်းနှင့်အသေခံခြင်းကြောင့် ကျွန်တော်တို့သည်အပြစ်၏ ကျွန်ဘဝမှလွတ်မြောက်ခဲ့ကြ၏။ ခရစ်တော်နှင့်အတူရှင်ပြန်ထမြောက်သောသူကဲ့သို့ကျွန်တော်တို့ အသက်ရှင်ခြင်းငှါဘုရားသခင်ကခွန်အားပေးတော်မူ၏ (ရောမ ၆း၅-၈)။ ထိုလွတ်မြောက်သောအသက်တာကို ဤလောကီလူတို့ကကျွန်ုပ်တို့၌ မြင်တွေ့ကြရပါမည်။ ကျွန်ုပ်တို့၏ဆန္ဒအတိုင်းအသက်မရှင်ရတော့ပါ။ ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏အသက်တာသခင်သည် သမ္မာကျမ်းစာ၌တွေ့ရသော ဘုရားသခင်အလိုတော်၏ အုပ်စိုးလမ်းပြမှုအောက်၌ ရှိရပါမည် (၁ပေ ၄း၂)။

၁ပေ ၄း၃ထဲတွင် ကျွန်တော်တို့ကယ်တင်ခြင်းမခံမှီ ဆိုးရွားသောအခြေအနေကိုဖော်ပြခဲ့ပါသည်။ ဖော်ပြထားသောထိုအပြစ်တို့ကို ကိုယ်တိုင်ကျူးလွန်ခြင်းရှိမရှိ မသိရသည့်တိုင်ဘဝသည် ဆိုးသွမ်းမှုနှင့် ဇာတိသဘော၏အုပ်စိုးခြင်းကိုခံရ၏ (၁ကော ၆း၉-၁၀)။ ကယ်တင်ခြင်းခံရပြီးနောက်တွင်ထိုအမှုတို့ကို ကျွန်တော်တို့မပြုရတော့ပါ (၁ကော ၆း၁၁)။ ကားတိုင်တော်၏တန်ခိုးအားဖြင့် အပြစ်မှလွတ်မြောက်လျက်၊ ဖြောင့်မတ်ခြင်းအသက်တာဖြင့်အသက်ရှင်ရသောအခွင့်သည် အလွန်ထူးမြတ်လှပါ၏။

ကယ်တင်ခြင်းမခံရသောသူက အပြစ်နှင့်ပတ်သတ်၍ခရစ်ယာန်၏အခြေအနေကိုနားလည်သဘောပေါက်ခြင်းမရှိကြပါ။ အပြစ်ကိုငြင်းပယ်၍ ဖြောင့်မတ်ခြင်းအသက်တာရှိခြင်းသည် ဤလောကီလူတို့နှင့် ယုံကြည်သူခြားနားမှုပင် ဖြစ်ပါသည်။ ထိုအခါကျွန်တော်တို့သည် လောကီလူတို့၏ကဲ့ရဲ့ခြင်းကို ခံရတတ်ကြ၏။ ခေတ်အဆက်ဆက်ဘုရားသခင်၏အစေခံကျွန်တို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့်ကျရောက်လာမည့် တရားစီရင်ခြင်းတရားဟောခြင်းကြောင့် လောကီလူတို့၏ညှင်းဆဲခြင်းကိုခံခဲ့ရကြ၏ (လုကာ ၆း ၂၂)။ သခင်ယေရှုကိုယ်တိုင်လည်းလောကီလူတို့၏မုန်းတီးခြင်းကိုခံခဲ့ရပြီး၊ မိမိနောက်လိုက်တပည့်တို့သည်လည်း ထိုနည်းတူခံရကြမည်အကြောင်း သတိပေးခဲ့ပါသည် (ယောဟန် ၁၅း၁၈)။ ခရစ်တော်၏စိတ်သဘောပိုင်ဆိုင်လျက်၊ ယေရှုကြည့်မြင်သကဲ့သို့အရာရာတိုင်းကိုကြည့်မြင်သောသူ ကျွန်တော်တို့သည် ဖြောင့်မတ်စွာနေထိုင်လျက်ညှင်းဆဲခြင်းခံရလျှင်လည်း ဘုရားသခင်အတွက်သက်သေခံရသောအခွင့်ဟု သိမှတ်ကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်က အပြစ်မှလွှတ်မြောက်စေသောသူကဲ့သို့ကျွန်တော်သက်ရှင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏သက်သေတဦးအဖြစ် ကျွန်ုပ်ကိုရွေးနှုတ်တော်မူသောကြောင့်၊ ရဲရင့်သောသူတဦးဖြစ်ခြင်းငှါ ကျွန်ုပ်ကိုမစတော်မူပါ။

*“အို ထာဝရဘုရား၊ ကိုယ်တော်သည်
အကျွန်ုပ်၏အဘိုဖြစ်တော်မူ၏”*

# လူအပေါင်းတို့ကိုတရားစီရင်မည့်တရားသူကြီး

သမ္မာကျမ်းစာတခုလုံး၌ ကျရောက်လာမည့်တရားစီရင်ခြင်းအကြောင်းကို တွေ့ရပါသည်။ သတင်းကောင်း၌ပါဝင်သောအရေးကြီးသည့် တရားဟူမူကား၊ နောက်ဆုံး၌ဘုရားသခင်သည် သေသောသူနှင့်အသက်ရှင်သောသူအပေါင်းတို့ကို တရားစီရင်လိမ့်မည်ဟူ၍ဖြစ်ပါသည် (တမန် ၁ဝး၄၂)။ တရားမျှတစွာ တရားစီရင်မည့်ဘုရားသခင်သည် အရာခပ်သိမ်းကိုသိမြင်တော်မူ၏ (ဟေဗြဲ ၄း၁၃)။ ပြောသောစကားတိုင်းသည်လည်း ကြီးမြတ်ဖြောင့်မတ်သောတရားသူကြီးရှေ့၌ စီရင်ခြင်းခံရလိမ့်မည်။ လောကီလူတို့နှင့်မပေါင်းဖော်လိုသော ယုံကြည်သူတို့အား ကဲ့ရဲ့သောစကားတို့လည်း စီရင် ခြင်းခံရပါလိမ့်မည် (မဿဲ ၁၂း၃၆)။ လောကီလူသားအပေါင်းတို့ကို တရားစီရင်မည့် တရားသူကြီး သည် အဆင်သင့်ရှိပြီဖြစ်ပါသည်။ တရားစီရင်ရာနေ့သည် အလွန်နီးလှပြီ (၁ ပေ ၄း၅)။ ဤထာဝရ ဘုရားစီရင်ခြင်းကို သခင်ယေရှုခရစ်တော်က စီရင်မည်ဖြစ်ပါသည် (ရောမ ၂း၁၆)။ ထို့ကြောင့် လူသည် ယေရှုခရစ်တော်ကိုမိမိ၏ကယ်တင်ရှင်အဖြစ် လက်ခံမှာလား (သို့) နောက်ဆုံး၌ တရားသူ ကြီးအဖြစ် ရင်ဆိုင်မှာလားဟူသော အချက်မှန်လှပါ၏။

သတင်းကောင်းကို လက်ခံယုံကြည်ပြီးနောက်၊ ဤလောကမှထွက်ခွာခဲ့သောသူများစွာရှိပြီ ဖြစ်ပါသည် (၁ ပေ ၄း၆)။ သူတို့သည် ဤလောက၌အသက်ရှင်စဉ် မယုံကြည်သူတို့၏စီရင်ခြင်းကို ခံခဲ့ကြ၏။ သူတို့သည် မှားယွင်းစွာစွပ်စွဲခံရသောသူ၊ ကဲ့ရဲ့ခြင်းခံခဲ့ရသောသူ၊ ဖြောင့်မတ်သောသူ ဖြစ်ခဲ့ကြပါသည်။ ယခုတွင် ထာဝရအိမ်တော်သို့ရောက်ခဲ့ကြပြီဖြစ်သောကြောင့် ဤခရစ်ယာန်တို့ သည် ဘုရားသခင်နှင့်အတူ အသက်ရှင်ခြင်း၏စုံလင်သောကောင်းကြီးမင်္ဂလာကို သိမြင်ကြရပါ သည်။ ကယ်တင်ခြင်းမခံရသောသူတို့သည် ယုံကြည်သူတို့ကိုကဲ့ရဲ့လျက် နောက်ဆုံးအပြစ်ဒဏ်စီ ရင်ခြင်းကိုခံရကြလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးတို့သည် ကယ်တင်ရှင်ကိုမြင်တွေ့ရ မည်ဖြစ်၍ ကိုယ်တော်ကဲ့သို့ဖြစ်ကြပါလိမ့်မည် (၁ ယော ၃း၂)။

သမ္မာတရားကိုသိသောသူတို့သည် သတင်းကောင်းကိုနေရာတိုင်း၌ ဟောပြောကြရပါမည်။ လူတို့သည် သခင်ယေရှုကိုနောက်ဆုံးတရားသူကြီးအဖြစ် မရင်ဆိုင်ဘဲ ကယ်တင်ရှင်အဖြစ် သိရှိ လက်ခံယုံကြည်ကြခြင်းငှါ ကယ်တင်ခြင်းခံရသောသူတို့သည် သခင်ယေရှု၏မဟာစေခိုင်းချက် အတိုင်း ကယ်တင်ခြင်းသတင်းကောင်းကို လူတကာထံ ဟောပြောကြရပါမည်။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းမရသေးသောသူတို့အတွက် ကျွန်တော်မှန်မှန်ဆုတောင်းပါ သလား။

**ဆုတောင်းချက်** - အဖဘုရား၊ လူသည် တခါတည်းသေ၍ ထိုနောက်မှတရားစီရင်တော်မူခြင်းကို ခံရမည် (ဟေဗြဲ ၉း၂၇) ဖြစ်သောကြောင့် ကိုယ်တော်၏ကယ်တင်ခြင်းကို မြင်ကြ ရမည်အကြောင်း ကယ်တင်ခြင်းမခံရသေးသောသူတို့၏မျက်စိကို ဖွင့်ပေးတော်မူ ပါ။

တနင်္ဂနွေ၊ ဩဂုတ် (၂၈)
**၁ ပေ ၄း၇-၉**
ဆာလံ ၉၅

*"နှုတ်ကပတ်စကားတော်တို့ကို နားထောင်ပါမည်ဟု အကျွန်ုပ်ပြောထားပါပြီ"*

# ဘုရားသားသမီးကဲ့သို့နေထိုင်အသက်ရှင်ကြလော့

နောက်ဆုံးကာလသည် လျှင်မြန်စွာနေ့ရက်ရွေ့သွားနေသည်ဖြစ်သောကြောင့် ဤကမ္ဘာလောက၌ အပြစ်တရားစိုးမိုးမှုနှင့် ကိုယ်ကျိုးရှာမှုက နေရာယူထားလျက်ရှိပါသည်။ ထို့ကြောင့် ခရစ်ယာန်သည် ဤအပြစ်တရားစိုးမိုးမှုအကြား၌ မိမိကိုယ်ကိုထိန်းသိမ်းခြင်းတည်းဟူသော "သမ္မာသတိရှိခြင်း" လိုအပ်ပါသည် (၁ ပေ ၄း၇)။ ဤလောကလူတို့သည် အပြစ်တရားနောက်ကို လိုက်နေကြစဉ် ကျွန်တော်တို့သည် သခင်ကြွလာတော်မူမည့်နေ့ရက်ကို မျှော်ကြည့်ရင်းအချင်းချင်းခွန်အားပေး၍ ဘုရားသခင်အတွက် အသက်ရှင်ကြရပါမည် (ဟေဗြဲ ၁၀း၂၅)။ သမ္မာသတိရှိခြင်းက ကျွန်ုပ်တို့ကို ကြိုးစားအားထုတ်ခြင်းနှင့် ဆုတောင်းခြင်းအသက်တာရှိစေပါလိမ့်မည် (၁ ပေ ၄း၇)။

သမ္မာတရားကိုငြင်းပယ်၍ စာတန်၏မုသားစကားကိုလိုက်ကြသော ဤနောက်ဆုံးကာလတွင် သတိရှိလျက်ဆုတောင်းခြင်း ခရစ်ယာန်အသက်တာသည် အလွန်အရေးကြီးလှပါ၏ (၁ တိ ၄း၁)။ ခက်ခဲသောကာလသည် အသင်းတော်နှင့်ယုံကြည်သူတို့အပေါ် ကျရောက်လာပြီဖြစ်ပါသည်။ လူတို့သည် အပြစ်တရား၌ကျင်လည်ကြသောကြောင့် စစ်မှန်သောချစ်ခြင်းမေတ္တာကိုပင် နားလည်ကြတော့မည်မဟုတ်ပါ (၂ တိ ၃း၃)။ ထို့ကြောင့် ခရစ်ယာန်တို့သည် ဘုရားသခင်ချစ်ခြင်းမေတ္တာဖြင့် အချင်းချင်းချစ်ကြရပါမည် (၁ ပေ ၄း၈)။ ထိုသို့သောချစ်ခြင်းမေတ္တာသည် "များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်၏" (ယာကုပ် ၅း၂၀)။ ထိုတရားကို သုတ္တံ ၁၀း၁၃ ၌လည်းတွေ့ရပါသည်။ သုတ္တံကျမ်းက အမုန်းတရားသည် သူတပါး၏အမှားကိုဖော်ထုတ်တတ်သည်။ ချစ်ခြင်းမေတ္တာက ညီအစ်ကိုအကြား၌ ခွင့်လွှတ်ခြင်းကိုဖြစ်ပေါ်စေပါသည်ဟု ဖော်ပြထားပါသည်။ အချင်းချင်းတိုက်ခိုက်ဝေဖန်ကြသောဤလောကီလူတို့အလယ်၌ ကျွန်တော်တို့ခရစ်ယာန်တို့သည် ချစ်ခြင်းမေတ္တာကို ပြ၍ ခွင့်လွှတ်ခြင်းတရားဝေဆာစေကြရပါမည် (မဿဲ ၁၈း၂၂)။

စစ်မှန်သောခရစ်ယာန်ချစ်ခြင်းမေတ္တာသည် ဧည့်ဝတ်ကျေပွန်ခြင်း၌ထင်ရှားတတ်ပါ၏။ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်ဖြစ်တော်မူသောယေရှုအတွက် ဤလောက၌နေရာမရှိခဲ့သောကြောင့် နွားစားခွက်ထဲ၌မွေးဖွားလာခဲ့ပါသည်။ နောက်ဆုံးကာလရောက်လေလေ ဘုရားသခင်၏လူတို့အဖို့ ဤလောက၌နေစရာ ပို၍ပို၍ကျဉ်းလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်ကျိုးရှာခြင်းနှင့်ပြည့်လျက်ရှိသော ဤလောက၌ ဘုရားသခင်လူတို့၏လက္ခဏာတစ်ခုသည် ဘုရားသခင်၏ အမှုတော်ဆောင်ဧည့်သည်တို့အပေါ်၌ ဧည့်ဝတ်ကျေပွန်ခြင်းပင်ဖြစ်လာပါ၏။

**ဆင်ခြင်ရန်** - သူတပါးအကြောင်း ဝေဖန်လိုခြင်းအပြစ် ကျွန်ုပ်၌ရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ "ညီအစ်ကိုတို့သည် သဘောတူလျက်ပေါင်းဖော်ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့်တယ်လျောက်ပတ်ပေ၏" (ဆာလံ ၁၃၃း၁) ဟူသော ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကျွန်တော်အစဉ်သတိရမည့်အကြောင်း မစတော်မူပါ။

## ဘဏ္ဍာစိုးကောင်း

ဘဏ္ဍာစိုး၏အလုပ်အကြောင်း စဉ်းစားတိုင်း ကျွန်ုပ်တို့စိတ်နှလုံးသည် ငွေကြေးကိစ္စဟု မှတ်ယူတတ်ပါ၏။ သို့သော်လည်း ဤကျမ်းပိုဒ်တွင် အမှုတော်အတွက် မိမိလူတို့ကို ဘုရားသခင်ပေးတော်မူသောအရာတို့ကို ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးဖြစ်သောကျွန်ုပ်တို့ အယောက်ချင်းစီတိုင်း၌ ထိုကျေးဇူးတော်ဆုကျေးဇူးကို ပေးထားတော်မူ၏ (၁ ကော ၁၂း၇)။ ထိုဆုကျေးဇူးတို့သည် မိမိအဖို့သိမ်းထားရာမဟုတ်ဘဲ အသင်းတော်၌အသုံးပြုရန်ပေးထားခြင်းဖြစ်ပါသည် (၁ ပေ ၄း၁၀)။ ကျွန်ုပ်တို့၏ဆုကျေးဇူးသည် မတူညီကြသော်လည်း အသင်းတော်နှင့်အတူတကွ အသုံးပြုကြသောအခါ အသင်းတော်သည်ကြီးထွားခြင်းရှိ၍ ရှေ့သို့တက်လှမ်းခဲ့ပါသည် (၁ ကော ၁၂း၁၄-၃၁)။

အသင်းတော်ကို ဘုရားသခင်နှုတ်ကပတ်တော်သိကျွမ်းနားလည်သောသူတို့ကသာ ပြုစုစောင့်ရှောက်ကြရပါမည် (၁ ပေ ၄း၁၁)။ ဘုရားသခင်၏နှုတ်ကပတ်တော်သာလျှင် သမ္မာတရားဖြစ်ပါ၏ (ယောဟန် ၁၇း၁၇)။ ထို့ကြောင့် ဘဝခရီးလမ်း၌ သမ္မာကျမ်းစာကသာ အလင်းကိုပေးနိုင်၏ (ဆာလံ ၁၁၉း၁၀၅)။ ထို့ကြောင့် တမန်တော်ပေါလုသည် ဤလောကီအသိဉာဏ်ကိုမသုံးဘဲ လောကီနည်းလမ်းကိုမသုံးဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နှိမ့်ချစွာသွန်သင်ခဲ့ပါသည် (၁ ကော ၂း၁-၅)။ သမ္မာကျမ်းစာ၏သွန်သင်ချက်ကို လောကီအသိဉာဏ်ဖြင့်အစားထိုးလျက် တရားစကားကို လူတို့သံသယဝင်အောင် ပြုသောသူတို့ကို ကျွန်တော်တို့သတိထားကြရပါမည် (၂ ပေ ၃း၃)။

တရားဟောခြင်းနှင့် သွန်သင်ချက်အားလုံးတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ အခြေခံရမည်သာမက အသင်းတော်၌ပြုသောအမှုအပေါင်းတို့သည် ဘုရားသခင်၏ခွန်အားနှင့် ကျေးဇူးတော်ဖြင့် ပြုကြရပါမည် (ရောမ ၁၂း၃)။ အသင်းတော်၏အမှုတော်ဆောင်မှုအားလုံး၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ဘုန်းအသရေတော်ထင်ရှားစေရန် ဖြစ်ပါသည်။ ဆာလံဆရာက ဘုရားသခင်သာလျှင် ချီးမွမ်းထိုက်ကြောင်း အစဉ်ဖော်ပြခဲ့ပါသည် (ဆာလံ ၆၃း၁-၃)။ ကျွန်ုပ်တို့ပြုသောအမှုသည် ဘုရားသခင်၏ဘုန်းအသရေတော်ထင်ရှားစေလိုသော ဆန္ဒဖြင့် ပြုသောအမှုဖြစ်မှသာ ကျွန်တော်တို့သည် ခံစားရသောဝိညာဉ်ဆုကျေးဇူးနှင့် ကောင်းကြီးတို့ကို ကောင်းစွာထိန်းသိမ်းသော ဘဏ္ဍာစိုးကောင်းဖြစ်ကြပါမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ခံစားရသော ဆုကျေးဇူးကို အသင်းတော်တိုးတက်မှုအတွက် ကျွန်တော်အသုံးပြုခဲ့ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ဘဏ္ဍာစိုးကောင်းဖြစ်ခြင်းငှါ ကြိုးစားနေစဉ်ကိုယ်တော် ၏ဂတိတော်ဖြစ်သော - “ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အား ဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏” (ဖိလိ ၄း၁၃) ဟူသော စကား ကို ယုံကြည်ကိုးစားလျက်ရှိပါ၏။

# ရွှင်လန်းဝမ်းမြောက်သောခရစ်ယာန်

ပေတရုဩဝါဒပဌမစာစောင်၏ အဓိကအကြောင်းဖြစ်သော ခရစ်ယာန်၏ဆင်းရဲဒုက္ခကို တဖန်ဖော်ပြခဲ့ပါသည်။ ဘဝ၌ဆင်းရဲဒုက္ခနှင့်အခက်အခဲရင်ဆိုင်နေရခြင်းသည် အံ့ဩစရာကောင်းသောအရာမဟုတ်ကြောင်း သတိပေးခဲ့ပါသည် (၁ ပေ ၄း၁၂)။ လောကီလူတို့သည် ယုံကြည်သူတို့ကို မုန်းတီး၍ညှင်းဆဲကြမည်အကြောင်း ကြိုတင်သိထားကြရပါမည် (၁ ယော ၃း၁၃)။ ထိုအကြောင်းကို သခင်ယေရှုကိုယ်တိုင်က တပည့်တော်တို့အား သွန်သင်သတိပေးခဲ့၏ (ယောဟန် ၁၅း၁၈-၁၉)။

ခရစ်ယာန်အသက်တာသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားပြသဟောပြောခြင်းဖြစ်ပါသည်။ ထိုအခါ သတင်းကောင်းကိုကြားရသောသူတစ်ချို့သည် ခရစ်တော်ထံလှည့်လာ၍ ကယ်တင်ခြင်းခံရကြပါလိမ့်မည်။ အချို့သည် ထိုသမ္မာတရားကိုပြက်ရယ်ပြု၍ ခရစ်ယာန်၏ဖြောင့်မတ်သောအသက်တာကို ကဲ့ရဲ့ဆန့်ကျင်ကြပါလိမ့်မည်။ သမ္မာကျမ်းစာက ဘုရားသခင်ကြောက်ရွံ့ခြင်းအသက်တာရှိသောသူသည် ညှင်းပန်းနှိပ်စက်ခြင်းခံရမည်အကြောင်း သတိပေးထားပါသည် (၂ တိ ၃း၁၂)။

ခရစ်တော်၏တရားကြောင့် ဆင်းရဲဒုက္ခခံခြင်းက ခရစ်ယာန်အသက်တာ၌ ကောင်းကြီးမင်္ဂလာယူဆောင်လာတတ်ပါသည်။ သွေးဆောင်ခြင်းခံရသောအခါ ကျွန်ုပ်တို့၏အားနည်းချက်ကို သိလျက် ဘုရားသခင်ကိုးစားခြင်းကို ဖြစ်စေပါ၏ (၂ ကော ၁၂း၁၀)။ ညှင်းဆဲခြင်းခံရသောအချိန်၌ သစ္စာရှိခြင်းသည် ဝိညာဉ်အသက်တာကြီးထွားမှုကိုဖြစ်စေ၍ ယုံကြည်ခြင်း၌ ရင့်ကျက်ခြင်းကိုဖြစ်စေပါသည် (ယာကုပ် ၁း၂-၄)။ ခရစ်တော်အတွက် ဒုက္ခခံခြင်းသည် ခရစ်ယာန်အတွက်ဝမ်းမြောက်စရာဖြစ်ပါ၏ (တမန် ၅း၄၁)။ ခရစ်တော်ကို စုံလင်သောဘုန်းအသရေတော်နှင့် မြင်ရသောနေ့တွင် ကျွန်တော်တို့သည် ပို၍ဝမ်းမြောက်ခြင်းခံစားကြပါလိမ့်မည် (၁ ပေ ၄း၁၃)။ သခင်၏ကောင်းကြီးမင်္ဂလာသည် ဒုက္ခခံစားနေသောသန့်ရှင်းသူအပေါ်၌တည်လျက်ရှိပါ၏ (၁ ပေ ၄း၁၄၊ မဿဲ ၅း၁၁)။

၁ ပေ ၄း၁၅ ထဲတွင် နောက်ဆုံးခွန်အားပေးတိုက်တွန်းခြင်းကိုတွေ့ရပါ၏။ ကျွန်တော်တို့ခံရသောဆင်းရဲဒုက္ခသည် ကျွန်ုပ်တို့မကောင်းသောအကျင့်နှင့်အပြုအမူကြောင့်မဟုတ်ဘဲ ဖြောင့်မတ်စွာနေထိုင်ခြင်းကြောင့်သာဖြစ်ရပါမည်။ သူတပါး၏အကြောင်း၌ မလိုအပ်ဘဲဝင်ပါခြင်းကိုလည်း ကျွန်တော်တို့မပြုရပါ။

အပြစ်ပြုခြင်းကြောင့် ဆင်းရဲဒုက္ခခံရသောအခါ ယေရှု၏နာမတော်ကို အရှက်ရစေရာရောက်ပြီး သတင်းကောင်း၏အကျိုးကို ဟန့်တားရာရောက်ပါ၏။ တဖက်တွင် ခရစ်တော်အတွက်ဒုက္ခခံခြင်းသည် ဝမ်းမြောက်စရာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် ကျွန်တော်ဆင်းရဲဒုက္ခခံလိုပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၌အစဉ်ဝမ်းမြောက်ခြင်း ကျွန်တော်ရှိလိုပါ၏။

ဗုဒ္ဓဟူး၊ ဩဂုတ် (၃၁)
**၁ ပေ ၄း၁၆-၁၉**
ဆာလံ ၄၃

*"ကိုယ်လိုက်ရာလမ်းကို ဆင်ခြင်သောအခါ၊
သက်သေခံတော်မူချက်တို့သို့ လှည့်၍လိုက်ပါ၏"*

# ဘယ်တော့မှမရှက်ပါနှင့်

ဤလောက၌ လူသည်အောင်မြင်မှုအတွက် အသက်ရှင်ကြ၏။ ကြိုးစားအားထုတ်မှုနှင့် အနှောင့်အယှက်ခံခြင်းမရှိဘဲ လွယ်ကူသောဘဝကို ပိုင်ဆိုင်လိုကြ၏။ ဤလ ကျွန်ုပ်တို့၏နေ့စဉ် ခွန်အား၌ ကျွန်တော်တို့သည် ဤလောကီလူတို့၏အကျင့်နှင့် ခရစ်ယာန်၏အကျင့်သည် ခြားနားခြင်းရှိကြောင်း လေ့လာခဲ့ကြ၏။ ခရစ်တော်၏အမှု၌ ဒုက္ခဆင်းရဲခံရမည်ကို ကြိုတင်သိထားကြရပါမည်။ ထိုသို့ ခရစ်တော်၏နောက်တော်သို့လိုက်ခြင်းဟူသော ခရစ်ယာန်အသက်တာ၌ကြုံတွေ့ရသည့်အခက်အခဲ ဒုက္ခကြောင့် မရှက်ကြရန်တိုက်တွန်းထားပါသည်။

သတင်းကောင်းဟောပြောခြင်းအမှုသည် ဆောင်ရွက်သောအချိန်၌ များစွာသော အခက်အခဲဒုက္ခခံစားခဲ့သော တမန်တော်ပေါလုသည် ဘယ်တော့မှမရှက်ခဲ့ပါ။ မိမိသည် ဘုရားသခင်၏ လက်တော်၌ရှိကြောင်း သူသိခဲ့ပါသည် (၁ တိ ၁း၁၂)။ ထို့ကြောင့် ယေရှု၏နာမတော်အတွက် ဆင်းရဲဒုက္ခခံထိုက်သောသူဟု သတ်မှတ်ခံရခြင်း၌ တမန်တော်သည်ဝမ်းမြောက်ခြင်းရှိခဲ့ပါ၏ (၁ ပေ ၄း၁၆)။

သို့သော်လည်း သခင်ဘုရား၏သက်သေကိုခံသောကြောင့်သာ ယုံကြည်သူအသက်တာ၌ ဆင်းရဲဒုက္ခရောက်ရှိလာသည်ဟု မမှတ်ယူရပါ။ တခါတရံ ကျွန်တော်တို့သည် ခရစ်တော်၏အကျင့် အတိုင်းကျင့်၍ သန့်ရှင်းသောအသက်တာပိုင်ဆိုင်နိုင်ဖို့ရန် ဘုရားသခင်သည် ခရစ်ယာန်အသက်တာ၌ အခက်အခဲဒုက္ခကို ခွင့်ပြုကြရောက်စေတော်မူတတ်ပါသည် (ယာကုပ် ၁း၂-၄)။ ဘုရားသခင်သည် အပြစ်ကိုမစီရင်ဘဲ လွှတ်တော်မူမည်မဟုတ်ပါ။ ယုံကြည်သူတို့သည် နာမခံသောအခါ ဘုရားသခင်၏ ဆုံးမခြင်းကိုခံရကြ၏ (ဟေဗြဲ ၁၂း၆-၇)။ ထိုသို့သောဆုံးမခြင်းခံရသောအခါ ခံရခက်သော်လည်း ဘုရားသခင်၏သွန်သင်မှုကို ကျွန်တော်တို့သင်ယူရသောအခါ ဖြောင့်မတ်ခြင်းနှင့်ငြိမ်သက်ခြင်း အသက်တာကိုရရှိကြပါ၏ (ဟေဗြဲ ၁၂း၁၁)။

ထိုသို့ ဘုရားသခင်သည် မိမိသားသမီးတို့၏အသက်တာ၌ အပြစ်ကိုစီရင်တော်မူလျှင် သတင်းကောင်းကိုငြင်းပယ်ခဲ့သော သူတို့အပေါ် ကျရောက်မည့်နောက်ဆုံးတရားစီရင်မှုသည် အလွန် ကြောက်စရာကောင်းလှပါလိမ့်မည် (၁ ပေ ၄း၁၇-၁၈)။ အသင်းတော်ကို ညှင်းပန်းနှိပ်စက်သောသူ၊ သတင်းကောင်းကိုငြင်းပယ်သောသူတို့အား တုန့်ပြန်တရားစီရင်ခြင်းငှါ ဖြောင့်မတ်တော်မူသော တရားသူကြီးကြွလာတော်မူမည့် ကြောက်စရာကောင်းသောအချိန်အခါအကြောင်းကို ပေါလုဖော်ပြခဲ့ပါသည် (၂ သက် ၁း၆-၉)။

ထို့ကြောင့် အခက်အခဲ ကြုံတွေ့နေရသောခရစ်ယာန်အသက်တာတို့သည် ဤလောက၌ ဒုစရိုက်အပြစ်လွှမ်းမိုးသော်လည်း ဘုရားသခင်သည်အဆုံးစွန်အာဏာရှိတော်မူကြောင်း သိလျက် ငြိမ်သက်ခြင်းရှိကြရပါမည်။ အဘယ်သွေးဆောင်ခြင်းထဲကမဆို ကျွန်ုပ်တို့ကိုကယ်နှုတ်တော်မူနိုင်ပြီး ကျွန်ုပ်တို့၌အစပြုတော်မူသော ထိုမြတ်သောအမှုကို စုံလင်စွာဆောင်ရွက်တော်မူလိမ့်မည် (ဖိလိ ၁း၆)။ ထို့ကြောင့် ကျွန်တော်တို့ကို မိမိထံခေါ်ဆောင်မည့်ထိုဘုန်းတော်ထင်ရှားသည့်နေ့ရက်ကို မျှော်ကြည့်ရင်း ကျွန်ုပ်တို့အသက်တာကို ဘုရားသခင်၏ထိန်းချုပ်ကွယ်ကာမှုအောက်၌ ဆက်ကပ်ကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အပြစ်ကိုမစီရင်ဘဲလွှတ်တော်မူမည်မဟုတ်ကြောင်း ကျွန်တော်အစဉ်သတိရပါသလား။

**ဆုတောင်းချက် -** အဘဘုရား၊ အကျွန်ုပ်ကိုကယ်နှုတ်တော်မူနိုင်သောကြောင့်၊ ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

# “နောက်ဆုံးကာလအတွက်သတိပေးချက်”

## (ရှင်ပေတရုဩဝါဒစာပဌမစောင်အခန်းကြီး ၅ နှင့် ဩဝါဒစာဒုတိယအစောင် လေ့လာသင်ယူခြင်း)

## နိဒါန်း

ယခုလ နေ့စဉ်ခွန်အားသည် ရှင်ပေတရုဩဝါဒစာပဌမစောင်၏နောက်ဆုံးအခန်းကြီးနှင့် ဩဝါဒစာဒုတိယစောင်၌ အခြေခံထားပါသည်။ ဩဝါဒစာပဌမစောင်သည် ဒုက္ခဆင်းရဲကြုံတွေ့နေရသောအသင်းတော်အား ခွန်အားပေးတိုက်တွန်းခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ ဤဩဝါဒစာဒုတိယစောင်ရေးသားသောအခါ၊ ပေတရုသည် မိမိ၏ဘဝနောက်ဆုံး နေဝင်ချိန်နီးနေပြီဖြစ်ကြောင်း သိခဲ့ပါသည်။ မိမိ၏သွန်သင်ချက်တို့ကို အသင်းတော်၌အစဉ်အောက်မေ့၍ လိုက်လျှောက်ကြခြင်းငှါ အထူးသတိပေးခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က ဤတမန်တော်အား ယုံကြည်သူတို့အဖို့ ခွန်အားပေးခြင်းနှင့် သတိပေးခြင်းစကားများ ရေးခြင်းငှါ နိုးဆော်ခဲ့ပါ၏။ ပေတရုက ကျွန်ုပ်တို့အား အသင်းတော်အတွင်းမှ ပေါ်ထွက်၍ သတင်းကောင်းကိုအစဉ်တိုက်ခိုက်မည့် မှားယွင်းသောဆရာများကို သတိပြုရန်နှင့် ခရစ်တော်၌ ကျွန်ုပ်တို့ခံရမည့်ဘုန်းတော်ကို အစဉ်မျှော်ကြည့်ခြင်းငှါ ခွန်အားပေးခဲ့ပါသည်။

ကြာသပတေး၊ စက်တင်ဘာ (၁)
၁ ပေ ၅း၁-၄
ဆာလံ ၂၃

*"ပညတ်တော်တို့ကိုစောင့်ခြင်းငှါ မဖင့်မနွဲ့အလျင်အမြန်ပြုပါ၏"*

# အသင်းတော်ခေါင်းဆောင်များအတွက်စိန်ခေါ်မှုတစ်ခု

ဆင်းရဲဒုက္ခများနှင့် အခက်အခဲများကြား၌ အသင်းတော်သည် ခရစ်တော်အတွက် ၎င်း၏ သက်သေခံချက်၌ တည်မြဲနေဖို့ရန် လိုအပ်ပါသည်။ အသင်းတော်ခေါင်းဆောင်မှုတာဝန်ကို ပေးအပ်ခြင်းခံရသူတို့သည် ဘုရားသခင်ပေးထားသည့်အလုပ်ကို ထမ်းဆောင်ရန် စိန်ခေါ်ခြင်းခံရသည်။ အစကတည်းကပင်၊ ဝိညာဉ်လူတို့သည် သိုးစုကိုကျွေးမွေးခြင်း" တည်းဟူသော အသင်းတော်အား ကျမ်းစာသင်ကြားပေးဖို့ စိန်ခေါ်ခြင်းခံခဲ့ရသည် (၁ ပေ ၅း၂)။ ယေရှုသည် ပေတရုကိုထိုသို့စိန်ခေါ်ခဲ့သည်။ ပေါလုသည် ဤစိန်ခေါ်ချက်ကိုဖေက်မြို့ရှိ အကြီးအကဲများထံအပ်နှံခဲ့သည် (တမန် ၂၀း၂၈)။ နှုတ်ကပတ်တော်ကို သွန်သင်ရန်ထိုကဲ့သို့သော စိန်ခေါ်မှုသည် လူငယ်တိမောသေထံသို့ ရောက်ခဲ့သည် (၂ တိ ၄း၂)။ နောက်ဆုံးသော နေ့ရက်များတွင် အသင်းတော်အများစုသည် မှန်ကန်သောအယူဝါဒမှ လွဲသွားမည်ဖြစ်သောကြောင့် ကျမ်းစာသွန်သင်ခြင်းမှာ အထူးအရေးကြီးလာသည် (၂ တိ ၄း၃)။

အခက်အခဲများကြုံနေရသောအခါ တစ်ချို့သောသူတို့သည် အသင်းတော်၏ခေါင်းဆောင်မှုတာဝန်ကို မယူချင်ကြပေ။ သို့သော်၊ ဘုရားသခင်က၎င်းကိုပေးသောအခါ ထိုအလုပ်ကို လိုလိုလားလားလုပ်ဆောင်ရန် လိုအပ်သည် (၁ ပေ ၅း၂)။

အသင်းတော်ခေါင်းဆောင်များသည် ခရစ်တော်၏သိမ်မွေ့နှိမ့်ချမှုစံနမူနာကို လိုက်လျှောက်ရပါမည်။ မာနထောင်လွှားသောခေါင်းဆောင်သည် အသင်းတော်၌နေရာမရှိပါ (မာကု ၁၀း၄၂-၄၅)။ ခေါင်းဆောင်များနှင့် သင်ကြားပေးသောဆရာများသည် အခြားသူများအတွက် စံနမူနာ ဖြစ်စေမည့် ဘဝဖြင့်နေထိုင်ကြရမည် (၁ ပေ ၅း၃)။ တမန်တော်ပေါလုသည် မိမိအသက်တာနှင့်စံနမူနာကို စောင့်ကြည့်လေ့လာဖို့ရန် အခြားသူတို့ကို စိန်ခေါ်ခဲ့သည် (၂ တိ ၃း၁၀)။ အသင်းတော်ခေါင်းဆောင်များ၏ လုပ်ရပ်များသည် ပိုမိုပြင်းထန်စွာစီရင်ခြင်းခံရကြသည်။ အဘယ်ကြောင့်ဆိုသော်၊ အခြားသူများအပေါ် သူတို့၏စကားများနှင့်အသက်တာ လွှမ်းမိုးမှုကြောင့်ဖြစ်သည်။ သို့ရာတွင် နှုတ်ကပတ်တော်ကို သစ္စာရှိစွာသွန်သင်မှုများသည်လည်း သခင်ဘုရားထံမှ အထူးချီးမွမ်းခြင်းကို ခံရလိမ့်မည် (၁ ပေ ၅း၄)။

ယုံကြည်သူတိုင်းသည် ဘုရားသခင်ပေးသောခေါင်းဆောင်များ၏ အရေးပါမှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။ တနေ့နေ့တွင် ယုံကြည်သူတိုင်းသည် ဖြစ်စဉ်တို့ကိုပေးရမည်ဆိုကတည်းက သူတို့လုပ်ဆောင်မှုကြောင့် လေးစားမှုခံရကြမည် (ဟေဗြဲ ၁၃း၁၇)။ ထိုသို့ပြုဖို့ ကျွန်ုပ်တို့သစ္စာရှိလျှင်၊ သခင်ဘုရားကြွလာသောအခါ သိုးထိန်းခေါင်းဆောင်၏အထူးချီးမွမ်းခြင်းတွင် ကျွန်ုပ်တို့ပါဝင်ကြရမည် (မဿဲ ၁၀း၄၁)။

**ဆင်ခြင်ရန်** - အသင်းတော်၏ဝိညာဉ်ရေးဆိုင်ရာ လူများအတွက် ကြီးမားသောစိန်ခေါ်မှုကား အဘယ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်သည် အသင်းတော်ခေါင်းဆောင်များအတွက် အမြဲတမ်းဆုတောင်းနိုင်စေတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၂)
**၁ ပေ ၅း၅-၇**
ယောဘ ၅း၈-၁၇

*“မတရားသောသူအစည်းအဝေးတို့သည် အကျွန်ုပ်ကိုဝိုင်းကြသော်လည်း၊ အကျွန်ုပ်သည် တရားတော်ကိုမမေ့မလျော့ပါ”*

# ယေရှု၌အနားယူလော့

နှိမ့်ချမှုသည် သမ္မာကျမ်းစာတစ်အုပ်လုံးတွင် ထပ်တလဲလဲဖော်ပြသောအကြောင်းအရာဖြစ်သည်။ နှိမ့်ချမှုကို သွန်သင်ခြင်းငှါ ကြသရေလလူတို့ကိုတောသို့ခေါ်ဆောင်သွားခဲ့ပြီဟု ဘုရားသခင်မိန့်တော်မူခဲ့သည် (တရား ၈း၂)။ “ဘုရားသခင်သည် မာနကြီးသောသူတို့ကို ဆီးတား၍ နှိမ့်ချသောသူတို့၌ ကျေးဇူးတော်ကို ပေးတော်မူ၏” (၁ ပေ ၅း၅)ဟူသော ကျွန်ုပ်တို့စာပိုဒ်၏ ရည်ရွယ်ချက်သည် ယောဘ ၂၂း၂၉ မှဆင်းသက်လာသည်မှာ သေချာ၏။ ဤရည်ရွယ်ချက်ကို ယာကုပ် ၄း၆ တွင်လည်း သွန်သင်ထားပါသည်။

နှိမ့်ချသောစိတ်ဖြင့်သာ ဘုရားသခင်၌အမှန်တကယ် ဝါကြွားနိုင်ပြီး အနားယူနိုင်သောကြောင့် နှိမ့်ချသောစိတ်ထားရှိရန်လိုအပ်ကြောင်း မကြာခဏသွန်သင်ဆုံးမလေ့ရှိသည် (ဆာလံ ၃၄း၂)။ ဤအရည်အသွေးသည် ယေရှုခရစ်၏အမှုတော်နှင့်အသက်တာ၏ အမှတ်အသားတစ်ခုဖြစ်သည်။ ဘုရားသခင်ဖြစ်ပြီး ဂုဏ်အသရေအားလုံးနှင့်ထိုက်တန်သူသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ယူဆောင်လာပေးဖို့ရန် မိမိကိုယ်ကိုနှိမ့်ချခဲ့သည်။ ထိုသို့သောစိတ်ထားရှိရန် ကျွန်ုပ်တို့ကို စိန်ခေါ်ခဲ့၏။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် အရာဝတ္ထုများကို ကြည့်ရှုခြင်း၌ သူ့ပုံစံရှိရပါမည် (ဖိ ၂း၅-၈)။

မာနကြီးပြီး ကိုယ်ကျိုးရှာသူသည် ဘုရားသခင်၏အမှုတော်တွင် နေရာမရှိပါ။ မိမိကိုယ်ပိုင်လမ်းရှိသောသူ၊ စိတ်ထိခိုက်လွယ်သောသူ (သို့မဟုတ်) အသင်းတော်နှင့်အဆက်မပြတ် သဘောထားကွဲလွဲနေသူသည် မည်မျှပင်ထက်မြက်နေပါစေ သခင်ဘုရား၏အမှုတော်ကို ထိခိုက်ပျက်စီးစေမည်ဖြစ်သည်။ ဘုရားသခင်၏တန်ခိုးကြီးသောလက်တော်ရှေ့တော်ရှေ့၌ ကျွန်ုပ်တို့သည် နှိမ့်ချခြင်းသာလျှင် သူသည်ကျွန်ုပ်တို့ကို ချီးမြှောက်၍အခွင့်အာဏာကို ပေးနိုင်ပြီး သူ၏အမှုတော်အတွက် အသုံးပြုနိုင်၏ (၁ ပေ ၅း၆၊ ယာကုပ် ၄း၁၀)။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းအာနုဘော်နှင့်ကျွန်ုပ်တို့၏ ကိုယ်ပိုင်မလုံလောက်မှုကို အသိအမှတ်ပြုသည့်အခါမှသာ ကျွန်ုပ်တို့သည် ဘုရားသခင်ထံနှင့် သူ၏ရည်ရွယ်ချက်သေချာမှုတို့၌ အနားယူနိုင်ကြမည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အတွက် စီမံချက်၊ စီစဉ်ခြင်းနှင့်လုပ်ဆောင်ခြင်းနေ့ရက်များသည် ကျွန်ုပ်တို့ယုံကြည်ခြင်းကို အစပြုသူနှင့်အဆုံးသတ်သော အရှင်သခင်ယေရှုထံသို့ ကျွန်ုပ်တို့အနားယူသောအခါမှသာ ကုန်ဆုံးသွားလိမ့်မည် (ဟေဗြဲ ၁၂း၂)။ ကျွန်ုပ်တို့၏စိုးရိမ်မှုပန်မှုအားလုံးကို ကယ်တင်ရှင်ထံအမှန်တကယ်အပ်နှံထားနိုင်ဖို့ရန် စိတ်နှလုံးနှိမ့်ချမှု၌သာရှိသည်။ ကျွန်ုပ်တို့သည် ဘာမှမတတ်နိုင်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြင့် လုပ်ဆောင်နေသောကြောင့် ကျွန်ုပ်တို့သည် အရာခပ်သိမ်းကိုစွမ်းဆောင်နိုင်သည်ဟု မြင်သောအခါတွင် ကျွန်ုပ်တို့သည် ကိုယ်တော်၌ အမှန်တကယ် အနားယူခြင်းဖြစ်သည် (၁ ပေ ၅း၇၊ ဖိ ၄း၁၃)။

**ဆင်ခြင်ရန်** - သခင်ဘုရား၌ အမှန်တကယ်အနားယူရန် အဘယ်သဘောထားလိုအပ်သနည်း။

**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်၏ကယ်တင်ရှင်ခရစ်တော်၏ နှိမ့်ချခြင်းကိုတုပရန် ကူညီပေးတော်မူပါ။

စနေ၊ စက်တင်ဘာ (၃)

**၁ ပေ ၅း၈-၉**

တရားဟော ၆း၆-၁၂

*"...ဂုဏ်တော်ကိုချီးမွမ်းခြင်းငှါ၊ သန်းခေါင်အချိန်၌ အကျွန်ုပ်ထတတ်ပါ၏"*

# စာတန်မာရ်နတ်ကို သတိပြုလော့

ပေတရုသည် သူ၏ပထမဆုံးပေးစာတွင် အသင်းတော်၏အဓိကရန်သူအကြောင်းကို ဖော်ပြခဲ့သည်။ ယနေ့ဘာသာရေးအခင်းအကျင်းတွင် ရှုပ်ထွေးမှုများသည် စာတန်ထံမှလာကြောင်း သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့သွန်သင်ထားသည်။ မှားယွင်းသောဘာသာတရားကို လိုက်လျှောက်သူများသည် အမှန်တကယ်တွင် စာတန်နှင့်သူ၏နတ်ဆိုးများကို ကိုးကွယ်သူများဖြစ်သည် (တရားဟော ၃၂း၁၇၊ ၁ ကော ၁၀း၂၀)။ ခေတ်ကာလတစ်လျှောက်လုံး၊ စာတန်သည် ဤမှားယွင်းသောဘာသာတရားများနှင့် ၎င်းတို့၏ဆရာများမှတဆင့် လူသားတို့ကို လမ်းလွဲစေရန် ကြိုးပမ်းခဲ့သည်။ နောက်ဆုံးစိတ်ပျက်အားငယ်ခြင်းတွင်၊ ကယ်တင်ခြင်းအမှုကို ပြီးမြောက်ခြင်းမှ ကင်းဝေးစေမည့်မျှော်လင့်ချက်ဖြင့် သခင်ဘုရားအား သွေးဆောင်ခဲ့သူမှာ စာတန်မာရ်နတ်ဖြစ်သည် (မဿဲ ၄း၁)။

ခရစ်တော်ကို လက်ဝါးကားတိုင်မှကင်းဝေးစေဖို့ထားရှိရန် ကျရှုံးပြီးနောက် စာတန်သည် အသင်းတော်အား ၎င်း၏တန်ခိုးနှင့်ရည်ရွယ်ချက်ကို သက်သေခံခြင်းမှကင်းဝေးစေရန် ကြိုးပမ်းခဲ့သည်။ သူသည် ထိုအရာကိုယုံကြည်သူတို့အား သက်သေဖြစ်ခြင်းအရာ၌ မသင့်တော်မှု (သို့မဟုတ်) စိတ်ဝင်စားမှုမရှိအောင်ဖြစ်စေခြင်းဖြင့် အထိရောက်ဆုံးလုပ်ဆောင်နိုင်၏။ ဟောက်၍ ဆာလောင်သောခြင်္သေ့ကဲ့သို့ ကျွန်ုပ်တို့၏ရန်သူသည် ကျွန်ုပ်တို့ကိုနိုင်စေမည့်နည်းလမ်းများကို ရှာဖွေသည် (၁ ပေ ၅း၈)။ သူသည် ဘဝခရီးလျှောက်လှမ်းရင်း သတိမထားသောသူများကို ဖမ်းရန်ကျော့ကွင်းများနှင့် ထောင်ချောက်များကို ချထားလျက်ရှိသည်။ ဘုရားကျောင်းတက်ခြင်းကို လျစ်လျူရှုသောခရစ်ယာန်များ၊ ကယ်တင်ခြင်းမခံရသောသူတို့နှင့် ရင်းနှီးသောခင်မင်မှုတွင် အချိန်များစွာနေကြသောခရစ်ယာန်များနှင့် လောကီပျော်မွေ့ခြင်းလိုက်စားသောသူများအနီးတွင် အဆက်မပြတ်ရှိနေကြသောခရစ်ယာန်များသည် စာတန်၏ထောင်ချောက်များကို ဖွင့်ထားကြသည်။ ထိုထောင်ချောက်များသည် သူတို့၏ခရစ်ယာန်သက်သေခံချက်နှင့် ထိရောက်သောသက်သေကို ဆုံးရှုံးစေလိမ့်မည် (၁ တိ ၃း၇)။

ခရစ်တော်၌ရှိသော ကျွန်ုပ်တို့၏တန်ခိုးဖြင့်စာတန်ကို ခိုင်မြဲစွာတွန်းလှန်ရန်မှာ ယုံကြည်သူတိုင်း၏တာဝန်ဖြစ်သည် (၁ ပေ ၅း၉)။ ငါတို့၌ရှိသော ဘုရားသခင်၏တန်ခိုးတော်သည် ငါတို့၏ရန်သူထက်အဆမတန်ကြီးမြတ်ကြောင်း သိခြင်းက ကျွန်ုပ်တို့ကိုခွန်အားဖြစ်စေ၏ (၁ ယော ၄း၄)။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုနာခံပြီး သမ္မာကျမ်းစာကို ယုံကြည်သောအသင်းတော်တွင် မိဿဟာရဖွဲ့ခြင်းဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခိုင်ခံ့စေပြီး စာတန်၏တိုက်ခိုက်မှုများကို တွန်းလှန်နိုင်ကြသည်။ ကျွန်ုပ်တို့သည် နာခံခြင်း၌ကျင်လည်သောအခါ၊ စာတန်ကို ဘုရားသခင်၏တန်ခိုးတော်အားဖြင့် တွန်းလှန်နိုင်ပြီး သူသည်ထွက်ပြေးခြင်းမှအပ ရွေးချယ်စရာမရှိကြောင်းကို သိကြ၏ (ယာကုပ် ၄း၇)။

**ဆင်ခြင်ရန်** - စာတန်သည် အသင်းတော်ကို ၎င်းအားခန့်ထားသောအမှုများကို မဆောင်ရွက်နိုင်ရန် မည်သို့ထိန်းထားသနည်း။

**ဆုတောင်းချက်** - အဖ၊ စာတန်သည် ကျွန်ုပ်ထံမှပြေးသွားစေရန်အတွက်၊ ကိုယ်တော်၏အစွမ်းသတ္တိဖြင့်သူ့ကို အစဉ်အမြဲ တွန်းလှန်နိုင်ပါစေ။

တနင်္ဂနွေ၊ စက်တင်ဘာ (၄)
**၁ ပေ ၅း၁၀-၁၁**
တရားဟော ၆း၁၇-၂၅

*"ကိုယ်တော်ကိုကြောက်ရွံ့သောသူ. . .
ရှိသမျှတို့နှင့် အကျွန်ုပ်ပေါင်းဘော်တတ်ပါ၏"*

# ဘုရားသခင်သာဘုန်းကြီးစေသတည်း

ခရစ်ယာန်၏ရန်ဘက်ဖြစ်သောစာတန်သည် ကျွန်ုပ်တို့အား ဘုရားသခင်အတွက် အသက်ရှင်ခြင်းမှကာကွယ်ရန် လုံ့လဝီရိယရှိစွာ လုပ်ဆောင်နေ၏။ ဤအရာက ကြောက်စရာကောင်းပြီး စိတ်ပျက်စရာကောင်းသောအချက်တစ်ခုဖြစ်နိုင်၏။ သို့သော်၊ ဒုက္ခရောက်နေသော ခရစ်ယာန်များအတွက် သမ္မာကျမ်းစာက ဂတိများစွာပေးထားသည်။ ကျွန်ုပ်တို့၏ထာဝရကံကြမ္မာသည် ကျွန်ုပ်တို့၏လက်၌မတည်ဘဲ၊ အလုံးစုံသောကျေးဇူးတော်ဘုရားသခင်၏လက်တော်၌ တည်ရှိသည် (၁ ပေ ၅း၁၀)။ ဘုရားသခင်၏ကျေးဇူးတော်စုံလင်ပြည့်ဝမှုသည် ကျွန်ုပ်တို့ကို များစွာအားပေးရမည့် ကျမ်းချက်ဖြစ်သည်။ ကျွန်ုပ်တို့၏ဂရုဏာရှင်ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခရစ်တော်၌ ထာဝရဆုလာဘ်ကို ရရှိဖို့ရန် ခေါ်ခဲ့ပြီ (၁ ကော ၁း၉)။

ဤကမ္ဘာမြေပေါ်တွင် "ခဏတာ" ဝေဒနာခံစားရသော်လည်း အဆုံးမှာဘုန်းတော်ခံစားရမည်မှာ သေချာလှသည်။ ဤ "ပေါ့သောဆင်းရဲခြင်း" သည် ထာဝရကာလအတိုင်းအတာအပေါ်တွင် ခဏသာကြာပါ၏။ ဘဝခရီးအဆုံးတွင် ကျွန်ုပ်အတွက် ဘုရားသခင်ပေးဝယ်သော ဘုန်းအသရေဖြစ်လိမ့်မည် (၂ ကော ၄း၁၇)။ ဘဝခရီးလမ်းကြမ်းတမ်းပုံပေါ်သည့်တိုင် ထိုသို့သောဂတိတော်သည် ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာထမ်းဆောင်ဖို့ရန် ကျွန်ုပ်တို့ကို စောင့်ထိန်းရပါမည် (၁ ပေ ၅း၁၀)။

ဘုရားသခင်ကို နာခံမှုဖြင့်အသက်ရှင်သောဘဝကို ဖြတ်သန်းလျှင်ကျွန်ုပ်တို့တွင် သမ္မာကျမ်းစာမှအံ့သြဖွယ်အာမခံချက်ရှိသည်။ ကျွန်ုပ်တို့အား ရင့်ကျက်သူ၊ ခိုင်ခံ့သူနှင့်တည်ကြည်သူဖြစ်စေမည့်သူမှာ ဘုရားသခင်ဖြစ်သည် (၁ ပေ ၅း၁၀)။ ငါတို့၌ အစပြုတော်မူသောအမှုကို သူပြီးစီးစေတော်မူလိမ့်မည် (၁ သက် ၅း၂၃-၂၄)။ ကျွန်ုပ်တို့သည် စာတန်နှင့်ဇာတိပကတိကို တိုက်ခိုက်သောအခါ၊ ရောက်လာမည့်ဘုန်းအသရေတော်မရောက်မှီတိုင်အောင် ကျွန်ုပ်တို့ကို လုံခြုံစေသောအရာမှာ ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည် (၁ ကော ၁း၈)။

တစ်နေ့နေ့တွင် ကျွန်ုပ်တို့သည် သူ၏ဘုန်းအသရေဖြင့် ခရစ်တော်ကိုမြင်ရပြီး သူ၏တန်ခိုးကို နားလည်နိုင်မည်ဖြစ်သည်။ ယခုမူကား ကျွန်ုပ်တို့ကို စောင့်ရှောက်တော်မူသောသူသည် ကျရှုံးမည်မဟုတ်ကြောင်း အာမခံချက်အပြည့်ဖြင့် ကျွန်ုပ်တို့ဆက်သွားနေ၏။ ဘုရားသခင်၏ ထာဝရတန်ခိုးတော်သည် အလုပ်လုပ်နေသည်ကိုအသိအမှတ်ပြုသောအခါတွင် ကျွန်ုပ်တို့ပျော်ရွှင်စွာနေထိုင်နိုင်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့အား လုံခြုံစေပြီး ကိုယ်တော်အတွက်ကျွန်ုပ်တို့အသက်ရှင်စဉ်တွင် ကိုယ်တော်၏ဂတိတော်များအကြောင်းကို ကျွန်ုပ်တို့အား အာမခံပေးသည့်တန်ခိုးကြီးသောစွမ်းအားဖြစ်သည်။ ကျွန်ုပ်တို့သည် ဤသမ္မာတရား၌အနားယူစေရုံသာမက၊ ၎င်းသည် ဘုရားသခင်ကို ယခုရော ထာဝစဉ်ချီးမွမ်းခြင်းကိုလည်း သတိပြုစေမည် (၁ ပေ ၅း၁၁၊ ၁ တိ ၆း၁၆)။

**ဆင်ခြင်ရန်** - ဒုက္ခရောက်သောခရစ်ယာန်များအတွက် သမ္မာကျမ်းစာ၏ဂတိတော်အချို့ကား အဘယ်နည်း။

**ဆုတောင်းချက်** - အဖ၊ ရွေးနှုတ်ခြင်းနောက်ဆုံးနေ့အထိ ကျွန်ုပ်ကိုစောင့်ထိန်းရန် ကိုယ်တော်ကိုမှီခိုအားထားနိုင်သည်ကို သိရခြင်းသည် အလွန်နှိမ့်သိမ့်မှုရှိပါ၏။

တနင်္လာ၊ စက်တင်ဘာ (၅)
**၁ ပေ ၅း၁၂**
ဆာလံ ၁၅

*"အို ထာဝရဘုရား၊ မြေကြီးသည် ဂရုဏာတော်နှင့်ပြည့်ဝပါ၏"*

# ခရစ်တော်၌ပေါင်းဖော်ခြင်း

ပေတရုသည် သူ၏စာတစ်စောင်ကို အပြီးသတ်ရန် သူ့လက်ထဲတွင် ပင်ကိုယ်ကိုင်ထားပုံရသည် (၁ ပေ ၅း၁၂)။ သိလ (သို့) သိလဗန်းနပ်စ်ဟုခေါ်သောသူသည် ပေါလုနှင့်အပေါင်းအဖော်ဖြစ်ပြီး၊ တရားဟောသူလည်းဖြစ်သည် (တမန် ၁၅း၄၀)။ ပေတရု၏ဤပထမစာစောင်တွင် သခင်ဘုရားအပေါ် သူ၏သစ္စာရှိမှုအတွက် ချီးမွမ်းခံရသည် (၁ ပေ ၅း၁၂)။ သစ္စာရှိသောသူများနှင့် ပေါင်းဖော်ခြင်းသည် ကောင်း၏။

တမန်တော်သည် ယုံကြည်သူတို့အား သူဟောပြောခဲ့ပြီး၊ သူတို့ယုံကြည်လက်ခံထားသောဧဝံဂေလိတရားသည် သမ္မာတရားဖြစ်ကြောင်းကို ပြန်၍သတိပေးခဲ့သည်။ ကာလအဆုံးနီးလာသည်နှင့်အမျှ ဆရာအတုအယောင်များ ပေါ်ထွန်းလာမည်ဟု နောက်ပိုင်းတွင်သူသွန်သင်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခိုင်မြဲစွာရပ်တည်ရန် တိုက်တွန်းနှိုးဆော်ပြီး ထိုသို့လုပ်ဆောင်ရန် အချင်းချင်း လည်း တိုက်တွန်းရမည် (ဟေဗြဲ ၁၀း၂၅၊ ၁ ကော ၁၆း၁၃)။

ဤနောက်ဆုံးသောနေ့ရက်များတွင် ခိုင်ခန့်အားကောင်းစေမည့် အကြောင်းရင်းခံများထဲမှ တစ်ခုမှာ ဘုရားသခင်၏သစ္စာရှိသောလူများနှင့်ပေါင်းသင်းရန်နှင့် ဘုရားသခင်၏ စစ်မှန်သောအသင်းတော်ထဲတွင် စစ်မှန်သောခရစ်ယာန်မိဿဟာယဖွဲ့ခြင်းရှိရန်ဖြစ်သည် (ဟေဗြဲ ၁၀း၂၃-၂၅)။

ပေတရုသည် နှုတ်ခွန်းဆက်စကားများပေးပို့ရန် အချိန်ယူ၍ ခရစ်ယာန်တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၌ သူ၏ခံစားချက်ကို ဖော်ထုတ်ပြသခဲ့သည်။ ဗာဗုလုန်ရှိယုံကြည်သူများသည် သူ၏ပေးစာအားဖြင့် မိမိတို့၏နှုတ်ခွန်းဆက်သခြင်းကို ပေးပို့ခဲ့သည်။ သူတို့သည်လည်း ဘုရားသခင်ရွေးကောက်တော်မူသောသူများဖြစ်ကြ၍ ရာစုနှစ်များတစ်လျှောက် ပေတရု၏စကားများကို ဖတ်ရှုကြမည့် စစ်မှန်သောယုံကြည်သူများပင်ဖြစ်သည်။ ဗာဗုလုပ်တွင်ရှိသော ဤယုံကြည်သူများသည် သစ္စာရှိခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် အလွန်အေးစက်ပြီး အသက်ကင်းမဲ့သည့်ရောမမြို့၌ ရှိသောငယ်ရွယ်သောအသင်းတော်ဖြစ်နိုင်သလား (ဗျာ ၁၄း၈၊ ၁၆း၁၉)။ သူတို့သည် ခေတ်မီတိုးတက်သောလူမှုအောင်မြင်ခြင်း၌ မာနထောင်လွှား၍ မိမိတို့၏အပေါင်းအသင်းများကို သတိမမူခြင်းနှင့် မိမိတို့ယုံကြည်ခြင်းကို ခုခံကာကွယ်ရာ၌ သတိလက်လွှတ်ခြင်းဖြစ်ကောင်း ဖြစ်နိုင်သည် (၁ ပေ ၅း၁၃)။

သန့်ရှင်းသော နမ်းခြင်းဖြင့် ခရစ်ယာန်နှုတ်ဆက်ခြင်းကို သမ္မာကျမ်းစာ၌မကြာခဏဖော်ပြထားသည် (၁ ပေ ၅း၁၄)။ ထိုအရာကို နောက်ပိုင်းတွင်အလွဲသုံးစားပြုလာကြသည်။ အသင်းတော်ဖခင်များက ၎င်းမှာ သူတော်ကောင်းယောင်ဆောင်မှုဖြစ်လာသည်ဟု ပြောဆိုကြသည်။ ယနေ့တွင် ချစ်ကြည်ရင်းနှီးမှုနှင့် ဂရုစိုက်မှုတို့နှင့်အတူ နွေးထွေးစွာလက်ဆွဲနှုတ်ဆက်ခြင်းသည် ကျွန်ုပ်တို့၏ ခရစ်ယာန်မေတ္တာကိုပြသခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ဂရုစိုက်ခြင်းနှင့် မိဿဟာယဖွဲ့ခြင်းတို့၏ခွန်အားလိုအပ်သည်။ ဘုရားသခင်သည် ဤသမ္မာတရား၏အရေးကြီးမှုကို ကျွန်ုပ်တို့ရှေ့၌အမြဲတမ်းစောင့်ထိန်းပါစေ။

**ဆင်ခြင်ရန်** - ဤနောက်ဆုံးသောနေ့ရက်များတွင် ကျွန်ုပ်အတွက် ကြီးမားသောခွန်အားဖြစ်စေသည့်အကြောင်းရင်းခံမှာ အဘယ်အရာနည်း။

**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်သည် သူတပါးကိုကောင်းသောအမှုပြုရန် အမြဲတမ်း တိုက်တွန်းနှိုးဆော်ဖို့သတိရစေတော်မူပါ။

အင်္ဂါ၊ စက်တင်ဘာ (၆)

၂ ပေ ၁း၁-၂

ဆာလံ ၄ *“. . . အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌သွန်သင်တော်မူပါ”*

# ဘုရားသခင်ထံမှ ငြိမ်သက်ခြင်း

ဓမ္မသစ်ကျမ်းများစွာတွင် တမန်တော်များသည် အစောပိုင်းခရစ်ယာန်ယုံကြည်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့သော “သခင်ယေရှုခရစ်၏ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်း” (ရောမ ၁း၇) ဟူသောနှုတ်ခွန်းဆက်စကားများကို အသုံးပြုခဲ့သည်။ ဤနှုတ်ခွန်းဆက်စကားကို ယခုပေတရုက အသုံးပြုခဲ့သည် (၂ ပေ ၁း၂)။

ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ရောက်ရုံသာမက ကိုယ်တော်အတွက်ပါ အသက်ရှင်နိုင်စေရန်အတွက် ထိန်းသိမ်းကာ ခိုင်ခံ့စေခဲ့သည် (ဧဖက် ၂း၅၊ ၂ တိ ၂း၁)။ ဘဝ၏စမ်းသပ်မှုနှင့်ဆင်းရဲဒုက္ခတို့သည် မည်သို့ပင်ခက်ခဲစေကာမူ ဘုရားသခင်၏ လုံလောက်သောကျေးဇူးတော်သည် ကျွန်ုပ်တို့အား ရွှင်လန်းမှုနှင့်အောင်ပွဲ၏ အာမခံချက်ဖြင့် အသက်ရှင်နေထိုင်နိုင်စေ၏ (၂ ကော ၁၂း၉)။

ငြိမ်သက်ခြင်းဆိုသည်မှာ စစ်ပွဲမရှိခြင်းကို ဆိုလိုနိုင်သည်။ တစ်ချိန်တုန်းက ယုံကြည်သူတို့သည်ဘုရားသခင်နှင့်တိုက်ပွဲရှိပြီး ယခုတွင် ငြိမ်သက်ခြင်းရှိ၏ (ရောမ ၅း၁၊ ၁၀)။ သို့သော် ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်အားလုံးကောင်းမွန်ကြောင်း အာမခံသည့်အတွင်းစိတ်အေးချမ်းမှုကိုလည်း ဆိုလိုနိုင်သည်။ ဘုရားသခင်သည် သူ၏လူတို့ကို ငြိမ်သက်ခြင်းပေးသည်ဟု ဆာလံဆရာဆို၏ (ဆာလံ ၂၉း၁၁)။ တမန်တော်ပေါလုက ကျွန်ုပ်တို့၏အဆုံးမရှိသော စိတ်၏ယူဆချက်ကို ကျော်လွန်သောငြိမ်သက်ခြင်းဖြစ်သည့် အသိတရားအားလုံးကို ဖြတ်ကျော်သောငြိမ်သက်ခြင်းအကြောင်းကို ပြောဆို၏ (ဖိလိ ၄း၇)။ ဒီနေ့ရက်များမှာ ရုန်းရင်းဆန်ခတ်မှုနှင့်ခက်ခဲသောနေ့ရက်များဖြစ်သည်။ အပြောင်းအလဲနှင့်မသေချာ မရေရာမှုများသည် နေ့၏ပုံမှန်ဖြစ်သောအရာများဖြစ်ကြသည်။ ခရစ်တော်၌ ကျွန်ုပ်တို့သည်ငြိမ်သက်ခြင်းရှိနိုင်ကြောင်း သတိရရန်ဤကဲ့သို့သောအချိန်များတွင် ကောင်းပါသည်။ သူ၏ငြိမ်သက်ခြင်းသည် လက်ရှိမသေချာမရေရာမှုများနှင့် အခက်အခဲများတွင် ကျွန်ုပ်တို့ကို လုံခြုံစေသည်ဟု ခံစားစေနိုင်သည်။

ကျွန်ုပ်တို့၏အသက်တာတွင် အုပ်စိုးရန် ဘုရားသခင်၏ငြိမ်သက်ခြင်းဆုကျေးဇူးကို ခွင့်ပြုသည့်နူးညံ့သိမ်မွေ့နှိမ့်ချသောအသက်တာတွင် နေထိုင်ဖို့ ကျွန်ုပ်တို့ကိုစိန်ခေါ် ၏ (ကောလော ၃း၁၂-၁၅)။ ကျွန်ုပ်တို့သည် ခရစ်တော်အကြောင်းကို ပိုမိုလေ့လာသင်ယူပြီး ကိုယ်တော်ထံ ကျွန်ုပ်တို့၏ အသက်တာကို ဆက်ကပ်အပ်နှံသည်နှင့်အမျှ အခက်အခဲများကြားတွင် ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့၏ ဝေစုဖြစ်လာမည် (၂ ပေ ၁း၂)။ ထို့နောက်၊ ရှေးခေတ်တမန်တော်များကဲ့သို့၊ ကျွန်ုပ်တို့သည် စိတ်နှလုံး၏ငြိမ်းချမ်းမှုနှင့်နှစ်သိမ့်မှုလိုအပ်မှုကို ဖြည့်ဆည်းပေးမည်ဟူသော ပြည့်စုံသောအသိပညာဖြင့် ဘုရားသခင်အတွက်ရဲရင့်စွာရှေ့ဆက်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာမှ ဖြာထွက်နေသည့်ဤအတွင်းစိတ်ငြိမ်သက်မှုသည် ကျွန်ုပ်တို့တွေ့ဆုံရသူအားလုံးအတွက် ဘုရားသခင်၏ လုံလောက်သော ကျေးဇူးတော်၏သက်သေခံချက်ဖြစ်သည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်အား ပျော်ရွှင်မှုနှင့်အောင်ပွဲအာမခံချက်ဖြင့် အသက်ရှင်နိုင်စေရန် အဘယ်အရာက ကူညီပေးသနည်း။

**ဆုတောင်းချက်** - အဖ၊ အကျွန်ုပ်ကိုပေးသနားသော ငြိမ်သက်ခြင်းတည်းဟူသော အလုံးစုံသော အသိပညာတို့ကို ဖြတ်ကျော်သောငြိမ်သက်ခြင်းအတွက် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၇)
၂ ပေ ၁း၃-၄
ဆာလံ ၁၀၇း၁-၁၅

*“အို ထာဝရဘုရား၊ နှုတ်ကပတ်တော်အတိုင်း ကိုယ်တော်၏ကျွန်၌ ကျေးဇူးပြုတော်မူ၏”*

# ကြီးမားပြီးအဖိုးတန်သောဂတိတော်များ

ကျွန်ုပ်တို့အထဲ၌ လုပ်ဆောင်သောဘုရားသခင်၏တန်ခိုးတော်သည် ကျွန်ုပ်တို့အား ဘုရားတရားရှိစွာအသက်ရှင်နေထိုင်နိုင်စေသောအရာဖြစ်သည်။ သို့သော်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ဖြည့်ဆည်းပေးထားသည့်အရာများကို သူ့အားသိရှိခြင်းအားဖြင့်သာ အပြည့်အဝခံစားရနိုင်သည်ဟူသော အမှန်တရားဖြင့် ကျွန်ုပ်တို့ထပ်မံစိန်ခေါ်ခံရသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကိုလေ့လာပြီး ကယ်တင်ရှင်အကြောင်းကို ပိုမိုသိရှိသောအခါ၊ ဘုရားတရားရှိသောအသက်တာအတွက် ကိုယ်တော်ပေးထားသည့်တန်ခိုးကို ကျွန်ုပ်တို့တွေ့ကြုံခံစားနိုင်မည်ဖြစ်သည်။ ဘုရားသခင်ကို သိကျွမ်းခြင်းတိုးပွားလာသည်နှင့်အမျှ ယုံကြည်သူတို့သည် ဝိညာဉ်ရေး၌ကြီးထွားလာသည် (၂ ပေ ၁း၃)။

ဘုရားသခင်သည် ယုံကြည်သူများအား သူ၏အလိုတော်ကို သိသောပညာအားဖြင့် ပြည့်စုံစေမည်ဟုတမန်တော်ပေါလုဆုတောင်းခဲ့သည်မှာ အံ့ဩစရာမဟုတ်ပေ (ကော ၁း၉)။ ဘုရားသခင်၏လူများအနေနှင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြောင်းနှင့်ကျွန်ုပ်တို့အသက်တာအတွက် သူ၏အလိုတော်ကိုပိုမိုသိရှိရန်အလို့ငှါ သူ့နှုတ်ကပတ်တော်ကို ဆက်လက်လေ့လာရမည်ဖြစ်သည်။ ပေတရု၏ဒုတိယစာစောင်သည် ခက်ခဲသောအချက်အချို့ကို ကိုင်တွယ်ဖြေရှင်းပြီးတနည်းအားဖြင့် ကြောက်စရာကောင်းသည့်အချက်အလက်ကိုပင် ဖြေရှင်းခဲ့သည်။ သို့သော် နှုတ်ကပတ်တော်ကိုသိသောအားဖြင့် ဘုရားသခင်ကိုသိသောကျွန်ုပ်တို့မူကား၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဂတိထားတော်မူသမျှ၌ ငြိမ်သက်ခြင်းနှင့်ငြိမ်ဝပ်ခြင်းကို ရှာတွေ့ကြလိမ့်မည်။

အပြစ်ရှိသော ဆိုးညစ်သောကမ္ဘာတွင် ခရစ်တော်နှင့်တူသော အသက်တာဖြင့်အသက်ရှင်နေထိုင်ရန် ဘုရားသခင်သည် ဝိညာဉ်ရေးစွမ်းအားဆိုရာ ကြီးမားသောဂတိတော်များကို ပေးထားသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ဇီဇအသစ်ကိုပေးခဲ့ပြီ။ ယခင်က ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်အပြစ်ဆန္ဒများမှတဆင့် ကမ္ဘာကြီးပျက်ယွင်းမှု၏ကျွန်ဖြစ်ခဲ့ကြသည်။ ခရစ်တော်ကိုသိကျွမ်းခြင်းဖြင့် ကျွန်ုပ်တို့သည် ယခုတွင်အသစ်ပြုပြင်သောသတ္တဝါဖြစ်ကြသည် (၂ ကော ၅း၁၇)။ ကျွန်ုပ်တို့သည် ဤလောကနှင့်လိုက်လျောညီထွေဖြစ်ရန် မလိုတော့ဘဲ ကျွန်ုပ်တို့သည် ဘုရားသခင်၏အရာများကိုသင်ယူခြင်းဖြင့် ကျွန်ုပ်တို့စိတ်များကို အသစ်တဖန်ပြုပြင်နိုင်ကြသည်။ လောကီအခက်အခဲများနှင့်စုံစမ်းနှောင့်ယှက်မှုများကို သခင်ဘုရားရှုမြင်သကဲ့သို့ ကျွန်ုပ်တို့ရှုမြင်နိုင်၏ (ဖိ ၂း၅)။

ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ နေထိုင်သောကြောင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို နာခံမှုဖြင့် အသက်ရှင်နိုင်သည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်၌ရှိသော လောကီအနှောင့်အယှက်များနှင့် ဝမ်းနည်းခြင်းတို့မှ ကင်းဝေးနိုင်သည် (ရောမ ၈း၉)။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို လေ့လာပြီး ကျွန်ုပ်တို့ကယ်တင်ခြင်း၏ ဘုရားသခင်အကြောင်းကို ပိုမိုသင်ယူသည်နှင့်အမျှ ကျွန်ုပ်တို့သည် ဤနောက်ဆုံးသောနေ့ရက်များတွင် သူ့အတွက် နေထိုင်ရန် ပိုမိုကောင်းမွန်စွာပြင်ဆင်ထားရမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ပိုမိုရင်းနှီးအောင်ဘယ်လိုသိနိုင်မည်နည်း။
**ဆုတောင်းချက်** - အဖ၊ ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းအတွက် ကျေးဇူးတင်ပါ၏။ အကြောင်းမူကား၊ ကျွန်ုပ်သည် ကိုယ်တော်၏နှုတ်ကပတ်တော် နာခံခြင်းဖြင့် အသက်ရှင်ရန် ကျွန်ုပ်တတ်နိုင်ရခြင်းအကြောင်းဖြစ်သည်။

၂ ပေ ၁း၄ *“ကောင်းသောဉာဏ်နှင့်ပညာတော်အတတ်ကို*

ဆာလံ ၁ *သွန်သင်ပေးတော်မူပါ”*

# ပျက်စီးယိုယွင်းခြင်းမှလွတ်မြောက်ခြင်း

ရှင်ပြန်ထမြောက်တော်မူသော သင့်သခင်ဘုရား၏တန်ခိုးတော်၌ အသက်ရှင်မည်ဆိုလျှင် ဇာတိပကတိကိုစွဲလမ်းစေမည့်အတွေးအားလုံးကို ထာဝစဉ်ပယ်ရှားလိုက်ပါ။ ခရစ်တော်၌အသက်ရှင်သောသူသည် အပြစ်တရား၏ပျက်စီးယိုယွင်းခြင်း၌နေရမည်မှာ မနှစ်မြို့ဖွယ်ရာဖြစ်သည်။ “သေသောသူတို့တွင် အသက်ရှင်သောသူကို အဘယ့်ကြောင့် ရှာကြသနည်း” ဟု ကောင်းကင်တမန်က မာဂဒလကိုပြော၏။ အသက်ရှင်သောသူတို့သည် သင်္ချိုင်းတွင်း၌ နေသင့်သလော။ ဇာတိပကတိတပ်မက်ခြင်း၏ဇာတ်အိမ်တွင် ဘုရားနှင့်ဆိုင်သောအသက်တာကို နှစ်မြှပ်သင့်သလား။ သခင်ဘုရား၏ခွက်ကို ကျွန်ုပ်တို့သုံးဆောင်ပြီး နတ်ဆိုး၏ခွက်ကိုအဘယ်သို့သုံးဆောင်နိုင်ကြသေးသနည်း။ ယုံကြည်သူတို့ကို ဖွင့်ထားသောတပ်မက်ခြင်းနှင့်အပြစ်တို့မှ ရွေးနှုတ်ခြင်းအမှန်ခံရကြ၏။ ငှက်ဖမ်းသူစာတန်၏ပိုက်၌လျှို့ဝှက်ပြီး ထင်ယောင်ထင်မှားဖြစ်စေသော သစ်ကိုင်းအခက်များမှ သင်လွတ်မြောက်ခဲ့ပြီလား။ မာန်မာနကြီးခြင်းမှ သင်ထွက်ခဲ့ပြီလား။ ပျင်းရိခြင်းမှသင်လွတ်မြောက်ခဲ့သလား။ ဇာတိလုံခြုံရေးမှလွတ်လွတ်ကျွတ်ကျွတ် လွတ်မြောက်ပြီလား။ လောကီအရာတည်းဟူသော မာန်မာနထောင်လွှားခြင်းနှင့်လောဘလွန်ကျူးခြင်း ထောင်ချောက်အပေါ်တွင် နေ့စဉ်လျှောက်လှမ်းဖို့ ရှာဖွေနေသလား။ ဤအတွက်ကြောင့် သင်သည်ဘုရားသခင်၏ဘဏ္ဍာတော်များနှင့် ကြွယ်ဝခြင်းဖြစ်သည်ကိုသတိရပါ။ အကယ်၍ သင်သည်အမှန်ပင်ဘုရားသခင်ရွေးကောက်တော်မူသော၊ ချစ်တော်မူသောသူဖြစ်ပါက သင့်အပေါ်၌လျှံပယ်သောကျေးဇူးတော်စည်းစိမ်ရှိသမျှတို့ကို မဆုံးရှုံးစေနှင့်။ သန့်ရှင်းမှုကို လိုက်လော့။ ၎င်းမှာ ခရစ်ယာန်၏သရဖူနှင့်ဘုန်းအသရေဖြစ်သည်။ မသန့်ရှင်းသောအသင်းတော်မှာ လောကီအတွက်အသုံးမဝင်သောအရာဖြစ်ပြီး၊ လူတို့ကြားအထင်ကြီးလေးစားစရာမရှိပေ။ ၎င်းမှာ စက်ဆုပ်ရွံရှာဖွယ်ရာ၊ ငရဲ၏ရယ်မောဖွယ်ရာ၊ ကောင်းကင်ဘုံ၏ရွံရှာဖွယ်ရာဖြစ်သည်။ ကမ္ဘာပေါ်တွင် ကြုံဖူးသမျှအဆိုးယုတ်ဆုံးအမှုများကို မသန့်ရှင်းသောအသင်းတော်က သူမထံသို့ခေါ်ဆောင်လာခဲ့သည်။ အို ခရစ်ယာန်၊ ဘုရားသခင်၏သစ္စာဂတိစကားသည် သင့်အပေါ်တည်ပါ၏။ သင်သည် ဘုရားသခင်၏ယဇ်ပုရောဟိတ်ဖြစ်သောကြောင့် ယဇ်ပုရောဟိတ်ကဲ့သို့ ပြုမူပါ။ သင်သည် ဘုရားသခင်၏ရှင်ဘုရင်ဖြစ်သောကြောင့် သင့်၏တပ်မက်စိတ်ကိုအုပ်စိုးလော့။ သင်သည် ဘုရားသခင်ရွေးချယ်ထားသောသူဖြစ်သောကြောင့် အဓမ္မလူနှင့်မပေါင်းဖော်ပါနှင့်။ ကောင်းကင်ဘုံသည် သင့်ပိုင်ဆိုင်မှုဖြစ်သောကြောင့် ကောင်းကင်နှင့်ဆိုင်သောဝိညာဉ်ကဲ့သို့ နေထိုင်လော့။ ထို့နောက် သင်သည် ယေရှုကိုတကယ်ယုံကြည်ကြောင်း သက်သေဖြစ်ရမည်။ အကြောင်းမူကား အသက်တာ၌သန့်ရှင်းမှုမရှိလျှင် နှလုံးသား၌ယုံကြည်ခြင်းမရှိနိုင်ပါ။

“သခင်ဘုရား၊ အသွေးတော်ဖြင့်ဝယ်ထားသော နာမတော်ကိုသယ်ဆောင်သောသူအဖြစ် အကျွန်ုပ်အသက်ရှင်လိုပါ၏။ ကိုယ်တော်ကိုကြောက်ရွံ့၍ ဝမ်းနည်းသောသူကဲ့သို့ဖြစ်လိုပါ၏။ ထို့နောက် အရှက်ကွဲခြင်းကိုလည်း မသိရှိဘဲနေလိုပါ၏”။

(C.H. Spurgeon)

**ဆင်ခြင်ရန်** - ကျွန်ုပ်သည်ဘုရားသားကဲ့သို့ အသက်ရှင်သလား (သို့) စာတန်မာရ်နတ်၏သားကဲ့သို့ရှင်သလား။

**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်၏ရိုင်းစိုင်းမှုကို ခွင့်လွှတ်ပါ။ ဖြုန်းတီးသောသားသည် သူ၏မေတ္တာရှင်နှင့်ခွင့်လွှတ်တတ်သောဖခင်ထံသို့ ပြန်လာသကဲ့သို့ ကိုယ်တော်ထံသို့ ကျွန်ုပ်ပြန်လာ၏။

# သင်၏ယုံကြည်ခြင်းထဲသို့ထည့်လော့

ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ဆက်ဆံရေးတစ်ခုလုံး၏အခြေခံမှာ ယုံကြည်ခြင်းပင်ဖြစ်သည်။ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည်ဖြောင့်မတ်ရာသို့ ရောက်ကြပြီး ဘုရားသခင်နှင့် ငြိမ်းချမ်းခြင်းရှိကြသည် (ရောမ ၅း၁)။ စစ်မှန်သောဝိညာဉ်ရေးတန်ဖိုးဖြစ်သည့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို တည်ဆောက်ရန်သမ္မာကျမ်းစာက ကျွန်ုပ်တို့အားစိန်ခေါ်သည် (ယာကုပ် ၂း၁၈)။ ကျွန်ုပ်တို့သည် ဤအရာကိုလုံ့လဝီရိယရှိရှိ လုပ်ဆောင်ရမည် (၂ ပေ ၁း၅)။

၂ ပေ ၁း၅-၇ တွင် ခရစ်ယာန်အသက်တာတိုင်းတွင် ပါဝင်ရမည့်အရည်အသွေးများ စာရင်းကိုဖော်ပြထားသည်။ ထင်ရှားသောအချက်မှာ သမ္မာကျမ်းစာကို တတ်ကျွမ်းရန်လိုသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၏ ဆီမီးခွက်မပါဘဲ ခရစ်ယာန်သည်ဤကမ္ဘာကို ဖြည့်ထားသော ထောင်ချောက်များနှင့်အပြစ်ဝက်ပါများကို မမြင်နိုင်ပေ (ဆာလံ ၁၁၉း၁၀၅)။

ချုပ်တည်းခြင်းတည်းဟူသော မိမိကိုယ်ကိုထိန်းချုပ်ခြင်းမှာ ခရစ်တော်နှင့်တူသော အသက်တာ၏အခြေခံလက္ခဏာတစ်ရပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးနှင့်ထိန်းချုပ်မှုအောက်သို့ ကျွန်ုပ်တို့၏ခံစားချက်နှင့်လိုအင်ဆန္ဒတို့ကို အပ်နှံလိုက်သောအခါ တွင် ချုပ်တည်းခြင်းဖြစ်ပေါ်လာသည်။ ဒေါသကိုမထိန်းချုပ်သောခရစ်ယာန်များသည် ၎င်းတို့၏ သက်သေခံချက်များကိုလည်း ဆုံးရှုံးကြသည်ဟုဆိုသည်။

သမ္မာကျမ်းစာတွင် စိတ်ရှည်ခြင်းဆိုသည်မှာ ရုန်းရင်းဆန်ခတ်မှုနှင့်စုံစမ်းသွေးဆောင်မှုများ တွင် သည်းခံ၍ခံရပ်ခြင်းကိုဆိုလိုသည်။ အခြားသူများ လမ်းမှားရောက်နေပုံပေါ်သော်လည်း ယုံကြည်ခြင်း၌ မားမားမတ်မတ်ရပ်တည်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာက ဆင်းရဲဒုက္ခနှင့် သည်းခံခြင်းဆိုင်ရာ ခရစ်ယာန်အကျင့်သီလကောင်းကို နီးကပ်စွာဆက်စပ်ထားသည်။ ယောဘသည် သခင်ဘုရား အတွက် သစ္စာရှိစွာဟောပြောခဲ့သော ပရောဖက်များထဲတွင် သည်းခံခြင်း၏ပုံသက်သေကောင်း တစ်ဦးအဖြစ် ယူဆခြင်းခံရသည်(ယာကုပ် ၅း၁၀-၁၁)။ ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် ဆင်းရဲ ဒုက္ခကိုဖြတ်သန်းရသောအခါတွင် ကျွန်ုပ်တို့၏သည်းခံခြင်းကို တည်ဆောက်ပြီး ယုံကြည်ခြင်း၌ တည် ကြည်ရန် သင်ယူကြသည် (ရောမ ၅း၃၊ ယာကုပ် ၁း၃)။

ဤအရည်အသွေးများသည် ကျွန်ုပ်တို့အသက်တာအတွက် အစဉ်မပြတ်တိုးတက် လာပါ က၊ ကျွန်ုပ်တို့သည် မှန်ကန်သောခရစ်ယာန်သက်သေခံချက်တစ်ခုကို ရလိမ့်မည် (၂ ပေ ၁း၈)။ သို့ရာတွင် ကျွန်ုပ်တို့သည် ဤအရာများ၌မကြီးထွားပါက ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်မှ ကယ်တင်တော်မမူသကဲ့သို့ အသက်ရှင်နေကြသည် (၂ ပေ ၁း၉)။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် အပြစ်တရား၌သေကြပြီး ဘုရားသခင်ထံ၌အသက်ရှင်ကြောင်းကို ဆက်လက် ပြသရမည်ဖြစ်သည်။ ဤအရာကို အပြစ်သည်ကျွန်ုပ်တို့ကို ထိန်းချုပ်ရန်ငြင်းဆိုခြင်းဖြင့်သော်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ခရစ်ယာန်အရည်အသွေးများကို ပြသခြင်းအား ဖြင့်သော်၎င်း ကျွန်ုပ်တို့လုပ်ဆောင်ကြသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်အသက်တာကို တိုင်းပြရမည့်အရည်အသွေးငါးခုကို ကျွန်ုပ်အမည် တပ်နိုင်မလား။

**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်သည် ခိုင်ခံ့စွာရပ်တည်နိုင်စေရန် စိတ်ရှည်သည်းခံမှုကို သွန်သင် ပေးမည်ဟူသော အာမခံချက်အတွက် ကျေးဇူးတင်ပါ၏။

စနေ၊ စက်တင်ဘာ (၁၀)
၂ ပေ ၁း၁၀-၁၁
ဆာလံ ၃၇း၁-၉

*"အကျွန်ုပ်သည် ဆင်းရဲမခံမှီလမ်းလွဲပါ၏။ ယခုမူကား၊ ဗျာဒိတ်တော်အတိုင်းကျင့်စောင့်ပါ၏"*

# ကြွယ်ဝသောဝင်ပေါက်

ရှေ့အနည်းငယ်က ယုံကြည်သူများသည် အပြစ်မှကယ်တင်ခြင်းမခံရသကဲ့သို့ အသက်ရှင်နေကြသောဝမ်းနည်းဖွယ်ရာအခြေအနေအကြောင်း ပြောထားသည်။ ယခုတွင်သစ္စာရှိသော ခရစ်ယာန်များထံလှည့်ကာ တမန်တော်ကညီအစ်ကိုများဟုခေါ်ခြင်းဖြင့် သူ၏မေတ္တာနှင့်ချစ်ခင်မှုကိုပြသခဲ့သည်။ ထို့နောက် ခရစ်ယာန်အသက်တာနှင့်ပတ်သက်၍ ပြင်းထန်သောစိန်ခေါ်မှုကို သူဖော်ပြပေးခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကယ်တင်ခြင်းသို့ရောက်ဖို့သာမက သန့်ရှင်းသောအသက်တာအတွက်ပါ ကျေးဇူးတော်အားဖြင့် ခေါ်တော်မူကြောင်းကို အစဉ်အမြဲသတိ ရနေရမည် (ဧဖက် ၂း၈-၁၀)။

ကယ်တင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်တစ်ခုတည်းကြောင့်ဖြစ်သော်လည်း၊ နောက်လိုက်လာသောကောင်းသောအကျင့်များသည် ကျွန်ုပ်တို့ကယ်တင်ခြင်းခံရပြီကြောင်း သက်သေပြကြသည်။ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရပြီး ခရစ်ယာန်သည် အပြစ်၌ဆက်လက်အသက်ရှင်နိုင်သည်ဟု သမ္မာကျမ်းစာတွင် မည်သည့်နေရာတွင်မှ ဖော်ပြထားခြင်းမရှိပါ။ သို့သော် ကျွန်ုပ်တို့သည် အပြစ်မှလွတ်မြောက်ကြောင်း သက်သေအဖြစ် သန့်ရှင်းသောအသက်တာဖြင့်နေထိုင်ရန် စိန်ခေါ်မှုကိုအမြဲတမ်းခံရမည် (ရောမ ၆း၁-၂)။

ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းနှင့်နာခံခြင်းနောက်သို့ လိုက်လျှင် မာရ်နတ်၏ကျော့ကွင်းထဲသို့ ဘယ်သောအခါမှ ကျရောက်မည်မဟုတ်ပေ (၁ တိ ၃း၇)။ ဤနေရာတွင် ကျွန်ုပ်တို့၏ကယ်တင်ခြင်းမှာ မေးခွန်းထုတ်စရာမရှိပေ။ ထိုအရာသည် ဘုရားသခင်၏လက်တော်ထဲ၌ရှိသောကြောင့် စိတ်ချရသည်။ သို့သော် ခရစ်ယာန်အသက်တာသည် ဘုရားသခင့်လူတို့၏တာဝန်ဖြစ်သည်။ ဝိညာဉ်တော်၏နောက်သို့မလိုက်ပါက၊ ထိုနေ့၌ကျွန်ုပ်တို့သည် သခင်ဘုရားရှေ့တော်၌ရပ်ကျသောအခါတွင် ဆုံးရှုံးခြင်းရှိလိမ့်မည် (၁ ကော ၃း၁၅)။

ကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့၏အချိန်များကို ဝိညာဉ်ရေးရာကြီးထွားဖို့ရန်နှင့် သခင်ဘုရားကိုနာခံဖို့ရန် ကြိုးပမ်းခြင်း၌ အသုံးပြုသောအခါ ခမ်းနားကြီးကျယ်သောမျှော်လင့်ခြင်းက ကျွန်ုပ်တို့ကိုစောင့်ကြိုနေ၏။ ကောင်းကင်ဘုံသို့ခမ်းနားသောဝင်ပေါက်သည် ဘုရားသခင်၏သစ္စာရှိသောကျွန်သည် စောင့်ကြိုနေပါသည်။ သူတို့၏အလုပ်သည် ပျင်းရိသောခရစ်ယာန်ကို "ဆုံးရှုံးခြင်း"သို့ရောက်သကဲ့သို့ "မီးနှင့်ကျွမ်းလောင်"ခြင်းခံရမည်ကို ကြောက်စရာမလိုပေ (၁ ကော ၃း၁၅)။ သို့အစား၊ သူတို့သည် ဘုရားသခင်၏ထာဝရနိုင်ငံတော်သို့ ကြွယ်ဝသောဝင်ပေါက်ကို ရရှိလိမ့်မည်။ "သာဓု"ဟူသော သခင်ဘုရား၏မိန့်ဆိုသံကို ကြားရခြင်းဖြင့် ကရာနီတောင်ကုန်း၌ ဝယ်ယူခဲ့သော ထာဝရပျော်ရွှင်မှုထဲသို့ဝင်ရောက်ရန် ဤအရာသည်မြေကြီးပေါ်တွင် ရှိစဉ် ဘုရားသခင်အတွက် သစ္စာရှိစွာအသက်ရှင်နေထိုင်သူတို့၏ ဆုလာဘ်ဖြစ်လိမ့်မည် (မဿဲ ၂၅း၂၁)။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏အပြစ်မှလွတ်မြောက်ခြင်း သက်သေအထောက်အထားကား အဘယ်နည်း။

**ဆုတောင်းချက်** - အဖ၊ စာတန်၏ကျော့ကွင်းသည် အကျွန်ုပ်နှင့်ဝေးကွာစေမည်အကြောင်း၊ ကိုယ်တော်ကိုနာခံစေတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၁၁)
၂ ပေ ၁း၁၂-၁၄
ဆာလံ ၂၆

*"ကိုယ်တော်သည်ကောင်းသောသဘော၊*
*ကျေးဇူးပြုတတ်သောသဘောရှိတော်မူ၏။*
*အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌သွန်သင်တော်မူပါ"*

# သမ္မာတရားကိုသတိရလော့

ကျမ်းစာရေးသူများသည် ကျွန်ုပ်တို့သိပြီးသားအမှန်တရားကို မကြာခဏသတိပေးကြသည်။ သမ္မာကျမ်းစာအမှန်တရားများကို ယုံကြည်သူများအားသတိပေးရန်မှာ ဓမ္မဆရာတို့၏တာဝန်အဖြစ် ပေတရုမြင်၏ (၂ ပေ ၁း၁၂)။ ယုံကြည်သူများကို "တချိန်ကသိခဲ့သည်" ကို "အောက်မေ့" စေခြင်းအကြောင်းကို ယုဒပြောခဲ့သည် (ယုဒ ၁း၅)။ ဆိုလိုသည်မှာ သူတို့သိခဲ့ပြီးသောအကြောင်းအရာကို ဆိုလို၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်ချက်များကို သတိပေးခြင်းဖြင့် အစဉ်မပြတ်နှိုးဆော်ရန်လိုအပ်သည် (၂ ပေ ၁း၁၃)။

နှုတ်ကပတ်တော်ဆရာကြီးများအားလုံးကဲ့သို့ပင် ပေတရုကအသင်းတော်သည် သမ္မာတရား ကို စွန့်ပယ်သွားမည်ကိုစိုးရိမ်ခဲ့သည်။ ပေါလုသည် ဧဖက်လူတို့ကို၌ကဲ့သို့သော စိုးရိမ်မှုအကြောင်း ပြောခဲ့သည်။ ရက်စက်ကြမ်းကြုတ်သောဝံပုလွေများကဲ့သို့ လူတို့သည်ဘုရားသခင်၏သိုးစုကို တိုက် ခိုက်လိမ့်မည်ကို ပေါလုသိခဲ့သည်။ ထိုသူတို့မှာ အသင်းတော်အပြင်ဘက်မှလူများမဟုတ်ဘဲ သတိ မမူသောအချိန်၌အသင်းတော်ထဲသို့ ဝင်ရောက်ကြသောသူတို့ကြားမှ လူတို့ဖြစ်လိမ့်မည်။ ပေါလုသည် အသင်းတော်အား "စောင့်ကြည့်" ရန်နှင့် ၎င်းတို့အားသွန်သင်ခဲ့သည့်အရာများကိုသတိရရန် တောင်းလျှောက်ခဲ့သည် (တမန် ၂၀း၂၉-၃၁)။

အသင်းတော်သည် ၎င်းတွင်ဂတိပြုထားသောသမ္မာတရားအား "သတိဝီရိယစိုက်ခြင်း" အမြဲမပြတ်မရှိပါက ဤသမ္မာတရားများပျောက်ကွယ်သွားလိမ့်မည် (ဟေဗြဲ ၂း၁)။ အသင်းတော်သည် အရယူဖောက်ပြန်သွားပြီး အပြစ်ဒဏ်စီရင်ခြင်းခံရမည် (ဟေဗြဲ ၂း၃)။ သမ္မာတရားကိုသိရှိပြီး ဥပက္ခာပြုခြင်းကြောင့် ကျွန်ုပ်တို့သားစဉ်မြေးဆက်ဆီ မပြုပို့နိုင်ခြင်းမှာ အလွန်ဝမ်းနည်းစရာကောင်း၏။ တစ်စုံတစ်ဦး အမေရိကန်ပြည်ထောင်စုရှိ နယူးအင်္ဂလန်၏လှပသော ကျေးလက်ဒေသကို ဖြတ်ကျော်မောင်းနှင်နိုင်ပြီး ရာနှင့်ချီသောဘုရားကျောင်းဟောင်းများကို မြင့်မားမတ်စောက်သော အရပ်များတွင် မြင်တွေ့နိုင်၏။ ၎င်းတို့သည် တိတ်ဆိတ်နေကြ၏။ သူတို့၏သက်သေခံချက်သည် တိတ်နေ၏။ သူတို့၏တစ်ခုတည်းသောရပ်တည်ချက်စံနှုန်းမှာ လူတိုင်းကယ်တင်ခြင်းသို့ရောက်မည်ဟူသော မှားယွင်းသောသွန်သင်ချက်ဖြစ်သည်။ သို့သော် ထိုဘုရားကျောင်းများကို လွန်ခဲ့သောနှစ်များစွာက ကြီးမြတ်သောခရစ်ယာန်တို့က တည်ဆောက်ခဲ့ကြသည်။ သို့သော်လည်း သူတို့သည်သမ္မာတရားကို လျစ်လျူရှုပြီး သူတို့သိပြီးသားအရာများကို သူတို့ကိုယ်သူတို့သတိပေးဖို့ ပျက်ကွက်ခဲ့ကြသည်။ ယခုတွင် သူတို့၏သားသမီးတို့သည် ကြီးပွားချမ်းသာပြီးမာနထောင်လွှားလျက် မိမိကိုယ်ကိုကျေနပ်နေကြသော်လည်း၊ ထာဝရအရာအားလုံးကို သူတို့ဆုံးရှုံး၏။

ထို့ကြောင့် ကျွန်ုပ်တို့သည်သမ္မာတရားကို သတိမရဘဲ ကြာမြင့်စွာသောအချိန်က ကျွန်ုပ်တို့ထံပေးခဲ့သောယုံကြည်ခြင်းကို မကာကွယ်ပါက အထက်ကဖြစ်သောအရာသည် ကျွန်ုပ်တို့မျိုးဆက်မှာလည်းဖြစ်နိုင်၏။

**ဆင်ခြင်ရန်** - ကျမ်းရေးသူတို့သည် ကျွန်ုပ်အားယနေ့တွင် အဘယ်အရာကိုသတိရစေသနည်း။
**ဆုတောင်းချက်** - အဖ၊ ကိုယ်တော်၏သမ္မာတရားသည် ပျောက်ကွယ်မသွားစေရန် စိတ်အားထက်သန်စွာ နာယူနိုင်ပါစေ။

**၂ ပေ ၁း၁၅-၁၈**
ဆာလံ ၄၄း၁-၉

*"မာနကြီးသောသူတို့သည် အကျွန်ုပ်တစ်ဖက်၌ မုသာစကားကိုကြံစည်သော်လည်း"*

# မျက်မြင်သက်သေများ

သူသေပြီးနောက်ပိုင်း အသင်းတော်တွင် သူ၏သက်သေခံချက်မှတ်တမ်းရှိဖို့ရန်မှာ ပေတရု၏ဆန္ဒဖြစ်သည် (၂ ပေ ၁း၁၅)။ သန့်ရှင်းသောဝိညာဉ်တော်သည် သူနှင့်အခြားတမန်တော်များကို ဓမ္မသစ်ကျမ်းရေးဖို့ လှုံ့ဆော်ပေးခြင်းဖြင့် ဤဆန္ဒကိုဖြည့်ဆည်းပေးခဲ့သည်။ သူတို့တွင် အသင်းတော်ကို ပြောပြစရာများအများကြီးရှိခဲ့ကြသည်။ သူတို့သည် သခင်ဘုရား၏လုပ်ရပ်များတွင် မျက်မြင် သက်သေများဖြစ်ခဲ့ကြသည်။ ပေတရုသည် ပုံသဏ္ဍာန်ပြောင်းသောတောင်ပေါ်တွင် သခင်ဘုရား၏ ဘုန်းတော်ကို မျက်မြင်တွေ့ခဲ့ကြသည် (၂ ပေ ၁း၁၆)။ ကောင်းကင်ဘုံမှ ခမည်းတော်ဘုရားသခင်၏ စကားသံကို အမှန်တကယ်သူကြားခဲ့ရသည် (၂ ပေ ၁း၁၇-၁၈)။

ထို့နောက်၊ သမ္မာကျမ်းစာသည် များစွာထွက်ပေါ်ခဲ့သောအခြားဘာသာရေးစာအုပ်များနှင့် ကွဲပြားသည်။ ယခုအခါ၊ အီဂျစ်နတ်ဘုရား၏စာအုပ်များသည် ပြတိုက်များတွင် ဖုန်များစုပုံလာပြီး ထိုစာအုပ်များထဲမှ ပုံပြင်တို့မှာ ဂရုစိုက်မှုမခံရဘဲ မေ့လျော့ခြင်းခံရကြသည်။ Mormon တို့သည် ထိုစာအုပ်ထဲမှအနည်းဆုံးတစ်စိတ်တစ်ပိုင်း ကူးယူထားသောစာအုပ်တစ်အုပ်ကို ယုံကြည်လိုက်လျောက်ကြသည်မှာသိသာလှသည်။ သို့သော်၊ သူတို့ရေးခဲ့သောသမ္မာတရားကို သူတို့ကိုယ်တိုင် မျက်စိနှင့်မြင်ခဲ့ကြသောလူများက သန့်ရှင်းသောကျမ်းစာကို ရေးခဲ့ကြခြင်းဖြစ်သည်။ တမန်တော်ယောဟန်သည် ခရစ်တော်ကဖော်ပြသည့်အတိုင်း သမ္မာတရားကိုမြင်ခြင်း၊ တွေ့ကြုံခြင်းနှင့် ကိုင်တွယ်ခြင်းအကြောင်းကို မိန့်တော်မူခဲ့သည် (၁ ယော ၁း၁)။ ၎င်းမှာ ကယ်တင်ခြင်းနှင့်ပတ်သက်ပြီး တမန်တော်မြင်တွေ့ခဲ့သောအချက်ကို ရေးသားထားခြင်းဖြစ်သည် (၁ ယော ၄း၁၄)။

သမ္မာကျမ်းစာသည် စာအုပ်ကောင်းတစ်အုပ်ဖြစ်သော်လည်း အချက်အလက်များမှာ အမြဲရိုးစင်းမှုမရှိဟု အချို့သောသူတို့ကဆိုကြသည်။ ထိုသူတို့က တပည့်တော်တို့သည် သခင်ယေရှုပြန်လည်အသက်ရှင်လာဖို့ အလွန်မျှော်လင့်ခဲ့ကြပြီး၊ ယေရှု တကယ်ရှင်ပြန်ထမြောက်ခဲ့သည်ဟု တကယ်စိတ်ထင်ခဲ့ကြကြောင်း ဆိုကြသည်။ သို့သော် ဓမ္မသစ်ကျမ်းရေးသူများသည် ခရစ်တော်၏သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွတော်မူခြင်းအပါအဝင်၊ ခရစ်တော်၏ဓမ္မအမှုတော်တစ်ခုလုံးကို ၎င်းတို့၏မျက်စိဖြင့် မြင်တွေ့သည်ဟု တသမတ်တည်းဆိုကြသည်။ ခရစ်တော်နှင့်စပ်လျဉ်း၍ ဓမ္မသစ်ကျမ်း၏သက်သေခံချက်သည် မမှန်ပါက တမန်တော်ကလူကောင်းများမဟုတ်ဘဲ လူလိမ်များနှင့် မရိုးသားသူများဖြစ်ကြမည် (၁ ကော ၁၅း၁၅)။ ယောဟန်သည် ဤစကားများကို ရေးသားခြင်းဖြင့် ဧဝံဂေလိတရားကိုပြီးဆုံးစေခဲ့သည် - "ထိုတပည့်တော်ကား ဤအကြောင်းအရာတို့ကိုသက်သေခံ၍ ရေးထားသောသူဖြစ်၏" (ယော ၂၁း၂၄)။ သူ၏လူတို့ဖြစ်သောကျွန်ုပ်တို့သည် သူ့နောက်တော်သို့ သမ္မာတရားဖြင့်လိုက်နိုင်စေခြင်းငှါ ဤသန့်ရှင်းသောကျမ်းစာကို သခင်ဘုရား၏အမှုတော်နှင့် ဘုန်းအာနုဘော်ကိုမျက်မြင်တွေ့ရှိသောသူတို့က ရေးသားထားကြ၏။

**ဆင်ခြင်ရန်** - ခရစ်တော်နှင့်ပတ်သက်သောသူတို့၏ရေးသားချက်များသည် မှန်ကန်ကြောင်း တမန်တော်ပြောဆိုချက်၏ အခြေခံကားအဘယ်နည်း။

**ဆုတောင်းချက် -** အဖ၊ နှုတ်ကပတ်တော်သည် အမှန်တရားကိုမျက်မြင်သက်သေများဖြင့် ရေးသားထားသောကြောင့် ချီးမွမ်းပါ၏။

အင်္ဂါ၊ စက်တင်ဘာ (၁၃)
၂ ပေ ၁း၁၉-၂၁
ဆာလံ ၁၁၉း၃၃-၄၀

*“. . . ကိုယ်တော်၏ဥပဒေများကို စိတ်နှလုံးအကြွင်းမဲ့ကျင့်ပါ၏”*

## ပို၍သေချာသောပရောဖက်ပြုချက်

ပေတရုက သူသည်သခင်ယေရှု၏အမူတော်၌ မျက်မြင်သက်သေဖြစ်ခဲ့သည်ဟူသော အချက်ကို ပြီးစေခဲ့သည်။ သူသည်ခရစ်တော်၏ ဘုန်းအသရေကိုမြင်ပြီး ပုံသဏ္ဍာန်ပြောင်းသည့် တောင်တွင် ခမည်းတော်ဘုရားသခင်၏အသံကို ကြားခဲ့သည်။ ဤအရာများသည် သူ့တရားကိုကြားနာသောသူတို့မပါဝင်နိုင်သည့် မင်္ဂလာရှိသောအတွေ့အကြုံများဖြစ်ကြသည်။ ဤအရာများကို လွဲချော်ခြင်းအတွက် စိတ်ပျက်ခြင်းအချို့ရှိမည်ကို စိုးရိမ်၍တမန်တော်သည် ကျွန်ုပ်တို့အားကြီးမားသော သမ္မာတရားအကြောင်းကို သတိပေးသည်။ ကျွန်ုပ်တို့တွင် ပို၍သေချာသောပရောဖက်ပြုချက်တစ်ခု ရှိသည်။ အချိန်ကြာလာသည်နှင့်အမျှ အတွေ့အကြုံများ၏အဓိပ္ပာယ်နှင့်ရှင်းလင်းမှုတို့သည် ကျွန်ုပ်တို့၏မှတ်ဉာဏ်များတွင် ပျောက်ကွယ်သွားခြင်း (သို့) ရှုပ်ထွေးသွားနိုင်၏။ သို့သော်၊ မပြောင်းလဲသော ဘုရားသခင်၏နှုတ်ကပတ်တော်သည် အမြဲတည်နေသည် (၂ ပေ ၁း၁၉)။

ဘာသာရေးအရှုပ်ထွေးများနဲ့ ပြောင်းလဲနေသည့်ဤကာလများမှာ၊ မပြောင်းသောသမ္မာတရား၏သတင်းစကားကို လိုက်နာဖို့ကောင်း၏။ မှောင်မိုက်နေသောဤလောကတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကသာ အလင်းပေးသည်။ ဘုရားသခင်၏လူတို့အတွက် ဘုရားသခင်အကြောင်းနှင့် မိမိတို့အသက်တာအတွက် သူ့ပညတ်တော်တို့ကို နှုတ်ကပတ်တော်မှအပ အခြားနည်းလမ်းမရှိပေ (ဆာလံ ၁၁၉း၁၃၀)။ သခင်ယေရှုကြွလာတော်မူသည့်နောက်ဆုံးနေ့တိုင်အောင် သမ္မာကျမ်းစာ၏သွန်သင်ချက်များကို လိုက်နာရမည်ဖြစ်သည်။ သခင်ဘုရားပြန်ကြွလာချိန်ကို အပြစ်၏မှောင်မိုက်ညပြီးနောက် နေ့သစ်၏အာရုံဦးအဖြစ် မကြာခဏရည်ညွှန်းသည် (ရောမ ၁၃း၁၂)။

လူတို့သည် ဘုရားသခင်၏သမ္မာတရားမှ ရွေ့လျော့နေကြသောကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုစွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားရန်အလွန်အရေးကြီး၏။ လူတို့၏ဓမ္မပညာနှင့် ဓဿနပညာတို့သည် ပေါ်လာ၍သွားကြကုန်သည်။ လူတို့၏အပြစ်ရှိသောစိတ်ကို အသစ်ဖြစ်စေသည့်အတိုင်း စွန့်ပစ်၍ ဘုရားသခင်နှင့်လူသားတို့အကြောင်းနှင့်ပတ်သက်၍ ပိုမိုလက်ခံ၍ရသောအတွေးအခေါ်များဖြင့် အတွေးအခေါ်အဟောင်းကို အသစ်ဖြင့်အစားထိုး၏ (ရောမ ၁း၂၁-၂၃)။

သန့်ရှင်းသောသမ္မာကျမ်းစာသည် အခြားကျမ်းများအားလုံးနှင့်ကွဲပြား၏။ ၎င်းသည် လူတို့၏စိတ်ကူးကို သန့်ရှင်းသောလူတို့၏စိတ်ကူးမှပင် ရေးသားထားခြင်းမဟုတ်ပေ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်က သူတို့ကိုထိုသို့ပြုလုပ်ရန် လုပ်ဆောင်ပေးသည့်အတိုင်းအတာ ဤသန့်ရှင်းသူတို့က ဟောပြောကြသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ လူတို့၏စိတ်ကူးများမဟုတ်၊ ဘုရားသခင်သည် သူ့ကိုယ်ကို လူသားတို့အားထုတ်ဖော်ပြသခြင်းဖြစ်သည်။ အသင်းတော်အတွက် အံ့ဖွယ်နည်းဖြင့် ထိန်းသိမ်းထားသောနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ အလင်းဖြစ်သည်။ သမ္မာတရားကိုလိုက်နာခြင်းဖြင့်သာ ကျွန်ုပ်တို့၏ကယ်တင်ရှင်ဘုရားသခင်ကို နာခံကာ အသက်ရှင် နိုင်မည်ဖြစ်သည်။

**ဆင်ခြင်ရန်** - သမ္မာတရားကို အခြားစာများနှင့်ဘယ်အရာက ခြားနားစေသနည်း။

**ဆုတောင်းချက်** - ထာဝရတည်မြဲ၍ မပြောင်းလဲသောဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့် ရရှိခြင်းအတွက် ကျွန်ုပ်အလွန်မင်္ဂလာခံစားရ၏။ကျေးဇူးတင်ပါ၏ အဖ။

*"သူတို့၏နှလုံးသည် ဆီဥကဲ့သို့ခဲလျက်ရှိ၏။
အကျွန်ုပ်မူကား ကိုယ်တော်၏တရား၌မွေ့လျော်ပါ၏"*

# သိုးစုကြားတွင်ရှိသောဝံပုလွေများ

ရှင်ပေတရုဒုတိယစာစောင်၏သတိပေးဆောင်ပုဒ်သည် ယခု အသံထွက်လာ၏။ ကျွန်ုပ်တို့သည် "အန္တရာယ်ရှိသောအချိန်များ" ရောက်ရှိလာတော့မည်ဖြစ်သောကြောင့် ဘုရားသခင်ဖော်ပြသောသမ္မာတရားဖြစ်သည့် သမ္မာတရားကိုလေ့လာ၍ နာခံရပါမည် (၂ တိ ၃း၁)။ ဤအချိန်များသည် သမ္မာတရားကိုမလိုက်လျှောက်ဘဲ တိုးပွားလာသောဘာသာရေးလုပ်ဆောင်မှုများဖြင့် ထူးခြားသောသွင်ပြင်လက္ခဏာဖြစ်ပေါ်ပြီး "ယုံကြည်ခြင်းကိုစွန့်ပယ်" ခြင်းသို့ လူတို့ကိုပို့ဆောင်မည့်အချိန်ကာလဖြစ်မည် (၁ တိ ၄း၁)။

ဓမ္မဟောင်းခေတ်တွင် မိစ္ဆာပရောဖက်များသည် ဘုရားသခင်၏လူများကြားမှ ပေါ်ထွက်ခဲ့ကြောင်းကို ကျွန်ုပ်တို့သတိရ၏။ သူတို့သည် မုန်းတီးခံရသောဘုရားမဲ့ ခါနနိလူများ (သို့) ဖိလိတ္တိလူများမဟုတ်ကြပါ။ သူတို့သည် အစ္စရေးလူမျိုးများဖြစ်ကြသည်။ ဤလူတို့သည် သမ္မာတရားကို ကြားပြီးကြီးပြင်းလာကြသည်။ သို့သော် သူတို့သည် သမ္မာတရားကိုငြင်းပယ်ရုံတင်မက ဖျက်ဆီးဖို့ပင်တမင်ကြိုးစားကြသည်။

ထို့နည်းတူ ယေရှုခရစ်၏အသင်းတော်၌ ထိုသို့သောလူများရှိကြလိမ့်မည်။ သူတို့သည် သမ္မာတရားကိုသင်ယူပြီး ဘုရားသခင်၏လူမျိုးနှင့် မိဿဟာယဖွဲ့ခဲ့သောအသင်းတော်တွင် လူသိများသော အမျိုးသားများဖြစ်ကြလိမ့်မည် (၂ ပေ ၂း၁)။ ရှေးယခင်က အယူမှားသူများကဲ့သို့ပင်၊ ၎င်းတို့သည် သမ္မာတရားကိုငြင်းပယ်ရုံသာမက၊ ယုံကြည်ခြင်းကို ဖျက်ဆီးရန်ကြံရွယ်ကြလိမ့်မည်။ သူတို့သည် အသင်းတော်အတွင်း၌ မိမိတို့၏ဩဇာကိုအသုံးပြုကာ အယူမှားခြင်းကို သွန်သင်ရန်အသုံးပြုပြီး၊ သမ္မာကျမ်းစာ၏သမ္မာတရားမှ လူတို့ကို လမ်းလွဲစေဖို့ ကြိုးစားကြလိမ့်မည်။ သူတို့သည် သူတို့အား ကယ်တင်ခြင်းငှါ အသေခံတော်မူသောသခင်ဘုရားကို ငြင်းပယ်ရန်အထိပင် သွားကြလိမ့်မည်။

အဆုံးနီးလာသည်နှင့်အမျှ များစွာသောသူတို့သည် ဤမှားယွင်းသောဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကိုငြင်းပယ်ပြီး သူတို့သည် မိမိတို့ကိုယ်ကို ချစ်မြတ်နိုးကြပြီး ကြီးစွာသောအပြစ်တွင်ပါဝင်လာကြလိမ့်မည်။ သူတို့၏လုပ်ရပ်များသည် စစ်မှန်သောယုံကြည်ခြင်းကို ပြက်ရယ်ပြုကာ သိက္ခာမဲ့စေလိမ့်မည် (၂ ပေ ၂း၂)။ သို့ရာတွင် သူတို့၏ဩတ္တပ္ပစိတ်သည် အလွန်မာကျောသဖြင့် သူတို့၏လုပ်ရပ်အတွက် အရှက်ရှိကြလိမ့်မည်မဟုတ်ပါ (၁ တိ ၄း၂)။

ဤလူဆိုးများသည် သမ္မာတရားကိုသိပြီး ချစ်မြတ်နိုးသူများအပေါ် ကြီးစွာသောအောင်ပွဲရသည်ဟု ထင်မြင်ကြသည်း။ သို့ရာတွင် တရားစီရင်ခြင်းကို သူတို့အတွက် ပြင်ဆင်ထားပြီးဖြစ်သည် (၂ ပေ ၂း၃)။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့သည် သမ္မာတရားကိုလေ့လာပြီးယုံကြည်ခြင်းကို ဖျက်ဆီးမည့်သူများထံမှ ခုခံကာကွယ်ရပါမည်။

**ဆင်ခြင်ရန်** - မမျှော်လင့်ထားသောနေရာမှ မှားယွင်းသောဆရာများရောက်လာမည်လော။
**ဆုတောင်းချက်** - ထိုကဲ့သို့သော အန္တရာယ်ရှိသောနေ့ရက်များတွင်၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို သတိပြုမိစေရန် ကူညီတော်မူပါ အဖ။

*"အထုံးအဖွဲ့တော်တို့ကို သွန်သင်စေခြင်းငှါ၊
အကျွန်ုပ်ဆင်းရဲခံရသောကျေးဇူးသည် ကြီးပါ၏"*

# ဘုရားသခင်စီရင်တော်မူမည်

လူဆိုးများသည် အသင်းတော်တွင်ပေါ်ထွက်ပြီး သမ္မာတရားမှလူများကို ဝေးရာသို့ပို့ဆောင်ကြလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုသတိပေးထားသည်။ ဂိုဏ်းဂဏကြီးများ၏ ခေါင်းဆောင်များနှင့် ကမ္ဘာ့အသင်းတော်များကောင်စီတို့သည် ခရစ်ယာန်ယုံကြည်ခြင်း၏ အဓိကကျသောအယူအဆတိုင်းကို ပွင့်လင်းစွာနှင့်အရှက်မဲ့စွာငြင်းပယ်ကြသည်။ သမ္မာကျမ်းစာ၌ ပရောဖက်ပြုထားသည့်အတိုင်း၊ သူတို့သည် သမ္မာတရားကို လူလုပ်အယူအဆများနှင့်ရည်ရွယ်ချက်များဖြင့် အစားထိုးကြသည်။ ကျွန်ုပ်တို့သည် ဤခေတ်ရေစီးကြောင်းများကို တိုက်ဖျက်ရန်ကြိုးပမ်းသောအခါ၊ ကျွန်ုပ်တို့ ပတ်ပတ်လည်၌ရှိသော ဆိုးသွမ်းမှုနှင့်အယူဝါဒဖောက်ပြန်ခြင်းတို့က လွှမ်းမိုးထားခြင်းခံစားရသည်။

သို့သော်၊ ဘုရားသခင်သည် ပလ္လင်တော်ပေါ်၌ရှိနေဆဲဖြစ်ကြောင်း သန့်ရှင်းသောဝိညာဉ်တော်က သတိပေးသည်။ သမိုင်းတစ်လျှောက်တွင် ကိုယ်တော်သည်မိမိ၏သမ္မာတရားကို ဖျက်ဆီးဖို့ကြိုးပမ်းသောလူဆိုးများကို အပြစ်ပေးခဲ့သည်။ ပုန်ကန်သောကောင်းကင်တမန်များသည် မနုမြောဘဲယခုအချိန်၌ပင် တရားစီရင်ခြင်းကို စောင့်မျှော်နေကြသည် (၂ ပေ ၂း၄)။ နောဧခေတ်တွင်၊ ၎င်း၏ဆိုးသွမ်းမှုနှင့်ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို ဆန့်ကျင်ပုန်ကန်ခြင်းကြောင့် ကမ္ဘာတစ်ခုလုံးကို ဖျက်ဆီးခဲ့သည် (ကမ္ဘာ ၆း၁၂-၁၃)။ သောဒုံမြို့နှင့်ဂေါမောရမြို့ကြီးတို့သည် သူတို့အပေါ်သို့ တရားစီရင်ခြင်းမီးသွန်းလောင်းခြင်းဖြင့် အပြစ်အပေါ် ဘုရားသခင်၏အမျက်တော်ကို ခံစားခဲ့ကြသည် (ကမ္ဘာ ၁၉း၂၄-၂၅)။ ထိုကဲ့သို့သော ဒုစရိုက်အပြစ်ကိုလုပ်ဆောင်မည့်သူများအတွက် စံနမူနာပြုရန် ဤဖျက်ဆီးခြင်းကိုဖြစ်ပေါ်စေခဲ့သည် (၂ ပေ ၂း၆)။ ဆိုးသွမ်းသောထိုမြို့ကြီးနှစ်မြို့၌ ပြုခဲ့သော အပြစ်များကို ယနေ့ခေတ်အသင်းတော်ဂိုဏ်းကြီးများရှိ ခေါင်းဆောင်များက ပြောင်ပြောင်တင်းတင်းခွင့်လွှတ်ထားကြကြောင်း ကြားရသည်မှာ ထိတ်လန့်စရာပင်ဖြစ်၏။

လောကသည် ဆိုးသွမ်းမှုများနှင့်ဝိုင်းရံထားသကဲ့သို့ပင် သမ္မာတရားကိုငြင်းပယ်သောလူများကြောင့် ဖြစ်ပေါ်လာသောမကောင်းမှုရေကြီးက ကျွန်ုပ်တို့ကိုလွှမ်းမိုးကြောင်းခံစားရသည်။ သို့ရာတွင် ဘုရားသခင်သည် ထိုလူဆိုးများကို အပြစ်ပေးရုံသာမက သူ့လူတို့ကိုလည်း သူကယ်တင်လိမ့်မည် (၂ ပေ ၂း၈-၉၊ ဆာလံ ၃၄း၁၇)။ ကျွန်ုပ်တို့သည် သမ္မာတရားကို သစ္စာရှိစွာလိုက်လျှောက်ခြင်းဖြင့်၊ ဘုရားသခင်၏တရားစီရင်ချက်သည် ဆိုးသွမ်းသူများအပေါ် ကျရောက်သည်သာမက၊ ကိုယ်တော်၏ဂရုဏာတော်ဖြင့် သူ့လူများကို တည်တံ့စေပြီး နောက်ဆုံးသောဖြောင့်မတ်ခြင်းကို ပေးလိမ့်မည်။

**ဆင်ခြင်ရန်** - လစ်ဘရယ်သင်းအုပ်ဆရာတို့က ကျမ်းစာ၏သမ္မာတရားကို အဘယ်အရာဖြင့် အစားထိုးသနည်း။

**ဆုတောင်းချက်** - အဖ၊ ကိုယ်တော်၏လူတို့ကို ဒုစရိုက်လက်မှ ကယ်တင်မည့်နည်းကို ကိုယ်တော်သိပါ၏။ ကိုယ်တော်ကို မည်သို့ကိုးစားရမည်နည်း။

*“နှုတ်တော်ထွက်တရားတော်သည် ရွှေငွေအထောင်*
*အသောင်းထက်မက အကျွန်ုပ်၌သာ၍ကောင်းပါ၏”*

# မာနထောင်လွှားသောလူများ

သမ္မာကျမ်းစာသည် ဇဝံဂေလိတရားကိုငြင်းပယ်ပြီး ဘုရားသခင်၏လူများကို သမ္မာတရားမှ ဝေးကွာစေရန် ကြိုးပမ်းသောလူဆိုးများ၏အကြောင်းကို ဆက်လက်ဖော်ပြထားသည်။ နောက်ဆုံးပြစ်ဒဏ်စီရင်ခြင်းအတွက် သီးသန့်ထားသမျှသောသူတို့တွင် ဤမှားယွင်းသောဆရာများကို အထူးကွက်၍ရွေးထားသည်။ သူတို့သည် အသင်းတော်၏အခွင့်အာဏာကိုသာမက ဖန်ဆင်းရာအားလုံး၏အရှင်သခင်ကိုလည်း မထီမဲ့မြင်ပြုကြသည် (၂ ပေ ၂း၁၀)။ ယုဒစာစောင်တွင် သောဒုံမြို့နှင့်ဂေါမောရမြို့သားတို့ကို အလားတူဖော်ပြခဲ့သည် (ယုဒ ၇-၉)။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဆန့်ကျင်ပုန်ကန်သော ဤလူများသည် နောက်ဆုံးတွင်ဖောက်ပြန်ဆုံးသောအပြစ်များ၏ကျွန်များဖြစ်လာကြသည်။ ထိုမှားယွင်းသောဆရာများသည် အဘယ်သူကိုမျှလေးစားမှုမရှိကြပါ။ လူတို့ထက်သာ၍အစွမ်းထက်သော ကောင်းကင်တမန်များပင်လျှင် ဤသူတို့မသိသောရိုသေမှုကို ပြသကြသည် (၂ ပေ ၂း၁၁)။

ဤဆရာများသည် အသင်းတော်အတွင်းမှပေါ်ထွက်လာကြသော်လည်း ယုံကြည်ခြင်းကင်းမဲ့လွန်းသဖြင့် သူတို့နားမလည်သောအရာများကို ကဲ့ရဲ့ရှုတ်ချကြသည်။ ဘုရားသခင်သည် အသိပညာအားလုံးကို ဖော်ပြရန်မရွေးချယ်ထားကြောင်းကို ကျွန်ုပ်တို့သတိရရမည်။ သူ၏စုံလင်သောအကြံအစည်တွင်ရှိသော အချို့သောအရာများသည် လျှို့ဝှက်ထားသည် (တရား ၂၉း၂၉)။ သခင်ဘုရားပြန်ကြွလာမည့်နေ့ရက်သည် ဤလျှို့ဝှက်ချက်များမှတစ်ခုဖြစ်သည်။ မှားယွင်းသောဆရာများသည် သခင်ဘုရားပြန်ကြွလာမည့်အကြောင်းကို ပြက်ရယ်ပြုသူများထဲတွင် ပါဝင်ကြသည် (၂ ပေ ၃း၃-၄)။ သခင်ဘုရားပြန်ကြွလာခြင်းအပြင် အပျိုကညာမှမွေးဖွားလာခြင်းနှင့် အခြားသောအဓိကခရစ်ယာန်သမ္မာတရားများကို မထီမဲ့မြင်ပြုသော အင်္ဂလန်အသင်းတော်မှ အမှုဆောင်အရာရှိတစ်ဦးရေးသားသောစာအုပ်တစ်အုပ်ကို လွန်ခဲ့သောအချိန်က ဖတ်ရသည့်အတွက် ကျွန်ုပ်တို့အံ့ဩမိပါသည်။ တစ်ချိန်က ကြီးမားသောအသင်းတော်တစ်ခုကို ထိုမှားယွင်းသောအယူဝါဒရှိသူကို နှင်ထုတ်ရန် ကျွန်ုပ်တို့အချည်းနှီးစောင့်ဆိုင်းခဲ့ရပါသည်။ သို့သော် ထိုကိစ္စနှင့်ပတ်သက်ပြီး လုံးဝနှုတ်ဆိတ်နေခဲ့သည်။ သမ္မာကျမ်းစာက ဤမှားယွင်းသောဆရာမျိုးကို ဆန့်ကျင်ဖို့အသင်းတော်ကို သတိပေးထား သည်။

သမ္မာကျမ်းစာအရ၊ ထိုသို့သောအယူဖောက်ပြန်သူများသည် ၎င်းတို့၏အာရုံများဖြင့်သာဦးဆောင်ထားသည့်တောရိုင်းတိရစ္ဆာန်များထက်သာလွန်ကြသည်မဟုတ်ပါ။ သူတို့သည် ကြီးစွာသောဝိညာဉ်ရေးပျက်စီးခြင်းကို ဖြစ်ပေါ်စေပြီး သတိမဲ့လမ်းလွဲစေသည်။ သို့ရာတွင်၊ သူတို့၏တရားစီရင်ခြင်းကိုပြင်ဆင်ထားပြီးဖြစ်၍၊ သူတို့၏ဒုစရိုက်များကြောင့် ပျက်စီးကြလိမ့်မည် (၂ ပေ ၂း၁၂)။ ခရစ်ယာန်အသင်းတော်သည် ရာစုနှစ်များတစ်လျှောက်လုံး ယုံကြည်သူအသင်းတော်မှ သွန်သင်သည့်အတိုင်း သမ္မာကျမ်းစာ၌ အပြည့်အဝရပ်တည်ခြင်းမရှိသော မည်သည့်ဆရာကိုမဆို အသင်းတော်သည် အဆက်မပြတ်သတိထားနေရမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - ယနေ့တွင် မှားယွင်းသောဆရာတို့ လှောင်ပြောင်သောကျမ်းစာမှ သမ္မာတရားတစ်ခုကို အမည်တပ်ပါ။

**ဆုတောင်းချက်** - အဖ၊ ကိုယ်တော်သည်မကောင်းမှုကို အစဉ်အမြဲပြစ်ဒဏ်ပေးတော်မူပြီး အမျက်တော်မှအဘယ်သူမျှ မလွတ်နိုင်ပါ။ ကျွန်ုပ်ကိုသတိပေးတော်မူပါ။

*“ကိုယ်တော်၏လက်တို့သည် အကျွန်ုပ်ကို ဖန်ဆင်း၍၊ ပုံသဏ္ဌာန်ကိုပေးတော်မူပြီ”*

## အစွန်းအကွက်များနှင့်အပြစ်အနာအဆာများ

သခင်ယေရှုသည် အပြစ်အနာအဆာမရှိသောယဇ်ကောင်ဖြစ်သည်။ ဆိုလိုသည်မှာ သူသည်အပြစ်ကင်းစင်ပြီး၊ ချို့ယွင်းချက်မရှိပေ။ သူသည် သူ၏လူများကိုအပြစ်တရားမှ ကယ်တင်ပြီး သန့်ရှင်းစင်ကြယ်သောအသက်တာဖြင့် အသက်ရှင်နေထိုင်နိုင်ရန် ပြီးပြည့်စုံသောယဇ်ကောင်ဖြစ်သည်။ ထိုသို့သော အသက်တာသည် လောကီသားတို့အား ဘုရားသခင်၏ဖြောင့်မတ်ခြင်းအကြောင်းကို သက်သေခံသည် (ဧဖက် ၅း၂၇)။

သို့သော်၊ အသင်းတော်အတွင်း၌ သခင်ဘုရား၏စရိုက်နှင့်ဆန့်ကျင်ဘက်ဖြစ်သော မှားယွင်းသောဆရာများရှိသည်။ သမ္မာကျမ်းစာက ထိုသူတို့ကို ဘုရားသခင်၏လူတို့ကြားတွင် အစွန်းအကွက်နှင့်အပြစ်အနာအဆာရှိသောသူများအဖြစ် ပုံဖော်ထားသည် (၂ ပေ ၂း၁၃၊ ယုဒ ၁၂)။ ဤလူဆိုးတို့သည် အရှက်ကင်းမဲ့ကြပြီး လူတိုင်းမြင်နိုင်သောဘုရားမဲ့အကျင့်များကို လုပ်ဆောင်ကြသည်။ သူတို့သည် မှားယွင်းသောအယူဝါဒများကို ပြောင်ပြောင်တင်းတင်းသွန်သင်ကာ ဆိုးရွားသောအပြစ်ဒုစရိုက်များကို အားပေးနေချိန်တွင် အသင်းတော်အတွင်း၌ရှိနေကြသည် (၂ ပေ ၂း၁၃)။

ဘုရားသခင်၏သမ္မာတရားကို ငြင်းပယ်ပြီးနောက်၊ ဤအယူမှားသောဆရာများသည် မိမိတို့ ၏အကျင့်ယိုယွင်းမှုမှ မလွတ်မြောက်နိုင်သောကြောင့် အပြစ်၏ကျွန်များဖြစ်လာကြသည် (၂ ပေ ၂း၁၄)။ ယနေ့ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ကိုကြည့်သောအခါ၊ “လွတ်လပ်သောမေတ္တာ”၊ “လိင်တူဆက် ဆံခြင်း” နှင့် သမ္မာကျမ်းစာတွင် ပြင်းပြင်းထန်ထန်ရှုတ်ချသည့် အခြားမတွေးဝံ့စရာအပြစ်များကို ထောက်ခံအားပေးသည့်အသင်းတော်ခေါင်းဆောင်များကို ကျွန်ုပ်တို့အံ့ဩနေကြသည်။ သို့တိုင်အောင် ပေတရုသည် အသင်းတော်အဖွဲ့အစည်းအတွင်း ထိုကဲ့သို့သော လူများကို တွေ့ရှိလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အား သတိပေးခဲ့သည်။

“စိတ်နှလုံးမတည်ကြည်သောသူတို့” ကိုလှည့်ဖြားရန် သူတို့လုပ်ငန်း၏တစ်စိတ်တစ်ပိုင်းအဖြစ်၊ သူတို့မြင်ကြလိမ့်မည် (၂ ပေ ၂း၁၄)။ သမ္မာကျမ်းစာ၌ ကောင်းစွာအခြေမခံသူများ၊ သမ္မာတရားကိုမကြာသေးမီကမှ ကြားသိခဲ့ရသူများ၊ သို့မဟုတ် လောက၌နစ်မွန်းနေသော ယုံကြည်သူများသည် သူတို့၏သားကောင်များဖြစ်လာကြသည်။ သူတို့သည် လောဘကြီးသူ၊ ခေါင်းဆောင်ရာထူး၊ ကျော်ကြားမှုနှင့်ငွေကြေးကို တပ်မက်သောသူဖြစ်ကြသည်။ ဤအပြစ်ရှိသော ကမ္ဘာ၏အုပ်ချုပ်ခံစက်ဝိုင်းများသို့ ဝင်ပေါက်ရှာရန် မိမိတို့၏အသင်းတော်ရာထူးများကို အသုံးပြုကြသည်။

ဤနေရာတွင် ဖော်ပြထားသောလူများနှင့်တူသော သူတို့နှင့်မည်သို့ဆက်ဆံရမည်ကို ဘုရားသခင်လူတို့အား သမ္မာကျမ်းစာက ခိုင်မာသောလမ်းညွှန်ချက်ပေးထားသည်။ ထိုသူတို့ကို မှတ်သားထားပြီး သူတို့နှင့်မိဿဟာယမဖွဲ့ရန် မိန့်ဆိုထားသည်။ လောကီဂုဏ်အသရေနှင့်အရည်အချင်းများရှိသော်ငြားလည်း၊ သူတို့သည် သခင်ဘုရားကိုအစေခံခြင်းမဟုတ်ဘဲ၊ သူတို့ကိုသူတို့ အစေခံကြခြင်းဖြစ်သည် (ရောမ ၁၆း၁၇-၁၈)။ ဤနောက်ဆုံးသောနေ့ရက်များတွင် ဘုရားသခင်၏သိုးစုတော်ကို လုယူဖျက်ဆီးပြီး သမ္မာတရားမှဝေးရာသို့ ပို့ဆောင်သူများကို သတိထားပါ။

**ဆင်ခြင်ရန်** - မှားယွင်းသောဆရာတို့ကို နောက်ဆုံးမှာအစေခံကျွန်ဖြစ်စေသည့်အရာမှာ အဘယ်နည်း။

**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်အား သတိရှိရန်နှင့်ယုံကြည်သူများကို လမ်းလွဲစေမည့်သူများကို အမှတ်အသားပြုရန်ကူညီပေးပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၁၈)
၂ ပေ ၂း၁၅-၁၆
ဆာလံ ၄၉း၁-၁၂

*"... ပညတ်တော်တို့ကို အကျွန်ုပ်*
*သိနိုင်သောဉာဏ်နှင့် ပြည့်စုံစေတော်မူပါ"*

# ဗာလမ်၏လူများ

ပေတရုသည် မနှစ်မြို့ဖွယ်အကောင်းဆုံးဘာသာရပ်ကို ဆက်လက်သင်ကြားခဲ့သည်။ သမ္မာတရားကိုမယုံကြည်သောလူများသည် အသင်းတော်အတွင်းမှ ပေါ်ထွက်လာကြမည်။ သူတို့သည် လမ်းလွဲစေရန် တမင်တကာကြိုးပမ်းကြပြီး သတိမရှိသူများကို ကျမ်းစာတွင်တားမြစ်ထားသော အပြစ်ရှိသည့်အလုပ်များထဲသို့ မြူဆွယ်ကြလိမ့်မည် (၂ ပေ ၂း၁၄)။ ယနေ့တွင် ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ထိုကဲ့သို့သောလူများကို မြင်တွေ့ကြသည်မှာ သေချာလှသည်။ ဤသူတို့သည် ဘုရားသခင်၏ကျိန်ခြင်းခံရကြောင်း ပေတရုကသတိပေးခဲ့သည် (၂ ပေ ၂း၁၄)။

ဤမှားယွင်းသောဆရာတို့သည် သမ္မာတရားကိုသိသော်လည်း၊ တမင်တကာငြင်းပယ်ကြသည်။ သူတို့၏ဘဝတစ်လျှောက်လုံး၌ သခင်ဘုရား၏မှန်ကန်သောလမ်းစဉ်မှ သွေဖယ်ကြသည် (တမန် ၁၃း၁၀)။ ခရစ်ယာန်ယုံကြည်ခြင်း၏ဖော်ပြချက်မှန်သမျှကို ဆန့်ကျင်တိုက်ခိုက်နေသည့် အသင်းတော်ခေါင်းဆောင်များကို တွေ့ရှိရခြင်းအတွက် ကျွန်ုပ်တို့မအံ့ဩသင့်ပါ။ နယူးအင်္ဂလန်ရဲ့ မြို့ရင်ပြင်မှာ ခရစ္စမတ်အချိန်အခါတွင် ခရစ်ယာန်ဘုရားရှိခိုးပွဲကျင်းပသည်ကို ဆန့်ကျင်ကန့်ကွက်ခဲ့သူမှာ World Council of Churches အဖွဲ့ဝင်များဖြစ်သည်။ သမ္မာကျမ်းစာတွင် ပြင်းပြင်းထန်ထန် ပြစ်တင်ရှုံ့ချထားသည့် "လိင်တူဆက်ဆံသူများ၏အခွင့်အရေး"ဟုခေါ်သည့် ဖောက်ပြန်တဲ့ဘဝနေထိုင်မှုပုံစံကို ကလေးများအား သွန်သင်ခွင့်ပေးသည်မှာ သင့်လျော်ကြောင်း တောင်းဆိုသူတို့မှာ အသင်းတော်ခေါင်းဆောင်များဖြစ်သည်။

မှန်ကန်သောလမ်းကို စွန့်၍ မှားယွင်းသောပရောဖက်ဗာလမ်၏လမ်းစဉ်ကို လိုက်ခဲ့ကြကြောင်း ပေတရုရှင်းပြခဲ့သည်။ ဗာလမ်၏အကျင့်စရိုက်နှစ်ရပ်မှာ လောဘကြီးမှုနှင့် သူ၏သွန်သင်ချက်သည် ဘုရားသခင်၏လူတို့ကို အကျင့်ယိုယွင်းစေခြင်းဖြစ်သည် (တော ၂၂း၇၊ ၂၅း၁-၃)။

မှားယွင်းသောဆရာများသည် သမ္မာကျမ်းစာကို မလေ့လာရသေးသောသူတို့ကို သိမ်းသွင်းနိုင်ရန် မိမိတို့၏စည်းရုံးရေးနှင့်စကားပြောစွမ်းရည်များကို မကြာခဏအသုံးပြုကြသည်။ ဤလူတို့က လူထုများကို အလွယ်တကူလှည့်စားကြသည်။ သို့သော်၊ မှားယွင်းသောရှေးခေတ်ပရောဖက်ကို ဆုံးမဖို့ရန် ဘုရားသခင်သည် နိမ့်ကျသော ဝန်တင်တိရစ္ဆာန်ကို အသုံးပြုခဲ့ကြောင်း ပေတရုသတိပေး၏ (၂ ပေ ၂း၁၆)။ ၎င်းကြောင့် ယနေ့အသင်းတော်ကို ဖျက်ဆီးမည့်သူများကို ဆုံးမရန် ဘုရားသခင်က ကျွန်ုပ်တို့ကို အသုံးပြုဖို့ခွင့်ပေးရန် မကြောက်သင့်ပါ။ မှားယွင်းသောသွန်သင်ခြင်းကို ရင်ဆိုင်ရာ၌ ဘုရားသခင့်လူစုအများစုသည် အချိန်အတော်ကြာအောင် တိတ်ဆိတ်နေခဲ့ကြသည်။ မှားယွင်းသောသွန်သင်သူများကို ချေပရန်မှာ အသင်းတော်ခေါင်းဆောင်များသာမက ခရစ်ယာန်အားလုံး၏ အလုပ်ဖြစ်သည် (တိတု ၁း၉)။ သခင်ဘုရားပြန်ကြွလာသောနေ့တွင် ဤလူတို့ကိုတရားစီရင်လိမ့်မည် (ယုဒ ၁၅)။ ကိုယ်တော်ပြန်ကြွလာခြင်းကို စောင့်ဆိုင်းနေစဉ်၊ ကျွန်ုပ်တို့သည် ခမည်းတော်၏အမှုတော်ကို သတ္တိရှိရှိသွားလုပ်ကြပါစို့။

**ဆင်ခြင်ရန်** - ဗာလမ်၏အကျင့်စရိုက်နှစ်ခုကား အဘယ်နည်း။
**ဆုတောင်းချက်** - အဖ၊ မှားယွင်းသောဆရာတို့ကို ရဲရင့်စွာဆုံးမနိုင်ဖို့ ကူညီတော်မူပါ။

တနင်္လာ၊ စက်တင်ဘာ (၁၉)

၂ ပေ ၂း၁၇-၁၈

ဆာလံ ၃၇း၂၇-၄၀ *“နှုတ်ကပတ်တော်ကို အကျွန်ုပ်မျှော်လင့်ပါ၏”*

## ရေမရှိသောရေတွင်းများ

ဘုရားသခင်၏နှုတ်ကပတ်တော်များကို သိရှိနားလည်ခြင်းအားဖြင့်သာ ကျွန်ုပ်တို့ကို ခေါ်ရခြင်းအကြောင်းဖြစ်သော သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်နိုင်မည်ဖြစ်သည်။ သူခေတ်ပညာရှိဇဒ္ဒုကဲများသည် ကျမ်းစာကိုမသိသောကြောင့် သမ္မာတရားကိုနားမလည်နိုင်ကြခြင်းဖြစ်ကြောင်း ယေရှုမှတ်သားခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယ်တော်တိုင်၏ ဗျာဒိတ်တော်နှင့် ဝိညာဉ်ရေးရာများဆိုင်ရာ သမ္မာတရားတို့ကို ရှာတွေ့နိုင်သောအရာမှာ ကျမ်းစာ၌သာရှိသည်။ ထို့ကြောင့်၊ အသင်းတော်၌ရှိသောဆရာများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြောရန် စိန်ခေါ်ခံရပြီး၊ ယုံကြည်သူတိုင်းက ကျမ်းစာကိုလေ့လာရမည် (၂ တိ ၂း၁၅)။

ယခု ပေတရုသည် အသင်းတော်ရှိမှားယွင်းသော ဆရာများအကြောင်းကို ဆက်လက်ဖော်ပြခဲ့သည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားကို ငြင်းပယ်သောကြောင့်၊ သူတို့သည် ရေမရှိသောရေတွင်းများကဲ့သို့ဖြစ်နေကြသည် (၂ ပေ ၂း၁၇)။ သူတို့၏လေလုံးကြီးသောစကားများနှင့်လူတို့၏ဉာဏ်ရည်ဉာဏ်သွေးနှင့်ခံစားချက်များကို စိတ်ဝင်စားမှုတို့သည် မာနနှင့်ပြည့်နေသော စိတ်နှလုံးမှထွက်လာသည် (၂ ပေ ၂း၁၈)။ သူတို့၏နှုတ်ထွက်စကားများသည် တစ်စုံတစ်ခုသောဝိညာဉ်ရေးရာ တန်ဖိုး (သို့) သမ္မာတရားကင်းမဲ့နေခဲ့သည်။ ဤမှားယွင်းသောဆရာများသည် အသစ်သော (သို့) မသင်ယူထားသောယုံကြည်သူများကို လမ်းမှားသို့အများဆုံးပို့ဆောင်လေ့ရှိသည်။ အစောပိုင်းအသင်းတော်တွင်၊ ထိုသို့သောလူများက ဘုရားသခင်၏ကျေးဇူးတော်သည် အပြစ်ပြုဖို့လိုင်စင်ဖြစ်ကြောင်း သွန်သင်ခဲ့သည်။ ယနေ့တွင် သူတို့သည်နောက်ထပ်ခြေတစ်လှမ်းသွားကာ အပြစ်ဟူ၍မရှိဟု သွန်သင်ကြသည်။ ဧဝံဂေလိတရားကို ကြားခါစရုံသာရှိသောလူသစ်များကို ထိုကဲ့သို့မှားယွင်းသောဆရာများက သွန်သင်၍ဘုရားသခင်ခေါ်သော သန့်ရှင်းခြင်းနှင့်ဆိုင်သော သမ္မာတရားမှ လွဲသွားကြသည်မှာ အလွန်ဝမ်းနည်းစရာပင်ဖြစ်သည်။ ဤတွင် ဖော်ပြထားသကဲ့သို့ ကျွန်ုပ်တို့သည် နုနယ်သောခရစ်ယာန်များကို ဤအန္တရာယ်ရှိသောလူများစောင့်ရှောက်ဖို့ရန် ပို့ဆောင်ခြင်းအပြစ်မှကင်းလွတ်ပါမည်အကြောင်း မှားယွင်းသောဆရာများကို ပိတ်ပင်သောအသင်းတော်များတွင် ပါဝင်မိဿဟာယဖွဲ့ရန်မှာ အလွန်အရေးကြီးကြောင်း မိမိကိုယ်ကိုသတိပေးဖို့လိုအပ်သည်။

ထိုနောက်ဆုံးသောနေ့တွင် ပြင်းထန်သောစီရင်ချက်သည် ထိုလူတို့ကိုစောင့်မျှော်နေသည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့သည် သင်ကြားမှုအမှားများကိုဆက်လက်ဆန့်ကျင်ရပါမည်။ အသင်းတော်သည် ထိုသို့သောလူများကို မှတ်သားရန်တာဝန်ရှိပြီး သူတို့ကိုရှောင်ကြဉ်ရပါမည် (ရောမ ၁၆း၁၇-၁၈)။ အသင်းတော်အဖွဲ့အစည်းတစ်ခုသည် ၎င်းတို့အလယ်တွင် မှားယွင်းသောဆရာများကိုသည်းခံမည်ဆိုလျှင် စစ်မှန်သောယုံကြည်သူများသည် ထိုသို့သောအုပ်စုနှင့်ခွဲခွာရပါမည်။ သို့မဟုတ်လျှင် ၎င်းတို့သည် ထိုသူတို့၏ဒုစရိုက်တွင် ပါဝင်သူများဖြစ်ကြလိမ့်မည် (၂ ကော ၆း၁၇)။

**ဆင်ခြင်ရန်** - အသင်းတော်ရှိဆရာများသည် အဘယ်ကြောင့် ဘုရားသခင်နှုတ်ကပတ်တော်ကို ဟောပြောရန်စိန်ခေါ်ခံရကြသနည်း။

**ဆုတောင်းချက်** - အဖ၊ အကျွန်ုပ်သည် အမှောင်ထုကိုသတိရှိစေပြီး ၎င်းနှင့်မိဿဟာယဖွဲ့ခြင်းမပြုပါရစေနှင့်။

အင်္ဂါ၊ စက်တင်ဘာ (၂၀)

၂ ပေ ၂း၁၉-၂၂

ဆာလံ ၅၂

*"အို ထာဝရဘုရား၊ စီရင်တော်မူချက်တို့သည် မှန်ကြောင်းကို. . . အကျွန်ုပ်သိပါ၏"*

# စာရိတ္တပျက်စီးခြင်း၏ကျေးကျွန်များ

ခရစ်ယာန်ရှုထောင့်မှ ရေးသားထားခြင်းမဟုတ်သော်လည်း၊ စာအုပ်ခေါင်းစဉ် "လိင်လွတ်လပ်မှု၏ဒဏ္ဍာရီ"ဟူသောစာအုပ်က ကျမ်းစာနှင့်ဆိုင်သောသမ္မာတရားကို မရည်ရွယ်ဘဲ အသိအမှတ်ပြုသည်။ အပြစ်ကိုလိုက်စားသူတို့က သူတို့ကိုယ်သူတို့လွတ်လပ်သည်ဟု ထင်မှတ်တတ်ကြသော်လည်း သူတို့သည် မလွတ်လပ်ပါ။ သမ္မာကျမ်းစာပါ ကိုယ်ကျင့်တရားဆိုင်ရာ ချုပ်ချယ်မှုကိုပယ်ချပြီး၊ အကျင့်ယိုယွင်းမှု၊ မူးယစ်ဆေးဝါးစွဲမှုနှင့်ဆိုးသွမ်းမှုအမျိုးမျိုးတို့ဖြင့် ကျွန်ခံနေသော လူ့အဖွဲ့အစည်းများကို ၎င်းတို့ကိုယ်တိုင် ဖန်တီးခဲ့ကြသည်။ ပေတရု၏ရေးသားချက်ဖြစ်သော သမ္မာတရားက ထိတ်လန့်ဖွယ်ရာအာရုံစိုက်ရာဖြစ်ပေါ်စေ၏။ အဘယ့်ကြောင့်ဆိုသော်၊ ကိုယ်ကျင့်တရားလွတ်လပ်မှုအမည်ဖြင့် ထိုသို့သောဆိုးသွမ်းမှုကို ထောက်ခံအားပေးသူအများစုမှာ "အသင်းတော်ထဲမှလူများ" ဖြစ်ကြ၏။

သူတို့သည် သမ္မာတရားကိုသိခွင့်ရသည့် လူများဖြစ်ကြသည်။ အချို့သော သူတို့သည် သမ္မာကျမ်းစာကိုအလေးအနက်ယုံကြည်သောအသင်းတော်များတွင် ကြီးပြင်းကြပြီး လူငယ်အရွယ်တွင် နူတ်ကပတ်တော်၏ကြီးမြတ်သောဆရာများ၏ ခြေရင်း၌ထိုင်ခဲ့ကြသည်။ သမ္မာတရားကိုသိပြီးအပြစ်ကျွန်ခံခြင်းမှ ဘုရားသခင်၏လွတ်လပ်စေခြင်းကို ငြင်းပယ်ခြင်းမှာ အလွန်ကြောက်စရာကောင်းသောအခြေအနေဖြစ်သည်။

ဘုရားသခင်နှင့်သူ၏လူများရှေ့မှောက်တွင် လျှောက်လှမ်းရခြင်း၏ အဓိပ္ပာယ်ကိုသိရှိသော ကာဣနကိုကျွန်ုပ်တို့သတိရ၏။ သို့သော်၊ သူသည် ယုံကြည်ခြင်းမရှိဘဲ လှည့်ထွက်သွား၏။ သူသည် သူ၏အပြစ်ကြောင့် ထာဝရအမှတ်အသားပြုသူအဖြစ် ကျန်ရစ်ခဲ့သည်။ ကာဣန၏တစ်ခုတည်းသော ဝမ်းနည်းမှုမှာ သူ၏အပြစ်ဒဏ်သည်အလွန်ပြင်းထန်သောကြောင့်ဖြစ်သည်။ သူ၏ဖန်ဆင်းရှင်နှင့် ဆုံးရှုံးခဲ့ရသော မိဿဟာယအတွက် နောင်တရခြင်းမရှိပေ။

မှားယွင်းသောဆရာများသည် ကာဣန၏ခြေရာသို့လိုက်ကြသည်။ သူတို့သည် မှားယွင်းသောအယူဝါဒများကို သွန်သင်ပေးရန်နှင့် ယုံကြည်ခြင်းကို ပျက်ရယ်ပြုရန်စစ်မှန်သော ယုံကြည်သူများနှင့်မိဿဟာယဖွဲ့ခြင်းကို စွန့်လွှတ်ကြသည်။ သူတို့သည် "Reverend" သို့ "Pastor" (သင်းအုပ်ဆရာ) ဟူသောနာမကို ဆက်လက်ကိုင်စွဲထားသော်လည်း ခရစ်တော်နှင့်ဆက်ဆံရေးမရှိကြပေ (မသဲ ၇း၂၁-၂၃)။ ဤသူတို့သည် သမ္မာတရားနှင့်ခရစ်ယာန်မိဿဟာယ၏ ပျော်ရွှင်မှုကိုသိသော်လည်း ကယ်တင်ခြင်းအတွက် ခရစ်တော်ကိုယုံကြည်ခြင်းမရှိကြပေ။ သမ္မာတရားနှင့်စစ်မှန်သောယုံကြည်သူတို့နှင့်မိဿဟာယဖွဲ့ခြင်းမှ ထွက်ခွာခြင်းက သူတို့၏ဘယ်သောအခါမှ မယုံကြည်ခဲ့မှုကို သက်သေထူသည် (၁ ယော ၂း၁၈-၁၉)။ ထို့ကြောင့် သူတို့သည် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ပေးသောလွတ်လပ်မှုကို စွန့်လွှတ်ပြီးအပြစ်ကျိန်ခြင်းခံရသော ကမ္ဘာသို့ပြန်သွားကြသည်။ ကယ်တင်ခြင်းဆိုင်ရာ ဧဝံဂေလိတရားကိုငြင်းပယ်ပြီး သူတို့အတွက် မျှော်လင့်ချက်မရှိတော့ပါ။

**ဆင်ခြင်ရန်** - ခေတ်သစ်ဖြစ်ပျက်မှုများသည် ပေတရု၏အရေးအသားများကို အာရုံစိုက်လာစေသည်။

**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်ကိုကျမ်းစာရှိ သမ္မာတရားကိုမငြင်းဘဲ လက်ခံယုံကြည်စေတော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၂၁)
၂ ပေ ၃း၁-၂
ဆာလံ ၅၆

*"... သစ္စာတော်နှင့်အညီ*
*အကျွန်ုပ်ကိုဆင်းရဲစေတော်မူကြောင်းကို"*

# သင့်စိတ်ကိုနှိုးဆော်ပါ

ဘုရားသခင်၏လူတို့သည် အထူးသဖြင့် နောက်ဆုံးသောနေ့ရက်များနှင့် ပတ်သက်သော သမ္မာတရားကိုမေ့သွားမှာကို ပေတရုက အလွန်စိုးရိမ်ခဲ့သည်။ ဤဒုတိယစာစောင်ကို ရေးရခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏စိတ်ကို "နှိုးဆော်ဖို့ရန်ဖြစ်ကြောင်း" (၂ ပေ ၃း၁) သူထပ်လောင်း ပြောဆိုခဲ့သည်။ သိုးစုများကို လမ်းလွဲစေရန် ကြိုးပမ်းမည့်အသင်းတော်ခေါင်းဆောင်များ ပေါ်လာမည်ကို သတိရဖို့အရေးကြီးသည်။

ဤအန္တရာယ်ကို ရှုမြင်ခြင်းဖြင့်၊ သမ္မာကျမ်းစာတစ်လျှောက်လုံးတွင် ပရောဖက်အတုများ နှင့် မှားယွင်းသောဆရာများဆိုင်ရာ သတိပေးချက်များစွာကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ရှေးပရောဖက်များသည် သမ္မာကျမ်းစာနှင့်မညီသော ဆရာများနှင့်၎င်းတို့၏အကျင့်များကို ဆန့်ကျင်သတိပေးချက်တွင် တစ်လုံးတဝတည်းဖြစ်ကြသည်။

သူတို့က ဘုရားသခင်၏လူများကို မှားယွင်းသောအယူဝါဒစွဲသူအားလုံးအား သူတို့အထဲမှ နှင်ထုတ်ကြရန်စိန်ခေါ်ခဲ့သည်။ သခင်ယေရှုက နောင်ကာလတွင် အသင်းတော်အားရှုပ်ထွေးစေရန် ကြိုးပမ်းလာမည့်ခရစ်တော်အတုများနှင့် ပရောဖက်အတုများပေါ်ထွက်လာမည်ကို မိန့်ဆိုခဲ့သည်။

သတိပေးချက်အားလုံးရှိသော်ငြားလည်း၊ ဘုရားသခင်၏လူတို့သည် မှားယွင်းသောဆရာများကို ဆန့်ကျင်ရာ၌ယေဘုယျအားဖြင့် နွေးကွေးကြသည်။ ယနေ့တွင်ပင် အသင်းတော်သည် သည်းခံခြင်းစိတ်နှင့်ပြည့်ဝနေသည်။ ထိုကဲ့သို့သော စိတ်ကျေနပ်မှုကို ဆန့်ကျင်သည့်ဘုရားသခင်၏ သတိပေးချက်ကို အနည်းငယ်မျှ (သို့) စိတ်ဝင်စားမှုလုံးဝမရှိပုံပေါ်နေသည်။

မှားယွင်းသောဆရာများက အသင်းတော်သို့ ကြီးစွာသောအန္တရာယ်ကို ဆိုက်ရောက်စေသည်။ ဤအန္တရာယ်များထဲမှ အနည်းဆုံးတစ်ခုမှာ ကျမ်းစာကိုလေ့လာခြင်းမရှိသောသူများကို လမ်းမှားသို့ဦးဆောင်ခြင်းဖြစ်သည်။ ကျမ်းစာကောလိပ်များနှင့်စာသင်ကျောင်းများ၌ရှိသော မှားယွင်းသောဆရာများသည် သမ္မာကျမ်းစာကိုအမှားအယွင်းမရှိ (သို့) ဘုရားသခင်၏အကြွင်းမဲ့သမ္မာတရား အဖြစ် မြင်ရန်မှာ "ဉာဏ်ပညာအရ မှန်ကန်သောအရာ" မဟုတ်ကြောင်း ပုံသွင်းရလွယ်သော လူငယ်များကို သိမ်းသွင်းစည်းရုံးရန် စောင့်ဆိုင်းနေကြသည်။

ဤခက်ခဲသောနေ့ရက်များတွင် ကျွန်ုပ်တို့၏စိတ်ကို "နှိုးဆော်" ရန်နှင့်မှန်ကန်သောအရာကို လုပ်ဆောင်ဖို့ကျွန်ုပ်တို့၏သတ္တိကို မြှင့်တင်ပေးရန် သမ္မာကျမ်းစာကိုခွင့်ပြုဖို့ အရေးကြီးသည်။ ကျွန်ုပ်တို့အလယ်တွင်ရှိသော မှားယွင်းသောဆရာများကို လျစ်လျူရှုသည့်စည်းလုံးခြင်းသည် ခရစ်ယာန်စည်းလုံးခြင်းမဟုတ်ပါ။ ထိုသို့သောလုပ်ရပ်က ဝိညာဉ်များစွာ၏ သင်္ဘောဖျက်ခြင်းကို ဖြစ်ပေါ်စေလိမ့်မည်။ အသင်းတော်၏ပုံသက်သေကောင်းကို ဖျက်ဆီးပြီး သူတို့အတွက် ယေရှုအသေခံပေးသောသူများကို လမ်းလွဲစေမည့်သူများကို ဆန့်ကျင်ဖို့ရပ်တည်၍ သခင်ဘုရားသည် ကျွန်ုပ်တို့ကို နှိုးဆော်ပါစေသော်။

**ဆင်ခြင်ရန်** - ဤစာပိုဒ်တွင် တမန်တော်ပေတရုသတိပေးချက်မှာ အဘယ်အန္တရာယ် အကြောင်း ဖြစ်သနည်း။

**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်တို့အလယ်တွင်ရှိသော မှားယွင်းသောဆရာများကို လျစ်လျူရှုသော စည်းလုံးမှုမျိုးသည် ခရစ်ယာန်စည်းလုံးမှုမဟုတ်ကြောင်း ကျွန်ုပ်ကိုတစ်ဦးစီတိုင်းကို စွဲမှတ်စေတော်မူပါ။

ကြာသပတေး၊ စက်တင်ဘာ (၂၂)

၂ ပေ ၃း၃-၄
ဆာလံ ၇၁း၁-၁၄

*"ဂရုဏာတော်သည် အကျွန်ုပ်ကိုချမ်းသာပေး ပါစေသောဟု ဆုတောင်းပါ၏"*

# လှောင်ပြောင်သူတို့ရောက်လာကြမည်

ဤခေတ်၏နောက်ဆုံးရက်များတွင် ဘာသာရေးဆိုင်ရာလှုပ်ရှားမှုများစွာ ရှိလိမ့်မည်။ လူတို့သည် "ဘုရားဝတ်၌မွေ့လျော်သည့်ပုံစံ" ရှိသော်လည်း ၎င်း၏တန်ခိုးကိုငြင်းပယ်ကြသည် (၂ တိ ၃း၅)။ ဘုရားသခင်၏သမ္မာတရားမပါဘဲ ဘာသာရေးကို လိုက်လျှောက်သောသူတို့သည် ဝိညာဉ်ရေးရာတန်ဖိုးမရှိကြပါ။ ထို့ကြောင့်၊ သူတို့သည် သမ္မာတရားကိုမထိမ့်မြင်ပြုကြလိမ့်မည် (၂ ပေ ၃း၃)။ ယုဒက ဤနောက်ဆုံးသောကာလ၌ရှိသောမယုံကြည်သူများကို လှောင်ပြောင်သူများအဖြစ် ရည်ညွှန်းသည်။ ကျွန်ုပ်တို့မှတ်သားထားပြီးသည့်အတိုင်း ယနေ့တွင်ဤအခြေအနေမျိုးကို မြင်တွေ့ရမည်မှာ သေချာလှသည်။ သမ္မာကျမ်းစာကိုမကြာခဏဆန့်ကျင်သည့် လှုပ်ရှားမှုများကို ဦးဆောင်သူတို့မှာ ဓမ္မပညာရှင်များနှင့်အသင်းတော်ခေါင်းဆောင်များဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ဤလူများသည် မိမိတို့၏ဉာဏ်ပညာဖြင့် အောင်မြင်မှုကိုဂုဏ်ယူပြီး လူသားသည်သာ မိမိကံကြမ္မာ၏ခေါင်းဆောင်ဖြစ်ကြောင်း ယုံကြည်ကြသောကြောင့် ၎င်းတို့၏ထာဝရကံကြမ္မာကို ထိန်းချုပ်ထားသူတစ် ပါးတည်းသောတန်ခိုးရှင်ဘုရားသခင်ကို ဝန်မခံနိုင်ကြပေ။ ဤမှားယွင်းသောဆရာတို့က လူသည် မိမိအတွက် လုံလောက်ခြင်းရှိ၏ဟုထင်မြင်လျက်၊ လူသည် မိမိကိုဖန်ဆင်းသောအရှင်ထံ အကျိုး အပြစ်ကိုပေးရမည့်စီရင်ချက်ရောက်ရှိလာမည်ကို လက်မခံကြပေ။

ဘုရားသခင်၏သမ္မာတရားကို ငြင်းပယ်ခြင်းဖြင့် ၎င်းတို့သည် ဝိညာဉ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့၏ကိုယ်ပိုင်အယူအဆများကို ဖန်တီးကြပြီး ဧဝံဂေလိတရားကို ယုံကြည်သူတိုင်းက လှောင်ပြောင်ကြသည်။ ခရစ်ယာန်ယုံကြည်ခြင်း၏လှောင်ပြောင်အခံရဆုံးသော ယုံကြည်ချက်မှာ သခင်ဘုရား၏ဒုတိယအကြိမ်ကြွလာခြင်းဖြစ်သည်။ ခရစ်ယာန်တို့၏ ဤ"မင်္ဂလာရှိသောမျှော်လင့်ချက်" (တိတု ၂း၁၃) သည် မယုံကြည်သူတို့အတွက် ထာဝရပျက်စီးခြင်းသို့ ရောက်စေသည့်သဘောဖြစ်သည်။ လှောင်ပြောင်သူတို့က လူ့သမိုင်းတစ်လျှောက်တွင် ကြီးကြီးမားမားကပ်ဆိုးကြီးမဖြစ်ခဲ့ကြောင်းကို အခြေခံ၍သခင်ဘုရား၏ဒုတိယအကြိမ်ကြွလာခြင်းကို ငြင်းပယ်ထားပြီး ယခုတွင်မည်သည့်အရာကိုမျှ မျှော်လင့်မထားကြပေ။ သူတို့က ကမ္ဘာကြီးသည် ပုံမှန်လည်ပတ်နေသည်ဟုမြင်ထားသည်။ စစ်ပွဲများနှင့်ဆင်းရဲဒုက္ခများ ဆက်တိုက်ဖြစ်ပေါ်နေသော်လည်း ထာဝရငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးဆီသို့ တိုးတက်မှုကို စိတ်ကူးကြည့်နေကြသည်။

ထိုကဲ့သို့သော မှားယွင်းသောဆရာများနှင့်လှောင်ပြောင်သူများသည် နောက်ဆုံးသောကာလ၏လက္ခဏာများဖြစ်ကြသည်။ ထိုသူတို့နှင့်ပတ်သက်သော သမ္မာကျမ်းစာပါ သွန်သင်ချက်များကို ကျွန်ုပ်တို့သတိပြုရပါမည်။ သခင်ဘုရားက "ငါသည် အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကိုဆောင်ခဲ့သည်" ဟု မိန့်ဆိုခဲ့သည် (ဗျာ ၂၂း၁၂)။ လှောင်ပြောင်သူတို့၏ဆန့်ကျင်မှုများကြားမှ သခင်ဘုရားပြန်ကြွလာပြီး ထာဝရတရားစီရင်ခြင်းရှိမည်မှာ သေချာ၏။ ဤနောက်ဆုံးသောကာလများတွင် ဧဝံဂေလိတရားကို လှောင်ပြောင်မည့်သူများရှေ့မှောက်တွင် ဤသမ္မာတရားကို ရဲရင့်စွာကြေညာနိုင်ကြပါစို့။

**ဆင်ခြင်ရန်** - နောက်ဆုံးသောကာလ၏နိမိတ်လက္ခဏာတစ်ခုကား အဘယ်နည်း။

**ဆုတောင်းချက်** - အဖ၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် "မကောင်းသောအကျင့်ကိုကျင့်သောသူတို့" ကို သတိပေးထားသည် (ဖိလိ ၃း၂)။ ကိုယ်တော်၏သတိပေးချက်ကို ကျွန်ုပ်အလေးထားနိုင်ပါစေ။

၂ ပေ ၃း၅-၇
ဆာလံ ၇၃း၁-၁၇

*". . . အကျွန်ုပ်အသက်ရှင်မည်အကြောင်း၊ သနားစုံမက်တော်မူခြင်းသည် သက်ရောက်ပါစေသော"*

# လှိုလှိုလားလားလျှစ်လျူရှုခြင်း

ယနေ့ကျမ်းချက်တွင် တမန်တော်က အထူးသဖြင့် သခင်ဘုရားပြန်ကြွလာခြင်းနှင့် ရောက်လာမည့်တရားစီရင်ခြင်းနှင့်ပတ်သက်၍ ကျမ်းစာ၏သမ္မာတရားကိုမထီမဲ့မြင်ပြုသူများအကြောင်းကို ဆက်လက်ဆွေးနွေးခဲ့သည်။ သခင်ဘုရားပြန်ကြွလာခြင်းကို ဆန့်ကျင်သည့်၎င်းတို့၏ငြင်းခုံမှုက မြင့်မြတ်သောသမိုင်းကို မိမိတို့မသိနားမလည်မှုပြသကြသည်။ ဘယ်အရာမှ ပြောင်းလဲခြင်းမရှိဟု မထီမဲ့မြင်ပြုသူတို့က ပြောဆို၏။ သဘာဝလွန်လုပ်ရပ်များမရှိပါ။ ဘုရားသခင်၏စီရင်ခြင်းမရှိပါ။ လူသည် သူ့နည်းသူ့ဟန်အတိုင်း ဆက်သွားနေသည်။

လူသားမျိုးနွယ်သည် ဘုရားသခင်ကိုယ်တော်တိုင် ဖော်ပြသောဗျာဒိတ်တော်နှင့် လုပ်ဆောင်မှုတို့ကို အစဉ်တစိုက်ငြင်းဆိုထားသည်။ ယင်းအစား၊ လူသည် ဝိညာဉ်ရေးရာမသိကျိုးကျွန်ပြုခြင်းကို ရွေးချယ်ခဲ့သည်(ရောမ ၁း၁၈-၂၀)။ ဤအရာက မထီမဲ့မြင်ပြုသူများအမှန်ရှိကြောင်းကို ပေတရုထောက်ပြခဲ့သည်။ ဘာမှပြောင်းလဲခြင်းမရှိပုံမှန်အတိုင်းဖြစ်သည်ဟု ၎င်းတို့၏ပြောဆိုချက်မှာ မှားယွင်းပါသည်။ ဘုရားသခင်သည် လူသား၏ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခဲ့သည်။ ဦးစွာ သူသည်သူ့နှုတ်ထွက်စကား၏တန်ခိုးတော်ဖြင့် အရာခပ်သိမ်းကိုဖန်ဆင်းခဲ့သည် (၂ ပေ ၃း၅၊ ကမ္ဘာ ၁း၂-၂၆)။ ထိုအခါ လူတို့သည် ဖြောင့်မတ်ခြင်းနှင့်ကယ်တင်ခြင်းဆိုင်ရာ သတင်းစကားကို ငြင်းဆိုသောအခါ တရားစီရင်ခြင်းကိုဆောင်ခဲ့သည်။ ထိုအရာကြောင့် နောဧလက်ထက်၌ ဘုရားသခင်သည် မြေကြီးကိုရေလွှမ်းမိုးခြင်းနှင့် တရားစီရင်ခြင်းဖြစ်ပေါ်ခဲ့သည် (၂ ပေ ၃း၆)။

ရေလွှမ်းမိုးခြင်းသည် နောက်ဆုံးတရားစီရင်ခြင်းမဟုတ်ပါ။ ၎င်းမှာ မနာခံမှုကို ဘုရားသခင်အပြစ်ပေးကြောင်း အနာဂတ်မျိုးဆက်သစ်များအတွက် သတိပေးချက်အဖြစ် လုပ်ခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ပရောဖက်များကို သမ္မာတရားဟောရန်စေလွှတ်ကာ အပြစ်ရှိသူများနှင့် ဆက်လက်ဆက်ဆံခဲ့သည်။ တစ်ချိန်က ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းခဲ့သော သူ၏နှုတ်ကပတ်တော်သည် နောက်ဆုံးတရားစီရင်သည့်နေ့အထိ ဖန်ဆင်းခြင်းကိုဆက်လက်ထိန်းသိမ်းထားသည်။

ဘုရားသခင်၏လူတို့သည် ဆင်းရဲဒုက္ခခံရပြီး ၎င်းတို့၏သတင်းစကားကို ငြင်းပယ်ခံရကာ လှောင်ပြောင်ခံရသည့်အခါ၊ ဘုရားသခင်သည် ထိုအရာအားလုံးကို အကျိုးအပြစ်ဆောင်ယူလာမည့်အကြောင်းကို အဆက်မပြတ်သတိပေး၏။ ဘုရားသခင်၏အသင်းတော်အပေါ် ဆင်းရဲဒုက္ခနှင့် ညှင်းပန်းနှိပ်စက်ခြင်းကို ဆောင်ကြဉ်းလာသူများသည် ၎င်းတို့မယုံကြည်မှု၏ပြစ်ဒဏ်ကို ပေးဆပ်ကြရမည်။ လူတို့သည် မထီမဲ့မြင်ပြုတတ်သော်လည်း၊ ထာဝရတရားစီရင်ခြင်းကိုခံရကြလိမ့်မည်။ နောက်ဆုံးရလဒ်က ကြောက်စရာကောင်းလိမ့်မည်။ မယုံကြည်သူတို့သည် ဘုရားသခင်ထံတော်ဝင်ရောက်ဖို့ထာဝစဉ်ပိတ်ပင်ခံရလိမ့်မည် (၂ ပေ ၃း၇၊ ၂ သက် ၁း၆-၉)။

ဤသမ္မာတရားကြောင့် ကျွန်ုပ်တို့သည် ရှေးခေတ်နောဧကဲ့သို့ ပျောက်ဆုံးသွားသူများကို ကယ်တင်ခြင်းတရားနှင့်ဖြောင့်မတ်ခြင်းတရားသတင်းကို ဆက်လက်ဝေမျှရမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - အနာဂတ်မျိုးဆက်သစ်များအတွက် ရေလွှမ်းမိုးခဲ့မှုက အဘယ်နည်းဖြင့် အသုံးဝင်သနည်း။

**ဆုတောင်းချက်** - အဖ၊ အဘယ်အရာဖြစ်ပေါ်သည်ဖြစ်စေ "ဘုရားသခင်၏တိုက်မြစ်သည် ခိုင်ခံ့၍တည်" (၂ တိ ၂း၁၉) သောကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

*"ကိုယ်တော်၏တရားသည် အကျွန်ုပ်
မွေ့လျော်ရာဖြစ်ပါ၏. . . "*

# သည်းခံတော်မူသောဘုရားသခင်

ဆာလံဆရာသည် လူသား၏ကန့်သတ်ထားသောအသက်ရှင်ချိန်နှင့် ဘုရားသခင်၏ ထာဝရကာလကြားမှ မတူညီချက်ကိုအမြဲရေးသားထားသည်။ လူသည် မြက်ပင်ကဲ့သို့ဖြစ်၍ သူ၏ အသက်တာသည် ခဏတာတည်တံ့ပြီး ညိုးနွမ်းသွား၏(ဆာလံ ၁၀၃း၁၅-၁၆)။ အခြားတစ်ဖက်တွင် ဘုရားသခင်သည် ထာဝရဖြစ်သောကြောင့်၊ သူ၏ဂရုဏာတော်နှင့်ကျေးဇူးတော်သည် အစဉ်အမြဲ တည်၏။

ဤအပိုင်းတွင် ဘုရားသခင်၏ထာဝရကာလကို အခြားနည်းဖြင့်ရှုမြင်ထားသည်။ ဘုရားသခင်သည် ထာဝရဖြစ်သောကြောင့် သူသည်အချိန်ကာလကို လူသားနှင့်ကွဲပြားစွာရှုမြင်ထားသည်။ လူသား၏ တိုတောင်းသောဘဝက အချိန်၏ဖိအားဖြင့်သူ့ကိုအမြဲတမ်းစိုးရိမ်မှုဖြစ်ပေါ်စေ၏။ သို့သော် ဘုရားသခင်၏ ထာဝရတည်ရှိမှုက အချိန်ကိုအခြားသောရှုထောင့်ကို ပေးထားသည်။ ထို့ကြောင့် ပေတရုက တစ်ရက် (သို့) အနှစ်တစ်ထောင်သည် ဘုရားသခင်အတွက် အတူတူပင်ဖြစ်ပြီး၊ ၎င်းတို့မှာ ထာဝရကာလ၌ တစ်စက်မျှသာဖြစ်ကြသည် (၂ ပေ ၃း၈၊ ဆာလံ ၉၀း၄)။

ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းနှင့်ရောက်အံ့ဆဲဖြစ်သော တရားစီရင်ခြင်းတို့သည် အလွန်နှောင့်နှေးနေသောကြောင့်၊ ၎င်းတို့သည် ဖြစ်မြောက်မည်မဟုတ်ဟု လူသားတို့ယူဆထားသည်။ မယုံကြည်သူတို့က ပရောဖက်များ၏သတင်းစကားများ မဖြစ်ပေါ်ခြင်းအဖြစ် မြင်ကြ၍ လှောင်ပြောင်ကြသည်။ သို့သော်၊ ထိုရှုံးနိမ့်မှုမှာ ဘုရားသခင်နှင့်မသက်ဆိုင်ဘဲ၊ မယုံကြည်သောလူသားတို့နှင့် သက်ဆိုင်၏။ ယုံကြည်ခြင်းမရှိဘဲ ထာဝရဘုရားသခင်ကိုလည်းကောင်း၊ ပျောက်ဆုံးသူများအတွက် ဘုရားသခင်၏မေတ္တာတော်နှင့် အလေးထားမှုကို၎င်း သူတို့စတင်နားလည်နိုင်မည်မဟုတ်ပေ။

လူသည် မထီမဲ့မြင်ပြုနေချိန်တွင် ဘုရားသခင်သည် သူ၏ဂရုဏာတော်ဖြင့် စိတ်ရှည်စွာ စောင့်နေသည်။ ချစ်ခင်ကြင်နာမှုဖြင့် ထာဝရဖန်ဆင်းရှင်သည် အပြစ်ရှိသောလူသားအား ကယ်တင်ခြင်းရဖို့အခွင့်အရေးပေးရန်အတွက် အနာဂတ်တွင်နောက်ဆုံးသော တရားစီရင်ခြင်းကို သတ်မှတ်ခဲ့သည်။ နောဧခေတ်တွင် ဘုရားသခင်သည် အလားတူဂရုဏာနှင့်စိတ်ရှည်ခြင်းကို ပြသခဲ့သည် (၁ ပေ ၃း၂၀)။ ချိန်းချက်သောအချိန်၌ ရေလွှမ်းမိုး၍အပြစ်ကိုစီရင်၏။ မြေကြီးတပြင်လုံး၏ တရားသူကြီးသည် လူဆိုးတို့၏သေခြင်းကို မနှစ်သက်ဘဲ သူတို့အားလုံးသမ္မာတရားသို့ရောက်လာဖို့ရန် အလိုရှိသည် (ယေဇ ၁၈း၂၃)။ ထို့ကြောင့်၊ ဂရုဏာတော်နှင့်ကျေးဇူးတော်အားဖြင့် သူစောင့်နေသည်။ ထိုသို့ စောင့်ဆိုင်းနေစဉ်တွင် ကယ်တင်ခြင်းတရားနှင့်ရောက်လာမည့်တရားစီရင်ခြင်းသတင်းကို သူတို့ မတိုင်မှီ အရင်ပရောဖက်များကဲ့သို့ဟောပြောဖို့ သူ့လူတို့ကိုခန့်ထားတော်မူ၏။ တရားစီရင်ခြင်းသည် သေချာလှသည်။ အဆုံးသည်အလွန်နီး၏။ ကျွန်ုပ်တို့သည် ခမည်းတော်၏ လုပ်ငန်းနှင့် ပတ်သက်ရမည်။

**ဆင်ခြင်ရန်** - သခင်ဘုရားဒုတိယအကြိမ်ကြွလာခြင်းက အဘယ်ကြောင့်ရောက်မလာသေးသနည်း။

**ဆုတောင်းချက်** - အဖ၊ ကိုယ်တော်ကိုကြောက်ရွံ့သောသူတို့အတွက် ကိုယ်တော်၏ဂရုဏာတော်မှာ "နိစ္စထာဝရတည်" သောကြောင့် ကျေးဇူးတင်ပါ၏ (ဆာလံ ၁၀၃း၁၇)။

တနင်္ဂနွေ၊ စက်တင်ဘာ (၂၅)

၂ ပေ ၃း၁၀

ဟေရှာ ၅၁း၁-၁၁

*"မာနကြီးသောသူတို့သည်*
*ရှက်ကြောက်ကြပါစေသော. . . "*

# အားလုံးမီးလောင်သွားပြီ

နောက်ဆုံးသောတရားစီရင်ခြင်းသည် ယနေ့ခေတ်တွင် အသင်းတော်များ၌ သင်ကြားလေ့မရှိသောဘာသာရပ်ဖြစ်သည်။ သို့ရာတွင် သမ္မာကျမ်းစာတွင် ဤရောက်လာမည့်ဖြစ်ရပ်နှင့်ပတ်သက်သောသတိပေးချက်များနှင့်ပြည့်နေသည်။ ပရောဖက်ဟေရှာယက ကျွန်ုပ်တို့နေစကြဝဠာ၏ ပုံမှန်လုပ်ငန်းဆောင်တာများကို ရပ်တန့်သွားစေမည့်ဘုရားသခင်၏နောက်ဆုံးသောတရားစီရင်ခြင်းအကြောင်းကို ပြောခဲ့သည် (ဟေရှာ ၁၃း၁၀-၁၁)။ ပရောဖက်မိက္ခာကလည်း ထိုကြောက်မက်ဖွယ်ကောင်းသောနေ့နှင့်ပတ်သက်၍ အသံလွှင့်ခဲ့သည် (မိ ၁း၂-၄)။

သခင်ယေရှုက မြေကြီးပေါ်၌အမှုတော်ဆောင်စဉ်တွင် ထိုပရောဖက်များ၏အသံနှင့်အတူ ရောက်ရှိလာမည့်တရားစီရင်ခြင်းအကြောင်းကို သတိပေးခဲ့သည်။ ဤဘာသာရပ်ကို အစောပိုင်းအသင်းတော်တွင်ဆက်လက်သင်ကြားခဲ့ပြီး၊ ခေတ်အဆက်ဆက်ခရစ်ယာန်ဆရာတော်ကြီးများက ဆက်လက်သင်ကြားပေးခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်က သစ္စာရှိသောဧဝံဂေလိ တရားဟောဆရာတို့က ရောက်ရှိလာမည့်တရားစီရင်ခြင်းအကြောင်းကို အဆက်မပြတ်သတိပေးမှုကြောင့် (မီးနှင့်ကန့်) တရားဟောဆရာများအဖြစ် လှောင်ပြောင်ခံရကြသည်။ သို့သော် ထိုသို့သောတရားဟောခြင်းသည် လူများစွာကိုခရစ်တော်ထံသို့ ပြန်လှည့်စေကာ ယုံကြည်သူအများအပြားကို ဖြောင့်မတ်သောအသက်တာ၏လမ်းများဆီသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ယနေ့ခေတ်အသင်းတော်သည် ဤကဲ့သို့သောရှေးဟောင်းဆန်သောတရားဟောချက်ကို မကြားချင်ကြပါ။ သက်သောင့်သက်သာရှိသောခရစ်ယာန်များသည် ဤခေတ်ကာလကုန်ဆုံးခြင်းများကို စိတ်မဝင်စားကြပေ။ သို့သော်၊ ဤနေ့ရက်သည် ရောက်လာလိမ့်မည်။ ဝမ်းနည်းစရာမှာ ယုံကြည်သူအချို့အတွက်ပင်လျှင် ၎င်းဖြစ်ရပ်သည် သိုးထိန်းကြီးပြန်လာခြင်းထက် "ညဘက်၌လာသောသူခိုးတစ်ဦး" နှင့်ပိုတူလိမ့်မည်။

ပေတရုသည် သခင်ဘုရား၏ကြီးမြတ်၍ ကြောက်မက်ဖွယ်ကောင်းသောနေ့ကို ကျွန်ုပ်တို့အားသတိပြုစေ၏။ အရာအားလုံးလောင်ကျွမ်းသွားလိမ့်မည်။ ဤအခန်းငယ်၏ကြောက်စရာကောင်းသောဖော်ပြချက်သည် နက္ခတ္တဗေဒပညာရှင်များ ဖော်ပြထားသော "စူပါနိုဗာ" နှင့် အလွန်တူ၏။ ကျွန်ုပ်တို့၏နေကဲ့သို့သောကြယ်သည် နောက်ဆုံးတွင် ၎င်း၏သက်တမ်းအဆုံးသို့ ရောက်ရှိလာပြီး ၎င်းကိုယ်တိုင်နှင့်၎င်းကိုလှည့်ပတ်နေသည့် ဂြိုဟ်များအားလုံး ဖျက်ဆီးရသည့်အချိန်ဖြစ်သည်။

ကြီးမားသောဆူညံသံနှင့် အကုန်အစင်လောင်ကျွမ်းသောအပူရှိန်ကြောင့် မြေကြီးနှင့်လူသားတို့၏လုပ်ဆောင်မှုအားလုံးသည် အဆုံးတိုင်လိမ့်မည်ဖြစ်ကြောင်း သမ္မာကျမ်းစာက အစဉ်ပြောထားသည်။ "ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်" ဟူသောသခင်ဘုရား၏စကားတော်ကို ကျွန်ုပ်တို့အား အမှတ်ရစေ၏။ ထာဝရတန်ဖိုးရှိမည့်တစ်ခုတည်းသော အရာမှာ ဘုရားသခင်ကိုယ်တိုင် ဖော်ပြထားသောကျမ်းစာဖြစ်သောကြောင့် ကိုယ်တော်ကိုသိသော ကျွန်ုပ်တို့သည် ထာဝရနှုတ်ကပတ်တော်ပေါ်တွင် တည်ရပါမည်။

**ဆင်ခြင်ရန်** - ရောက်လာမည့်တရားစီရင်ခြင်းအတွက် ကျွန်ုပ်အဆင်သင့်ဖြစ်ပြီလား။

**ဆုတောင်းချက်** - အဖ၊ တစ်နေ့နေ့တွင် ဤလောက၏စည်းစိမ်ဥစ္စာအားလုံးသည် တန်ဖိုးမဲ့သွားကြလိမ့်မည်။ ကိုယ်တော့်အတွက် ကျွန်ုပ်ကိုအသက်ရှင်ခွင့်ပေးတော်မူပါ။

# တရားစီရင်ခြင်းဆီသို့မျှော်လင့်ခြင်း

ခရစ်ယာန်များအတွက် သခင်ယေရှုဒုတိယအကြိမ်ကြွလာခြင်းနှင့် ရောက်အုံ့ဆဲတရားစီရင်ခြင်းဆိုင်ရာအတွေးအမြင်များသည် ဖြောင့်မတ်စွာနေထိုင်ရန် ဘုရားသခင်၏အမိန့်တော်နှင့် အမြဲဒွန်တွဲနေသည်။ သခင်ဘုရားကြွလာခြင်းကို ယုံကြည်စိတ်ချမှုရှိရန် ကျွန်ုပ်တို့အား မည်သို့အသက်ရှင်ရမည်ကို တမန်တော်ယောဟန်က သတိပေးခဲ့သည်။ မေတ္တာရှင်ဖြစ်သော ကယ်တင်ရှင်ကြွလာသောအခါ ရှက်ကြောက်မည့်ခရစ်ယာန်များအတွက် ဝမ်းနည်းစရာပင်ဖြစ်၏။ ဒုတိယအကြိမ်ကြွလာခြင်းကို အမှန်တကယ်ယုံကြည်ခြင်း၏ သက်သေအထောက်အထားများထဲမှ တစ်ခုမှာ သန့်ရှင်း စင်ကြယ်သောအသက်တာဖြစ်သည် (၁ ယော ၁း၂၈၊ ၃း၃)။

သခင်ဘုရားသည် သူ၏ပုံဥပမာများတွင် သူ့သခင်ပြန်လာမည့်အချိန်ကို စောင့်မျှော်နေသော ကျွန်အကြောင်း မကြာခဏမိန့်ဆိုခဲ့သည်။ ပျော်ရွှင်သောအစေခံကျွန်မှာ မိမိသခင်ကြွလာသောအချိန်တွင် ကောင်းမွန်သောအလုပ်ကို လုပ်ဆောင်နေသောသူဖြစ်သည်။ ကောင်းစွာမကျင့်ကြံသောကျွန်များသည် သခင်ပြန်လာဖို့အမှန်တကယ် မမျှော်လင့်ကြသည်မှာ သိသာထင်ရှားလှသည်။ ခရစ်ယာန်များအနေနှင့် ကျွန်ုပ်တို့၏သခင်ဘုရားကို စောင့်မျှော်နေသင့်သည် (တိတု ၂း၁၃)။

ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ဤဆိုးသွမ်းသောလောကစနစ်အား ရောက်လာမည့် ဖျက်ဆီးခြင်း၏နောက်ခံကားချပ်ကို မိုကပ်လျက် ရှင်သန်နေထိုင်ကြသည် (၂ ပေ ၃း၁၂)။ ဤအချက်သည် မှန်ကန်သောကြောင့် ကျွန်ုပ်အသက်တာတွင် ရှုမြင်သုံးသပ်ပုံကို အကျိုးသက်ရောက်စေသင့်သည်။ ဘုရားသခင်၏ တရားစီရင်ချက်ကြောင့် မကြာမီ လုံးလုံးလျားလျား ဖျက်ဆီးခံရတော့မည့်ကမ္ဘာတွင် ကြီးမားသောပိုင်ဆိုင်မှုများသည် အဘယ်တန်ဖိုးရှိသနည်း။ မကြာမီ ကွယ်ပျောက်တော့မည့် ကမ္ဘာစနစ်တစ်ခု၌ ဂုဏ်သိက္ခာရှိသော ရာထူးသည် အဘယ်တန်ဖိုးရှိသနည်း။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသက်ရှင်ချိန်ကာလများကို မည်သို့ရင်းနှီးမြှုပ်နှံသင့်သနည်း (သို့) ကျွန်ုပ်တို့သည် မကြာမီသခင်ဘုရားပြန်ကြွလာမည်ဟု အမှန်တကယ်ယုံကြည်လျှင် ကျွန်ုပ်တို့၏ သားသမီးတို့အား သူတို့အသက်ရှင်ချိန်ကာလကို မည်သို့ရင်းနှီးမြှုပ်နှံဖို့ အားပေးပြင်ဆင်သင့်သနည်း။

သစ္စာမရှိသောကျွန်သည် ထိုနောက်ဆုံးနေ့တွင် ကြီးစွာသော ဆုံးရှုံးမှုကို ခံစားရမည်ဖြစ်သည်။ "မီးဖြင့်လွတ်သကဲ့သို့ . . . ကယ်တင်ခြင်း" ခံရမည့် (၁ ကော ၃း၁၅) သူတည်းဟူသော နောက်ဆုံးသောတရားစီရင်ခြင်းတွင် ဖျက်ဆီးခံရမည့်အရာများအပေါ် မိမိတို့အသက်တာကို မြှုပ်နှံထားသည့် ဘုရားသခင်၏ လူအများအပြားရှိလိမ့်မည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကြွလာခြင်းကို စောင့်မျှော်လျက် ကျွန်ုပ်တို့အသက်တာကို ပညာရှိရှိ အသုံးချကြပါစို့။ ထာဝရတန်ဖိုးရှိသောအရာများတွင် ကျွန်ုပ်တို့၏အချိန်၊ ကြိုးစားမှုနှင့်စွမ်းရည်များကို မြှုပ်နှံကြပါစို့။ ကျွန်ုပ်တို့၏ သားသမီးများကို သခင်ဘုရား၏အစေခံဖို့တိုက်တွန်းကြပြီး မကြာမီ သူကြွလာမည့်အချိန်အတွက် ပြင်ဆင်ထားကြပါစို့။ ဤနည်းဖြင့်သာ ကျွန်ုပ်တို့ကိုယ်တိုင်နှင့် မိသားစုအနာဂတ်အတွက် ကောင်းစွာ ပြင်ဆင်နိုင်ကြမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - မကြာမီ သခင်ဘုရားပြန်ကြွလာမည့်အချိန်အတွက် ကျွန်ုပ်မည်သို့အသက်ရှင်သင့်သနည်း။

**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်သည် မြေကြီးပေါ်တွင်မဟုတ်ဘဲ ကောင်းကင်ပေါ်တွင် ဘဏ္ဍာများစုထားပါစေသော။

# ကောင်းကင်သစ်နှင့်မြေကြီးသစ်

သမ္မာကျမ်းစာတစ်ခုလုံး၌ လူဆိုးတို့အပေါ် ဘုရားသခင်၏တရားစီရင်ခြင်းကို တွေ့ရပါ၏ (တမန် ၃း၂၂-၂၃)။ သို့သော်လည်း၊ ဘုရားသခင်၏လူတို့အဖို့ အိမ်တော်သစ်နှင့်သက်ဆိုင်သော ဂတိတော်နှင့်ဖြောင့်မတ်ခြင်းတရား၏ အနိုင်ယူမှုအကြောင်းကို အစဉ်ဖော်ပြထားပါသည်။ ထိုအိမ်တော်သစ်သည် အလွန်အံ့ဖွယ်သောနေရာဖြစ်၍ ကယ်တင်ရှင်ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်ကြောင့် နေရောင်မလိုသောအရပ်ဖြစ်ပါသည် (ဟေရှာ ၆၀း၁၉၊ ဗျာ ၂၁း၂၃)။ ဤသမ္မာကျမ်းစာ၏ ဂတိတော်တည်းဟူသောဘုရားသခင်ပြင်ဆင်ပေးတော်မူသည့် ထိုကောင်းကင်သစ်နှင့် မြေကြီးသစ်ကို မျှော်လင့်ရင်း ကျွန်ုပ်တော်တို့နေ့စဉ်အသက်ရှင်လျှောက်လှမ်းခဲ့ကြပါသည်(၂ ပေ ၃း၁၃)။ ထိုသို့ ဘုရားသခင်နှင့်အတူ ထာဝရဘုန်းအသရေခံစားရမည့်အကြောင်း မျှော်ကြည့်စဉ်ခါ ဘုရားသခင်နှင့်အတူ နေရမည့်အခွင့်သည် ကျေးဇူးတော်ကြောင့်သာ ကျွန်ုပ်တော်တို့ရရှိကြကြောင်း သိမှတ်ကြပါ၏။ ကျွန်ုပ်တော်တို့သည် တခဏချင်း မျက်စိတစ်မှိတ်အတွင်း၌ ခရစ်တော်ကဲ့သို့ပြောင်းလဲခြင်းရှိကြပါလိမ့်မည် (၁ ကော ၁၅း၅၂၊ ၁ ယော ၃း၂)။

ကဲ့ရဲ့သောသူနှင့်မှားယွင်းသောဆရာတို့သည် ဘုရားသခင်နှင့်အတူနေရမည့်ထာဝရမျှော်လင့်ချက်မရှိကြပါ။ သူတို့သည် အပြစ်၏ကျေးကျွန်ဖြစ်ကြပါသည်။ သူတို့သည်နောင်ဘဝနှင့် တရားစီရင်ခြင်းကို မယုံကြည်ကြသောကြောင့် ယခုဘဝအတွက်သာ နေထိုင်ကြပြီး၊ မိမိတို့၏စိတ်ဆန္ဒနောက်သို့လိုက်ကြ၏ (ယုဒ ၁၇-၁၉၊ လုကာ ၁၂း၁၉)။

သခင်ယေရှုကြွလာတော်မူမည့်နေ့ရက်ကို မျှော်လင့်သောသူ၏အသက်တာသည် ထူးခြားမှုရှိရပါမည်။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာမြဲမြံစေခြင်း၊ အစဉ်ဆုတောင်းခြင်းဖြင့် အသက်ရှင်ကြရပါမည်။ ခရစ်တော်ကြွလာတော်မူသောအခါ ကျွန်ုပ်တို့ကိုမည်သို့တွေ့ရှိပါမည်နည်းဟူသောအတွေးဖြင့် အသက်ရှင်ရပါမည်။ ပေတရုက ကျွန်ုပ်တို့အား သခင်ဘုရား၌ငြိမ်သက်ခြင်းရှိမည်အကြောင်း တိုက်တွန်းခဲ့ပါသည်။ ငြိမ်သက်ခြင်းသည် ဘုရားသခင်ထားတော်မူသောအခြေအနေ၌ ရောင့်ရဲတင်းတိမ်ခြင်းရှိခြင်းဖြစ်ပါသည်။ ဤလောကကြွယ်ဝစည်းစိမ်ချမ်းသာခြင်း၊ ကျော်ကြားခြင်းနှင့် အောင်မြင်မှုကိုမရှာဖွေဘဲ ဝိညာဉ်အရာတို့ကိုသာ ကြိုးစားရှာဖွေတွေးတောခြင်းရှိသောအခါ ဘုရားသခင်၌ ကျွန်ုပ်တော်တို့ငြိမ်သက်ခြင်းရှိကြပါ၏ (၁ တိ ၆း၈-၁၀)။ ဤခက်ခဲသော ယခုကာလ၌လည်း ဘုရားသခင်၏တရားအကြောင်း သက်သေခံခြင်းဖြင့် ဘုရားသခင်၌ကျွန်ုပ်တော်တို့ ငြိမ်သက်ခြင်းရှိနိုင်ကြပါ၏ (ဟေဗြဲ ၁၃း၅)။

ထိုသို့ ရောင့်ရဲတင်းတိမ်ခြင်းစိတ်သဘောနှင့် ဝိညာဉ်အရာတို့ကိုသာ ကြိုးစားရှာဖွေခြင်းအားဖြင့် ကျွန်ုပ်တော်တို့သည် သခင်ကြွလာတော်မူသောအခါ အပြစ်တင်ခွင့်နှင့်ကင်းလွတ်ကြမည်ဖြစ်ပါသည် (၂ ပေ ၃း၁၄)။

**ဆင်ခြင်ရန်** - အပြစ်သားမျှော်လင့်သောအရာကား အဘယ်နည်း။
**ဆုတောင်းချက်** - အဖ၊ သားတော်ယေရှုခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်ပေးတော်မူသောထာဝရအသက် ဆုကျေးဇူးတော်ကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၂၈)
၂ ပေ ၃း၁၅-၁၆
ဆာလံ ၁၀၁

*"အကျွန်ုပ်၏ဝိညာဉ်သည် ကယ်တင်တော်မူခြင်းကျေးဇူးကို တောင့်တလျက်နှင့်ခွန်အားလျော့ပါ၏"*

# ကျမ်းစာ၏အနက်ကိုမှောက်လှန်ခြင်း

မှားယွင်းသောဆရာများက သခင်ဘုရားယခုထိ ကြွလာတော်မမူခြင်းသည် ဂတိတော်ယုံကြည်၍မရကြောင်းသက်သေဖြစ်ပါသည်ဟု ဆိုကြ၏။ သို့သော်လည်း ပေတရုက ဤသို့ဘုရားသခင်ကြွလာတော်မမူသေးခြင်းသည် အပြစ်သားများအပေါ်၌စိတ်ရှည်သည်းခံခြင်းရှိတော်မူသောကြောင့်ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ အပြစ်သားတို့သည် သတင်းကောင်းကြားရသောအခွင့်ရကြရန် ဘုရားသခင်က မိမိ၏ဂရုဏာတော်ဖြင့် သည်းခံ၍ကြွမလာသေးခြင်းဖြစ်ကြောင်း၊ ပေါလုကလည်း ဖော်ပြခဲ့ပါသည် (၂ ပေ ၃း၁၅၊ ရောမ ၂း၄)။

ပေါလုရေးသားသော ဩဝါဒစာများသည် ဘုရားသခင်မှုတ်သွင်းထားတော်မူသောကျမ်းစာ ဖြစ်ကြောင်း ပေတရု၏ရည်ညွှန်းချက်ကို တွေ့ရပါသည်။ မိမိ၏ဉာဏ်ဖြင့် ရေးသားခြင်းမဟုတ်၊ ဘုရား သခင်ပေးသနားတော်မူခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာကို ဘုရားသခင်၏လူတို့သည် တန်ဖိုးထား ကြကြောင်း ပေါလုရေးသားသောကျမ်းစာ ပေတရုသိကျွမ်းခြင်းဖြင့် သိရပါသည်။

သခင်ဘုရားကြွလာတော်မူမည့်တရားသည် ယုံကြည်သူတို့အတွက် ဘုရားသခင်အတွက် အသက်ရှင်ခြင်း၌ စိန်ခေါ်မှုပင်ဖြစ်ပါသည်။ သို့သော်လည်း မယုံကြည်သူတို့သည် ပျက်ရယ်ပြု၍ ကဲ့ရဲ့တတ်ကြ၏။ ကနဦးအသင်းတော်ကာလ၌ မှားယွင်းသောဆရာတို့သည် သမ္မာကျမ်းကို မှောက်လှန်ခဲ့ကြ၏။ ရှင်ပေါလုရေးသားသောကျမ်းတို့ကိုလည်း သူတို့သည်ဆန့်ကျင်၍ မိမိတို့အလိုအတိုင်း အနက်ဖွင့်ခဲ့ကြ၏။ ဒုတိယအကြိမ် သခင်ယေရှုကြွလာတော်မူမည့်အကြောင်းကို မှားယွင်းစွာ အနက်ဖွင့်ခဲ့ကြပါသည်။ ရှင်ပြန်ထမြောက်ခြင်းဖြစ်ပွားခဲ့ပြီဟု သွန်သင်ခဲ့ကြပါသည် (၂ တိ ၂း၁၈)။ သူတို့သည် သမ္မာကျမ်းစာသိကျွမ်းခြင်း၌ အားနည်းသောသူတို့၏စိတ်ကို ရှုပ်ထွေးစေခဲ့ကြပါသည်။ ယခုအခါ ထိုဒုတိယကြွလာတော်မူခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ကဲ့ရဲ့ဆန့်ကျင်ခဲ့ကြပါသည်။

ထိုမှားယွင်းသောဆရာတို့သည် သူတို့နားမလည်သောတရားကို ဆန့်ကျင်ကြခြင်းဖြစ်ကြောင်း ဖော်ပြပြန်၏ (၂ ပေ ၃း၁၆၊ ၂း၁၂)။ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသောဘုရားသခင်အား လူကအသေးစိတ်သဘောပေါက်နားလည်နိုင်ခြင်းမရှိကြောင်း သူတို့နားမလည်ခဲ့ကြပါ (ရောမ ၁၁း၃၃)။ ယုံကြည်ခြင်းဖြင့် ဘုရားသခင်၏အကြောင်းသိရသောအခွင့်ကိုပါ ငြင်းပယ်ခဲ့ကြပါသည်။ ကယ်တင်ခြင်းအတွက် သမ္မာကျမ်းစာအသုံးပြုရမည့်အစား သေခြင်းအတွက် သမ္မာကျမ်းစာကို မှားယွင်းစွာအသုံးပြုကြ၏။ ထို့ကြောင့် ကျွန်တော်တို့သည်ဘုရားသခင်၏နှုတ်ကပတ်တရားတော်၌ ကျင်လည်ကြပါစို့။

**ဆင်ခြင်ရန်** - အဘယ်ကြောင့် ဘုရားသခင်သည်ကြွလာတော်မမူသေးသနည်း။
**ဆုတောင်းချက်** - အဖ၊ မှားယွင်းသောပရောဖက်တို့ကို ကျွန်တော်အစဉ်သတိထားမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ စက်တင်ဘာ (၂၉)
၂ ပေ ၃း၁၇-၁၈
ဆာလံ ၁၀၃း၁-၁၃

*"နှုတ်ကပတ်တော်ကို မျှော်လင့်ပါ၏"*

# တည်ကြည်ခြင်းရှိကြလော့

ပေတရုဩဝါဒ ဒုတိယစောင်၏နိဂုံးပိုင်းကိုကျွန်တော်တို့ရောက်လာကြ၏။ အသင်းတော်၌တခါတရံ မှားယွင်းသောဆရာတို့ကို ဆန့်ကျင်သောစကားသည် ပြင်းထန်၍ကျယ်လောင်စွာ ကြားရတတ်ပါသည်။ ထိုသို့ဆန့်ကျင်ရခြင်း၊ သူတို့၏သမ္မာကျမ်းစာ မှောက်လှန်ခြင်းကို ရှုတ်ချခြင်းအကြောင်းရှိပါ၏။ ယုံကြည်သူတို့ကို သတိပေးခြင်းဖြစ်ပါသည်။ အသင်းတော်၌ထိုသို့သော သတိပေးခြင်းလိုအပ်ပါ၏။ ထိုသို့ကောင်းမွန်စွာ သတိပေးခြင်းခံရသော ခရစ်ယာန်တို့သည် အသင်းတော်၌ မှားယွင်းသောဆရာများရှိလာသောအခါ မအံ့ဩတော့ဘဲ လွယ်ကူစွာ သိမှတ်တတ်ကြပါ၏။ ဤမှားယွင်းသောဆရာတို့အကြောင်းကို သမ္မာကျမ်းစာက ဆန့်ကျင်လျက် ကျွန်တော်တို့ကို အကြိမ်ကြိမ်သတိပေးထားပါသည်။ ယနေ့အသင်းတော်အချို့၌ ထိုသို့သောမှားယွင်းသောဆရာ တို့သည် နေရာရနေကြကြောင်း ကျွန်တော်တို့တွေ့မြင်ရကြ၏။

ထိုသို့မှားယွင်းသောဆရာတို့နှင့် အစဉ်မပြတ်ထိတွေ့နေရလျှင် အဘယ်ခရစ်ယာန်မျှ ကြာကြာခုခံနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် သတိပေးသံထပ်၍ကြားရပါ၏ - သူတို့သည် ဘမ်းသွားခြင်းခံရကြမည် (လုကာ ၂၁း၂၄)။ ဤမှားယွင်းသောဆရာတို့၏ အသိဉာဏ်နှင့်လူတို့၏မာနက ယုံကြည်သူတို့ကိုပင် အန္တရာယ်ကျရောက်စေနိုင်ပါသည်။ ထို့ကြောင့် ထိုသူတို့ကိုသိမှတ်လျက် မိဿဟာယဖွဲ့ခြင်းမပြုဘဲ ရှောင်ကြရပါမည်။ သတင်းကောင်းတရားမှ လမ်းမှားသို့အသင်းတော်ကို ခေါ်ဆောင်မည့် ထိုမှားယွင်းသောဆရာတို့မှ ဘုရားသခင်၏ သိုးစုတို့ကို ထိုသို့စောင့်ရှောက်၍မိမိကိုယ်ကိုလည်း သတိထားစောင့်ရှောက်ဖို့လိုအပ်ပါသည် (၂ တိ ၁း၁၃-၁၄)။

အသင်းတော်ကိုမှားယွင်းသော ဩဝါဒတရား၌သတိပေး၍ ကွယ်ကာရမည့်အပြင် ကျွန်တော် တို့သည်သမ္မာတရားကိုသွန်သင်လေ့လာခြင်းဖြင့် ယုံကြည်ခြင်း၌ကြီးထွားခြင်းရှိကြရပါမည် (၂ ပေ ၃း၁၈)။ ယုံကြည်သူတိုင်းသည် ဘုရားသခင်အတွက် ကြိုးစားအသက်ရှင်ကြရပါမည်။ ကျွန်ုပ်တို့၏နှုတ်စကားသည်လည်း သမ္မာကျမ်းစာ၏တရားနှင့်ညီညွတ်မှုရှိရပါမည် (တိတု ၂း၁)။ နှုတ်ကပတ်တော်တရား၏ သွန်သင်ပဲ့ပြင်မှုကို ခံသောတပည့်များဖြစ်ကြရပါမည် (၂ တိ ၂း၁၅)။ သို့မှသာ ကျွန်တော်တို့သည် ယုံကြည်ခြင်းတရားကို ကွယ်ကာလျက် သန့်ရှင်းသူတို့ကို မြဲမြံခိုင်ခံ့စွာ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ဤအမှုကို သစ္စာရှိစွာဆောင်ရွက်သောသူတို့သည် သခင်ဘုရားကြွလာတော်မူသောအခါ ချီးကျူးခြင်းခံရကြလိမ့်မည် (မဿဲ ၂၅း၂၁)။

**ဆင်ခြင်ရန်** - မှားယွင်းသောဆရာတို့ကို အဘယ်ကြောင့်ကျွန်တော်သတိထားရပါမည်နည်း။
**ဆုတောင်းချက်** - အဖ၊ "ထာဝရဘုရား၏နှုတ်ကပတ်တရားမူကား ကာလအစဉ်အမြဲတည်၏" (၁ ပေ ၁း၂၅) ထိုတရားကို တန်ဖိုးထားလျက် ထိုတရားအတိုင်း ကျွန်တော် အသက်ရှင်လိုပါ၏။

သောကြာ၊ စက်တင်ဘာ (၃၀)
၂ ပေ ၃း၁၈
ဆာလံ ၇၃း၂၅-၂၈

*"အလုံးစုံသောပညတ်တော်တို့သည် သစ္စာနှင့်ပြည့်စုံကြပါ၏"*

# ကျေးဇူးတော်၌ကြီးပွားကြလော့

ကျေးဇူးတော်တပါး၌သာမဟုတ်ဘဲ ကျေးဇူးတော်အပေါင်း၌ "ကြီးပွားကြလော့"။ ကျေးဇူးတော်အုတ်မြစ်ဖြစ်သော ယုံကြည်ခြင်း၌ကြီးပွားကြပါလော့။ ကတိတော်ကိုအရင်ကထက် ပို၍ ယုံကြည်ကိုးစားခြင်းရှိပါလော့။ ယုံကြည်ခြင်းကိုရိုးသားစွာ အစဉ်တစိုက်၊ စုံလင်စွာကြီးပွားစေပါလော့။ ချစ်ခြင်းမေတ္တာ၌လည်းကြီးထွားခြင်းရှိကြလော့။ သင်၏ချစ်ခြင်းမေတ္တာကို ပို၍ကြီးထွားစေလျက် ပို၍လက်တွေ့ကျစေပြီး သင့်အတွေး၊ သင့်စကားနှင့်သင့်အကျင့်တို့ကို လွှမ်းမိုးစေပါလော့။ ထိုနည်းတူ နှိမ့်ချခြင်းသဘော၌ ကြီးထွားခြင်းရှိပါလော့။ မိမိ၏အားနည်းချက်ကိုသိလျက် နှိမ့်ချစွာ အသက်ရှင်ပါလော့။ ထိုသို့နှိမ့်ချခြင်းအသက်တာ၌ကြီးထွားသကဲ့သို့ အထက်အရပ်၌ ရှိတော်မူသောဘုရားသခင်အား ဆုတောင်းခြင်းဖြင့် ချဉ်းကပ်လျက် ယေရှုနှင့်မိဿဟာယဖွဲ့ခြင်း၌ ရင်းနှီးမှုပို၍ကြီးထွားစေပါလော့။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားက ကယ်တင်ရှင်သခင်ယေရှု၏ တရားသိကျွမ်းခြင်း၌ သင့်ကိုကြီးထွားစေတော်မူပါစေသော။ ယေရှုအကြောင်းသိကျွမ်းခြင်း၌ ကြီးထွားမှုမရှိသောသူသည် ကောင်းကြီးမင်္ဂလာကိုငြင်းပယ်၏။ သခင်ယေရှုကိုသိခြင်းက ထာဝရအသက်ကိုရစေပြီး ထို သခင်ယေရှုအကြောင်း သိကျွမ်းခြင်းက ပျော်ရွှင်မှုကိုကြီးပွားစေပါသည်။ ခရစ်တော်အကြောင်း ပို၍ သိလိုခြင်းမရှိခြင်းမှာ ထိုခရစ်တော်အကြောင်း သိခြင်းမရှိသေးသောကြောင့်ဖြစ်ပါသည်။ ခရစ်တော်အကြောင်းကို တစ်ငုံလောက်သင်မြည်းစမ်းခဲ့လျှင် သင်သည်ပို၍တောင့်တခြင်းရှိပါလိမ့်မည်။ မှန်ပါ၏။ သခင်ယေရှုသည် ကျေနပ်ရောင့်ရဲခြင်းကိုပေးတော်မူသော်လည်း တောင့်တလိုချင်မှုကိုမူ မချုပ်ငြိမ်းစေခဲ့ပါ။ ထို့ကြောင့်ယေရှု၏ချစ်ခြင်းမေတ္တာတော်ကို သင်သိပါလျှင် သမင်ဒရယ်သည် ရေစီးသောချောင်းကိုတောင့်တသကဲ့သို့ သင်သည်သခင်ယေရှု၏ချစ်ခြင်းကို ပိုပို၍ လေးလေးနက်နက်သိလိုခြင်း၊ တောင့်တခြင်းရှိပါလိမ့်မည်။ ခရစ်တော်ကို သင်ပို၍သိကျွမ်းလိုခြင်းမရှိလျှင် ခရစ်တော်ကိုသင်ချစ်ခြင်းမရှိ။ အကြောင်းမှာ ချစ်ခြင်းမေတ္တာသည် "အနားတိုးကပ်ဦး၊ တိုးပါဦး" ဟုအစဉ် ဖိတ်ခေါ်တတ်၏။ ခရစ်တော်အတူမရှိလျှင် ငရဲဖြစ်၍ ယေရှုအတူပါရှိတော်မူလျှင် ကောင်းကင်ဘုံဖြစ်ပါ၏။ ထို့ကြောင့် ယေရှုသိကျွမ်းခြင်းမရှိဘဲ ရောင့်ရဲခြင်းမရှိပါနှင့်။ သခင်ယေရှု၏ဘုရားဖြစ်ခြင်းတရား၊ ပြုတော်မူသောအမှု၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကျွန်ုပ်တို့အတွက် တောင်း လျှောက်ပေးတော်မူခြင်း၊ နိုင်ငံတော်တည်ထောင်ခြင်းငှါ ကြွလာတော်မူခြင်းတရားတို့၌ ကြီးထွားခြင်းရှိခြင်းငှါ ကြိုးစားအားထုတ်ပါလော့။ ကားတိုင်တော်နှင့်သာ၍နီးစေလျက် ထိုဝေဒနာတို့ကို သိကျွမ်းခြင်းရှိပါလော့။ ကျေးဇူးတော်၌ ကျွန်တော်တို့ကြီးထွားခြင်းရှိမရှိ စမ်းသပ်ခြင်းတစ်မျိုးမှာ ယေရှုကို ကျွန်တော်တို့ပို၍ချစ်လာပါသလား။ ယေရှု၏ချစ်ခြင်းမေတ္တာကို ပို၍နားလည်သဘောပေါက်ခြင်းရှိပါသလားဟူသော အချက်ဖြစ်ပါသည်။

(C.H .Spurgeon)။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းနှင့်နှိမ့်ချခြင်းစိတ်သဘော၌ကျွန်တော်ကြီးထွားခြင်းရှိရပါမည်။
**ဆုတောင်းချက်** - အဖ၊ တနေ့ထက်တနေ့ ကိုယ်တော်ကိုပို၍ပို၍ ကျွန်တော်ချစ်ပါမည်။